ညောင်ကန်-အရှင်ကုန္ဒက

၏

# ဒေသနာကြေးမုံ

## ဆောင်ပုဒ်များ

အောင်မြေဘုံကျော် ပဋိပတ္တိရိပ်သာ

မဟာစည်ရိပ်သာခွဲ၊ တကောင်းဘုရားလမ်း၊

ပုသိမ်မြို့။

၁၆၇၄၃

ညောင်ကန်-အရှင်ဇန္ဒကာ ၏

# ဒေသနာကြေးမုံ

## ဆောင်ပုဒ်များ ။

---




ရတနာသီရိ စာပုံနှိပ်တိုက်

၁၀၃/၁၀၅၊ လမ်း ၃၀၊ တောင်ဥက္ကလာပ၊ ရန်ကုန်မြို့

ရတနာသီရိ (က)

ဘာသာရေးဆိုင်ရာ စာမူပုံနှိပ်ထုတ်ဝေခွင့်အမှတ် (၇၀၁၂)

ထုတ်ဝေသူ။ ။ဦးစု၊ ကင်းလွတ်ခွင့် [၀၂၃၉၂)
အောင်မြေဘုံကျော်၊ ပဋိပတ္တိရိပ်သာ၊
တကောင်းဘုရားလမ်း၊ ပုသိမ်မြို့။

ပုံနှိပ်သူ။ ။ဦးစိန်လင်း၊ ရတနာသီရိပုံနှိပ်တိုက် [၀၇၂၀]
အမှတ် ၁၀/၉၄၉၊ လမ်း ၃၀၊
တောင်ဥက္ကလာပ၊ ရန်ကုန်မြို့။

ပထမ အကြိမ်။

အုပ်ရေ ၂၀၀၀။

ဓမ္မဒါနပြုရန်

၁၃၃၆-ခု၊ ဒုတိယဝါဆိုလ

# ပန်ကြားလွှာ

---

ဘုန်းကြီးသည် ဗုဒ္ဓမ္မလောက စာစောင်နှင့် ဓမ္မဗျူဟာ စာစောင်တို့၌ တရားဆောင်းပါးများကို သာမက တရားကဗျာ – လင်္ကာများကိုလည်း ရေးသားခဲ့ပါသည်။

ထို့ပြင် ကိုယ်တိုင် တရားဟောကြားရာ၌လည်း ကိုယ်တိုင်ရေး ဆောင်ပုဒ် ကဗျာ လင်္ကာများကို ပို့ချ ဟောကြားလေ့ရှိခဲ့ပါသည်။

ထို့ပြင် ကျေးဇူးတော်ရှင် မဟာစည် ဆရာတော်ဘုရားကြီး စသော ပညာရှင်များ၏ တရားဆောင်ပုဒ်တို့ကိုလည်း အလျဉ်းသင့်သလို ထည့်သွင်း ဟောကြားခဲ့ပါသည်။

ဤသို့ ဟောကြားသော ကဗျာ လင်္ကာ ဆောင်ပုဒ်များကို စုပေါင်း၍ ဓမ္မမာမကသူတော်စင်များအတွက် စာအုပ်ငယ်တခု ပြု၍ ထုတ်ဝေ လိုက်ရပါသည်။

ဤစာအုပ်အမည်ကိုလည်း "ဒေသနာကြေးမုံ" ဟု ကင်ပွန်းတပ်လိုက်ပါသည်။ ဤဒေသနာကြေးမုံ ကို ကြေးမုံ (မှန်) လို အဖန်ဖန် ကြည့်ရှု၍ ကုသိုလ်တရား ပွားများနိုင်ကြပါစေသော်....။

ညောင်ကန် – အရှင်ဣန္ဒက

၁၃၃၅–ခု၊ ပြာသိုလဆုတ် (၅) ရက်
(၁၂–၁–၇၄)။

# မာတိကာ

---


| အမှတ်စဉ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၁။ | လမ်းပြမြှား | ... | ၁ |
| ၂။ | ကျွန်းထောက်မှာ ရန်မသွားကြနဲ့ | .... | ၃ |
| ၃။ | ရိပ်သာစခန်းမှ နိဗ္ဗာနန်းသို့ | .... | ၄ |
| ၄။ | တရားနာ ငါးပြာအကျိုး | .... | ၅ |
| ၅။ | တရားချိုနို့ သောက်စို့သူဟာ | .... | ၆ |
| ၆။ | ခန္ဓာမြေမှာ တရားရှာ | .... | ၇ |
| ၇။ | မိဖကျေးဇူး ပေးဆပ်ဦး | .... | ၈ |
| ၈။ | ကျမ်းပြုဂုဏ်ရည် မဟာစည် ရှစ်လုံးဘွဲ့ကဗျာများ | | ၉ |
| ၉။ | ဥပုသ်သီလ–အကျိုးပြုတရားတော်ကြီး | .... | ၁၇ |
| ၁၀။ | ဥပရိပဏ္ဏာသ မဟာသဠာယတနိကသုတ် ဝိပဿနာ တရားတော်ကြီး | .... | ၂၅ |

# မာတိကာ

| အမှတ်စဉ် | အကြောင်းအရာ | မာတိကာ |
|---|---|---|
| ၁၁။ | ကောင်းခြင်းလေးပြား မင်္ဂလာတရားတော် | ၃၆ |
| ၁၂။ | ရတနာခြေလှမ်းနှင့် ငြိမ်းချမ်းသော တရားတော်ကြီး .... | ၃၇ |
| ၁၃။ | ဗုဒ္ဓမှ ကြားနာရသော် .... | ၃၉ |
| ၁၄။ | ဗုဒ္ဓမှ သြဝါဒ လောကအမြတ်ဆုံး .... | ၄၁ |
| ၁၅။ | နှစ်သက်ဝမ်းသာ မြတ်ချမ်းသာ .... | ၄၂ |
| ၁၆။ | နှစ်သစ်မင်္ဂလာ ဘာဝနာတရားတော်ကြီး.... | ၄၂ |
| ၁၇။ | မဟာခေနသူဌေးသားဝတ္ထု လင်္ကာကြီး .... | ၄၄ |
| ၁၈။ | သံသရာအမိုက်တိုက် ပိုက်ကွန်တွင်းမှ လွတ်ကင်းရေးတရားတော် .... | ၄၇ |
| ၁၉။ | ဘုရားရှင်၏ နောက်ဆုံးမှာတမ်းတရားတော် | ၅၀ |
| ၂၀။ | သေခြင်း ဆင်ခြင် တရားဝင် တရားတော်.... | ၅၁ |
| ၂၁။ | မဟာသီဝမထေရ်ဝတ္ထု .... | ၅၄ |
| ၂၂။ | လေ ဥပမာ ဝေဒနာ နုပဿနာတရားတော်ကြီး | ၅၈ |
| ၂၃။ | ပုတိဂတ္တတိဿရဟန်းဝတ္ထု .... | ၅၉ |
| ၂၄။ | တရားဟူသည် .... | ၆၂ |
| ၂၅။ | မိဖကျေးဇူး တရားတော် .... | ၆၅ |

| အမှတ်စဉ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၂၆။ | ကျောင်းအလှူ ဝယ် အပန့်ပန့် ဝမ်းမြောက်ဖွယ် တရားတော် ဆောင်ပုဒ်များ | .... | ၆၆ |
| ၂၇။ | မယ်ခေမာအား မြတ်ဘုရား ဟောကြားဒေသနာ | .... | ၇၃ |
| ၂၈။ | ကိုယ့်အားကိုယ်ကိုး ဆောင်ပုဒ်များ | .... | ၇၄ |
| ၂၉။ | တရားနာသူ တူပုံသုံးမျိုး (မွေ့ဂီတိ) | .... | ၇၅ |
| ၃၀။ | သရုပ်မှန် | .... | ၇၈ |
| ၃၁။ | လူမိုက်နှင့်ပညာရှိ ကျမ်းဖြင့်ညှိ၍သိ (ခေတ်စမ်းကဗျာ) | .... | ၇၉ |
| ၃၂။ | အောင်ခြင်းလေးဖြာ မင်္ဂလာတရားတော် ဆောင်ပုဒ် | .... | ၇၉ |
| ၃၃။ | ကုမ္ဘကာရ | .... | ၈၀ |
| ၃၄။ | ဗုဒ္ဓချီးမွမ်း ဒါနစွမ်း | .... | ၈၂ |
| ၃၅။ | ကေ့ပေါ်သထာထေရီခေါ် ဥတ္တမာထေရီဖြစ်စဉ် | | ၈၃ |
| ၃၆။ | စိတ္တာထေရီဖြစ်စဉ် | .... | ၈၆ |
| ၃၇။ | ဘေလပတ္တဝတ္ထု ဆောင်ပုဒ် | .... | ၈၇ |
| ၃၈။ | သာရဏီယ ကျင့်စဉ်အကျိုးပြ | .... | ၈၇ |
| ၃၉။ | ငှက်နှင့်တူညီ မြတ်ယောဂီ တရားတော် | .... | ၈၈ |

အမှတ်စဉ် အကြောင်းအရာ စာမျက်နှာ

၄၀။ ဝါသိဇ္ဇသုတ် တရားတော်ဆောင်ပုဒ် .... ၉၀
၄၁။ အပ္ပမာဒသုတ် တရားတော် .... ၉၁
၄၂။ အစ္ဆရာသုတ်ဆောင်ပုဒ် .... ၉၂
၄၃။ မဟာဝဂ္ဂသတိပဋ္ဌာနသံယုတ် .... ၉၂
၄၄။ သဂါထာဝဂ္ဂဗြဟ္မာသံယုတ်
ဗဟုဒိတရသုတ်ဆောင်ပုဒ် .... ၉၃
၄၅။ မဟာပရိနိဗ္ဗာနသုတ် အရိယသစ္စာကထာ
ဆောင်ပုဒ် .... ၉၆
၄၆။ စိတ်ကိုဆုံးမ ချမ်းသာရ တရားတော် .... ၉၇
၄၇။ အဘယသုတ် ဆောင်ပုဒ်များ .... ၉၉
၄၈။ မေတ္တာရောင်ခြည် ဓမ္မဂီတိများ .... ၁၀၄
၄၉။ မဟာသတိပဋ္ဌာနအလင်းပြ ဆောင်ပုဒ်များ ၁၂၅
၅၀။ မဟာသတိပဋ္ဌာန်ရှုနည်း မှူသေစည်း .... ၁၇၅
၅၁။ မဟာသတိပဋ္ဌာနသုတ် ကြေညာချက်
မိန့်ခွန်းတော် .... ၁၈၂
၅၂။ မဟာသတိပဋ္ဌာနသုတ်ဝန်ခံချက်မိန့်ခွန်းတော် ၁၈၂
၅၃။ ရည်ရွယ်ချက်နှင့် ပြည့်စုံသော
သြကာသမူမှန် ကန်တော့ခန်း .... ၁၈၄

| အမှတ်စဉ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၅၄။ | ငါးပါးသီလတောင်းပုံ | .... | ၁၇၅ |
| ၅၅။ | ရှစ်ပါးသီလတောင်းပုံ | .... | ၁၇၉ |
| ၅၆။ | ကောမာရဗြဟ္မစရိယသီလတောင်းပုံ | .... | ၁၈၁ |
| ၅၇။ | အာဇီဝဋ္ဌမကသီလတောင်းပုံ | .... | ၁၈၂ |
| ၅၈။ | နဝင်္ဂဥပုသ်သီလတောင်းပုံ | .... | ၁၈၅ |
| ၅၉။ | ဆယ်ပါးသီလတောင်းပုံ | .... | ၁၈၆ |
| ၅၀။ | ဘုရားဂုဏ်တော် (၉) ပါး | .... | ၁၈၈ |
| ၅၁။ | တရားဂုဏ်တော် (၆) ပါး | .... | ၁၈၉ |
| ၆၂။ | သံဃာ့ဂုဏ်တော် (၉) ပါး | .... | ၁၈၉ |
| ၆၃။ | ပဋိပတ္တိပူဇနာကာရ ဘုရားရှိခိုး | .... | ၂၀၄ |
| ၆၄။ | ဉာဏ်စဉ် (၁၆) ပါး ဘုရားရှိခိုး | .... | ၂၀၇ |
| ၆၅။ | မေတ္တာနုမေတ္တပဋိပတ် ဘုရားရှိခိုး | .... | ၂၁၁ |
| ၆၆။ | မေတ္တာပွားရန် | .... | ၂၁၃ |
| ၆၇။ | သံယောဇဉ်ကြိုး ဖြတ်ချိုးမလွယ် ဂါထာသွယ် | | ၂၁၄ |
| ၆၈။ | သံယောဇဉ် ရှစ်လုံးဖွဲ့ ကဗျာများ | .... | ၂၁၇ |
| ၆၉။ | သံယောဇဉ်ဖြတ်ရန် မဟာသတိပဋ္ဌာန် တရားတော်ကြီး ဆောင်ပုဒ်များ | .... | ၂၁၈ |
| ၇၀။ | ဘဝတန်ဘိုး တရားတော် | .... | ၂၂၀ |
| ၇၁။ | ဗုဒ္ဓဝင် ဘုရားရှိခိုး | .... | ၂၂၁ |
| ၇၂။ | ညဉ့်ရုံတော် သတိပဋ္ဌာန်ဂါထာမှန် | .... | ၂၂၉ |
| ၇၃။ | ညောင်ရေသွန်း ပူဇော်ရန် ဂါထာ | .... | ၂၂၇ |

## မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၇၄။ | သံတော်ရှစ်ချက် သံသရာစက်ဖြတ်ချိုး ဘုရားရှိခိုးဂါထာ | .... ၂၃၀ |
| ၇၅။ | ဇယမင်္ဂလာ အောင်ဂါထာ | .... ၂၃၁ |
| ၇၆။ | နမောတဿ ဘုရားရှိခိုး | .... ၂၃၃ |
| ၇၇။ | မင်္ဂလာကဗျာများ | .... ၂၃၆ |
| ၇၈။ | ငါးပါးသီလကဗျာများ | .... ၂၄၀ |
| ၇၉။ | သိင်္ဂါလောဝါဒသုတ်လာ ရှေးဟောင်းလင်္ကာများ | .... ၂၄၄ |
| ၈၀။ | ခုနစ်နေ့ ဘုရားရှိခိုး | .... ၂၄၉ |
| ၈၁။ | သတိပဋ္ဌာန် တရားတော် | .... ၂၅၂ |

ဓမ္မမိတ်ဆွေအပေါင်းတို့ခင်ဗျား–

ဤ " ဒေသနာကြေးမုံ ဆောင်ပုဒ်များ " စာအုပ်တွင် မပါဘဲ ကျန်ရှိနေသေးသော ညောင်ကန်အရှင်ဋ္ဌကန္ဒက၏ တရားနှင့် ဆက်စပ်သော ဆောင်းပါးများကို ဆက်လက် ပုံနှိပ် ထုတ်ဝေနိုင်ရန် ရည်ရွယ်ချက် ထားရှိပါသည်။ နောင် အလျဉ်းသင့်သလို ထုတ်ဝေနိုင်ရန်ကို လည်း ဆက်လက် ကြိုးပမ်းလျက် ရှိကြောင်း သတင်းကောင်းတရပ် ပါးလိုက်ရပါသည်။

ကျန်းမာ–ချမ်းသာ၍
သူတော်ကောင်းတရား ပွားများနိုင်ကြပါစေ။

ညောင်ကန်–အရှင်ဣန္ဒက

၏

# ဒေသနာကြေးမုံ

## ဆောင်ပုဒ်များ

---

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

### ၁။ လမ်းပြမှား

ကိလေသာ ရောဂါရောက်လျှင်လ၊
ကဝိဒေသနာ သြသဓာပေါက်ပါမှ၊
လျှောကာပျောက်မယ်ပ မြန်မကြာ။

ရတနာသိရိ (၁)

# ညောင်ကန်-အရှင်ဣန္ဒက ၏

ဆေး မသောက်လျှင်လ၊
ဘေး ပျောက်ဖွယ် မမြင်လေဘူး၊
အဆင်ပြေ ရေမဝေးပေမဲ့၊
မစင်ပေ ရေမဆေးသူသို့၊ (ကွယ်)
ကြေး တူလိမ့်မှာ-တဲ့
ဘေး တူလိမ့်မှာ။

ဘုရားမြွက်စွာ အရှိမမွေလင်းခဲ့တာက၊
များသတ္တာ ကိလေ ရှင်းအောင်တဲ့၊
သတိအထွေထွေ ကင်းမနေကြနဲ့ များသတ္တာ၊
ပွါးမှတ်ပါကြ၊ သတိပဋ္ဌာန်တရား။

ရိပ်သာမှာ၊
အနိစ္စာ ဒုက္ခာ ဘယ ငဲ့ပြင်၊
အနတ္တာမကျန် အမှန်သိပါလို့၊
ဝိသုဒ္ဓိမှန် ခုနစ်ပါးရယ်နဲ့၊

လှေကား တဆယ် ဉာဏ်စဉ် တက်ပါလို့၊
မဂ်ဖိုလ်ကို အရောက်မြန်းကြရမယ်၊ ( သူတော်ကောင်း
တို့ရယ်)

ချမ်း ချဲ့ကြပါလား၊

သြော်....သိမ်း ပြုမှား။

( အတွဲ ၁၂။ အမှတ် ၇-နှင့် ၈ ဓမ္မ ဒေသနာ စာစောင်မှ)

## ၂။ ကွန်းထောက်မှာ ရန်မပွားကြနဲ့

ရန်ဘယာ အဟုတ် ပေါ်ပါတဲ့၊
သံသရာ သမုဒ်ကြောမှာလ၊
( အိုဟယ် ) မြုပ်မျောကြ များသတ္တာ။

သမုဒ် ဂရက်လယ်မှာ၊
ကသုတ်ကသက်ခွါ အဟုတ်ထွက်ကြစေဘို့၊
ချတ်တရက် လှေမြှေပြင်လို့၊
ပဋ္ဌမေရှင် ကယ်တင်ရေးပါတဲ့၊
ပေးခဲ့ မှန်စွာ။

လှေခမြှေ ကိုယ်တွင်းရှသူတို့၊
အထွေထွေ အပိုမငြင်းကြနဲ့တော့၊
အိုကင်းရာတည့် နာကင်းရာ၊
သေကင်းရာတည့် နိဗ္ဗာန်ကမ်း။

သေချက်ကို ပြင်၊
လှေဘက် ကိုင်ကာနှင်လို့၊
ခြေပျက်ယိုင် မှောက်မသွားအောင်ပ၊
ကိုယ့်အား ကိုယ်သာ ကိုးပါလို့၊

အားကိုးကာ မှန်မှန် စေကြပေတော့၊
သူ့လှေဟာ ဘယ်လို စောင်းနေပေါ့၊
ငါ့လှေဟာ ဘယ်လို ကောင်းတယ်ဟယ်လို့၊

သောင်းပြောင်း ခုအခြေ မဟာန်ဘဲဟာမို့
စော်း, ကောင်း မှူ ဝေဖန်ကဲလျှင်လ၊
ရှေ့ထဲမှာ ကိုယ့်လှေ မှောက်ကုန်လိမ့်၊
ကမ်းရောက်သာ အမြန်သွားပါကြ၊
ကွန်းထောက်မှာ ရန်ပွားမနေကြနဲ့တော့၊ (ကွယ်တို့ရယ်)
ပွားအပ်တဲ့ ဘုရားမြတ်ရဲ့ (သတိပဋ္ဌာန်) တရားမြတ်
ယာဉ်လမ်း၊
ဩြော်....ကြားမပြတ် တအားဒလစပ် ပွားမှတ်လို့ မနား
မရပ် ငင်စမ်း။ ။

(ဗုဒ္ဓ မဇ္ဈ လောက)

## ၃။ ရိပ်သာ စခမ်းမှ နိဗ္ဗာန် နန်းသို့

(လေးချိုး)

သာသနာ့ရိပ်သာ တရားစမုခ် ခန်းမှာလ၊
မဟာ အမတ နိဗ္ဗာ မမှားမယုတ် လှမ်းရအောင်လို့၊
ငါသမဏာဝိတ်မှာ တအားအဟုတ် မှန်းကာပ၊
ဩြော်....တရား အလုပ်စခန်းကိုဖြင့်၊
အားထုတ် မြန်းပါရ ငြိမ်းချမ်းကြည်။
ဝိရိယဇွဲရယ်နဲ့
သိသိသမျှ မလဲ့အောင် ဉာဏ်မြော်မြင်လို့၊
အမှန်ပေါ်စဉ် ရုပ်နာမ်ခတ်ကို၊ (ကွယ်)
ရှုမှတ်တည်တည်။ ။

ဖြစ်ပျက်ပါ ဆင်းရဲတရားတွေနဲ့၊
မနှစ်သက်စရာ အဖျင်းအဖွဲ့ များကိုလ၊
လင်းကနဲ မမှားတွေ့မြင်ပြီ၊
ငွေချင်ပြိုကွဲ့ လောကီတွင်း။ ။

လောကုတ် မဂ္ဂင်၊
သဘောအဟုတ် မပျက်ပင် မြင်ယောင်ပြီမို့၊
အစဉ်မှောင်ရီ အဝိဇ္ဇာ အဖျင်းတွေနှင့်၊
တမင်ပြောင်ပလီ အဆိပ်တဏှာ အပင်းခွဲအပြင်၊
ဒိဋ္ဌာသဝါ အသင်း သုပုန်ရန်တို့ကိုလ၊
ဂဠုန်မာန်စောင် နဂါးရန်ခွင်းသလိုပ၊
အကုန်မကျန်အောင် တရားအမှန် သွင်းပါလို့၊
( ကွယ်....) ရှင်းနိုင်သမျှ ရှင်း၊
ခြောင်....လင်းနိုင်သမျှ လင်း။ ။

( ဓမ္မဗျူဟာ )

## ၄။ တရားနာ ငါးဖြာ အကျိုး

(ခေတ်စမ်း ဓမ္မဂီတိ)

မြတ်ဘုရား တရားတော်များကို၊
ကြားနာရ ကျေးဇူးဂုဏ်မြော်။

မကြားဘူးတဲ့ တရားတူးကို၊
ကြည်နူးအေးမြ နာရသော်။

ညောင်ကန်-အရှင်ဣန္ဒက ၏

ရှေးက ကြားနာ မြတ်တရားကို၊
မှတ်သား ဖူးဖွေး စင်ကြယ်လျှော်။

ဘာလားညာလား ယုံမှားမှုကို၊
တခုမကျန် ဖြတ်တောက်ကျော်။

ကျမ်းဂန်လမ်းမှန် အယူများကို၊
မမှားယူရပျော်။

ကြားနာရင်းပင် အတွင်းစိတ်ထဲမှာ၊
ဝင်းဖိတ်ခန့်ပေါ်။

တရားနာ ငါးဖြာအကျိုးကို၊
မညှိုးပေါင် ကိုယ်စီ အတူရသနှော်။ ။

(ပဋ္ဌဂုံဘုရ ပါဠိတော်)

## ၅။ တရားချိုနို့ သောက်စို့သူဟာ

တရားချိုနို့ သောက်စို့သူဟာ၊
လျောင်း,ထိုင်,ရပ်,သွား လေးပါးချမ်းသာ။
သူမြတ်ဟောကြား တရားတော်မှာ၊
စိတ်ကြည်မြ နိစ္စ မေ့လျော်တာ။

(ဓမ္မပဒ ပဏ္ဍိတဝဂ္ဂ မဟာကပ္ပိနတ္ထေရဝတ္ထု)

## ၆။ ခန္ဓာမြေမှာ တရားရှာ

(သာမည တေးထပ်)

လုပ်အားကို တန်ဖိုးသိ၊ မြတ်နိုးဘိ တောင်သူ။
မှန်ကျိုးရှိ နောင်မပူအောင်၊ တောင်ဇမ္ဗူ မြေထဲ။
ထွန်ယက်လို့ ပျိုးကြဲကာ၊
အောင်သောခါ သီးမျိုးရမြဲ။ ။

ရသမျှ ရွှေခံသာအောင်၊ ဝေဖန်ဖြာ မလွဲ။
တချို့ကို ကိုယ်တိုင်စွဲပါလို့၊ တချို့လဲ ရောင်းလေ။
မြတ်ရွှေငွေ ထွေထွေရဒါက၊
မြေပဒေသာ သုံးတတ်မှုပေ။ ။

နည်းမှီးတော့ ယောဂီတွေရယ်၊ သင့်ခန္ဓေ
မြေလွှာတုပေါ်၌၊
ထွန်ယက်မှုသတိပဋ္ဌာန်၊ မျိုးဝိပဿနာဉာဏ်။ ။
ကြဲစိုက်လို့ သင်ရှုမှန်သော်၊
နန်းနိဗ္ဗာန်ရောက်ပါလိမ့်လေး။ ။

{၁၃၂၉-ခု၊ ပြာသိုလ်လပြည့်နေ့ထုတ် ဗုဒ္ဓဓမ္မလောကစာစောင်မှ}

## ၇။ မိဘကျေးဇူး ပေးဆပ်ဦး
### (အရိုးခံ တေးထပ်)

ကျေးဇူးဂုဏ် ရှိမြင့်လှ၊ မိနှင့်ဖ မြဟွာ။
သိသင့်ပ မှန်မကွာ၊ ပြန်ကာသာ ဆပ်ရေး။
နတ်နှစ်ပါး ထက်ပုခုံး တင်ကာ၊
သက်ဆုံးပင် ယုယလုပ်ကျွေး။ ။

လေးကျွန်းစိုး မင်းအရာကို၊ နှင်းမကြာမြှောက်သေး။
ယင်းပမာ ရောက်ပေးတော့၊ မလောက်ဝေးမျှားတယ်။
ကြေနိုင်ပုံ ဗုဒ္ဓနည်းကိုလ၊
ထုတ်ပြပြီး ရေးလိုက်တော့မယ်။ ။

သဒ္ဓါနှင့်သီလဆွယ်၊ ကြည်မြဖွယ် ဒါနံမြတ်ရယ်နှင့်၊
ရှာကြံမှတ် ပညာမှန် ရစေဖို့ရန်။ ။
မိဖနတ် ဆွေနှစ်မှန်ကို၊
ကြေပွန်အောင်ပြုတော့ရင်သွေး။ ။
မိဖနတ် ဆွေနှစ်မှန်ကို
သေလွန်တောင် လှူမျှဝေပေး။ ။

(အတွဲ ၁၃၊ အမှတ် ၇၊ ဗုဒ္ဓဓမ္မလောကစာစောင်မှ)

အဂ္ဂမဟာပဏ္ဍိတ

ကျေးဇူးတော်ရှင်

**မဟာစည် ဆရာတော် ဘုရားကြီး အား**

ညောင်ကန် အရှင် ဣန္ဒက

ဂုဏ်ပြု ပူဇော်အပ်သော

**ကျမ်းပြု ဂုဏ်ရည် မဟာစည်**

# ရှစ်လုံးဖွဲ့ ကဗျာများ

---

## ဝိပဿနာရှုနည်းကျမ်း ပ-ဒု-၂ တွဲ

၁။ ဝိပဿနာရှုနည်း ကျမ်းကြီးနှစ်လီ၊
ကျင့်သူ့အားလုံး မြိုက်သုံးဖို့ရည်၊
အလင်းရောင်ပေး ပြုရေးပါသည်၊
ဂုဏ်သတင်း ထုံသင်းမဟာစည်။

## မဟာသတိပဋ္ဌာနသုတ်နိဿယ

၂။ မဟာသတိပဋ္ဌာန နိဿယအဆီ၊
ကျင့်သူ့အားလုံး မြိုက်သုံးဖို့ရည်၊
အလင်းရောင်ပေး ပြုရေးပါသည်၊
ဂုဏ်သတင်း ထုံသင်းမဟာစည်။

## သဗ္ဗာသဝသုတ်နိဿယ

၃။ သဗ္ဗာသဝ နိဿယအဆီ၊
ကျင့်သူအားလုံး မြိုက်သုံးဖို့ရည်၊
အလင်းရောင်ပေး ပြုရေးပါသည်၊
ဂုဏ်သတင်း ထုံသင်းမဟာစည်။

## ဝတ္ထသုတ်နိဿယ

၄။ ဝတ္ထသုတ္တ နိဿယအဆီ၊
ကျင့်သူ့အားလုံး မြိုက်သုံးဖို့ရည်၊
အလင်းရောင်ပေး ပြုရေးပါသည်၊
ဂုဏ်သတင်း ထုံသင်းမဟာစည်။

## ဝိပဿနာ အလုပ်ပေး တရားတော်ကြီး

၅။ ဝိပဿနာအလုပ်ပေး ကျမ်းမွေးအဆီ၊
ကျင့်သူအားလုံး မြိုက်သုံးဖို့ရည်၊
အလင်းရောင်ပေး ပြုရေးပါသည်၊
ဂုဏ်သတင်း ထုံသင်းမဟာစည်။

## မဟာသတိပဋ္ဌာန်တရားတော်ကြီး

**အသံလွှင့် အချိုး ၄ ပိုင်း ၎င်းအကျယ် ၂ ပိုင်းနှင့်**
**ဝေဒနာနုပဿနာ အသံလွှင့် တရားတော်ကြီး**

၆။ သတိပဋ္ဌာန်အသံလွှင့် သုံးဆင့်ကျမ်းဆီ၊
ကျင့်သူအားလုံး မြိုက်သုံးဖို့ရည်၊
အလင်းရောင်ပေး ပြုရေးပါသည်၊
ဂုဏ်သတင်း ထုံသင်းမဟာစည်။

## ဝိသုဒ္ဓိဉာဏကထာ (ပါဠိမြန်မာ ၂-မျိုး)နှင့်
## ဝိသုဒ္ဓိနှင့်ဉာဏ်စဉ်တရားတော်ကြီး

၇။ ဉာဏ်စဉ်တရား သုံးပါးကျမ်းညီ၊
ကျင့်သူအားလုံး မြိုက်သုံးဖို့ရည်၊
အလင်းရောင်ပေး ပြုရေးပါသည်၊
ဂုဏ်သတင်း ထုံသင်းမဟာစည်။

## ကမ္မဋ္ဌာန်းဆရာတို့၏မှတ်တမ်း

၇။ ဆရာကိုင်မှတ်တမ်း မှီးငြမ်းအဆီ၊
ကျင့်သူအားလုံး မြိုက်သုံးဖို့ရည်၊
အလင်းရောင်ပေး ပြုရေးပါသည်၊
ဂုဏ်သတင်း ထုံသင်းမဟာစည်။

## အသံလွှင့်ဓမ္မစကြာ တရားတော်ကြီး

၉။ အသံလွှင့်ဓမ္မစက် မိန့်မြွက်အဆီ၊
ကျင့်သူအားလုံး မြိုက်သုံးဖို့ရည်၊
အလင်းရောင်ပေး ပြုရေးပါသည်၊
ဂုဏ်သတင်း ထုံသင်းမဟာစည်။

## အနတ္တလက္ခဏာသုတ် တရားတော်ကြီး

၁၀။ အနတ္တလက္ခဏာ သုတ္တာအဆီ၊
ကျင့်သူအားလုံး မြိုက်သုံးဖို့ရည်၊
အလင်းရောင်ပေး ပြုရေးပါသည်။
ဂုဏ်သတင်း ထုံသင်းမဟာစည်။

## ဝိပဿနာ အခြေခံ တရားတော်

၁၁။ အခြေခံဝိပဿ် ကျမ်းမြတ်အဆီ၊
ကျင့်သူအားလုံး မြိုက်သုံးဖို့ရည်၊
အလင်းရောင်ပေး ပြုရေးပါသည်၊
ဂုဏ်သတင်း ထုံသင်းမဟာစည်။

ဒေသနာကြေးမုံ ဆောင်ပုဒ်များ

## အရိယာဝါသ တရားတော်ကြီး

၁၂။ အရိယာဝါသ ဓမ္မအဆီ၊
ကျင့်သူအားလုံး မြိုက်သုံးဖို့ရည်၊
အလင်းရောင်ပေး ပြုရေးပါသည်၊
ဂုဏ်သတင်း ထုံသင်းမဟာစည်။

## ကမ္မဋ္ဌာန်းတရား အားထုတ်ရခြင်းအကြောင်း

၁၃။ ကမ္မဋ္ဌာန်းတရား အားထုတ်ကြောင်းမည်၊
ကျင့်သူအားလုံး မြိုက်သုံးဖို့ရည်၊
အလင်းရောင်ပေး ပြုရေးပါသည်၊
ဂုဏ်သတင်း ထုံသင်းမဟာစည်။

## ဝမ္မိကသုတ် တရားတော်ကြီး

၁၄။ ဝမ္မိကသုတ် ဖွင့်ထုတ်အဆီ၊
ကျင့်သူအားလုံး မြိုက်သုံးဖို့ရည်၊
အလင်းရောင်ပေး ပြုရေးပါသည်၊
ဂုဏ်သတင်း ထုံသင်းမဟာစည်။

## ပုရာဘေဒသုတ် တရားတော်ကြီး

၁၅။ ပုရာဘေဒ ဓမ္မအဆီ၊
ကျင့်သူအားလုံး မြိုက်သုံးဖို့ရည်၊
အလင်းရောင်ပေး ပြုရေးပါသည်၊
ဂုဏ်သတင်း ထုံသင်းမဟာစည်။

## ပဋိစ္စသမုပ္ပါဒ် တရားတော်ကြီး (ပ-ဒု ၂-တွဲ)

၁၆။ ပဋိစ္စသမုပ္ပါဒ် ကျမ်းမြတ်အဆီ၊
ကျင့်သူအားလုံး မြိုက်သုံးဖို့ရည်။
အသင်းရောင်ပေး ပြုရေးပါသည်၊
ဂုဏ်သတင်း ထုံသင်းမဟာစည်။

## ဘာရသုတ္တန် တရားတော်ကြီး

၁၇။ ဘာရသုတ္တ ဓမ္မအဆီ၊
ကျင့်သူအားလုံး မြိုက်သုံးဖို့ရည်၊
အသင်းရောင်ပေး ပြုရေးပါသည်၊
ဂုဏ်သတင်း ထုံသင်းမဟာစည်၊

## အသံလွှင့်ဗြဟ္မစိုရ် တရားတော် (၄-ပိုင်း)

၁၈။ ဗြဟ္မစိုရ်အသံလွှင့် ထူးတင့်အဆီ၊
ကျင့်သူအားလုံး မြိုက်သုံးဖို့ရည်၊
အသင်းရောင်ပေး ပြုရေးပါသည်၊
ဂုဏ်သတင်း ထုံသင်းမဟာစည်။

## လောကဓံ တရားတော်

၁၉။ လောကဓံတရား မိန့်ကြားအဆီ၊
ကျင့်သူအားလုံး မြိုက်သုံးဖို့ရည်၊
အသင်းရောင်ပေး ပြုရေးပါသည်၊
ဂုဏ်သတင်း ထုံသင်းမဟာစည်၊

## သလ္လေခသုတ် တရားတော်ကြီး

၂၀။ သလ္လေခသုတ် ဖွင့်ထုတ်အဆီ၊
ကျင့်သူအားလုံး မြိုက်သုံးဖို့ရည်၊
အလင်းရောင်ပေး ပြုရေးပါသည်၊
ဂုဏ်သတင်း ထုံသင်းမဟာစည်။

## ဝိသုဒ္ဓိမဂ် နိဿယ

၂၁။ သာသနာသုံးပါး တိုးပွါးဖို့ရည်၊
ဝိသုဒ္ဓိမဂ္ဂ အဋ္ဌကထာမည်၊
နိဿယဟု ရေးပြုပါသည်၊
ဂုဏ်သတင်း ထုံသင်းမဟာစည်။

## ဝိသုဒ္ဓိမဂ် မြန်မာပြန်

၂၂။ သာသနာသုံးပါး တိုးပွါးဖို့ရည်၊
ဝိသုဒ္ဓိမဂ္ဂ အဋ္ဌကထာမည်၊
မြန်မာပြန်လဲ ရေးမြဲရေးသည်၊
ဂုဏ်သတင်း ထုံသင်းမဟာစည်။

## ဝိသုဒ္ဓိမဂ္ဂ မဟာဋီကာနိဿယ(၄-တွဲ)

၂၃။ သာသနာသုံးပါး တိုးပွါးဖို့ရည်၊
ဝိသုဒ္ဓိမဂ္ဂ မဟာဋီကာမည်၊
နိဿယကြီး အပြီးရေးသည်၊
ဂုဏ်သတင်း ထုံသင်းမဟာစည်။

## ဂုဏ်သတင်း ထုံသင်းမဟာစည်

၂၄။ ကိုယ်တိုင်ကျင့်ပွါး တရား၌တည်၊
မျှားဝေနေလဲ မှိဝဲဖို့ရည်၊
နည်းပြဟောကြား ကျမ်းများပြုသည်၊
ဂုဏ်သတင်း ထုံသင်းမဟာစည်။

## သာသနာကျိုး သည်ပိုးနိုင်ပါစေ

၂၅။ ဤသို့စသား ဂုဏ်များထွေထွေ၊
ဆရာမြတ်၌ သိုက်မြိုက်တည်ပေ၊
ကိုယ်စိတ်ခန့်ကျန်း ရွှင်လန်းသက်ရှေ၊
သာသနာကျိုး သည်ပိုးနိုင်ပါစေ။

---

မှတ်ချက်။ ။၁၃၃၃.ခုနှစ်၊ နတ်တော် လဆုတ် ၃ ရက်(၅-၁၂-၇၁) တနင်္ဂနွေနေ့ ရန်ကုန်မြို့ သာသနာ့ရိပ်သာ၌ ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီး မဟာသတိပဋ္ဌာန် ဝိပဿနာတရား ပြတော်မူသော ၂၂-ကြိမ်မြောက် အထိမ်းအမှတ် ဩဝါဒခံယူ ပူဇော်ပွဲ၌ ဤ“ကျမ်းပြုဂုဏ်ရည် မဟာစည်ရှစ်လုံးဘွဲ့ကဗျာများ” ကို ဓမ္မဒါနအဖြစ် ပုံနှိပ်ဝေငှခဲ့ပါသည်။

# ၉။ ဥပုသ်သီလ အကျိုးပြ တရားတော်ကြီး

(ဇာတက အဋ္ဌကထာ-၃၊ ၄၂၂-ဂင်္ဂမာလဇာတ်ဝတ္ထု)

## ပစ္စုပ္ပန် နိဒါန်း

၁။ သာဝတ္ထိမြို့ ငါတို့ဗုဒ္ဓါ၊
ဇေတဝန်ကျောင်း ကိန်းအောင်းချိန်ခါ၊
ဥပုသ်သည်များ ဘုရားထံလာ၊
မြတ်ဗုဒ္ဓ မိန့်ဟာဒေသနာ။

၂။ ကောင်းသောအလုပ် ဥပုသ်စောင့်ဒါ၊
ဒါန သီလ ညီမျှမကွာ၊
အမျက်မပြု ပွါးမှုမေတ္တာ၊
မြတ်ဥပုသ် အဟုတ်စောင့်သင့်ပါ။

၃။ ရှေးပညာရှိ ကဝိတွေဟာ၊
တဝက်ဥပုသ် အဟုတ်စောင့်ရာ၊
စည်းစိမ်အများ ရကြွားမှန်ရွာ၊
မိန့်တော်ဟိတ် အတိတ်ဆောင်သည်သာ။

## အတိတ်မှ ဥဒယမင်း၏ ပဟေဠိ ဥဒါန်း သီချင်း

၄။ ဥဒယဟု မင်းပြုစည်းစိမ်၊
နည်းငယ်ကောင်းမှု ငါပြုခဲ့ချိန်၊
ကာမစွန့်မြန်း ရဟန်းစည်းစိမ်၊
ထိုသူရ အရကောင်းမွန်ကြိမ်။

## ဆုမြတ် နှုတ်လွန်ရင်း သီချင်း ဖြေရ

၅။ ဤသီချင်းကိုကား အမျှားရသည်၊
နန်းတော်အတွင်း ပြည်တွင်းပြန့်သည်၊
မင်းကြီးမှလွဲ ခပဲသူသည်၊
ခိပ္ပါယ်တူး သိဘူး သိလိုသည်။

၆။ ဘုရင့်ခစား လုပ်သားဆတ္တာ၊
သူ့နာမည်က ဂင်္ဂမာလာ၊
ဆုမြတ်တောင်းဟု မိန့်ပြုရာဇာ၊
သီချင်းဝှက် အနက်တောင်းယူရာ။

၇။ ပြောသည့်လက်စ သင့်မျှမဖြေ၊
တတိုင်းပြည်လုံး စုရုံးမိန့်စေ၊
ဥဒယမင်း ထင်လင်းမသေ၊
သီချင်းဝှက် အနက်ဖေါ်ပြပေ။

## သီချင်း ရှေ့ပိုင်း အဖြေ

၈။ ဤမြို့မှာဘဲ ဆင်းရဲလှင်၊
ငါဖြစ်ခဲ့ရ ဝမ်းဝရေးပင်၊
သူဌေးထံမှောက် ဝင်ရောက်ခိုဝင်၊
အလုပ်ဆင်း လုပ်ရင်းသက်မွေးစဉ်။

၉။ ဥပုသ်နေ့တိုင်း မဆိုင်းမသေ့၊
လုပ်သားအားလုံး ကျင့်သုံးသီလေ၊
ငါမသိလင့် မကျင့်မိချေ၊
အလုပ်ဆင်း ညခင်းပြန်ခဲ့ပေ။

၁၀။ သူဌေးအိမ်တွင်း ထမင်းကိုပြင်၊
စားခါနီးလတ် ကဲခတ်ဝန်းကျင်၊
နေ့တိုင်းလုပ်သား သံများဆူအင်၊
ယနေ့ကား သံများတိတ်ဆိတ်ထင်။

၁၁။ ထမင်းချက်အား မေးမြန်းလေလျှင်၊
အားလုံးမယုတ် ဥပုသ်စောင့်ဝင်၊
ဤသို့ကြားသိ မချိငေါ့တွင်၊
အစားဖျက် တဝက်ဥပုသ်ဝင်။

၁၂။ တနေ့တာလုံး မသုံးအစာ၊
ယင်းအားကြီးက လေထရောဂါ၊
စွဲကပ်သော်လဲ ရှောင်လွှဲအစာ၊
အသက်ပေး စောင့်သေးဥပုသ်သာ။

၁၃။ သေလုခါနီး ပြည်ကြီးဘုရင်၊
တိုင်းပြည်လှည့်ကြွား ငါ့နားရောက်စဉ်၊
ငါ့ဘွဲ့မြင်ရ လောဘစိတ်ဝင်၊
သေခဲ့လျှင်း ခုမင်းငါ့ဖြစ်အင်။

## သီချင်း နောက်ပိုင်း အဖြေ

၁၄။ တခါသောနေ့ ဘုန်းဟော့ငါသည်၊
နေ့စာစားသုံး ပြူတင်းဖွင့်သည်၊
နေသဲပူထဲ ဆင်းရဲမောသည်၊
သီဆိုသွား ထံပါးခေါ်မေးသည်။

၁၅။ မိုးကြီးတမျှ နေကပူသည်၊
ပြာပူတမျှ သဲကပူသည်၊
ခရီးသွားရင်း သီချင်းဆိုသည်၊
မပူလား ယောကျ်ားမောင်ဇာနည်။

၁၆။ ဤပူမျိုးတော့ အပျော့ထင်သည်၊
ရင်တွင်းပူက သာလှပါသည်၊
ချစ်သူကိစ္စ များလှပါသည်၊
မြောက်မြို့ရိုး ရေဖိုးသွားယူမည်။

၁၇။ မင်းရေဖိုးက ဘယ်မျှရှိတယ်၊
ငါမင်းမြတ်အား လျှောက်ထားစမ်းကွယ်၊
ကျွန်ုပ်ရေဖိုး မညီးဂုဏ်ထယ်၊
ပဲဝက်ဆား နှစ်ပြားရှိပါတယ်။

၁၈။ ခရီးရှည်လစ် ဆယ်နှစ်ယူဇနာ၊
မသွားလေနဲ့ ပူတဲ့အခါ၊
မင်းရေဖိုးထွက် ပဲဝက်ကိုသာ၊
ငါချီးမြှင့် အသင့်ပေးမယ်ကွာ။

၁၉။ ချီးမြှင့်ဒါလဲ ယူမြဲယူမယ်၊
ဟိုပဲဝက်လဲ ယူမြဲယူမယ်၊
သမုဒယ ကြီးလှပါတယ်၊
ထိုပဲဝက် စွဲမက်ပါသေးတယ်။

၂၀။ တပဲမှဆက် တိုးတက်သချေ်၊
ပေးမည်ပြောလျက် ပဲဝက်ကိုလေ၊

ဒေသနာကြေးမုံ ဆောင်ပုဒ်များ

သာသနာရေးဦးစီးဌာန
ဓာ ကြည့်တိုက်
ကမ္ဘာအေး၊ ရန်ကုန်

မဍွန့်နိုင်သေး ယူရေးငဲ့ချေ
ဆင်းရဲသား ဇွဲကားကောင်းလှပေ။

၂၁။ မင်းမြတ်ကလဲ ဆင်းရဲမောင်ကို၊
သူဌေးအိမ်ရှေ့ ပေး၍တားဆို၊
တိုင်းပြည်ကိုဝက် မင်းဖက်ထိုထို၊
ပေးသော်လဲ ယူမြဲပဲဝက်ကို။

၂၂။ ထို့ကြောင့်သူကား ထင်ရှားသနော်၊
ပဲဝက်မင်းလို့ လူတို့ကခေါ်။
နှစ်ပါးမင်းမွေ့ တနေ့ခါသော်၊
ဥယျာဉ်သွား ကစားရွှင်မြူးပျော်။

၂၃။ ကစားအားရ မောကြသောခါ၊
အခြံရံများ တခြားသွားရာ၊
ပဲဝက်မင်းမြတ် ရင်ပတ်ပေါ်မှာ၊
ဥဒယ မင်းကအိပ်စက်ရာ။

၂၄။ ပဲဝက်မင်းက လောဘနှံ့ကြုံ၊
သူ့ကိုသတ်ပစ် ကောရာဇ်ပြုရန်၊
သန်လျက်ကိုထုတ် သတ်ခုတ်မည့်ဟန်၊
ရွယ်ပြီးမှ မှတ်ရကျေးဇူးမှန်။

၂၅။ ဤမင်းမြတ်ကား သနားကြင်နာ၊
ဆင်းရဲငမွား ငါ့အားမှန်စွာ၊
တိုင်းပြည်ကိုဝက် မင်းဖက်ပြုကာ၊
ဤမျှဖြင့် မသင့် ငါယုတ်မာ။

၁၆၇၇၃

၂၆။ ဤသို့ကြံလျှက် သန်လျက်ကိုနော်၊
သုံးကြိမ်ထုတ်သွင်း ပြုခြင်းပြီးသော်၊
ဤစိတ်ထပ်ထပ် ဖြစ်လတ်ချေသော်၊
မကောင်းမှု မှားပြုမိလိမ့်သော်။

၂၇။ သန်လျက်စွန့်ပစ် စိတ်ညစ်ကိုပယ်၊
အိပ်သောဥဒယ လှုပ်ဆွနှိုးတယ်၊
ခြေရင်းဝပ်လျှိုး ရှိခိုးလို့ရယ်၊
ပဲဝက်မင်း ထင်လင်းတောင်းပန်တယ်။

၂၈။ ဒို့နှစ်ဦးကြား ပြစ်များမမြင်၊
တောင်းပန်ကြောင်းရင်း သင်ရှင်းစေချင်၊
ပဲဝက်မင်းက ရှင်းပြကုန်စင်၊
ဥဒယ မင်းက သည်းခံယှဉ်။

၂၉။ မင်းနှင့်ကရာဇ် သင်ဖြစ်လိုရာ၊
သင့်အလိုတိုင်း မဆိုင်းပေးမှာ၊
ငါကအိမ်ရှေ့ ပြု၍မှန်စွာ၊
သင့်ထံပါး ခစားနေမည်သာ။

၃၀။ မင်းအဖြစ်တော့ တန်ပေါ့တော်ပါ။
ဤဘဏ္ဍာက ပါယ်ချမည်သာ၊
ရှင့်ဟာရှင်ပဲ ယူမြဲယူပါ၊
ရဟန်းလုပ် ကျွန်ုပ်တောထွက်မှာ။

## အဓမ္မသက (ပဲ့ဝက်မင်း)၏ အမြင်

၃၁။ ကာမမူလ မြင်ရပါပြီ၊
ကြံလို့ဖြစ်ရ ကာမ ဝသီ၊
မကြံစည်ပဲ ရှောင်လွှဲပယ်မည်၊
သင်ကာမ ကင်းပမပြစ်ပြီ။

## ပြည်သူများအား ဆုံးမခြင်း

၃၂။ နဲ့လို့ဝပဲ များလဲမအီ၊
မသာယာနှင့် ဘေးသင့်တတ်သည်၊
ငါငါ့ဟာလို့ သူညို့တတ်သည်၊
ထိုကာမ ရှောင်ရ မြတ်ယောဂီ။

၃၃။ ဥဒယတ္တို တားလို့မနေ၊
ရဟန်းပြုလျက် တောထွက်သွားလေ၊
သူ၏ဘဝ အရတော်ပေ၊
ဤသည့်လျှင်း သိချင်းအဓိပ္ပေ၊

## ဂင်္ဂမာလ ဆတ္တာသည် အမြင်

၃၄။ ဥပုသ်တဝက် ကျိုးဆက်ဘုရင်၊
စည်းစိမ်အများ ရခြားပေါ်ထင်၊
ကုသိုလ်မှန်လတ် ပြုအပ်သည်ပင်၊
တည်ရာမှန်း ရဟန်းဝတ်ဆင်ခြင်။

၃၅။ တားမရဘဲ သူလဲတောဝင်၊
ရှင်ပစ္စေက ဖြစ်ရသည်ပင်၊
ခြောက်နှစ်ကြာမှ ပြန်ကြွမှုတွင်၊
တရားပြ ပြန်ကြွတော်သို့ပင်။

**အနုသန္ဓေနှင့် ဇာတ်ပေါင်းခန်း**

၃၆။ ဥပုသ်သည်များ ဘုရားမိန့်မှန်၊
ဥပုသ်စောင့်ခြင်း မယှဉ်းသင့်ပြန်၊
ရှင်ပစ္စေက မြန်းကြွနိဗ္ဗာန်၊
ပဲဝက်မင်း ညီရင်း ခုအာနန်။

၃၇။ မယ်မာယာက ရှေးကမယ်တော်၊
ထိုစဉ်မိဖုရား ခုကားယသော်၊
ထိုစဉ်ဥဒယ ဗုဒ္ဓငါနှော်၊
ဇာတ်တော်ပေါင်း ကောင်းကောင်းသာခုခေါ်။

၃၈။ ဝင်မာလ ဇာတ်မှလာပုံ၊
ဘုရားညွှန်ကြား တရားကိုယုံ၊
ဥပုသ်သည်များ တရားနာစုံ၊
ယောဂီတို့ မချို့ကျင့်ကြကုန်။

# ၁၀။ ဥပရိပဏ္ဏာသ မဟာသဠာယတနိကသုတ် ဝိပဿနာတရားတော်ကြီး

(ပထမပိုင်း)

## အမြင်မှား၍ သံသရာ လယ်ပုံ

၁။ မျက်စိ အဆင်း၊ မြင်တွေ့ ခြင်းနှင့်၊ သုံးသင်းခံစား တရားများ၌၊ အမှား သိမြင်၊ တဏှာဝင်၊ လိုချင် သာယာစွဲသတည်း၊

၂။ သာယာယှဉ်တွယ်၊ တွေဝေဆွယ်၍၊ ခင်မွယ်ဖန်ခါ၊ ရှုနေပါသော်၊ နှောင်ခါစွဲမှား၊ ခန္ဓာငါးတို့၊ တိုးပွားလာခို၊ တဏှာပို၊ ကိုယ်စိတ်ပူလောင်ကျွမ်း သတည်း။

၃။ သောတ စသည်၊ ကျန်ငါးလီ၊ တူပြီ ၎င်းနည်း။

## ပကတိ လူတို့အား မြင်ဆဲ၌ ဖြစ်ရိုးဖြစ်စဉ်

(က) ထင်ဆဲဆင်းခတ် မြင်လတ်စစွာ၊
မြင်ပြီးတရား စဉ်းစားပြန်ရာ၊
သဏ္ဌာန်ဖြစ် ပညတ်ပေါ်ကာ၊
မည်နာမ သိရ နောက်ဆုံးမှာ။
( အမည်ပညတ် ပေါ်လတ်ပြီးခါ၊
အနက်ဖြစ် သိလတ်နောက်ဆုံးမှာ။ )

(ခ) ဘဝင်ဆင်ခြင်၊ မြင်ပြီးလျှင်၊ ထို့ပြင်လက်ခံတုံ။
(ဂ) စုံစမ်းဆုံးဖြတ်၊ ဇောစိတ်သတ်၊ နှစ်ရပ်တဒါရုံ။
(ဃ) အဆင်းမြင်လျှင်၊၊ဖြစ်ရိုးပင်၊ စိတ်စဉ်မှတ်ပါကုန်။
(င) ဆင်ခြင်ပြီးခါ၊ ဇောတဒါ၊ ကြံရာစိတ်ဖြစ်ပုံ။
(စ) ကြား,နံ,စား,ထိ,၊ မြင်တူ၏၊ မှတ်သိ စိတ်ဖြစ်ပုံ။
(ဆ) အမှန်မသွား၊ အမှားမြင်ကာ၊ အဝိဇ္ဇာကြောင့်၊ ချမ်းသာလိမ့်နိုး၊ ရည်မြော်ကိုးလျက်၊ သုံးမျိုးမှုကံ၊ ပြုစီမံ၍၊ ဝိညာဏ်တွယ်စပ်၊နာမ်ရုပ်ကပ်လျက်၊ ခြောက်ရပ်အာယတန၊ ဖဿခြောက်ဖြာ၊ ဝေဒနာကြောင့်၊ တဏှာခြောက်တန်၊ဥပါဒါန်နှင့်ဖြစ်ရန်အကြောင်းကံဆင့်လောင်း၍၊ ဆိုးကောင်းဘဝ၊ ဖြစ်ရပြန်ရာ အိုကာသေရေး၊ ပူအဆွေးနှင့်၊ ငိုကြွေးကိုယ်နွမ်း၊ စိတ်မချမ်းမြ၊ ပူပန်ရသည်၊ဘဝဆင်းရဲစုသာတည်း။

## အတိတ် အကြောင်းကြောင့် ပစ္စုပ္ပန်အကျိုးပေါ်ပုံ

(ဇ) အမှန်မသွား အမှားသိမြင်။
အဝိဇ္ဇာဖုံး ကောင်းလုံးမှတ်ထင်၊
စိတ်ကိုယ်နှုတ်မှု ကြံပြုပြောလျှင်၊
ဝိညာဏ်စပ် နောက်ထပ်သန္ဓေရှင်။

## ပစ္စုပ္ပန် အကျိုး ပေါ်ပုံ

(ဈ) ဝိညာဏ်မျိုးစေ့ စ၍ဖြစ်လျှင်၊
နာမ်နှင့်ရုပ်လဲ ပူးတွဲပါဝင်၊
အာယတန ဖဿပေါ်ထင်။
ကောင်းဆိုးများ ခံစားမိရိုးပင်။

## ပစ္စုပ္ပန်အကြောင်းကြောင့်အနာဂါတ်အကျိုးပေါ်ပုံ

(ည) ခံစားမှုတွက် တပ်မက်ခင်မင်။
မည်သို့ပုံပြား ကောင်းစားမည်ထင်၊
ဝင်စားစွဲလန်း ရှော်ရန်းပုံကျောင်၊
နှောင်ဘဝ ဖြစ်ရဇာတိပင်။

## အနာဂါတ် အကျိုးငါးပါး ပေါ်ပုံ

(ဋ) ဘဝဇာတိ သူရှိပြန်လျှင်၊
အိုသေပူဆွေး ငိုကြွေးထို့ပြင်၊
ကိုယ်စိတ်ဆင်းရဲ ထံသဲပူပင်၊
သို့ဖြစ်ရ လုံးဝဆင်းရဲပင်။

(က မှ ဋ အထိ ဆောင်ပုဒ်များသည် မဟာညြိဆောင်ပုဒ်များဖြစ်ပါသည်။)

## ဥပရိပဏ္ဏာသ မဟာသဠာယတနိကသုတ် ဝိပဿနာတရားတော်ကြီး
(ဒုတိယပိုင်း)

## အမြင်မှန်၍ သံသရာ ပြတ်ပုံ

၄။ မျက်စိအဆင်း၊ မြင်တွေ့ခြင်းနှင့်၊ သုံးသင်းခံသား၊ တရားများ၌၊ မှန်သွားသိမြင်၊ တဏှာစင်၊ လိုချင်သာယာလွတ်သတည်း။

၅။ မသာယာပဲ၊ မယှဉ်တွဲ၍၊ ကြာရှဲတွေ့ဝေ၊ အမြင်တွေ့ဟု၊ ရှုနေဖန်ခါ၊ နှောင်မှာစွဲမှား၊ ခန္ဓာငါးတိုး ပျက်ပြားထင်လင်း၊ တဏှာကင်း၊ နှစ်သင်းကိုယ်စိတ်ချမ်းသာတည်း။

## ဝိပဿနာ ယောဂီတို့အား မြင်ဆဲ၌ ဖြစ်ရိုးဖြစ်စဉ်

(က) မြင်လျှင်မြင်ခြင်း လက်ငင်းမှတ်လျှင်၊
မြင်ရုံတွင်ပဲ ရပ်စဲစိတ်စဉ်၊
ရုပ်နာမ်ကွဲလျက် ဖြစ်ပျက်သိမြင်၊
အနိစ္စ ဒုက္ခသဘောထင်။

## မြင်ဆဲ၌ ရုပ်နာမ်ဒုက္ခသစ္စာ ကွဲပုံ

(ခ) မျက်စိမြင်ရ ရုပ်ကနှစ်ဖြာ၊
မြင် တွေ့ ခံစား နာမ်ကား သုံးဖြာ၊
မြင်စဉ်တွေ့ရ ဒုက္ခသစ္စာ၊
မြင်တယ်ဟု မှတ်ရှုသိရပါ။
(ကြားဆဲ စသည်တို့၌လည်း နည်းတူပင်သိပါ)။

## မျက်စိကို သိပုံ

(ဂ) အဆင်းထင်ကြောင်း ကောင်းကောင်းကြည်သည်၊
အဆင်းဆီသို့ ဆောင်ပို့ပေးသည်၊
သူ့ကိုမှီပြု မြင်မှုဖြစ်သည်၊
မျက်စ်၌ သိထိုက်ဤသုံးမည်။

## အဆင်းကို သိပုံ

(ဃ) မျက်စိထဲ၌ တိုက်ခိုက်ပေါ်သည်၊
မြင်သိခံရ ကိစ္စရှိသည်၊
မြင်မှုရောက်သွား ကျက်စားရာမည်၊
အဆင်း၌ သိထိုက်ဤသုံးမည်။

## မြင်သိကို သိပုံ

(င) မျက်စိမှီယင်း အဆင်းမြင်သည်၊
အဆင်းကိုမျှ သူကသိသည်၊
အဆင်းဆီရှေးရှု သူပြုနေသည်၊
မြင်သိ၌ သိထိုက်ဤသုံးမည်။

## မြင်တွေ့ကို သိပုံ

(စ) စိတ်နှင့်အဆင်း ထင်လင်းတွေ့သည်၊
စိတ်ကိုအဆင်း၌ ထိခိုက်စေသည်၊
မျက်စိအဆင်း မြင်ခြင်းစုံညီ၊
မြင်တွေ့၌ သိထိုက်ဤသုံးမည်။

## ကာယိကသုခကို သိပုံ

(ဆ) အတွေ့ကောင်းများ ခံစားတတ်သည်၊
စိတ်အဖော်များ ရွှင်ပွါးစေသည်၊
ကိုယ်ထဲကောင်းလျက် နှစ်သက်ဖွယ်မည်၊
ကာယိက သုခထင်ရှားသည်။

## ကာယိကဒုက္ခကို သိပုံ

(ဇ) အတွေ့ဆိုးများ ခံစားတတ်သည်၊
စိတ်အားကုန်ခန်း ညှိုးနွမ်းစေသည်၊
ကိုယ်ထဲနှိပ်စက် ခံခက်ထင်သည်၊
ကာယိက ဒုက္ခထင်ရှားသည်။

**စေတသိကသုခ ခေါ် သောမနဿကို သိပုံ**

(၈၂) အာရုံကောင်းများ ခံစားတတ်သည်၊
အကောင်းကိုပဲ သုံးစွဲတတ်သည်၊ (အဋ္ဌကထာ)
စိတ်အဖေါ်များ ရွှင်ပြုံးစေသည်၊ (ဋီကာ)
စိတ်ထဲကောင်းလျက် နှစ်သက်ဖွယ်မည်၊
စိတ်ထဲမှ သုခထင်ရှားသည်။

**စေတသိကဒုက္ခ ခေါ် ဒေါမနဿကို သိပုံ**

(၈၃) အာရုံဆိုးများ ခံစားတတ်သည်၊
အဆိုးကိုပဲ သုံးစွဲတတ်သည်၊ (အဋ္ဌကထာ)
စိတ်အားကုန်ခန်း သိန်းနှမ်းစေသည်၊ (ဋီကာ)
စိတ်ထဲနှိပ်စက် ခံခက်ထင်သည်၊
စိတ်ထဲမှ သုခ ဆင်ရှားသည်။

**ဥပေက္ခာကို သိပုံ**

(၈၄) အလယ်လတ်များ ခံစားတတ်သည်၊
စိတ်သို့ရွှင်ပြ ကင်းပစေသည်၊
ကောင်းဆိုးမဖက် ငြိမ်သက်စေသည်၊
ဥပေက်ခံဘ် သိမှတ်မြတ်ယောဂီ။

(က မှ ၄အထိ ဆောင်ပုဒ်များသည် မဟာစည် ဓမ္မဒေသနာ ဆောင်ပုဒ်များဖြစ်ပါသည်)။

# ဥပရိပဏ္ဏာသ မဟာသဠာယတနိကသုတ် ဝိပဿနာတရားတော်ကြီး
(တတိယပိုင်း)

## ဗောဓိပက္ခိယ တရား ၃၇-ပါး ဖြစ်ပုံ

၆။ တိုမှန်ချမ်းသာ၊ ရှိသူမှာကား၊ အဋ္ဌာမဂ္ဂင်၊ လေးအင် သတိပဋ္ဌာန်၊ လေးတန်သမ္မပဓါ၊ လေးဖြာဣဒ္ဓိပါဒ်၊ ငါးရပ်ဣန္ဒြေ၊ ငါးထွေဗလ၊ သတ္တဗောဇ္ဈင်၊ ပြည့်စုံလင်၍၊ နှစ်သွင်ဖြူစွ၊ သမထဝိပဿနာ၊ ယုဂနဒ္ဓ၊ ဖြစ်ရဖြိုးကြွယ်၊ သိ-ပယ်-ပွါး-ဆိုက်၊ လေးပါးမြိုက်၊ ကြိုကြိုက်နိဗ္ဗာန် အောင်ပန်းတည်း။

၇။ သောတ စသည်၊ ကျန်ငါးလီ၊ တူပြီရင်းနည်း။

## မဂ္ဂင်ရှစ်တန် လမ်းမှန်၏ သရုပ်

(က) မှန်စွာမြင်သိ ကြံမိမှန်ကန်၊ (ပညာက္ခန္ဓာ ၂-ပါး)
မှန်စွာပြော ပြု ရှာမှုလမ်းမှန်၊ (သီလက္ခန္ဓမဂ္ဂင် ၃-ပါး)။
မှန်စွာကြောင့်ကြ မှတ်ရမှန်ကန် (သမာဓိက္ခန္ဓာ ရှုးစိုက်ကပ် ရှစ်ရပ်မဂ်လမ်းမှန်၊ ၃-ပါး)

## သတိပဋ္ဌာန် ၄-ပါး ဖြစ်ပုံ

(ခ) ၁။ တင်းရှား ပေါ်ပေါက်လာတဲ့ ရုပ်အမူအရာ ဟူသမျှကို အမှန်အတိုင်း ရှုမြင်ရမည်၊ ရှုမြင်နိုင်အောင် မပြတ်ကြောင့်ကြစိုက်ရမည်၊ မပြတ်မှတ်

လျက် အမှန်အတိုင်း သိရမည်၊ ဒီလိုသိလျှင် သိတိုင်း သိတိုင်း ကိလေသာ ငြိမ်းတော့သည်၊ ရုပ် အမူအရာ တိုင်းမှာ ကိလေသာ ငြိမ်းအောင် ဒီလို သိမှတ်နေ တာကို ကာယာနုပဿနာ သတိပဋ္ဌာန်ဟု ခေါ်သည်။

၂။ ထင်ရှားပေါ်လာတဲ့ ခံစားမှုဟူသမျှကို အမှန်အတိုင်း ရှုမြင်ရမည်၊ ရှုမြင် နိုင်အောင် မပြတ် ကြောင့်ကြ စိုက်ရမည်၊ မပြတ် မှတ်လျက် အမှန်အတိုင်း သိရ မည်၊ ဒီလိုသိလျှင် သိတိုင်းသိတိုင်း ကိလေသာ ငြိမ်း လေတော့သည်၊ ခံစားမှု တိုင်းမှာ ကိလေသာ ငြိမ်း အောင် ဒီလို သိမှတ်နေတာကို ဝေဒနာနုပဿနာ သတိပဋ္ဌာန်ဟု ခေါ်သည်။

၃။ ထင်ရှားပေါ်လာတဲ့ စိတ်ဟူသမျှကို အမှန်အတိုင်း ရှုမြင်ရမည်၊ ရှုမြင်နိုင်အောင် မပြတ် ကြောင့်ကြစိုက် ရမည်၊ မပြတ်မှတ်လျက် အမှန်အတိုင်း သိရမည်၊ ဒီလိုသိလျှင် သိတိုင်းသိတိုင်း ကိလေသာ ငြိမ်းလေ တော့သည်။ စိတ်အမူအရာတိုင်းမှာ ကိလေသာ ငြိမ်း အောင် ဒီလို သိမှတ်နေတာကို စိတ္တာနုပဿနာ သတိ ပဋ္ဌာန်ဟု ခေါ်သည်။

၄။ ထင်ရှားပေါ်လာတဲ့ သဘောတရားဟူသမျှကို အမှန် အတိုင်း ရှုမြင်ရမည်၊ ရှုမြင်နိုင်အောင် မပြတ်ကြောင့် ကြစိုက်ရမည်၊ မပြတ်မှတ်လျက် အမှန်အတိုင်းသိရမည်၊ ဒီလိုသိလျှင် သိတိုင်းသိတိုင်း ကိလေသာငြိမ်းလေတော့ သည်၊ သဘောတရားတိုင်းမှာ ကိလေသာငြိမ်းအောင်

ဒီလိုသိမှတ်နေတာကို ဓမ္မာနုပဿနာ သတိပဋ္ဌာန်ဟု ခေါ်သည်။ (ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီး၏ အသံလွှင့် သတိပဋ္ဌာန် တရားတော်ကြီးမှ)

## သမ္မပဓာန် ၄ ပါး

(ဂ) ၁။ မိမိသန္တာန်၌ ဖြစ်ပြီးဖြစ်ဆဲ ဖြစ်ကုန်သော အကုသိုလ်တရားတို့ကို ပယ်ခြင်းငှါ အားထုတ်ခြင်း။

၂။ မိမိသန္တာန်၌ရှေးသို့ဖြစ်လတံ့သော အကုသိုလ်တရားတို့ကို နောင်မဖြစ်စေခြင်းငှါ အားထုတ်ခြင်း။

၃။ မိမိသန္တာန်၌ မဖြစ်ဘူးသေးကုန်သော အကုသိုလ်တရားတို့ကို မိမိသန္တာန်၌ မဖြစ်စေ ခြင်းငှါ အားထုတ်ခြင်း။

၄။ မိမိသန္တာန်၌ ဖြစ်ပြီးဖြစ်ဆဲ ဖြစ်ကုန်သော ကုသိုလ်တရားတို့ကို နိယာမ အဖြစ်သို့ရောက်စေရန် လွန်စွာကြီးပွါးစေခြင်းငှါ အားထုတ်ခြင်း၊ ဤလေးပါးကို သမ္မပဓာန် လေးပါးဟုခေါ်သည်။ (လယ်တီဗောဓိပက္ခိယဒီပနီ-၂၀၁)

ရတနာသိရိ (၃)

## ဣဒ္ဓိပါဒ် ၄ ပါး

(ဿ) ဆန္ဒိဒ္ဓိပါဒ်၊ ဝိရိယိဒ္ဓိပါဒ်၊ စိတ္တိဒ္ဓိပါဒ်၊ ဝီမံသိဒ္ဓိပါဒ်၊ ဤလေးပါးကို ဣဒ္ဓိပါဒ် လေးပါးဟု ခေါ်သည်။ ဣဒ္ဓိပါဒ်ဟူသည် ပြီးစီး ပြည့်စုံခြင်းကို ခေါ်သည်။

(ဝင်းဒီပနီမှပင်)

## ဣန္ဒြေ ငါးပါး

(င) သဒ္ဓိန္ဒြေ၊ ဝီရိယိန္ဒြေ၊ သတိန္ဒြေ၊ သမာဓိန္ဒြေ၊ ပညိန္ဒြေ၊ ဤငါးပါးကို ဣန္ဒြေငါးပါးဟုခေါ်သည်။ ဣန္ဒြေဟူသည် အစိုးရမှုကိုခေါ်သည်။

(ဝင်းဒီပနီမှပင်)

(စ) သဒ္ဓါဗိုလ်၊ ဝီရိယဗိုလ်၊ သတိဗိုလ်၊ သမာဓိဗိုလ်၊ ပညာဗိုလ်၊ ဤငါးပါးကို ဗိုလ်ငါးပါးဟုခေါ်သည်၊ ဗိုလ်ဟူသည် ဆန့်ကျင်ဖက်တရားတို့ကို အားတိုက်ဖိစီးတတ်ခြင်း၊ ဆန့်ကျင်ဖက် ရန်သူတို့နှင့် တွေ့လျှင် မတုန်လှုပ်ခြင်းတို့ကိုခေါ်သည်။

(ဝင်းဒီပနီမှပင်)

## ဗောဇ္ဈင် ၇ ပါး

(ဆ) သတိသမ္ဗောဇ္ဈင်၊ ဓမ္မဝိစယသမ္ဗောဇ္ဈင်၊ ဝီရိယသမ္ဗောဇ္ဈင်၊ ပီတိသမ္ဗောဇ္ဈင်၊ ပဿဒ္ဓိသမ္ဗောဇ္ဈင်၊

သမာဓိ သမ္ဗောဇ္ဈင်၊ ဥပေက္ခာ သမ္ဗောဇ္ဈင် ဤ ၇-ပါးကို ဗောဇ္ဈင် ၇-ပါးဟုခေါ်သည်၊ ဗောဇ္ဈင် ဟူသည် သစ္စာလေးပါးသိသူ၏ အကြောင်း အင်္ဂါ၊ သစ္စာလေးပါးသိမှု၏ အစိတ်အပိုင်းကိုခေါ်သည်။

**သမထနှင့် ဝိပဿနာ**

(၉) ၁။ ငူးစိုက်သမှု၊ ကပ်၍ရှု၊ ဈာန်ဟုခေါ်ဝေါ်သည်။
၂။ သမထဈာန်၊ ဝိပဿ်ဈာန်၊ နှစ်တန်ကွဲပြားသည်။
၃။ တည်ငြိမ်ရုံမျှ၊ ရှုနေက၊ သမထဈာန်ခေါ်သည်။
၄။ လက္ခဏာသုံးရပ်၊ ရှုသိမှတ်၊ ဝိပဿ်ဈာန်ခေါ်သည်။

**သစ္စာ ၄-ပါး**

(၁၀) ၁။ ဒုက္ခသစ္စာ၊ ဆင်းရဲအစစ်အမှန်။
၂။ သမုဒယသစ္စာ၊ ဆင်းရဲ ဖြစ်ကြောင်း အစစ်အမှန်။
၃။ နိရောဓသစ္စာ၊ ဆင်းရဲချုပ်ရာအစစ်အမှန်။
၄။ မဂ္ဂသစ္စာ၊ ဆင်းရဲငြိမ်းရာဆိုက်ရောက်ကြောင်း အစစ်အမှန်။

**သစ္စာ ၄-ပါးကိုတပြိုင်နက် သိပုံ**

(၁၁) ၁။ ဒုက္ခမြင်က၊ ကြွင်းသစ္စာ၊ မှန်စွာ သိမှုပြီး။ (ဝိပဿနာခဏ)၊

၂။ နိဗ္ဗာန်မြင်ကာ၊ ကြွင်းသစ္စာ၊ မှန်စွာသိမှုပြီး။
(မဂ်ခဏ)

မှတ်ချက်။ ။ဆမှညအထိ ဆောင်ပုဒ်များသည် မဟာဇေည် မွေ့
ဒေသနာဆောင်ပုဒ်များမှ ဖြစ်ပါသည်။

## ဒေဝတာသံယုတ်–ဇရာသုတ်

## ၁၁။ ကောင်းခြင်းလေးဖြာမင်္ဂလာတရားတော်

**နတ်သားအမေးနှင့် ဘုရားအဖြေ**

၁။ အိုအောင်ကောင်းဒါ၊ မိန့်မြွက်ပါ၊ ဘယ်ဟာဖြစ်နိုင်သည်။

၂။ အိုအောင်ကောင်းဒါ၊ သီလပါ၊ သေချာဖြစ်ပေသည်။

၃။ ခိုင်မြဲယင်ကောင်းဒါ၊ မိန့်မြွက်ပါ၊ ဘယ်ဟာဖြစ်နိုင်သည်။

၄။ ခိုင်မြဲယင်ကောင်းဒါ၊ မြတ်သဒ္ဓါ၊ သေချာဖြစ်ပေသည်။

၅။ လူတို့ရတနာ၊ မိန့်မြွက်ပါ၊ ဘယ်ဟာဖြစ်နိုင်သည်။

၆။ လူတို့ရတနာ၊ အသိလိမ္မာ၊ သေချာဖြစ်ပေသည်။

၇။ မခိုးနိုင်ဒါ၊ မိန့်မြွက်ပါ၊ ဘယ်ဟာဖြစ်နိုင်သည်။

၈။ မခိုးနိုင်ဒါ၊ ကုသိုလ်ပါ၊ သေချာဖြစ်ပေသည်။

**သဒ္ဓါဟူသည်**

၁။ ရတနာသုံးပါး၊ ကံတရား၊ ကျိုးများ ပစ္စုပ်တမလွန်။
၂။ ယုံကြည်သမှု၊ မနောက်ကျု၊ ခေါ်ပြုသဒ္ဓါမွန်။

**သဒ္ဓါ ၄-မျိုး**

၁။ ကြည်ညိုစရာ၊ ကြည်ညိုတာ၊ သဒ္ဓါပသာဒခေါ်ပါသည်။
၂။ သုံးပါးရတနာ၊ သက်ဝင်တာ၊ သဒ္ဓါသြကပ္ပနခေါ်ပါသည်၊
၃။ အရိယာမှာ၊ ဖြစ်ပေါ်တာ၊ သဒ္ဓါအဓိဂမခေါ်ပါသည်။
၄။ ဘုရားလောင်းမှာ၊ ဖြစ်ပေါ်တာ၊ သဒ္ဓါအာဂမခေါ်ပါသည်။

**သဂါထာဝဂ္ဂ-သံယုတ္တပါဠိ-သုဒတ္တသုတ်**

## ၁၂။ ရတနာခြေလှမ်းနှင့် မြတ်ချမ်းသာ တရားတော်ကြီး

**သုသာန်စောင့်နတ်မင်းက တိုက်တွန်းခြင်း**

၁။ ဘုရားဖူးရန်၊ စိတ်ရည်သန်၊ အမှန်ထွက်ခဲ့သည်။
၂။ ခြေတလှမ်းမှာ၊ ဆယ့်ခြောက်ဖြာ၊ ပုံကာခွဲရမည်။
၃။ ဆယ့်ခြောက်ပုံမျိုး၊ တပုံကျိုး၊ တန်ဖိုးကြီးလှသည်။

၄။ ဆင်မြင်းရထား၊ ကညာများ၊ မှတ်သားတသိန်းစီ။
၅။ အားလုံးတန်ဖိုး၊ တပိုကျိုး၊ တန်ဖိုးလိုက်မမှီ။
၆။ အိုသူဌေးကြီး၊ ရှေ့သို့မှီး၊ အပြီးချီတက် ဆက်ရမည်။
၇။ ရွှေတက်လျှင်မြတ်၊ နောက်ဆုတ်လတ်၊ မမြတ်မှန်ပေသည်။

## အနာထပိဏ်သူဌေး၏ မေးလျှောက်ချက်

၁။ ဘန္တေ ဘဂဝါ၊ အိုမြတ်စွာ၊ ကျိန်းရာ အသို့နည်းဘုရား၊
၂။ ဆင်းရဲမဖက်၊ချမ်းသာလျက်၊ ကျိန်းစက်နိုင်ရဲ့လားဘုရား။

## ဗုဒ္ဓမိန့်ခွန်း ချမ်းသာညွှန်း

၁။ မကောင်းမှုထိမ်း၊ ကိလေငြိမ်း၊ မလိမ်းကာမမှုကင်းစင်။
၂။ ဥပဓိစင်၊ ငြိမ်းဝင်၊ မြတ်ရှင်ထိုသည့်သူဆိုယင်။
၃။ ခပ်သိမ်းအခါ၊မြဲချမ်းသာ၊ မှန်စွာနေရကြည်ကြည်သင်။
၄။ ဘဏ္ဍာကုန်ကင်း၊ အပူရှင်း၊ ငြိမ်းခြင်းရောက်သောသူဆိုယင်။
၅။ ခပ်သိမ်းအခါ၊ မြဲချမ်းသာ၊မှန်စွာနေရကြည်ကြည်လင်။

**ပီတိငါးမျိုး**

၁။ ဖျဉ်းကနဲကြွ၊ ကြက်သီးထ၍၊ ရင်မှလှိုက်ဖို၊ မျက်ရည်ယိုမျှ၊စိမ့်စိုငြိမ့်ငြိမ့်၊ တအိမ့်အိမ့်၊ နှစ်သိမ့်ငယ်စွ ခုဒ္ဒိကာ။
၂။ ကြက်သီးထခြင်း၊ တဖျံ့ဖျဉ်းဖျဉ်းနဲ့၊ လျှပ်လင်းတမျှ ခဏခဏ၊အားရပီတိ၊ နှစ်သိမ့်ဘိ၊ ခေါ်၏ခဏိကာ။
၃။ ကိုယ်လုံးခုံမျှ၊ လှိုင်းလုံးကြွသို့၊ အားရငြိမ့်ငြိမ့်၊ တစိမ့်စိမ့်၊ နှစ်သိမ့် ဩက္ကန္တိကာ။
၄။ ကိုယ်အင်္ဂါများ၊ မြောက်တက်သွားအောင်၊ အားရစိမ့်စိမ့်၊ တငြိမ့်ငြိမ့်၊ နှစ်သိမ့် ဥဗ္ဗေဂါ။
၅။ ဆီထိဂွမ်းလို၊ ရှမ်းရှမ်းစိုမျှ၊ တကိုယ်လုံးစိမ့်၊ တငြိမ့်ငြိမ့်၊ နှစ်သိမ့် ဖရဏာ။

**နှလုံးသွေးအရောင် ပြောင်းခြင်း**

၁။ နီမြန်းရာဂ၊ ဒေါသမည်းငြား၊သားဆေးရေမောဟာ၊ တဏှာပဲပြုတ်ရေ၊ ဝါရွှေသဒ္ဓါ၊ ပညာပြုံးပြက်၊ ဇောတမြက်သို့၊ ထိန်လက်အရောင်သျှမ်းသတည်း။

## ၁၃။ ဗုဒ္ဓမ္မ-ကြားနာရသော်

၁။ တပါးအခါ၊ မြတ်ဗုဒ္ဓါ၊ဝေသာလီမြို့မင်းနေပြည်။
၂။ မဟာဝုန်တောရပ်၊ ကျောင်းပြသာဒ်၊ မှီကပ်စမ္ပယ်သည်။

၃။ ထိုခါတပါး၊ ဤသို့များ၊ ထူးခြားဖြစ်ခဲ့သည်။
၄။ ပိဋ္ဌိယာနိ၊ ဗုဒ္ဓဆိ၊ ခိုမှိပြန်ခဲ့သည်။
၅။ ကာရဏပါလိ၊ တွေ့မေးပြီ၊ ဗုဒ္ဓိဘယ်သို့ပညာရည်။
၆။ ပိဋ္ဌိယာနိ၊ ပြောပြသည်၊ မဒ္ဒိမြတ်ဉာဏ်ရည်။
၇။ ဗုဒ္ဓဉာဏ်ကို၊ ဗုဒ္ဓလို၊ ပုဂ္ဂိုလ်မှသာ သိနိုင်သည်။
၈။ ဘယ်ကျိုးကိုမြင်၊ ဤသို့လျှင်၊ အသင်ချီးမွမ်းသည်။
၉။ ဘုရားဂုဏ်ကို၊ ငါသည်လို၊ ကြည်ညိုမြင်ရသည်။
၁၀။ အရသာကောင်းများ၊ ဝသူအား၊ တခြားညှံ့တာ မစားပြီ။
၁၁။ ဗုဒ္ဓတရား၊ နာသူများ၊ တခြားတရားမလိုပြီ။
၁၂။ ဆာလောင်ယောကျ်ား၊ ပျားမုန့်အား၊ ဘယ်နား လျက်လျက် ချိုမြသည်။
၁၃။ ဗုဒ္ဓဓမ္မ၊ ကြားနာရ၊ ဘယ်မျှနာနာစိတ်ကြည်သည်။
၁၄။ စန္ဒကူးအား၊ ရင်း-လယ်-ဖျား၊ ဘယ်နားနမ်းနမ်း မွှေးကြူသည်။
၁၅။ ဘုရားဟောယုံ၊ တရားစုံ၊ ဘယ်ပုံနာရရွှင်ပျသည်။
၁၆။ သမားကောင်းဟာ၊ များလူနာ၊ ရောဂါမြန်မြန် ပျောက်စေသည်။
၁၇။ သမားဗုဒ္ဓ၊ နာသတ္တာ၊ ဒုက္ခချက်ခြင်း ပျောက်စေ သည်။
၁၈။ ရေလိုသူဟာ၊ အိုင်သာယာ၊ဆင်းလာသုံးက အေး မြသည်။
၁၉။ တရားအိုင်မှာ၊ သုံးသူဟာ၊ ပူတာအားလုံး အေး စေသည်။

၂၀။ ကာရဏပါလီ၊ ကြားနာပြီ၊ ဦးချီဘုရားမြတ်စွာဆီ။
၂၁။ နမောတဿ၊ သုံးကြိမ်မျှ၊ နှုတ်ဟရွှိခိုးသည်။
၂၂။ သရဏဂုံ၊ ပန်းသုံးစုံ၊ ကြည်ယုံ ဆည်းကပ်သည်။

(အံ ၂၊၂၀၆-၂၀၇-၂၀၈)။
(အတွဲ-၁၇၊ အမှတ် ၃၂-ဗုဒ္ဓဓမ္မမှ)

## ၁၄။ ဗုဒ္ဓဓမ္မသြဝါဒ လောကအမြတ်ဆုံး

၁။ အမြစ်နှံ့သာ၊ အားလုံးမှာ၊ ကောင်းတာမြတ်ဆုံး ကရမက်တုံး။
၂။ အနှစ်နှံ့သာ၊ အားလုံးမှာ၊ ကောင်းတာမြတ်ဆုံး စန္ဒကူးတုံး။
၃။ အပွင့်နှံ့သာ၊ အားလုံးမှာ၊ ကောင်းတာမြတ်ဆုံး မြတ်လေးကုံး။
၄။ ဗုဒ္ဓဓမ္မ၊ သြဝါဒ၊ လောကမြတ်ဆုံး၊ စွဲမှတ်သုံး။
၅။ တရားကရမက်၊ လိမ်းကျံလျက်၊ နံ့သက်ကိလေ ပျောက်ပါစေ။
၆။ တရားစန္ဒကူး၊ လိမ်းကျံလူး၊ ညစ်ညူးကိလေ ပျောက်ပါစေ။
၇။ တရားမြတ်လေး၊ ပန်ဆင်မွှေး၊ ညစ်ကြေးကိလေ ပျောက်ပါစေ။ (မ-၃၊၅၂)

(အတွဲ ၁၇-အမှတ် ၂၇-ဗုဒ္ဓမ္မလောကမှ)။

## ၁၅။ နှစ်သက်ဝမ်းသာမြွက်ချမ်းသာ

၁။ ကောင်းမှုရှင်ဟာ၊ မျက်မှောက်မှာ၊ ဝမ်းသာနှစ်သက်ရပါသည်။
၂။ ကောင်းမှုရှင်ဟာ၊ တမလွန်မှာ၊ ဝမ်းသာနှစ်သက်ရပါသည်။
၃။ ပစ္စုပ်တမလွန်၊ ဖြစ်နှစ်တန်၊ အမှန်ဝမ်းသာနှစ်သက်ရပါသည်။
၄။ ငါသည်ကောင်းမှု၊ ပြုရဟု၊ မှတ်ပြုဝမ်းသာ နှစ်သက်ရပါသည်၊
၅။ သုဂတိရောက်ရာ၊ ကဲလွန်စွာ၊ ဝမ်းသာနှစ်သက်ရပါသည်။ (ဓမ္မပဒ-သုမနဒေဝီဝတ္ထု)

## ၁၆။ နှစ်သစ်မင်္ဂလာ-ဘာဝနာ-တရားတော်ကြီး

### (က) နှစ်ဦးဆုမွန်

၁။ နှစ်ဟောင်းကုန်ပျက်၊ နှစ်သစ်ဆက်၊ တိုးတက်မင်္ဂလာဖြစ်ပါစေ။
၂။ အကုသိုလ်များ၊ ရှောင်ဖယ်ရှား၊ပွားများကုသိုလ်တွေ။
၃။ နိဗ္ဗာန်ရောက်ရန်၊ သတိပဋ္ဌာန်၊ အမှန်ရှုကြလေး။

### (ခ) သတ္တဝါနှင့်အချိန်ကာလ

၁။ နာရီရက်လ၊ ခေါ်ဆိုကြ၊ ကာလအချိန်မည်။
၂။ မိမိနှင့်သာ၊ တူမကွာ၊ သတ္တဝါအားလုံးသည်။
၃။ အချိန့်ဝါးမျို၊အစားကို၊ဖြစ် အို နာသေခံရသည်။

၄။ ဆိုလည်သည့်နွား၊ ရဟတ်ချွား၊ တူပြွားမဆိုးသံသာရှည်။
၅။ အကြွင်သူကား၊ ကာလအား၊ မျိုစားနိုင်လေသည်။
၆။ ဒါနသီလာ၊ ဘာဝနာ၊ ပြုကာစားမျိုသည်။
၇။ ဖြစ်ပျက်ရုပ်နာမ်၊ ဒွဲသန်သန်၊ နည်းမှန်ရှုမှတ်စားမျိုသည်။
၈။ ထိုစားနိုင်သူ၊ တဏှာပူ၊ စင်ဖြူကင်းတော့သည်။
၉။ တဏှာကင်းက၊ နိဗ္ဗာန်ရ၊ ကာလတို့ဆုံးသည်။
၁၀။ ပဋိသန္ဓေ၊ အိုနာသေ၊ ဘေးတွေဆုံးတော့သည်။
၁၁။ နိဗ္ဗာန်လိုက၊ ချိန်ကာလ၊ စားကြမျိုကြခါတော်မှီ။
၁၂။ မူလပရိယာယ၊ ဇာတ်တော်မှ၊ ထုတ်ပြတိုက်တွန်းသည်။

## (ဂ) ပျက်စီးကြောင်း ၃–မျိုး

၁။ မသောက်မတဲ့ရား၊ မိန်းမများ၊ ပျော်ပါးလွန်ကြူးသူ။
၂။ သောက်စားယစ်မူး၊ သေသောက်ကြူး၊ ပျော်မြူးလေသောသူ။
၃။ ကြွေအန်ပွဲများ၊ လောင်းကစား၊ ပျော်ပါးလွန်ကြူးသူ။
၄။ ရတိုင်းဥစ္စာ၊ ကုန်ဧရာ၊ မှတ်ပါပျက်စီးကြောင်းရင်းမူ။
၅။ ပရာဘဝ၊ သုတ္တန်၊ ဗုဒ္ဓမိန့်တော်မူ။

## ၁၇။ မဟာခနေသူဌေးသားဝတ္ထု-လက်ကြီး

၁။ အငရိတ္ထာ၊ အစဖြာသည့်၊ ဂါထာနှစ်ခု၊ တရားစုကို၊ သုဂတမုနိ၊ ဘုန်းတော်ရှိသည်၊ ဣသိပတန၊ အမည်ရသော၊ မိဂဒါဝုန်၊ တောရဂုံ၌၊ ခိုလှုံစဉ်ခါ၊ ပြည်ဗာရာဏ၊ မဟာခနေ၊ သားပုတ္တကို၊ ကာရဏဟု၊ အကြောင်းပြု၍၊ ဟောမှုမသွေ၊ ဖြစ်ရလေ၏၊ ပဝေရှေးခါ၊ ပြည်ဗာရာ၌၊ ဥစ္စာပေါယယ်၊ ကုဋေကြွယ်ဟု၊ ရှစ်ဆယ်ရှိပြီး၊ သူဌေးကြီးနှင့်၊ ဇနီးတို့မှ၊ သားပုတ္တကို၊ ကေတယောက်၊ ဖွားမြင်မြောက်၏၊ နှစ်ယောက်မောင်နှံကြံကြဟန်က၊ "ကေနင်ငါတို့၊ ဥစ္စာမို့၍၊ မချို့များစွာ၊ ရှိကြပါ၏၊ ဥစ္စာတွေကို၊ သားအလိုတိုင်း၊ မတိုမတန့်၊ သုံးဆောင်ဝံ့စေ၊ ကြဲစွန့်အံ့သား၊ မှုတပါးဖြင့်၊ တခြားကိစ္စ၊ မရှိလှ" ဟု၊ ကြံကြပြီးလျှင်၊ အကသင်၍၊ ဆိုသင်တီးသင်၊ အမှုတ်သင်မျှ၊ သင်စေကြ၏၊ တို့မှတဖြာ၊ ထိုဗာရာ၌၊ ဥစ္စာပေါယယ်၊ ကုဋေကြွယ်ဟု၊ ရှစ်ဆယ်ရှိပြီး၊ သူဌေးကြီးနှင့်၊ ဇနီးတို့မှ၊ သမီးလှကို၊ ကေတယောက်၊ ဖွားမြင်မြောက်၏၊ နှစ်ယောက်မောင်နှံ၊ ကြံကြဟန်က 'ကေနင်ငါတို့၊ ဥစ္စာမို့၍၊ မချို့များစွာ၊ ရှိကြပါ၏၊ ဥစ္စာတွေကို၊ သမီးလိုတိုင်း၊ မတိုမတန့်၊ သုံးဆောင်ဝံ့စေ၊ ကြဲစွန့်အံ့သား၊ မှုတပါးဖြင့် တခြားကိစ္စ မရှိလှ" ဟု၊ ကြံကြပြီးလျှင်၊ အကသင်၍၊ ဆိုသင်တီးသင်၊ အမှုတ်သင်မျှ သင်စေကြ၏၊ ထိုမှ

နောက်ဝယ်၊ ထိုသူကြွယ်တို့၊ဆက်သွယ်ရင်းနှီး၊ မျက်နှာကြီးချင်း၊ သမီးနှင့်သား၊ ဆောင်ထိမ်းမြှား၍၊ လေးပါးမိဖ သေသွားကြသော်၊ပီတာမာတာ၊ စုံနှစ်ဖြာမှ၊ ဥစ္စာမွေလည်း၊တအိမ်တည်း၌၊ စုစည်းမိခါ၊ များဥစ္စာတို့၊ တရာခြောက်ဆယ်၊ကုဋေကြွယ်၏။

ထိုကြွယ်လေငြား၊ သူဌေးသားသည်၊ မယားနှင့်ယှဉ်၊ နေကြစဉ်၌၊ နေ့စဉ်သုံးခါ၊ မင်းရာဇာအား၊ သွားလာခစား၊ ခရီးကြားဝယ်၊ သောက်စားယစ်မူး၊ သေသောက်ကြူးတို့၊ အထူးလှည့်စားသူသောက်မှား၍၊ ပေါ်များနှင့်မူး၊ သဘင်ကြူးလျက်၊ ယစ်မူးငွေဖြုန်း၊ ဥစ္စာဘုံးသော်၊ အားလုံးကခွါ၊ သူ့ကြင်ရာနှင့်၊ လက်မှာခွက်စွဲ၊ မျက်နှာမွဲဖြင့်၊ ဆင်းရဲတောင်းစား၊ ကျောင်းရောက်သွား၏၊ ဘုရားမြင်သော်၊ သွားမြတ်ပေါ်အောင်၊ ပြုံးတော်မူခါ၊ အာနန္ဒာက၊ ပြုံးရာကြောင်းတွေ၊ မေးလျှောက်လေလျှင်၊ စိန္တေမြတ်စွာ၊ မိန့်ဟာပါ၏၊ "ညီအာနန္ဒာ၊ဤဗာရာဏ၌၊တရာခြောက်ဆယ်၊ကုဋေကြွယ်ကို၊ သေဝယ်ခသောက်သုံး၊ မူးပျော်ဖြုန်း၍၊ ကုန်ဆုံးဥစ္စာ၊ ရှိသောခါမှ၊ ကြင်ရာလက်တွဲ၊ ခွက်လက်စွဲ၍၊ ဆင်းရဲတောင်းစား၊ သူဌေးသားကို၊ ရှုစားစမ်းပ၊ ပဌမရွယ်၊ ဓနဥစ္စာ၊မဖြုန်းပါဘဲ၊ ဥစ္စာတိုးပွား၊ တံခိုးထွားအောင်၊ ကြိုးစားလေက၊ ဤမြို့မ၌၊ပဌမချင်း၊သူဌေးမင်းပင်၊ဧကန်ဖြစ်မည်၊နိဗ္ဗာန်ရည်၍၊ပြုသည်ရဟန်းအားထုတ်မြန်းသော်၊ရဟန္တာ

စစ်၊ သူကဖြစ်၍၊ သူချစ်ကြင်ရာ၊ ဖြစ်နိုင်ရာတည့်၊ အနာဂါမ်၂၊ မဇ္ဈိမရွှယ်ခနဥစ္စာ၊မဖြုန်းပါပဲ၊ ဥစ္စာတိုးပွား၊ တံခိုးထွားအောင်၊ကြို စားလေက၊ဒုတိယရင်း၊ သူဌေးမင်းပင်၊ မယွင်းဖြစ်မည်၊ နိဗ္ဗာန်ရည်၍ ပြုသည့်ရဟန်း၊ အားထုတ်မြန်းသော်၊ ရှင်လမ်းအနာဂါမ်၊ ဖြစ်မည်မှန်၏၊သူ့ကျန်ကြင်ရာ ဖြစ်နိုင်ရာတည့်၊ သကဒါဂါမ်ပ၊ ပစ္ဆိမရွှယ်၊ ခနဥစ္စာ၊မဖြုန်းပါပဲ ဥစ္စာတိုးပွား၊ တံခိုးထွားအောင်၊ ကြိုးစားလေက၊တတိယရင်း၊သူဌေးမင်းပင်၊မယွင်းဖြစ်မည်၊ နိဗ္ဗာန်ရည်၍၊ပြုသည်ရဟန်း၊အားထုတ်မြန်းသော်၊ ရှင်လမ်းသကဒါဂါမ်၊ ဖြစ်မည်မှန်၏၊သူ့ကျန်ကြင်ရာ ဖြစ်နိုင်ရာတည့်၊သောတာပန်'' ဟုမိန့်ပြုပြီးလျှင်။

ယခုခါကား၊ ဤသူဌေးသား'သည်၊ လူများချမ်းသာ၊ဆုံးရှုံးကွာ၍၊ တဖြာရဟန်း၊ မဂ်ဖိုလ်မှန်းလည်း၊ ကုန်ခန်းကာလ၊ ဆုတ်ယုတ်ရ၏။

ပုံပြသမှု၊အဆိုပြုလျှင်၊ တခုအိုင်သာ၊ ရေများစွာနှင့်၊ငါးမှာလည်းပေါ၊ထိုအိုင်တော၌၊ နေသောကြိုးကြာ၊ မသုံးပါပဲ၊ ချိန်ခါလည်းကုန်၊ ရေလည်းကုန်၍၊ ငါးကုန်သောခါ၊ ဇရာရိုက်ချိုး၊ တောင်ပံကျိုး၍၊ညွန်မျိုး၌သာ၊ကြံမှိုင်ရှာသို့၊ ငယ်ခါကလျှင်စွမ်းနိုင်ခဲ့က မယှဉ်တရား၊ ဥစ္စာများကို၊မပွားမစုမေ့လျော့မှုကြောင့်၊ထိုသူ့လူမိုက်၊ ဒုက္ခဆိုက်သည်ငိုရှိုက်ကြံမှိုင်ရသတည်း။

၂။ ပုံပြသမှု အဆိုပြုလျှင် တခုသောမြွား လေးညို့အားမှ လွတ်သွားသောခါ အားကုန်ပါကမြေမှာ ကျပြား ကောက်မထားသော်၊ ခြစားပျက်ကာ ဆုံးရှုံးရာသို့ ငယ်ခါကလျှင် စွမ်းနိုင်စဥ်က မယုဉ် တရား ဥစ္စာများကို မပွားမစု မေ့လျော့မှုကြောင့် ထို့သူ့လူမိုက် ဒုက္ခဆိုက်လျက် ရှေး၌ခံစား သုခများကို ငြိုးတွားချေသာ သေရရှာမည်- မြတ်စွာဗုဒ္ဓ မိန့်ခွန်းတည်း။

၃၊ ဗုဒ္ဓမြတ်စွာ၊ဒေသနာ၏၊မိန့်လွှာအဆုံး၊ တရားသုံးသူ၊အားလုံးတို့မှာ၊မြတ်သောတာပန်၊သကဒါဂါမ်နှင့်၊အနာဂါမ်ရဟန္တာ၊ ဖြစ်ကြပါသည်၊ဓမ္မာတံခိုး စွမ်းရည်တည်း။(ဓမ္မပဒ ဌ၊ ၂-၈၁-ကို ဖွဲ့ဆိုသည်။)

## ၁၈။ သံသရာအမိုက်တိုက် ပိုက်ကွန်တွင်းမှ လွတ်ကင်းရေးတရားတော်

၁။ အန္ဓဘူတော အယံ လောကော၊
တနုကေတ္ထ ဝိပဿတိ။

သကုဏော ဇာလမုတ္တော ဝ၊
အပ္ပေါ သဂ္ဂါယ ဂစ္ဆတိ။

အယံလောကော၊ ဤလူအပေါင်းသည်။ အန္ဓဘူတော၊ ပညာမျက်စိမှုန်မရှိသဖြင့် သတိဉာဏ်ကွယ် အကန်းသဖွယ် ဖြစ်

ချေ၏။ တွေ၊ ဤလောကသား လူအများထဲ၌။ တနေကော၊ ဦးရေမများလှ မပြောပဖွယ် အနည်းငယ်သော သူသည်သာ လျှင်။ဝိပဿာတိ၊ အနိစ္စစသည်ဖြင့် ရှုမြင်နိုင်ပေ၏။ ဇာလမုတ္တော၊ ငှက်မုဆိုး၏ ပိုက်ကွန်တွင်းမှ လွတ်မြောက်သွားသော။ သကုဏော၊ ငှက်သည်။ အပ္ပေါဝ၊ ဦးရေမများ နည်းပါး ဘိသကဲ့ သို့။ အပ္ပေါ၊ အနည်းငယ်သော သူသည်သာလျှင်။ သဂ္ဂါယ၊ လူ့ပြည်နတ်ပြည် နိဗ္ဗာန်ဆီသို့။ ဂစ္ဆတိ၊ သွားရောက် နိုင်ပေ၏။ ဂစ္ဆတိ၊ အမှားပျောက်အောင် တရားပေါက်လေမှ သွားရောက်နိုင်ပါပေသတည်း။

## (က) ရင်းဆောင်ပုဒ်

၁။ ဤလောကမှာ၊ လူများစွာ၊ ပညာမျက်စိကန်းကြသည်။

၂၊ လူများစွာထဲ၊ ဦးရေနဲ၊ မမြဲစသည် ရှုနိုင်သည်။

၃။ ငှက်မုဆိုးမင်း၊ ဖမ်းထောင်သွင်း၊ ပိုက်တွင်းငှက်တို့သည်။

၄။ လွတ်ကင်းနိုင်ပဲ၊ သေဆင်းရဲ၊ မလွဲခံရသည်။

၅။ ပိုက်ကွန့်တွင်းမှ၊ လွတ်ထွက်ရ၊ ငှက်ကနည်းလှသည်။

၆။ ထိုပုံပမာ၊များသတ္တာ၊ သံသာကွန်ထဲ ဝဲလည်လည်။

၇။ မုဆိုးသေမင်း၊ သတ် ဖြတ် ခြင်း၊ မယှဉ်း ခံရသည်။

ဂ။ ဆင်းရဲတွင်းမှ လွတ်သူက မုချနည်းလှသည်။

ဃ။ လူ့ပြည်နတ်ပြည် နိဗ္ဗာန်ပြည် ရောက်ဒိုသောသူ နည်းလှသည်။

## (ခ) မရဏာဿတိပွါးရေး ဘုရားဆေး

က။ အဒ္ဓုဝံ မေ ဇီဝိတံ၊ ငါ၏ အသက်သည် မခိုင်မြဲပါတကား။

ခ။ ဓုဝံမေ မရဏံ၊ ငါ၏သေခြင်းသည်ခိုင်မြဲလှချေတကား။

ဂ။ အဝဿ မယာ မရိတဗ္ဗမေဝ၊ ငါသည် မချွတ်သေရမှာပါတကား။

ဃ။ မရဏပရိယောသာနံ မေ ဇီဝိတံ၊ ငါ၏အသက်သည် သေခြင်းလျှင် အဆုံးရှိချေ၏။

င။ ဇီဝိတမေဝ အနိယတံ၊ အသက်သည်သာလျှင် မည်၍မည်မျှ ရှည်မည်ဟု ကိန်းမသေပဲရှိချေ၏။

စ။ မရဏံ နိယတံ၊ သေခြင်းမှာမူ ကိန်းသေပါတကား။

## (ဂ) ရှင်း ဆောင်ပုဒ်

၁။ ငါ့အသက်ဟာ မခိုင်မာ သေချာသေရမည်၊

၂။ ငါ၏သေခြင်း ခိုင်မာတင်း မယှဉ်းသေရမည်။

၃။ ငါသည်မုချ မသွေပ သေရပါလိမ့်မည်။

၄။ ငါ့အသက်ဟာ သေခြင်းသာ မှန်စွာဆုံးတော့သည်။

၅။ အသက်သည်သာ မခိုင်မာ သေချာမမြဲသည်။

၆။ သေခြင်း မရဏံ နိယတံ အမှန် မြဲတော့သည်။

## (ဃ) မသိသုံးပါး သိတပါး

၁။ ဘယ်ဘဝက လာခဲ့ရ မှုချဘယ်မသိ။
၂။ သေရပြန်က ဘယ်ဘဝ လားရ ဘယ်မသိ။
၃။ သေရမည့်မှာ မလွဲပါ သူငါတိုင်းပင်သိ။
၄။ သေရမည့်မှာ နေ့ရက်တာ မှန်စွာဘယ်မသိ။
၅။ မသိသုံးပါး သိတပါး တရားရအောင်ကြည့်။

(ဓမ္မပဒ ၂၊ ၁၁၁)

မှတ်ချက်။ ။ဤတရားတော်ကို မြတ်စွာဘုရား အာဠဝီပြည် (ယခုအခေါ် အလာဟဘတ်) ကြွရောက် သီတင်းသုံးတော်မူစဉ်ရက်ကန်းသည် အမျိုးသမီးတယောက်ကို အကြောင်းပြု၍ ဟောတော်မူသည်။

## ၁၉။ ဘုရားရှင်၏ နောက်ဆုံးမှာတမ်း တရားတော်

ဟန္ဒ ဒါနိ ဘိက္ခဝေ အာမန္တယာမိ ဝေါ၊
ဝယဓမ္မာသင်္ခါရာ အပ္ပမာဒေန သမ္ပာဒေထ။

ဘိက္ခဝေ၊ သံသရာဘေး လာမည့်ရေးကို မြော်ထွေးရှုငြားအို ...ချစ်သားတသီး ချစ်သမီးတို့။ ဟန္ဒဒါနိ၊ ပရိနိဗ္ဗာန် ဝင်စံကာနီး ယခုအခါကြီး၌။အဟံ၊ သင်တို့ကိုးစား ငါဘုရားသည်။ ဝေါ၊ သင်ချစ်သားတသီး ချစ်သမီးတို့အား။ အာမန္တယာမိ၊ နောက်ဆုံးစကားမြဲမှတ်သားဘို့ညွှန်ကြားခိန့်မှာတော်မူခဲ့ပေအံ့။

သင်္ခါရာ၊ ကံ စိတ် ဥ ဟာ ကြောင်းလေးဖြာတို့ ပေါင်းကာ ပြုပြင် စီရင်အပ်သော သင်္ခါရတရားမှန်သမျှတို့သည်။ ဝယမဓမ္မာ၊ လုစ်ခနဲ သုတ်ခနဲ ဖြုတ်ခနဲပင် မဟုတ်မစဲ ပျက်တတ်သော သဘောရှိကုန်၏၊ တသွာ၊ ထို့ကြောင့်။ တုမှေ၊ သင်တို့သည်။ အပ္ပမာဒေန၊ မမေ့မလျော့ မပေါ့မဆ သတိတရားဖြင့်။ သမ္မာဒေထ ကိုယ်တိုင်ကိုယ်ကျ အားထုတ်ကြလျက် စေ့ငကုန် သုံး ပြီးဗီးပြည့်စုံ ရစ်ကြကုန်လော့။

## ၎င်းတရားတော် ဆောင်ပုဒ်

၁။ ငါ၏ချစ်သား၊ သမီးများ၊ ဘောင်နှားစိုက်ကြကွယ်။
၂။ နိဗ္ဗာန်ပြည်ကြီး၊ ဝင်ခါနီး၊ အပြီးဖခါ မှာခဲ့မယ်။
၃။ ရုပ်နာမ်နှစ်ဖြာ၊ ငါးခန္ဓာ၊ မှန်စွာပျက်တတ်တယ်။
၄၊ ရှုမှတ်ပွါးကျင့်၊ သတိနှင့်၊ အသင့်ပြီးစုံရစ်ကြကွယ်။

## ၂၀။ သေခြင်းဆင်ခြင် တရားဝင် တရားတော်

တခါတုန်းက၊ နာတိကရွာ၊ အုတ်ကျောင်းသာ၌၊ ဗုဒ္ဓါရှင် ပြုံး၊ သတင်းသုံးစဉ်၊ စုရုံးညွှတ်တွား ရဟန်းများကို၊ မိန့်ကြား လို၍၊ "အို…ချစ်သားတို့" မိန့်ခွန်းပျို့သော်၊ နှစ်မြို့ပြန်ကြား၊ "အရှင်ဘုရား"ဟု ဘောင်နှားဆင်ခြန်း၊ သားရဟန်းတို့၊ ရှင်လန်းသောခါ၊ မြတ်ဗုဒ္ဓါက၊ "အို…သားလုတို့၊ မရဏသာ တိ၊ ပွါးများသိလျှင်၊ များတိကျိုးထင်၊ အာနိသင်နှင့်၊ ပြည်

ခွင်နိဗ္ဗာန်၊ ရောက်စေမှန်၏၊ နိဗ္ဗာန်ရောက်မှ၊ များဒုက္ခတို့၊ လက်စဆုံးလေ၊ သို့ဖြစ်ထွေကြောင့်၊ သေခြင်းတရား၊ မပြတ်ပွါးကြ၊ ချစ်သားလှတို့" ယင်းသို့ဘုရား၊ ဟောမိန့်ကြွားသော်။

၁။ တပါးသိသာ၊ မြတ်ဗုဒ္ဓကို၊ ဖွင့်ဟဝပ်ထွား၊ "သေတရားကို၊ ပွါးများသည်ပင်" လျှောက်ထားထင်သော်၊ မြတ်ရှင်ကပင်၊ ခွန်းတုန့်လွှင်၍၊ "အသင်ချစ်သား၊ ဘယ်လိုပွါးလဲ" ဘုရားမေးသော်၊ "တပည့်တော်အသက်၊ နေ့ ညဉ့်ဆက်၍၊ တရက်ရှည်လျှင်၊ သုံးလူ့ရှင်၏၊ သုံးခွင်သာသနာ၊ အားထုတ်ပါအံ့"။

၂။ ဆက်ကာလျှောက်ထား၊ ဒု-တပါးက၊ "ရက်များမရွေ၊ တနေ့ပတ်လုံး၊ သက်ရှင်ပြုံးသော်၊ မြတ်ဘုန်းသာသနာ၊ အားထုတ်ပါအံ့"။

၃။ ဆက်ကာလျှောက်ထား၊ တ-ဘပါးက၊ "သက်ကားမပျက်၊ နေ့ဝက်ရှည်လျှင်၊ သုံးလူ့ရှင်၏၊ သုံးခွင်သာသနာ၊ အားထုတ်ပါအံ့"။

၄။ ဆက်ကာလျှောက်ထား စ-တပါးက "သက်ကားမပြတ်၊ ဆွမ်းတထပ်မျှ သက်ရှည်ရသော် ဗုဒ္ဓသာသနာ အားထုတ်ပါအံ့"။

၅။ ဆက်ကာလျှောက်ထား မ-တပါက "သက်ကားမပြတ် ဆွမ်းသပ်ဝက်မျှ သက်ရှည်ရသော် ဗုဒ္ဓသာသနာ အားထုတ်ပါအံ့"။

၆။ ဆက်ကာလျှောက်ထား ဆ-တပါးက "သက်ကား ဆက်သေး ဆွမ်းလေးငါးလုပ် သက်မပြုတ်လျှင် ဗုဒ္ဓသာသနာ အားထုတ်ပါအံ့"။

၇။ ဆက်ကာလျှောက်ထား သ-တပါးက "သက်ကား မယုတ် ဆွမ်းတလုပ်မျှ သက်ရှည်ရသော် ဗုဒ္ဓသာသနာ အား ထုတ်ပါအံ့"။

၈။ ဆက်ကာလျှောက်ထား ၄-တပါးက "သက်ကားစိုက် စိုက် တရှူရှိုက်မျှ သက်ရှည်ရသော် ဗုဒ္ဓသာသနာ အားထုတ်ပါ အံ့"။

မှန်စွာစင်စစ်၊ ရဟန်းရှစ်ပါး၊ သို့လျှောက်ထားသော်၊ ဘုရားမြတ်ကား ရှေ့ခြောက်ပါးကို "တရားမေ့တူ၊ နှံ့နှေး သူ"ဟု မိန့်မူပြီးငြား၊ နောက်နှစ်ပါးကို၊ "တရားမလေ့၊ ထက်မြက်မေ့၍၊ မမေ့သောသူ" မိန့်တော်မူသည် များလူမှတ် သား ကျင့်ဘို့တည်း။ ။

## ၂၁။ မဟာသီဝမထေရ် ဝတ္ထု

၁။ တဆယ့်ရှစ်ပါး၊ ဂိုဏ်းတို့အား၊ စာများပို့ချသည်။
၂။ မဟာသီဝ၊ မည်နာမ၊ ထေရထင်ရှားသည်။
၃။ ထေရ်ဆုံးမ-ကောင်း၊ ရဟန္တာပေါင်း၊ သုံး သောင်းဖြစ်ကြသည်။
၄။ သုံးသောင်းထဲက၊ တပါးက၊ မှတ်ရ ဆရာ့ဂုဏ် ရည်။

၅။ ငါ့ဆရာရှင်၊ ပုထုဇဉ်၊ ဤတွင်ရှိသေးသည်၊
၆။ ငါ့ဆရာဟာ၊ သူများသာ၊ မှီရာဖြစ်ခဲ့သည်။
၇။ မိမိမှီရာ၊ ဖြစ်ဘို့ရာ၊ သွားကာဆုံးမမည်။
၈။ ကောင်းကင်ခရီး၊ ပျံတက်ပြီး၊ ကျောင်းနီးဆင်းခဲ့သည်။
၉။ မထေရ်ထံမှောက်၊ ချဉ်းကပ်ရောက်၊ ဒူးထောက်ဝပ်တွားသည်။
၁၀။ အမောင်ပဥ္စင်း၊ ငါ့ထံရင်း၊ ဘယ်သင်း ဘယ်ကြောင့် လာခဲ့သည်၊
၁၁။ အနုမောဒနာ၊ တပုဒ်မှန်၊ သင်ရန် လာခဲ့ရပါသည်၊
၁၂။ သင့်သင်ဘို့ရာ၊ ငါ့ထံမှာ၊ ခွင့်ခါ မအားပြီ။
၁၃။ ဆွမ်းခံနီးတွင်၊ တန်ဆောင်းဝင်၊ ကြံစဉ်နေခိုက်မေးပါမည်။
၁၄။ ထိုနေရာကား၊ အခြားသူများ၊ လျှောက်ထားမေးကြသည်။
၁၅။ ဆွမ်းခံသွားစဉ်၊ လမ်းမှာပင်၊ လျှောက်တင်မေးပါမည်။
၁၆။ အဲသည်မှာလဲ၊ မေးသူတဲ၊ ရှိမြဲရှိနေသည်။
၁၇။ သက်နှီးရုံဆဲ၊ သပိတ်မဲကို၊ အိတ်ထဲမှနုတ်၊ အပြင်ထုတ်စဉ်၊ ဆန့်ပြုတ်ယာဂု၊ ဆောက်ဆဲပြု၊ အနုမောဒ . သင်ပါမည်။
၁၈။ ထိုခါများမှာ၊ ဌကထာ၊ လေ့လာသူများရှိကြသည်။

၁၉။ ဤသို့အားဖြင့်၊ သင်ယူခွင့်၊ ဆင့်ဆင့်တောင်း
လေသည်၊

၂၀။ ရွာမှထွက်ပြီး၊ ကျောင်းပြန်သွားနှင့်၊ ဆွမ်းစား
ပြီးခါ၊ နေ့နေရာနှင့်၊ အိပ်ရာဝင်နီး၊ ခြေဆေးပြီး
ဟု၊ အိပ်ပြီးဘထစ်၊ မျက်နှာသစ်နီး၊ သစ်ပြီးကာ
လ၊ ခန်းဝင်ကြွ၊ ခေတ္တနေစဉ်မေးပါသည်။

၂၁။ ထိုထိုချိန်ဟူ၊ အားလုံးမူ၊ မေးသူရှိနေကြပါသည်။

၂၂။ ဤတိုင်းဆိုပြီး၊ အရှင်ဘုရား၊ သေအားချိန်မျှ
မချိပြီ။

၂၃။ အရှင်ဘုရားသည်၊ ခုံနေ့ခက်ခဲ့၊ တူညီနေတော့
သည်။

၂၄။ သူများမှီရာ၊ ဖြစ်၍သာ၊ ကိုယ့်မှာမှီရာ မဖြစ်ပြီ။

၂၅။ အရှင့်ထံမှာ၊ အနုမောဒနာ၊ မနာလိုတော့ပြီ။

၂၆။ သို့လျှောက်ပြီးလျှင်၊ ထက်ကောင်းကင်၊ ဈာန်
ယာဉ်စီး၍ ပြန်ကြွသည်။

၂၇။ ထိုရောအခါ၊ ထေရ်ကြီးမှာ၊ မှန်စွာ သတိရတော့
သည်။

၂၈။ သူလာပုံမှန်၊ စာသင်ရန်၊ လာဟန်မဟုတ်ပြီ။

၂၉။ သတိပေးရန်၊ သူငါ့ထံ၊ အမှန်လာခြင်းဖြစ်လေ
သည်။

၃၀။ ငါ့သိုပုဂ္ဂိုလ်၊ အရဟတ္တဖိုလ်၊ ခက်ကိုမခက်ပြီ။

၃၁။ နှစ်ရက်သုံးရက်၊ အရဟတ္တမဂ်၊ ဆက်ဆက်ယူပြီး
ပြန်လာမည်။

၃၂။ သို့ကြံပြီးက၊ ကျောင်းတိုက်မှ၊ ထွက်ကြွခဲ့လေသည်။
၃၃။ ဝါဆိုဆန်းတက်၊ ဆယ့်သုံးရက်၊ တောတွက်ရွာနီးတောင်ခေါင်းဆီ။
၃၄၊ ဝါဆိုလပြည့်၊ ဥပုသ်နေ့၊ မတွေ့တရားကြွာလေသည်။
၃၅။ ထို့ကြောင့်တဝါ၊ သုံးလကြာ၊ ကျင့်တာတရားမရပြီ။
၃၆။ ဝါကျွတ်သောခါ၊ ဝမ်းနည်းစွာ၊ ဖြာဖြာမျက်ရည်ကျရသည်။
၃၇။ ထို့နောက်မထေရ်၊ မအိပ်ပေ၊ ခြေလည်းမဆေးပြီ။
၃၈။ သွားရပ်ထိုင်ဖြင့်၊ တရားကျင့်၊ သို့ဖြင့်တရားကြွာသေးသည်။
၃၉။ နှစ်ဆယ်ကိုးနှစ်၊ ဝါကျွတ်ခေတ်၊ ရောက်သစ်တိုင်းပင် ကျမျက်ချည်။
၄၀။ ခြေတော်ကွဲကြေး၊ ရွာသူသား၊ ဆူးများဖြင့်ချုပ်ပေးကြသည်။
၄၁။ ကလေးချင်းချင်း၊ ကစားရင်၊ ကျိန်ခြင်းပြုကြသည်။
၄၂။ မဟာသီဝ၊ မထေရ်မျှ၊ ခြေကကွဲစေ ကျိန်ကြသည်။
၄၃။ နှစ်သုံးဆယ်ကြာ၊ ဝါကျွတ်ခါ၊ ဓမ္မာမရကြွာပြန်သည်။

၄၄။ ဒါလောက်ကြိုးစား၊ မြတ်တရား၊ ငါ့ကား မရကြာလေသည်။
၄၅။ ဤဘဝမှာ၊ မဂ်ဖိုလ်ဟာ၊ ငါ့မှာမရထိုက်လေပြီ။
၄၆။ ရဟန္တာဆင့်၊ အဖြစ်ဖြင့်ပင်၊ မြော်လင့်စရာ၊ ပဝါရဏာ၊ ငါ့မှာမပြုနိုင်ပါပြီ။
၄၇။ ထိုသို့တွေးကာ၊ ထေရ်မဟာ၊ သေချာငိုရပြန်ပါသည်။
၄၈။ ထိုခါထံနီး၊ နတ်သမီး၊ လာပြီး ငိုပြန်သည်။
၄၉။ ဤနားငိုတာ၊ အသင်ဟာ၊ ပြောပါဘယ်သူ ဖြစ်လေမည်။
၅၀။ တပည့်ငိုကြီး၊ နတ်သမီး၊ အပြီးဖြစ်ပါသည်။
၅၀။ ဘာကြောင့်သည်နား၊ လာငိုကြွား၊ ထင်ရှားပြေရမည်။
၅၂။ ငိုခြင်းဖြင့်သာ၊ မဂ်ဖိုလ်ဟာ၊ ရလာနိုင်သည်ထင်မ်သည်။
၅၃။ တမဂ်နှစ်မဂ်၊ ငိုတလျှက်၊ ဆက်ဆက်ရအောင်ငိုပါသည်။
၅၄။ ထိုရောအခါ၊ ထေရ်မဟာ၊ ကိုယ့်ဟာကိုယ်ဖဲ ဆုံးမသည်။
၅၅။ အမောင်သီဝ၊ ကြည့်စမ်းပ၊ နတ်ကသင့်နှင့်ပြက်ရယ်ပြီ။
၅၆။ သည်အမူရာ၊ သင့်တွက်တာ၊ ဘယ်မှာမသင့်ပြီ။
၅၇။ သို့ဆင်ခြင်ပြု၊ ဝမ်းနည်းမှု၊ မှတ်ရှုပယ်ဖျောက်သည်။

၅၈။ ဝိပဿနာ၊ ဆက်ရှုရာ၊ ထေရ်ဟာ ရဟန္တာဖြစ်လေပြီ။
၅၉။ သေခြင်းတရား၊ နီးနီးပွါး၊ တရားမှတ်သင့်ပြီ။
၆၀။ တရားရရေး၊ သည်အရေး၊ အရေးကြီးဆုံးဖြစ်လေသည်။
၆၁။ မဟာသီဝ၊ ဝတ္ထုက၊ မှုချသက်သေခံလေသည်။
၆၂။ ဘာ့ကြောင့်ညာ့ကြောင့်၊ အဝ့ါကြောင့်၊ မနှောင့်သင့်ကြပြီ။

## ခဒ္ဒဝတာသံယုတ် ပထမ အာကာသသုတ်

## ၂၂။ လေဥပမာ ဝေဒနာနုပဿနာ တရားတော်ကြီး

၁။ ကောင်းကင်ထက်မှာ၊ လေဖြာဖြာ၊ တိုက်လာခတ်လာများလှတယ်။
၂။ ရှေ့ နောက် မြောက် တောင်၊ မြူကိုဆောင်၊ မဆောင်လေတို့ တိုက်ကြတယ်။
၃။ ပူအေးနဲ့များ၊ လေထူးပြား၊ မမှားတိုက်ကြတယ်။
၄။ လေတို့တူစွာ၊ ဤခန္ဓာ၊ ဝေဒနာဖြစ်ပေါ်တယ်။
၅။ သုခါဒုက္ခာ၊ ဥပေက္ခာ၊ ဝေဒနာဖြစ်ပေါ်တယ်။
၆။ အကြင်အခါ၊ ယောဂီ၊ (ဘိက္ခု)ဟာ၊ ပြင်းစွာအားထုတ်တယ်။
၇။ သတိသမ္ပဇဉ်၊ အမြဲယှဉ်၊ တွင်တွင် အားထုတ်တယ်။

၈။ ထိုစဉ်အခါ၊ ယောဂီဟာ၊ ဝေဒနာ အားလုံးမှန်
သိတယ်။
၉။ ထိုအသိရှင်၊ ခုဘဝတွင်၊ လေးအင်အာသဝေါ
ကင်းစင်တယ်။
၁၀။ သစ္စာတည်သူ၊ ဝေဒဂူ၊ သေမှုနောက်ခါဝယ်။
၁၁။ ပုထုဇဉ်ထဲ၊ မပါပဲ၊ မလွဲစာရင်း ဖျက်ရတယ်။
၁၂။ သုတ်အာကာသ၊ ထုတ်ကာပြ၊ ဗုဒ္ဓဟောခဲ့တယ်။
၁၃။ လိုက်နာကျင့်သုံး၊ သူအားလုံး၊ မြတ်ဆုံးနိဗ္ဗာန်
ရောက်ရမယ်။

## ၂၃။ ပုတိဂတ္တတိဿ ရဟန်းဝတ္ထု

(ဓမ္မပဒ ဋ္ဌ ၂၊ ၂၀၅)

**ပဒျပြန်ဝတ္ထု**

၁။ သာဝတ္ထိမြို့ ငါတို့ဗုဒ္ဓါ၊
ဇေတဝန်ကျောင်း ကိန်းအောင်းချိန်ခါ၊
ပူတိဂတ္တ တိဿထေရာ၊
အကြောင်းပြု ဟောမှုဒေသနာ။

၂။ ဤမြို့ထဲမှ ကုလပုတ္တာ၊
မျိုးကောင်းတယောက် ဝင်ရောက်သာသနာ၊
တိဿမည်ဆန်း ရဟန်းတော်မှာ၊
တကိုယ်လုံး စွဲဖုံးပုတ်ရောဂါ။

၃။ တကိုယ်လုံးပုပ် ညှိစုပ်နံစော်၊
မပြုနိုင်ငြား ပစ်ထားကြသော်၊

ကိုယ်တိုင်တော်ကြွ ဗုဒ္ဓပြုသော်၊
သက်သာရ ဓမ္မတိုက်ကျွေးဖော်။

၄။ ချစ်သားတိဿ ဒုက္ခပူသယ်၊
ခန္ဓာကိုယ်ညှစ် စွန့်ပစ်ရမယ်၊
ဝိညာဏ်ကွာကင်း ဖွဲ့ထင်းပုံနှယ်၊
သုံးမကျ အိပ်ရမြေပေါ်ဝယ်။

၅။ တရားနာရ တိဿမထေရ်၊
ရဟန္တာကြီး ဖြစ်ပြီးမသွေ၊
နိဗ္ဗာန်မြို့သို့ ဝင်လို့စံပေ၊
ဓါတ်တော်များ တည်ထားစေတီမွေ။

၆။ တိဿဘယ်ရောက် မေးလျှောက်ကြသော်၊
နိဗ္ဗာန်စံသွား ဘုရားမိန့်ဖော်၊
သူ့ဖြစ်ရပ်ဆန်း မေးမြန်းမြန်သော်၊
မိန့်ဓာတ်ဟိတ် အတိတ်ဆောင်ပြီနော်။

## အတိတ် ဝတ္ထု

၇။ ကဿပဘုရား ထင်ရှားပွင့်စဉ်၊
ငှက်သတ်မုဆိုး ဂုဏ်ညှိုးဖြစ်စဉ်၊
ဘုရင်ကိုဆက် ကျန်ငှက်စုံလင်၊
ရောင်းစားရေး သက်မွေးအလုပ်ဝင်။

၈။ ရောင်း၍ကျန်ငြား ငှက်များကိုလေ၊
သတ်၍ထားငြား ပုပ်သွားနိုင်ပေ၊

## ဒေသနာကြေးမုံ ဆောင်ပုဒ်များ

လွတ်တွက်ပျံ့မြန်း  မစွမ်းနိုင်စေ၊
တောင်ခြေများ  ချိုးထားရှင်မသေ။

၉။ နောက်နေ့နောက်ရက်  ထိုငှက်တွေကို၊
ရက်စက်သတ်ဖြတ်  နောက်ဆပ်ရောင်းပို၊
အများကြီးရ  အိမ်ကမယ်ကို၊
ချက်စေပြေး  ငှက်သားစားသောက်မျို။

၁၀။ တနေ့သ၌  ကြုံကြိုက်ကုသိုလ်၊
ထိုမုဆိုးကြီး  စားနိုးချိန်ကို၊
ရဟန္တာကြွ  စိတ်ကကြည်ညို၊
စားမည့်ဆွမ်း  လှူဒါန်းတောင်ဆုံဆို။

၁၁။ အရှင်ဘုရား  သိထားမမေ့၊
ဤကောင်းမှုကြောင့်  မနှောက်မသွေ့၊
တပည့်တော်လဲ  မလွဲပုံသေ၊
ဉာဏ်မြင်ရှင်း  အလင်းသိရစေ။

**အနုသန္ဓိ**

၁၂။ ငှက်သတ်ခဲ့မှု  ယခုအခါ၊
တိဿချစ်သား  ကိုယ်များပုပ်ကာ၊
ရောဂါနှိပ်စက်  ဒဏ်ချက်လွန်နာ၊
ဝဋ်ကျွေးပဲ  မလွဲခံရရှာ။

၁၃။ ဆွမ်းလှူခဲ့မှု  တောင်းဆုကြောင့်ပေ၊
ယခုဘဝ  တိဿမထေရ်၊

ကိလေကုန်ခန်း   ရဟန္တာပေ၊
ဖြစ်ရငြား   စံသွားနိဗ္ဗုတော၊

## ၂၄။ တရားဟူသည်
(ဓမ္မပဒ ဘိက္ခုဝဂ် သမ္ဗဟုလာဘိက္ခု ဝတ္ထု)

၁။ တရားမှန်များ   ကျင့်ပွါးသူမှာ၊
တရားကဘဲ   စောင့်မြဲသေချာ၊
တရားတော်က   အေးမြချမ်းသာ၊
ဆောင်ယူပေး   ကင်းဝေးပါယ်ဒုက္ခာ။

၂။ မေတ္တာကမ္မဋ္ဌာန်း   စီးဖြန်းကြည်ဖြူ၊
ဗုဒ္ဓဆုံးမ   လုံးဝယုံသူ၊
သင်္ခါခပ်သိမ်း   အေးငြိမ်းရာဟူ၊
ချမ်းသာလှ   ရောက်ရပြည်နိဗ္ဗူ။

၃။ ဤအတ္တဘော   သင်္ဘောလှေအို၊
မိစ္ဆာဝိဘက်   စွန့်ပက်ရေကို၊
လုံခုံပေါ့ပါး   ရေများမယို၊
လှေမြန်ပြေး   ရောက်အေးနိဗ္ဗာန်ခို။

၄။ ရာဂဒေါသ   တင်းလှကြိုးတွေ၊
ဥာဏ်မဂ်ဒါးနဲ့   ဖြတ်ဟဲ့မသွေ၊
ထိုသို့ခုတ်ဖြတ်   ဖိုလ်မြတ်တည်လေ၊
ဆုံးရောက်မှူ   အနုပါဒိသေ။

၅။ အပါယ်ရောက်မျိုး   အောက်ကြိုးငါးထွေ၊
အောက်မဂ်သုံးဖြင့်   ပယ်သွင့်ဖြတ်လေ၊

ဖြဟ္မာရောက်မျိုး ထက်ကြိုးငါးထွေ၊
အရဟတ် ခုတ်ဖြတ်စွန့်ပယ်ချေ။

၆။ သဒ္ဓါစသား ငါးပါးကုန္ဒြေ၊
လွန်စွာကြိုးစား ပွားများပါလေ၊
ရာဂဒေါသ မောဟမာနေ၊
ဒိဋ္ဌိများ ပယ်ရှားပြီးသူလေ။

၇။ ထိုပယ်ရှားပြု ဘိက္ခုကိုလေ၊
ဩဃငါးများ လေးပါးရေတွေ၊
ကျော်လွှားကူးမြောက် ပေါက်ရောက်သူပေ၊
ခေါ်ဆိုရ မုချမည်ပါပေ၊

၈။ တရားအလုပ် အားထုတ်ကာနေ၊
မမေ့မလျော့ မပေါ့နဲ့လေ။
ကာမဂုဏ်တွင်း စိတ်ကင်းပါစေ၊
မေ့လျော့က ရောက်ရငရဲပြေ။

၉။ မေ့လိုငရဲ ကျလဲသေယင်၊
မီးသံထွေခဲ မျိုစွဲပူပင်၊
ဤသည့်ဆင်းရဲ ဆင်းရဲလေအင်၊
နောင်တခေတ် မဖြစ်ပါစေချင်။

၁၀။ ပညာမရှိ ကင်း၍ဈာန်ပါ၊
ဈာန်မရှိသဲ ကင်းရှဲပညာ၊
ပညာဈာန်များ နှစ်ပါးစုံဟာ၊
ရှိသူကား ရောက်ငြားပြည်နိဗ္ဗာ။

၁၁။ ဆိတ်ငြိမ်ရာသို့ - ဝင်လို့မသွေ၊
စိတ်ငြိမ်တည့်မတ် ဝိပဿ်ရှုနေ၊
ထိုယောဂီအား လူများထက်လေ၊
မွေ့လျော်ခြင်း မယှင်းရနိုင်ပေ။

၁၂။ ဝိပဿ်တရား ကြိုးအားထုတ်နေ၊
အားထုတ်သူအား မမှားမသွေ၊
ပီတိရွှင်ပွား ရငြာ့ထွေထွေ၊
ထိုပီတိ ခေါ်၏အမြိုက်ရေ။

၁၃။ ဤမြတ်ဗုဒ္ဓ ဆုံးမသာသနာ၊
ပညာအသ် ဣန္ဒြိသံဝရာ၊
ရောင့်ရဲခြင်းရှိ ပါတိမောက္ခာ၊
သီလများ ရှိငြားသွေမကွာ။

၁၄။ ဤသည့်သီလ လေးဝစုံလင်၊
အညစ်ကြေးကင်း ဖြူဝင်းနေယင်၊
နိဗ္ဗာန်သုခ ရောက်ရဖို့သွင်။
ဦးအစ ဖြစ်ရအမှန်ပင်။

၁၅။ သက်မွေးဖြူဝင်း အပျင်းကင်းစင်၊
ကောင်းသောမိတ်မြတ် ဆည်းကပ်သူပင်၊
သန္တာရနှင့် အကျင့်စုံလင်၊
ဝမ်းမြောက်ပြီး ပြည်ကြီးနိဗ္ဗာန်ဝင်။

## ၂၅။ မိဘကျေးဇူးတရားတော်

### အင်္ဂုတ္တရနိကာယ သဗြဟ္မကသုတ် ဆောင်ပုဒ်

၁။ သားသမီးကို၊ ဗြဟ္မာစိုရ်၊ ပွားပိုမိဖဗြဟ္မာမည်။
၂။ သားသမီးအား၊ သင့်ဖွယ်များကို၊ သင်ကြား ဦးစွာ၊ မိဖမှာ၊ ပုဗ္ဗာစရိယမည်။
၃။ ခရီးဝေးစွာ၊ ဆောင်ယူရှာ၍၊ သားသမီး၏၊ ပစ္စည်းအလှူ၊ ခံယူထိုက်စွာ၊ မိဖမှာ၊ အာဟုနေယျမည်။
၄။ ထို့ကြောင့်သားလျှ၊ မိနှင့်ဖ၊ ဦးချရှိခိုးရပါမည်။
၅။ စားဖွယ်ကျွေးမွေး၊ အဝတ်ပေး၊ လေးမြတ်ပူစု ရပါမည်။
၆။ ရေချိုးနှိပ်နယ်၊ ကိုယ်နံ့ပယ်၊ လိမ်းချယ်ပူစုရပါ မည်။
၇။ ထိုသို့ပြုငြား၊ သမီးသား၊ အများချီးမွမ်းခံရမည်။
၈။ တမလွန်လဲ၊ နတ်ပြည်ထဲ၊ လိုက်လှဲဝမ်းသာ စံရ မည်။

### အင်္ဂုတ္တရနိကာယသမစိတ္တဝဂ်ဒုတိယသုတ်ဆောင်ပုဒ်

၁။ မိဘကျေးဇူး၊ မြင်းမိုရ်ဦးကို၊ အထူးသိလျက်၊ အ ဆပ်ခက်၊ မိန့်မြွက်အင်္ဂုတ္တိုရ်။
၂။ ပေးဆပ်မည်မြော်၊ ပုခုံးပေါ်၊ တင်ခေါ်မိဖကို။
၃။ နှစ်တရာစွဲ၊ လုပ်ကျွေးလဲ၊ ကျေဘဲမကျေကို။

၄။ လေးကျွန်းပိုင်သ၊ စကြာရအောင်၊ ပေးဆပ်ဆောင်လဲ၊ ကျေးဇူးခဲ၊ ကျေဘဲမကျေကို။
၅။ ထိုသို့ပြုဦး မြတ်ကျေးဇူး၊ ကျေဘူးဘယ်ကြောင့်ဆို။
၆။ စောင့်ရှောက်ကျွေးမွေး၊ လောကရေး၊ ပြပေးကျေးဇူးများကြောင့်ဆို၊
၇။ ကျေအောင်ဆပ်လို၊ ရှင်သွေးပျို၊ ဒီလိုပြုမှုကို။
၈။ သုံးကြည်စွန့်ကြဲ၊ သီလစွဲ၊ နက်နဲပညာ ပွားအောင်ကို။
၉။ ရှက်ဆောင်နိုင်ငြား၊ သမီးသား၊ နှစ်ပါး ကျေးဇူး ကျေပြီကို။

## ၂၆။ ကျောင်းအလှူဝယ် အဖန်ဖန် ဝမ်းမြောက်ဖွယ် တရားတော် ဆောင်ပုဒ်များ

### မဟာစည်ကျောင်းခေါ်–ဝံ–မယ်ကျောင်းလှူ ရေစက်ချပွဲ–သရုပ်ဖေါ်ဆောင်ပုဒ်

၁။ မဟာ–ဆိုဒါက သရော့ ဂုဏ်မည်၊
စည်–ဆိုဒါက ဌာနအမည်၊
ကျောင်း–ခွဲဌာန ရတနာ့ပုံမည်၊
ခေါ်–စေကြောင်း အပေါင်းသိရမည်။
၂။ ဝံ–ဆိုဒါက ကျောင်းဒကာအမည်၊
မယ်–ဆိုဒါက ကျောင်းအမအမည်၊
ကျောင်း–ဝတ္ထုက ဒါနအမည်။
လှူ–နာမ်က သုံးဝစေတနာမည်။

၃။ ရေ-ဆိုဒါက မုတ္တစာဂီ၊
စက်-ဆိုဒါက လေးဝစုံညီ၊
ချ-ရာသံဃာ့ ပုညခေတ္တာ၊
ပွဲ-ကျင်းပ အချဲဝေပါမည်။

## ဒိနည်းနှုဋ္ဌဝဂ္ဂ-ဝိဟာရဒါန အကျိုးပြ
## ဆောင်ပုဒ်များ

၁။ ပူအေးငွေါ်ရှဲ သားရဲကာကွယ်၊
မြွေမှာက်ခြင်ကင်း မိုးနှင်းဖျောက်ပယ်၊
မှုန်တိုင်းလေကြမ်း မရမ်းရှောင်ဖယ်၊
ကျောင်းတော်က မုချစောင့်ရှောက်တယ်။

၂။ ကျောင်းပေါ်ရှင်လန်း ရဟန်းသံဃာ၊
ကျိန်းစက်မျှတ နေရချမ်းသာ၊
ဈာန်ဝိပဿနာများ ဝင်စားမှန်စွာ၊
ကျောင့်ကြောင့်မှီပြု ကောင်းမှုဖြစ်ပေါ်လာ။

၃။ ကျောင်းလှူဒါန်းပြု ကောင်းမှုပုညာ၊
မြတ်ဆုံးချီးကျူး ထွတ်မူးဗုဒ္ဓါ၊
ကိုယ်ကျိုးမြင်သိ ဉာဏ်ရှိသူဟာ၊
ကျောင်းလှူခြင်း မဟာင်းပြုလုပ်ရာ။

၄။ ကြွားမြင်များမြတ် ဖြောင့်မတ်အရှင်၊
ဤကျောင်းပေါ်၌ ပျော်ပိုက်ကြည်လင်၊

ဆွမ်းဖျော်သင်္ကန်း အိပ်ခန်းကုတင်၊
အိပ်ရာများ လှူပွားကျောင်းလှူရှင်။

၅။ ထိုကျောင်းပေါ်၌ ပျော်ပိုက်ဘိက္ခု၊
ကျောင်းလှူရှင်အား သနားကြည်ဖြူ၊
ဆင်းရဲကင်းကြောင်း တရားမိန့်မူ၊
နိဗ္ဗာန်နန်း စံမြန်းကျောင်းလှူသူ၊

၆။ ကျောင်းကိုလှူရ သဗ္ဗအလှူ၊
လှူသည်မည်ကြောင်း ဘုရားမိန့်မူ၊
ကျောင်းလှူခံရ သဗ္ဗအလှူ၊
ခံယူရ ဗုဒ္ဓမိန့်တော်မူ၊

## သုတ်-မဟာဝဂ္ဂ မဟာသုဒဿနသုတ္တ ဝိဟာရဒါန် အကျိုးပြဆောင်ပုဒ်များ

၁။ စည်းစိမ်ကြီးမား မင်းကြွားစကြာ၊
ကျောင်းလှူရှင်ဘဲ ဖြစ်မြဲတံထွာ၊
သုဒဿန သုတ္တမဟာ၊
ထုတ်ဖေါ်ပြ ဗုဒ္ဓမိန့်တော်ပါ။

၂။ ကျောင်းလှူခဲ့ရ စကြာ့မင်းခေါင်၊
ပြသာဒ်အပေါင်း ရှစ်သောင်းလေးထောင်၊
ပေါ်ပေါက်လာရ ဒါနဂုဏ်ရောင်၊
လောကာတွင်း ထွန်းလင်းဘပြောင်ပြောင်။

၃။ ကျောင်းဘွင်းညောင်စောင်း ထပ်လောင်းလှူဆောင်။
ဆင်မြတ်အပေါင်း ရှစ်သောင်းလေးထောင်၊
ပေါ်ပေါက်လာရ ဒါနဂုဏ်ရောင်၊
လောကတွင်း ထွန်းလင်းတပြောင်ပြောင်။

၄။ ဘိနပ်လှူရ စကြာ့မင်းခေါင်၊
မြင်းမြတ်အပေါင်း ရှစ်သောင်းလေးထောင်၊
ပေါ်ပေါက်လာရ ဒါနဂုဏ်ရောင်၊
လောကတွင်း ထွန်းလင်းတပြောင်ပြောင်။

၅။ ရေအိုးလှူရ စကြာ့မင်းခေါင်၊
ရွှေအိုးကြီးဆုံး လေးလုံးများတောင်၊
ပေါ်ပေါက်လာရ ဒါနဂုဏ်ရောင်၊
လောကတွင်း ထွန်းလင်းတပြောင်ပြောင်။

၆။ မီးလှူခဲ့ရ စကြာ့မင်းခေါင်၊
ဖိုးတန်လှပြောင်း ပတ္တမြားများတောင်၊
ပေါ်ပေါက်လာရ ဒါနဂုဏ်ရောင်
လောကတွင်း ထွန်းလင်းတပြောင်ပြောင်။

၇။ မေ့ကရိုဏ် ရေစစ် ကညစ်ပါအောင်၊
ပဲခွပ်ခါးပန်း လှူဒါန်းမင်းခေါင်၊
မောင်းမငယ်ပေါင်း ရှစ်သောင်းလေးထောင်၊
ကြင်ယာကြီး ဦးစီးပါသေးဆောင်။

၈။ စည်းရိုးရံတား လှူပြားမင်းခေါင်၊
တံတိုင်းခုနစ်ထပ် ဆက်စပ်ကာဆောင်

ပေါ်ပေါက်လာရ ဒါနဂုဏ်ရောင်၊
လောကတွင်း ထွန်းလင်းတပြောင်ပြောင်။

၉၊ ထန်းပင်လှူခဲ့ တကဲ့မင်းခေါင်၊
ပဒေသာထန်း ဆန်းဆန်းကျယ်အောင်၊
ပေါ်ပေါက်လာရ ဒါနဂုဏ်ရောင်၊
လောကတွင်း ထွန်းလင်းတပြောင်ပြောင်။

၁၀။ ကြံပင်လှူခဲ့ တကဲ့မင်းခေါင်၊
ပဒေသာကြံပန်း ဆန်းဆန်းကျယ်အောင်၊
ပေါ်ပေါက်လာရ ဒါနဂုဏ်ရောင်၊
လောကတွင်း ထွန်းလင်းတပြောင်ပြောင်။

၁၁။ ဆွမ်းလှူခဲ့ရ စကြာ့မင်းခေါင်၊
ဆန်စပါးကျည်ဆက် ထမင်းချက်အိုးတောင်၊
ပေါ်ပေါက်လာရ ဒါနဂုဏ်ရောင်၊
လောကတွင်း ထွန်းလင်းတပြောင်ပြောင်။

၁၂။ အဝတ်သင်္ကန်း လှူဒါန်းမင်းခေါင်၊
အဝတ်စုံပေါင်း ရှစ်သောင်းလေးထောင်၊
ပေါ်ပေါက်လာရ ဒါနဂုဏ်ရောင်၊
လောကတွင်း ထွန်းလင်းတပြောင်ပြောင်။

၁၃။ ရေကန်လှူခဲ့ တကဲ့မင်းခေါင်၊
ရေကန်အပေါင်း ရှစ်သောင်းလေးထောင်၊
ပေါ်ပေါက်လာရ ဒါနဂုဏ်ရောင်၊
လောကတွင်း ထွန်းလင်းတပြောင်ပြောင်။

## အင်္ဂုတ္တရနိကာယ ဝေလာမသုတ္တ ဒါန သီလ ဘာဝနာ အကျိုးပြ ဆောင်ပုဒ်လင်္ကာကြီး

ခုနစ်နှစ်ခုနစ်လ၊ ဝေလာမသည်၊ ကြီးလှအလှူ၊ ဆဲ့နှစ်ယူဇနာ၊ ပြန့်ကျယ်စွာပင်၊ ချက်ကာကျွေးမွေး၊ အလှူပေး၏၊ လှူရေးဝတ်ပေါင်း၊ ကိုးဝီလောင်း၍၊ ရှစ်သောင်းလေးထောင်၊ လိလိဆောင်လျှက်၊ ရွှေခွက် ငွေခွက်၊ ကြေးစင်ခွက်နှင့်၊ ဆင်းနက်ရကား၊ နို့စား နွားမ၊ ပလ္လင်ပါ၊ ပျိုကညာလှ၊ တန်ဆာ ဝတ်ထည်၊ ဤကိုးမည်တွင်၊ ဝတ်ထည်များသည်၊ ကုဋေချီ၏၊ ယင်းသည်လှူထက်၊ သောတာပန်ဆက်လှူ၊ ကျိုးကြီးဟူ၏။

ယင်းလှူကျိုးထက်၊ သဒါဂါမ်ဆက်လှူ၊ ကျိုးကြီးဟူ၏၊
ယင်းလှူကျိုးထက်၊ အနာဂါမ်ဆက်လှူ၊ ကျိုးကြီးဟူ၏၊
ယင်းလှူကျိုးထက်၊ ရဟန္တာဆက်လှူ၊ ကျိုးကြီးဟူ၏၊
ယင်းလှူကျိုးထက်၊ ပစ္စေကဗုဒ္ဓါဆက်လှူ၊ ကျိုးကြီးဟူ၏၊
ယင်းလှူကျိုးထက်၊ ဘဂဝါဆက်လှူ၊ ကျိုးကြီးဟူ၏၊

ယင်းလှူကျိုးထက်၊ အဂ္ဂအဂ္ဂါ၊ ဘဂ္ဂဝါလျှင်၊ အမှူးတင်သည့်၊ မြတ်သံဃာလှူ၊ ကျိုးကြီးဟူ၏၊ ယင်းလှူကျိုးထက်၊ လေးဖက် မျက်နှာ၊ ရပ်ဒိသာမှ၊ ကြွလာ ရောက်လာ၊ မြတ်သံဃာကို၊ ချမ်းသာရှင်ပြုံး၊ သီတင်းသုံးဖို့၊ ကောင်းဆုံးရည်သန်၊ ကျောင်းတည်ဖန်သည့်၊ လှူမှန်အလှူ၊ ကျိုးကြီးဟူ၏။

ယင်းလှူကျိုးထက်၊ သရဏဂုံဖက်သူ၊ ကျိုးကြီးဟူ၏၊

ယင်းလူ့ကျိုးထက်၊ ပညာသိဖက်သူ၊ ကျိုးကြီးဟူ၏၊
ယင်းလူ့ကျိုးသက်၊ မေတ္တာဖက်သူ၊ ကျိုးကြီးဟူ၏၊

ယင်းလူ့ကျိုးထက်၊ ဖြစ်နှင့်ပျက်ကို၊ ရှုလျက်ဖန်ဖန်၊ ဉာဏ်မြင်သန်သည့်၊ မြတ်မှန်ထိုသူ၊ ကျိုးကြီးဟူသည်၊ ဗုဒ္ဓမိန့်ခွန်းတည်း။ ။

## ကျောင်းလှူဒါန ကျိုးကမကုန်

၁။ တန်ခိုးကြီးလှ မဟာဗြဟ္မာ၊
ကိုယ်ထည်တခု သုံးခုပြုကာ၊
သို့ကိုယ်တခု သုံးခုသိသာ၊
ခေါင်းတခု သုံးခုခံတွင်းပါ။

၂။ ခံတွင်းတခု သုံးခုလျှာပါ၊
ထိုသို့ဉာဏ်တွင်း ဖန်ဆင်းပြီးခါ၊
သက်ဆုံးအောင်စမ်း ချီးမွမ်းမြဲစွာ၊
ကျောင်းဒါန ကျိုးကမကုန်ရာ။

မှီးငြမ်းပြုခြင်း။ ။ဤကျောင်း အလှူဝယ် အဖန်ဖန်ဝမ်းမြောက်ဖွယ် ဆောင်ပုဒ်များကို ရေးသားရာ၌ ကျေးဇူးရှင် ညောင်ကန်ဆရာတော် ဦးဗုဓ်၏ ဒါနဖလပ္ပတ္တိကျမ်းနှင့်၊ ကျေးဇူးရှင် မဟာစည် ဆရာတော်၏ ဝိဟာရဒါန အကျိုးပြဆောင်ပုဒ်များကို မှီးငြမ်းပြုပါသည်။

**ဟောကြားခဲ့ခြင်း။** ။ဤကျောင်းအလှူဝယ် အပန်ပန်ဝမ်း မြောက်ဖွယ် တရားတော်ဆောင်ပုဒ်များသည်မန္တလေး မြို့ စိန်ပန်းရပ် ရတနာပုံ သာသနာ့ရိပ်သာ၌ ကျင်းပ သော မန္တလေးမြို့ ကျောက်သွေးတန်းရပ်နေ အစိုးရ ပဋ္ဌမပြန် ဆွမ်းကျွေးသင်း ဥက္ကဋ္ဌ ကျောင်းဒါယကာ ကြီး ဦးစံရီ ကျောင်းဒါယိကာမကြီး ဒေါ်ဒေါ်မယ်၊ သားသမီးမြေးတစုတို့၏ မန္တလေးမြို့ မဟာမုနိ အရှေ့ မုခ်ဦး တန်ဆောင်းနှင့်၊ ရတနာပုံ သာသနာ့ရိပ်သာ၊ မဟာစည်ကျောင်းခေါ်၊ စံမယ်ကျောင်းလှူရေစက်ချ ပွဲ၌ ဟောကြားခဲ့သော ဆောင်ပုဒ်များဖြစ်ပါသည်။

## ၂၇။ မယ်ခေမာအား မြတ်ဘုရား ဟောကြား ဒေသနာ

အာတုရံ အသုစိံ ပူတိံ၊ ပဿ ခေမေ သမုဿယံ။
ဥဂ္ဃရန္တံ ပဂ္ဃရန္တံ၊ ဗာလာနံ အဘိပတ္ထိတံ။ ။

ခေမေ၊ မလှမပ၊ အသုဘကို၊ သုဘထင်မှား၊ မာနကြွား သည့်၊ သနားစရာ၊ အို...ချစ်သမီးခေမာ။ အာတုရံ၊ ဆင်းရဲ များစွာ၊ ဘေးရောဂါတို့ဖြင့်၊ ကျင်နာခံခက်၊ မြဲနိုင်စက်ခြင်း သဘောရှိထသော။ အသုစိံ၊ မသဒီစရာ၊ ရွံရှာစဖွယ်၊ မစင်ကြယ်သော၊ သဘောရှိထသော။ ပူတိံ၊ အပုပ်အတိ သဘောရှိထသော။ ဥဂ္ဃရန္တံ၊ အထက်တိုလျံတက်၊ အန်ထွက် ခြင်း သဘောရှိထသော။ ပဂ္ဃရန္တံ၊ ကိုးပေါက်ဒွါရ၊ အမာ ဝမှ၊ ယိုကျစီးဆင်းခြင်း သဘောရှိထသော။ ဗာလာနံ၊ ကိလေသာများစွာ၊ မလိမ္မာသောသူတို့၏။ အဘိပတ္ထိတံ၊

အလွန်တောင့်တ၊ မြတ်နိုးအပ်ထသော။ သမုဿယံ၊ ရုပ်နာမ်-စုဆောင်း၊ ခန္ဓာငါးပါးပေါင်းကို။ ပဿ၊ ငေ့စေ့ငုငု။ ဉာဏ်စက္ခုဖြင့်၊ ကြည့်ရှုတွင်တွင်၊ ဆင်ခြင်လိုက်စမ်းပါတော့လော။

## ဆောင်ပုဒ်

မလှမပ၊ အသုဘကို၊ သုဘထင်မှား၊ မာနကြွားသည့်၊ သနားစရာ၊ အို....ခေမာရဲ့၊ ကျင်နာခံခက်၊ မြဲနှိပ်စက်၍၊ မမက်ရှုံ့ဖွယ်၊ မစင်ကြွယ်ဘဲ၊ သွယ်သွယ်ပုပ်လျက်၊ ကိုယ်အယက်၌၊ အန်ထွက်ဖြာဖြာ၊ ကိုးပေါက်ဒွါရ၊ အောက်ယိုကျလိုက်၊ များလှုမိုက်တို့၊ နှစ်ခြိုက်တောင့်တ၊ ရုပ်နာမ်မျှကို၊ ဉာဏစက္ခု၊ ရှုမှတ်မှုဖြင့်၊ ကြည့်ရှုစမ်းလော၊ ကြည့်ရှုလော။ ။

## ၂၈။ ကိုယ့်အားကိုယ်ကိုးဆောင်ပုဒ်များ

၁။ နိဗ္ဗာန်လိုလား၊ အများသတ္တာ၊
ငါဘုရားကား ညွှန်ကြားရုံသာ၊
ကိုယ့်အားကိုယ်ကိုး မှန်ကြိုးစားပါ၊
မဂ္ဂင်ပွါး ရောက်ငြားပြည်နိဗ္ဗာ။

(ဓမ္မပဒ မဂ္ဂဝဂ် ပဉ္စသတဘိက္ခုဝတ္ထု)

၂။ ပျင်းရိတွန့်ဆုတ် အလုပ်မဝင်၊
တရားအသက် သူ့တွက်ရှုံးပင်၊

အလုပ်ဝင်လျက် တရက်သက်ရှင်၊
အမြတ်ဆုံး ထွတ်ဘုန်းမိန့်ချွေအင်။
(ဓမ္မပဒ သဟဿဝဂ် သပ္ပဒါသထေရဝတ္ထု)

၃။ ကိုယ့်ခွန်ကိုယ့်အား ကိုးစားရမည်၊
သူတပါးကား ကိုစားမမည်၊
ကိုယ့်ကိုယ်စစ်ဆေး ယဉ်ကျေးစေတည်၊
အရဟတ် ဖိုလ်မြတ်ရနိုင်သည်။
(ဓမ္မပဒ ကုမာရကဿပ မာတာဝတ္ထု)

## ၂၉။ တရားနာသူ တူပုံသုံးမျိုး(ဓမ္မဂီတ်)

၁။ ရေအိုးကြီးကို မှောက်ကာထားလို့၊
ရေကြည်အေးများ လောင်းထဲ့ယင်။

အချိုးနိုးပင် ရေမပြည့်သမို့၊
ရေထည့်သူဘဲ မောရုံပင်။

ထိုအိုးတူစွာ တရားနာကြားတဲ့၊
သတ္တဝါများလဲ အချို့ပင်။

ထရားပွဲကို အရောက်သွားလို့၊
တရားဟောသဲ ထိုင်နေစဉ်။

တရားတော်ကို စ လယ် ဆုံး ထိ
ဘာတလုံးမှ စိတ်မဝင်။

တရားဆုံးသော် ထပြန်စိုင်းခဲ့၊
သည်အတိုင်းဘဲ တရားမယှဉ်။

အဲဒါကြောင့် တရားနာကြား ထိုသူကား၊
မှောက်သား အိုးအသွင်။

ကရုဏာထား မြတ်ဘုရား၊
ဟောကြား ပမာတင်။

၂။ ထိုင်နေသောသူ ခါးပိုက်ထဲမှာ၊
နှမ်းပြောင်းဆံပဲ ထည့်လို့ပင်။

ထသွားသည့်ခါ သတိမထားတော့၊
ထိုပစ္စည်းများ ကျန်ခဲ့အင်။

သူ့ခါးပိုက်လို တရားနာကြားတဲ့၊
သတ္တဝါများလဲ အရှုပ်ပင်။

တရားပွဲကို အရောက်သွားလို့၊
တရားဟောဆဲ ထိုင်နေစဉ်။

တရားတော်ကို စ လယ် ဆုံး ထိ၊
စိတ်နှစ်လုံးတော့ သွင်းသည်ပင်။

တရားဆုံးသော် ထပြန်လှည့်တော့၊
မေ့လျော့ခဲ့လို့ တရားမယှဉ်။

အဲဒါကြောင့် တရားနာကြား ထိုသူကား၊
ခါးပိုက်ပုံအသွင်။

ကရုဏာထား မြတ်ဘုရား၊
ဟောကြား ပမာတင်။

၃။ ရေအိုးကြီးကို လှန်ကာထားလို့၊
ရေကြည်အေးများ လောင်းထည့်လျှင်။

ရေလောင်းထည့်သူ မပင်ပန်းဘဲ။
အိုးနှုတ်ခမ်းထိ ရေပြည့်တင်။

ထိုအိုးတူစွာ တရားနာကြားတဲ့၊
သတ္တဝါများလဲ အရှိပင်။

တရားပွဲကို အရောက်သွားလို့၊
တရားဟောဆဲ ထိုင်နေစဉ်။

တရားတော်ကို စ လယ် ဆုံး ထိ၊
စိတ်နှလုံးသွင်း တရားယူဉ်။

တရားဆုံးသော် ထပြန်ရင်းလဲ၊
စိတ်နှလုံးသွင်း တရားယှဉ်၊
အဲဒါကြောင့် တရားနားကြား ထိုသူကား၊
လှန်ထား အိုးအသွင်။

ကရုဏာထား မြတ်ဘုရား၊
ဟောကြား ပမာတင်။

(အင်္ဂုတ္တိုရ်-တိကနိပါတ်-အဝကုဇ္ဇသုတ်ကိုမှီးသည်။)
(အတွဲ ၁၁-အမှတ် ၃၀၊ ဗုဒ္ဓမမ္မလောကစာစောင်မှ)

## ၃၈။ သရုပ်မှန်

အနိစ္စ

၁။ ဖြစ်ပျက်များဝဲ ခန္ဓာအနိစ္စာ၊
ဖြစ်ပေါ်ပြီးနောက် ပျက်ပျောက်လက္ခဏာ၊
ရှုမှတ်နေအဲ မမြဲသိတာ၊
အနုပဿနာ ဉာဏ်ခေါ်ဆိုရာ။

ဒုက္ခ

၂။ ဖြစ်ပျက်သဲသဲ ညှဉ်းဆဲခါခါ၊
ရောဂါရစ်ဝိုင်း နာအိုင်းအမာ၊
ခြွေး ညောင့်အကု ဖျားနာမှုတူစွာ၊
များဒုက္ခ မှတ်ကြသေအချာ။

အနတ္တ

၃။ သူ့စိမ်းပြင်ပ မရလိုရာ၊
ငါသူပုဂ္ဂလ ကင်းပသညာ၊
အနတ္တဟု မှတ်ရှုသေချာ၊
မြတ်ဗုဒ္ဓ ဟောပြဉပမာ။

(ဝိသုဒ္ဓိမဂ်၊ ၁၊ ၂၈၁။သံ ၂၊ ၁၃၆။)
(အခွဲ ၁၀၊ အမှတ် ၁၊ ဗုဒ္ဓဓမ္မလောကစာစောင်မှ)

## ၃၁။ လူမိုက်နှင့်ပညာရှိ ကျမ်းဖြင့်ညှိ၍သိ (ခေတ်စမ်းကဗျာ)

လူမိုက် ၂-မျိုး

၁။ ကိုယ့်အပြစ် ကိုယ်မမြင်၊ သူများကိုအပြစ်တင်၊ အဲဒါ လူမိုက်ပင်။

၂။ ကိုယ့်အပြစ်မှန်ကိုပင်၊ သူဆုံးမ မနာချင်၊ အဲဒါ လူမိုက်ပင်။

ပညာရှိ ၂-မျိုး

၁။ ကိုယ့်အပြစ် ကိုယ်ဆင်ခြင်၊ သူများကိုပြစ်မတင်၊ အဲဒါ သူတော်စဉ်။

၂။ ကိုယ့်အပြစ်မှန်ကိုပင်၊ သူဆုံးမ နာယူချင်၊ အဲဒါ သူတော်စဉ်။

(အင်္ဂုတ္တိုရ်ပါဠိတော်)

## ၃၂။ အောင်ခြင်း ၄-ဖြာ မင်္ဂလာတရားတော် ဆောင်ပုဒ်

၁။ စိတ်ဆိုးသူကို၊ မေတ္တာပို၊ ကိုယ်က အောင်နိုင်စေ။

၂။ မကောင်းသူကို၊ ကောင်းမှုပို၊ ကိုယ်က အောင်နိုင်စေ။

၃။ ဝန်တိုသူကို၊ ပေးကမ်းပို၊ ကိုယ်က အောင်နိုင်စေ။

၄။ မှားပြောသူကို၊ မှန်ပြောဆို၊ ကိုယ်က အောင်နိုင်စေ။

(ဓမ္မပဒ၊ ဥတ္တရာဥပါသိကာဝတ္ထု)

## ၃၃။ ကုမ္ဘကာရ

(ပစ္စုပ္ပန်ဝတ္ထု)

၁။ သာဝတ္ထိမြို့ ငါတို့ဗုဒ္ဓါ၊
ဇေတဝန်ကျောင်း ကိန်းအောင်းချိန်ခါ၊
ရဟန်းအများ ကြံမှားစိတ်မှာ၊
ရှင်တော်သိ ဟောဘိမြတ်စမ္မာ။

၂။ မိမိစိတ်ထဲ ပေါ်ဆဲကိလေ၊
ချုပ်ခြင်းရှုမှတ် နှိမ်သတ်နိုင်စေ၊
မနှိမ်သတ်က မျှောရဝဋ်ဘေး၊
နှိမ်သတ်က ရောက်ရနိဗ္ဗာနေ။

၃။ ရှေးပညာရှိ ကပိမြတ်တွေ့၊
ပဘ်ဝန်းကျင်၏ တွေ့ထိသံဝေ၊
ကိုယ်တိုင်ရှုမှတ် နှိမ်သတ်ကိလေ၊
ပစ္စေက ဖြစ်ကြထုံးရှိပေ။၊

(အတိတ်ဝတ္ထု)

၄။ ဗာရာဏသီပြည် ဗြဟ္မဒတ် စံလတ်ချိန်ခါ၊
ရွာမြို့တံခါး ဘုရားလောင်းဟာ၊
အိုးထိန်းသည်မှု သက်မွေးပြုရာ၊
ပစ္စေများ ဟောကြားကြောင်းစုံမှာ။

၅။ တိုင်းကလိင်္ဂ ဒန္တပုရာ၊
ကာရဏ္ဍုဟု မင်းပြုခဲ့ရာ၊

သီးချိသရက် လူနိုပ်စက်ထာ၊
သံဝေပွားဖြစ်ညား ပစ္စေကာ။

၆။ တိုင်းဂန္ဓာရ တက္ကသီလာ၊
နဂ္ဂဇိဟု မင်းပြုခဲ့ရာ၊
လက်ကောက်နှစ်ခု ထိမှုကိုသာ၊
သံဝေပွား ဖြစ်ငြားပစ္စေကာ။

၇။ တိုင်းဝိဒေဟ မိထိလာ့ပြေ၊
နိမိရာဇ ဖြစ်ခဲ့ရပေ၊
သားတစ်တွေအား ငှက်များလုနေ၊
သံဝေပွား ဖြစ်ငြားရှင်ပစ္စေ။

၈။ တိုင်းပဉ္စာလ ကပိလပြေ၊
ဒုမ္မုခဟု မင်းပြုခဲ့သေ၊
ကာမလုရင်း နွားခြင်းသတ်နေ၊
သံဝေပွား ဖြစ်ငြားရှင်မစ္စေ။

၉။ ရှင်ပစ္စေပေါင်း ဖြစ်ကြောင်းကုန်စင်၊
ပြောစကားများ သိကြားဉာဏ်ယှဉ်၊
အိုးသိန်းမယ်သူး ရှေးဦးတောဝင်၊
ဖန်သက်န်း ဆင်မြန်းတရားခင်။

၁၀။ ငါလောင်းတော်က နောက်မှတောဝင်၊
ဖန်ဝါသက်န်း ဆင်မြန်းကြည်လင်၊
တရားကျင့်ထ ပြဟ္မပြည်ဝင်၊
ပုံမှီးလို့ သင်တို့ကျင့်စေချင်။

ရတနာ့သိရိ (၆)

နိဂုံး

၁၁။ တရားနာရ သမဏတွေ၊
ကိုယ့်သန္တာန်ဖြစ် ညမ်းညစ်ကိလေ၊
ချက်ခြင်းရှုမှတ် နှိမ်သတ်နိုင်ပေ၊
အမြိုက်ထူး ဆွတ်ခူးအောင်ပန်းဝေ။
(ဇာတက အဋ္ဌကထာ၊ ဂန္ဓာရ ဝဋ္ဋ ကုမ္ဘကာရ ဝတ္ထု။)
(အတွဲ ၁၂၊ အမှတ် ၄၉၊ ဗုဒ္ဓဓမ္မလောကစာစောင်မှ)

## ၃၄။ ဗုဒ္ဓချီးမွမ်း ဒါနစွမ်း

**ပဥ္စဂ္ဂဒါယက သုမနသုတ်တော်**

(မေး) ၁။ သာဝတ္ထိမြို့ ငါတို့ဗုဒ္ဓါ၊
ဇေတဝန်ကျောင်း ကိန်းအောင်ချိန်ခါ၊
သုမနကား ထံပါးရောက်လာ၊
ဗုဒ္ဓအား လျှောက်ထားလူ့ဆိုဒါ။

၂။ မြတ်ဘုရား၏ တပည့်နှစ်ဖြာ၊
သဒ္ဓါသီလ တူမျှပညာ၊
မဘူပုံက ဒါနအရာ၊
လှူတဦး တဦးမလှူပါ။

၃။ ထိုနှစ်ဦးသား သေသွားသောခါ၊
နတ်ပြည်ရောက်သစ် နတ်ဖြစ်ကုန်ရာ၊
နတ်ချင်းတူလား ထူးခြားသိသာ၊
မြတ်ဘုရား ဖြေကြားမိန့်ချေပါ။

(ဖြေ) ၄။ မလူ့သူထက် လူ့ဖက်သူမှာ၊
သက်ရှည်ဆင်းလှ သုခ ယသာ၊
အစိုးရမှု ငါးခုဌာန၊
လွှမ်းမိုးကြွား ထူးခြား"နတ်"ချမ်းသာ။

(မေး) ၅။ ထိုနှစ်ဦးသား သေသွားသောခါ၊
လူ့ပြည်လူစစ် လူဖြစ်ပြန်ရာ၊
လူချင်းတူလား ထူးခြားသိသာ၊
မြတ်ဘုရား ဖြေကြားမိန့်ချေပါ။

(ဖြေ) ၆။ မလူ့သူထက် လူ့ဖက်သူမှာ၊
သက်ရှည်ဆင်းလှ သုခ ယသာ၊
အစိုးရမှု ငါးခုဌာန၊
လွှမ်းမိုးကြွား ထူးခြား"လူ" ချမ်းသာ။

(မေး) ၇။ လူ့ဘောင်ရှုပ်လှ ဒုက္ခလွှတ်ရာ၊
ရှင်ရဟန်းပြု ကျင့်ရှုကုန်ရာ၊
ရှင်ချင်းတူလား ထူးခြားသိသာ၊
မြတ်ဘုရား ဖြေကြားမိန့်ချေပါ။

(ဖြေ) ၈။ မလူ့သူထက် လူ့ဖက်သူမှာ၊
ဆွမ်းသင်္ကန်းကျောင်း ဆေးကောင်းများစွာ၊
သီတင်းဖေါ်ချစ် ထူးသစ်ပူဇော၊
လွှမ်းမိုးကြွား ထူးခြား"ရှင်"ချမ်းသာ။

(မေး) ၉။ ရဟန်းနှစ်ပါး တရားကျင့်ရာ၊
မဂ်ဖိုလ်ရှစ်ပါး ရကြွားကုန်ရာ၊

မြိုက်ချင်းတူလား တူးခြားသိသာ၊
မြတ်ဘုရား ဖြေကြားမိန့်ချေပါ။

(ပြေ)၁၀။ ရဟန္တာများ ဖြစ်သွားပြီကို၊
ကိလေကင်းပြတ် အရဟတ္တဖိုလ်၊
တူးထွေကွဲပြား ခြားနားထိုထို၊
မရှိဘူး ထွတ်မူးငါမိန့်ဆို။

၁၁။ ဒါနဒါန ပူကြခါခါ၊
ပုညပုည ပူကြမကွာ၊
နတ်လူရှင်ထူး ကျေးဇူးကြွယ်ရာ၊
မြတ်ဘုရား မိန့်ကြားတော်မနာ။

## ဂါထာများ

၁၂။ ညစ်ကြေးလွတ်ကင်း လမင်းစန္ဒာ၊
တာရာကြွယ်မျိုး လွှမ်းမိုးလင်းသာ၊
သဒ္ဒါသီလ ပုညရှင်ဟာ၊
မစ္ဆရိ မရှိသူ့ထက်သာ။

၁၃။ တိမ်တောင်လျှပ်ပန်း ဆင်မြန်းမိုးဟား
ကုန်းချိုင့်မြေပြည့် ရွာထည့်နိုင်ဒါ၊
သောတာပန်စစ် ရှင်ချစ်သိဿာ၊
မစ္ဆရိ မရှိသူ့ထက်သာ။

၁၄။ ထိုသောတာ၁စ် ရှင်ချစ်သိဿာ၊
သက်ရှည်ဆင်းလှ သုခ ယသာ၊

အခိုးရှုနှ ငါးခုစုံရှာ၊
ဘဝသစ် နတ်ဖြစ်လွန်ဝမ်းသာ။

(အတွဲ ၁၃၊ အမှတ် ၉၊ ဗုဒ္ဓမဂ္ဂလောကစာစောင်မှ)

## ၃၅။ ကေပေါ်သထာထေရီ ခေါ် ဥတ္တမာထေရီ၏ ဖြစ်စဉ်

## သုံးချက်ညီ ကေပိုဒ်

ဥတ္တမာရဲ့၊ ဖြစ်စဉ်ဖွဲ့အံ့၊ ကိုးဆဲ့တရပ်၊ ကမ္ဘာကပ်ဝယ်၊ ဝိပဿီဟု၊ သဗ္ဗညုခေတ်၊ ဗန္ဓုမတီ၊ မင်းနေပြည်၌၊ အညီပျံ့မွှေး၊ ရှင်သူဌေးထံ၊ လုပ်ကျွေး ခံ့ယ၊ အိုးဆေးရသည့်၊ ကုမ္ဘဒါသီ၊ တွင်နာမည်နှင့်၊ ဖြစ်တည်ခဲ့ရာ၊ ထိုအခါဝယ်၊ ရာဇာဘုရင်၊ ဥပုသ်ဝင်ပုံ၊ တွေ့မြင်ပါရ၊ မယ်ကုမ္ဘလဲ၊ သီလတခါ၊ စောင့်ခဲ့ပါ၍၊ နတ်ရွာမိဖုယား၊ ဖြစ်တုံငြား၏၊ ကြိမ်ကားခြောက်ဆယ်၊ လေးခုကာယ်၏၊ နောက်ဝယ်လူ့ရွာ၊ မင်းစကြာ၏၊ ကြင်ရာခေါင်းမျှား၊ ဖြစ်တုံငြား၏၊ ကြိမ်ကားခြောက်ဆယ်၊ သုံးခုကာယ်၏၊ နောက်ဝယ်သံသာ၊ ကိုးဆယ်သာတစ်၊ ပါယ်မဖြစ်ဘဲ၊ ပွင့်သစ်ခုခါ၊ သာသနာ၌၊ ပြည်သာဝတ္ထိ၊ ဥစ္စာရှိသည့်၊ သူ၏သမီး၊ ဖြစ်လာမှီး၍၊ မည်းနွယ်မြစ်၊ ခုနစ်နှစ်တွင်၊ ရှင်ချစ်ဓိတာ၊ ရဟန္တာဟု၊ ပဋာစာရီ၊ မြတ်ထေရီထံ၊ ပြုပြီမသွေ၊ သာမဏေရီ၊ မေ့မကျင့်ပွါး၊ စိတ်ကစား၍၊ တရားမငြိမ်၊ လေးငါးကြိမ်မျှ၊ စိတ်နှိမ်ဘိုရန်။ ဆရာ့ထံကို၊ သွားပြန်လျှောက်ထား၊ အကြိမ်ငါးမှာ၊ မြတ်

ဆရာကာ၊ ခန္ဓာ အာယတန၊ ဓါတ်သစ္စကို၊ မိန့်ဟည့်ကြား၊ အမှန်အားဖြင့်၊ တရားပေးရာ၊ ဝမ်းမြောက်စွာပင်၊ ယူလာ တရား၊ ရှုမှတ်ပွါးသော်၊ စိတ်အားထက်မြက်၊ ခုနစ်ရက်ပင်၊ မချက်တင်ပလ္လင်၊ ရှစ်ရက်ဝင်၍၊ ဖြစ်မြင်ပျက်မြင်၊ ကိလေစင်၍၊ မည်ဘွင်ဥတ္တမာ၊ ရဟန္တာသည်၊ တဖြာ ကျေ ပေါ် သထာ သေချိတည်း။ ။

(အတွဲ ၁၅၊ အမှတ် ၇၊ ဗုဒ္ဓမဂ္ဂလောကစာစောင်မှ)

## ၃၆။ စိတ္တာထေရီ ဖြစ်စဉ်

### သုံးချက်ညီ ကေဗိုဒ်

မယ်စိတ္တာရဲ့၊ ဖြစ်စဉ်ဖွဲ့အံ့၊ ကိုးဆဲ့လေးကမ္ဘာ၊ သုညခါတွင်၊ စန္ဒာဘာမြစ်၊ ကိန္နရီဖြစ်စဉ်၊ ရှင်ပစ္စေအား၊ သဒ္ဓါထား၍၊ လှူပွါးကျူပြန်း၊ ဝတိ မြန်း၏၊ နတ်နန်းမိဖုယား၊ ဖြစ်ဘိုငြား၏၊ ကြိမ်ကား သုံးဆယ်၊ ခြောက်ခုကယ်၏၊ နောက်ဝယ်လူ့ရွာ၊ မင်းစကြာ၏၊ ကြင်ရာခေါင်ဖျား၊ ဆယ်ကြိမ်လား၏၊ မှတ်သားကမ္ဘာ၊ ကိုးဆယ်သာဘစ်၊ လူ့ရွာနတ်ပြည်၊ စုံဆန့်လည်၏၊ ပါယ်ဆီမဆွယ်၊ မကောင်းပယ်၍၊ ကောင်းကွယ်မှုဘွက်၊ တံခိုးထက်၏၊ ဆက်လက်ခုခါ၊ သာသနာ၌၊ ရာဇဂြိုဟ်ဝယ်၊ ဂုဏ်မြင့်ထယ်သည့်၊ သူကြွယ်သမီး၊ ဖြစ်လာဒှီး၍၊ စောသီးထွတ်ခေါင်၊ ရှင်တထောင်ကို၊ ချွတ်ဆောင်ပြီးတွင်၊ ရာဇဂြိုဟ်ဝင်သော်၊ ဖူးမြင်ယုံကြည်၊ ဂေါတမီထံ၊ ပုပြိဘိက္ခု၊ အိုဖက်လု၍၊ အိုမှုဒဏ်စွဲ၊ အားအင်နဲ့လျှက်၊ နာကဲလာသော်၊ သေရှုမြော်၍၊ ငါးဖေါ်ခန္ဓာ၊

စွဲမှားကြာကြောင့်၊ ဖန်ခါဆင်းရဲ၊ ကြုံရမြဲ၏၊ ခုဘဲရှောင်ရှား၊ မြတ်တရားကို၊ ပွါးများတော့မည်၊ သူကြံစည်လျက်၊ ရွှေဆီသုတ်သုတ်၊ ဂိဇ္ဈကုတ်သို့၊ အားထုတ်တက်ကာ၊ ငါးခန္ဓာကို၊ မှန်စွာရှုမှတ်၊ ပွါးများလတ်သော်၊ အငတ်တကျော၊ မောဟကွာသည်၊ စိတ္တာထေရ် ဖြစ်စဉ်တည်း။ ။

(အတွဲ ၁၅၊ အမှတ် ၁၅၊ ဗုဒ္ဓမဂ္ဂလောကစာစောင်မှ)

## ၃၇။ တေလပတ္တဝတ္ထု ဆောင်ပုဒ်

နှုတ်ခမ်းပြည့်လျှက် ဆီခွက်ကိုသာ
ကောင်းစွာဆောင်သွား ယောကျ်ားပမာ
နိဗ္ဗာန်လိုသော ယောဂီလိမ္မာ
ကိုယ့်စိတ်ရိုင်း မဆိုင်း စောင့်ထိန်းပါ။

(ဇာတ်အဋ္ဌကထာ၊ ၄၁၇)

## ၃၈။ သာရဏီယ ကျင့်စဉ် အကျိုးပြ

## (သုံးချက်ညီ ကေပိုဒ်)

မပြတ်စိုက်စိုက်၊ အောက်မေ့ထိုက်ဟု၊ သမိုက်တွင်ဘိ၊ သာရဏီယ၊ စခြောက်ပြ၊ ပိမ့်၊ ဗုဒ္ဓမိန့်ကို၊ ကျင့်စိမ့်လိုသူ၊ မှတ်နာယူလော့၊ အတူနေချင်း၊ ပေါင်းအသင်းဟု၊ သီတင်းသုံးဖေါ်၊ ယင်းတို့ပေါ်ဝယ်၊ ပြုသော်ကိုယ်မှု၊ မေတ္တာရှုလော့၊ နှုတ်မှုမေတ္တာ၊ ပြောဆိုပါလော့၊ မေတ္တာစိတ်များ၊ မပြတ်ပွါးလော့၊ ကိုယ့်အားလှူကြ၊ လာလ်လာဘကို။ ဆွမ်းချူပြစ်စေ၊

ပေးလှူ၀လော့၊ မသေ့သီလ၊ ကျင့်ညီမျှလော့၊ ဒုက္ခလွတ်ရန်၊ ကျင့်တူတန်လော့၊ ခြောက်တန်အရှိ၊ သာရဏီကိုး ကျင့်သိစစ်စစ်၊ ဆယ့်နှစ်ပင်၊ ဖြည့်သစ်သောသူ၊ အကျိုးမူကား၊ ပြုစုဣလ္လာ၊ ဝန်တိုကွာ၏၊ သမ္မာလူနတ်၊ ချစ်ခင်မြတ်၏၊ များလာဘ်ဥစ္စာ၊ ရ-လွယ်သာ၏၊ ရ-လာသည့်ဆွမ်း၊ ပေးလှူဒါန်းလည်း၊ မခန်းကုန်ဟန်၊ မဲချပြန်လည်း၊ လှူရန်ကောင်းဆုံး၊ သူရ ကျုံး၏၊ ပျက်ပြုံးပြည်ရွာ၊ ဘေးတွေ့ခါနှင့်၊ ဝတ်ဆာသောခါ၊ ကြုံရပါလည်း၊ ဒေဝါစောင်မ၊ ချမ်းသာရသည်၊ သာရဏီယ၊ အကျိုးတည်း။ ။

(ဆဠာယ်ဘုံ ပါဠိတော်နှင့်၊ အဋ္ဌကထာ)

## ၃၉။ ငှက်နှင့်တူညီ မြတ်ယောဂီတရားတော်

စရဏံ ပါဒပက္ခဝ၊ ဝိဇ္ဇာ တုဏ္ဍသမံ သမံ။
ပူရယိတွာန ပက္ခေယျုံ၊ ဘုဉ္ဇိတုံ အမတံ ရသံ။

သာဓဝေါ၊ နှလုံးပျော့ပြောင်း အိုသူတော်ကောင်းတို့-။ ပါဒပက္ခဝ၊ ခြေအတောင်ပံနှင့်တူသော၊ စရဏံ၊ အကျင့်မှန်ဝ စရဏခေါ်ရိုး တရားမျိုးကိုငှင်း။ တုဏ္ဍသမံ၊ နှုတ်သီးပမာ တူလှစွာသော။ ဝိဇ္ဇံ၊ ဝိဇ္ဇာ ခေါ်ရိုး အသိဉာဏ်မျိုးကိုငှင်း။ သမံ၊ မပိုမသာ ညီမျှစွာ၊ ပူရယိတွာန၊ ပြည့်စုံစေ၍။ အမတံ ရသံ၊ ဒုက္ခကင်းရာ မြိုက်ချမ်းသာမြတ် ရသာခတ်ကို။ ဘုဉ္ဇိတုံ၊ အရိယာမဂ္ဂ ခံတွင်းဝဖြင့် အားရပါးရ သုံးဆောင်ခံစားခြင်းငှါ။ မပက္ခေယျုံ၊ ဒုက္ခမီးစက် ဆူဆူပွက်သည့် ဤဖက်ကမ်းမှ စခန်းထ၍ နန်းမခေမံ နေရဗာန်ကမ်း၊ နိဗ္ဗာန်

နန်းကို၊ ဖြောင့်ဖြောင့်တန်းတန်း၊ ပျံ့သန်းကူးမြောက်ကြကုန်ရာသတည်း။ ။

## ဆောင်ပုဒ်

ခြေတော်ပံက စရဏတူစွာ၊
နှုတ်သီးမျက်လုံး မှတ်အုံးဝိဇ္ဇာ
ငှက်နှင့်တူသော ယောဂီလိမ္မာ၊
အမြိုက်သီး စာပြီးပျံ့ နိဗ္ဗာ။

## ဝိဇ္ဇာ ၈-ပါး

(က) သုံးပါးဝိဇ္ဇာ၊ ပု, ဒိ, အာ၊ ပညာဉာဏ်မျက်စိ။
(ခ) ရှစ်ပါးအရ၊ လောင်းထိကြ၊ ဝိ,မ,စေ,ဣ,ဒိ။
(ဝိပဿနာ, မနောမယိဒ္ဓိ, စေတောပရိယ, ဣဒ္ဓိဝိဓ, ဒိဗ္ဗသောတ, ပုဗ္ဗေနိဝါသ, ဒိဗ္ဗစက္ခု, အာသဝက္ခယ ဝိဇ္ဇာ ၈ ပါး)

(ဂ) သီ, ဣန်, ဘော, ဇာ၊ ဈာန်လေးဖြာ။ သဒ္ဓါဝိရိယ။
(ဃ) သတိ, ပညာ၊ ဟိ, ဩ, ဗာ၊ မှတ်ပါစရဏ။
(သီ-ပါတိမောက္ခ သီလ၊ ဣန်-ဣန္ဒြိယ သံဝရ၊ ဘော-ဘောဇနေ မတ္တညုတာ၊ ဇာ-ဇာဂရိယာ နုယောဂ၊ ဟိ-ဟိရိ၊ ဩ-ဩတ္တပ္ပ၊ ဗာ-ဗာဟုသစ္စ)။

မှတ်ချက်။ ။ဤ(က ခ ဂ ဃ)ဆောင်ပုဒ်များသည် မဟာစည်ဓမ္မဒေသနာ ဆောင်ပုဒ်များမှ ဖြစ်ပါသည်။

# ၄၀။ ဝါသိဋ္ဌသုတ် တရားတော် ဆောင်ပုဒ်

(ခန္ဓဝဂ္ဂသံယုတ်)

၁။ နိဗ္ဗာန်လိုလား၊ သူတော်များ၊ ကိုယ့်အား ကိုယ်ကိုး ပါ။

၂။ သားပေါက်စေကြောင်း၊ ဆုသာတောင်း၊ ဝပ်ကောင်း ငွေ့နှံ့ မထိုပါ။

၃။ မပေါက်သည့်ပြင်၊ ဉတိုင်းပင်၊ ပုပ်ချင် ကြက်ပမား။

၄။ နိဗ္ဗာန်ရောက်ကြောင်း၊ ဆုသာတောင်း၊ ကျင့်ကောင်း မကျင့်ပါ။

၅။ မရောက်သည့်ပြင်၊ သံသာခွင်၊ ပူပင်ဒုက္ခဖြာ။

၆။ သားပေါက်စေကြောင်း၊ ဆုမတောင်းလဲ၊ ဝပ်ကောင်းငွေ့လှုံ၊ နှံ့ပေးထုံ၊ ကြက်မြုံ့အားလုံး ပေါက်နိုင်သတည်း။

၇။ နိဗ္ဗာန်ရောက်ကြောင်း၊ ဆုမတောင်းလဲ၊ ကျင့်ကောင်းပွါးများ၊ ပြုသူကား၊ မမှားနိဗ္ဗာန် မျက်မှောက်ပြုနိုင်သတည်း။

၈။ သုံးခုနှစ်ပါး၊ ကျင့်ကောင်းကား၊ မှတ်သား ဗောဓိပက္ခိယ တရားပါ။

၉။ ဝါသိဋ္ဌ၊ သုတ်တော်မှ၊ ဗုဒ္ဓ မိန့်တော်ပါ။

[သဂါထာဝဂ္ဂ ကောသလသံယုတ် ဒုတိယဝဂ်

## ၄၁။ အပ္ပမာဒသုတ် ဆောင်ပုဒ်

၁။ ပစ္စုပ်ပ်တမလွန်၊ ကျိုးနှစ်တန်၊ အမှန်ကောင်းဒါ ဘယ်တရားနည်း။

၂။ ပစ္စုပ်ပ်တမလွန်၊ ကျိုးနှစ်တန်၊ အမှန် ကောင်းဒါ အပ္ပမာဒတရားတည်း၊

၃။ မြေပြင်ခြေရာ၊ အားလုံးဟာ၊ ဆင်မှာခြေရာပေါင်းသတည်း။

၄။ ကုသိုလ်မှန်ယင်၊ သတိတွင်၊ သက်ဝင် ပေါင်းသတည်း။

၅။ သက်ရှည်နာကင်း၊ လှအဆင်း၊ ရောက်ခြင်း နတ်တို့ပြည်။

၆။ အမျိုးဂုဏ်မြင့်၊ အဆင့်ဆင့်၊ မြော်လင့်သူတို့သည်။

၇။ အပ္ပမာဒ၊ မြဲနိစ္စ၊ မုချကျင့်အပ်သည်။

၈။ ပညာရှိများ၊ သတိတရား၊ မနားချီးမွမ်းသည်။

၉။ သတိပြည့်ဝ၊ ပဏ္ဍိတသည်၊ ခုဘဝမှန်၊ ပစ္စုပ္ပန်နှင့် တမလွန်ကျိုး၊ ထိုနှစ်မျိုး၊ အားကိုးအရယူပေသည်။

၁၀။ ထိုကျိုးနှစ်ပါး၊ ရသူကား၊ ထင်ရှားပဏ္ဍိတ်မည်။

## သဂါထာဝဂ္ဂ ဒေဝတာသံယုတ် အာဒိတ္တဝဂ်

## ၄၂။ အဣ္ဆရာသုတ် ဆောင်ပုဒ်

(မဟာစည်ဆရာတော်)

၁။ လမ်းဖြောင့်မည် တွင်၊ ထိုမဂ္ဂင်၊ ရပ်ခွင်ဘေးမဲ့ နိဗ္ဗာန်ပါ။
၂။ လုံးလနှစ်လီ၊ ဘီးတပ်သည်၊ မငြည်ရထား ထိုမဂ်ပါ။
၃။ ရှက် ကြောက် နှစ်တန်၊ နောက်မှီခံ၊ ကာရန်အမှတ် သတိပါ။
၄။ ဝိပဿ ရှေ့သွား၊ မဂ်ညာဏ်ကား၊ ရထားမောင်းသူ ဆိုရပါ။
၅။ ဤသို့ ရထား၊ ရှိသူ များ၊ ယောကျ်ား မိန်းမ လူတိုင်းမှာ။
၆။ မဂ္ဂင်ယာဉ်ကြီး၊ ငြိမ့်ငြိမ့်စီး၊ အပြီး နိဗ္ဗာန် ဆိုက်ရောက်ပါ။

## ၄၃။ မဟာဝဂ္ဂ သတိပဋ္ဌာနသံယုတ် ရုန္ဒသုတ် ဆောင်ပုဒ်

၁။ ဖြစ်ပွားပြုပျက်၊ ဤလေးချက်၊ ပျက်ရိုးသဘော တည်း။
၂။ မပျက်စေလို၊ တောင်းဆုဆို၊ အပိုသဘောတည်း။
၃။ သူတပါးအား၊ မကိုးစား၊ ကိုယ့်အား ကိုယ်ကိုးပါ။

၄။ အခြားတပါး၊ မကိုးစား၊ တရားအားကိုးပါ။
၅။ ဘယ်လိုမှီခို၊ မိမိကိုယ်၊ ဘယ်လို တရားအားကိုးမှာ။
၆။ ရုပ်ဝေဒနာ၊ စိတ်ဓမ္မာ၊ လေးပြာရှုမှတ်ပါ။
၇။ ဤလိုမှီခို၊ မိမိကိုယ်၊ ဤလိုတရား အားကိုးပါ။
၈။ ဘုရားရှိခါ၊ မရှိခါ၊ ကိုးရာ ဒါဘဲသာ။
၉။ ဤလိုကျင့်သုံး၊ သူအားလုံး၊ မြတ်ဆုံးဖြစ်ရမှာ။
၁၀။ စုန္ဒသုတ်မှာ၊ မြတ်ဗုဒ္ဓါ၊ မိန့်မှာတရားပါ။

## ၄၄။ သဂါထာဝဂ္ဂ ဗြဟ္မဏသံယုတ် ဗဟုဓိတရသုတ် ဆောင်ပုဒ်

၁။ အကျွန်ုပ်အား၊ နွားရှိခြား၊ ထိုနွားပျောက်လို့ ဆင်းရဲတယ်။

၂။ သင်ရဟန်းဟာ၊ ငြိမ်းချမ်းသာ၊ သင့်မှာ နွားမရှိထင်မိတယ်။

၃။ နှမ်းခင်းရှိခြား ကျွန်ုပ်အား၊ ပုက်ပြားကုန်လို့ ဆင်းရဲတယ်။

၄။ သင်ရဟန်းဟာ၊ ငြိမ်းချမ်းသာ၊ သင့်မှာ နှမ်းခင်းမရှိထင်မိတယ်။

၅။ အကျွန်ုပ်အား၊ ကျည်မှာထား၊ စပါးကုန်လို့ ဆင်းရဲတယ်။

၆။ သင်ရဟန်းဟာ၊ ငြိမ်းချမ်းသာ၊ ကျည်ပါစပါး မရှိ ထင်မိတယ်။

၇။ အကျွန်ုပ်မှာ၊အိပ်နေရာ၊ ပိုးလာကိုက်လို့ ဆင်းရဲတယ်။

၈။ သင်ရဟန်းဟာ၊ ငြိမ်းချမ်းသာ၊ အိပ်ယာပိုးမရှိထင်မိ တယ်၊

၉။ အကျွန်ုပ်အား၊ သမီးများ၊ လင်သားပစ်လို့ ဆင်းရဲ တယ်။

၁၀။ သင်ရဟန်းဟာ၊ ငြိမ်းချမ်းသာ၊ သင့်မှာ သမီးမရှိ ထင်မိတယ်။

၁၁။ အကျွန်ုအား၊ အိမ်သူကား၊ ကြိမ်းဝါးဆူလို့ ဆင်း ရဲတယ်။

၁၂။ သင်ရဟန်းဟာ၊ ငြိမ်းချမ်းသာ၊ သင့်မှာ ကြင်ယာမရှိ ထင်မိတယ်။

၁၃။ အကျွန်ုပ်အား။ ကြွေးရှိငြား၊ ကြွေးများ တောင်းလို့ ဆင်းရဲတယ်။

၁၄။ သင်ရဟန်းဟာ၊ ငြိမ်းချမ်းသာ၊ သင့်မှာ ကြွေးမရှိ ထင်မိတယ်။

၁၅။ သင်ပုဏ္ဏားအား၊ နွားရှိငြား၊ ထိုနွား ပျောက်လို့ ဆင်းရဲတယ်။

၁၆။ ငါ ဘုရားဟာ၊ ငြိမ်းချမ်းသာ၊ ငါ့မှာ နွားမရှိ မှန်ဘိတယ်။

၁၇။ နှမ်းခင်းရှိငြား၊ သင် ပုဏ္ဏား၊ ပျက်ပြားကုန်လို့ ဆင်းရဲတယ်။

၁၇။ ငါ ဘုရားဟာ၊ ငြိမ်းချမ်းသာ၊ ငါ့မှာ နှမ်းမရှိ မှန်ဘိတယ်။

၁၉။ သင်ပုဏ္ဏားအား၊ ကျည်မှာထား၊ စပါး ကုန်လို့ ဆင်းရဲတယ်။

၂၀။ ငါဘုရားဟာ၊ ငြိမ်းချမ်းသာ၊ ကျည်ပါ စပါးမရှိ မှန်ဘိတယ်။

၂၁။ သင်ပုဏ္ဏားမှာ၊ အိပ်နေရာ၊ ပိုးလာကိုက်လို့ဆင်းရဲတယ်။

၂၂။ ငါဘုရားဟာ၊ ငြိမ်းချမ်းသာ၊ အိပ်ရာပိုးမရှိမှန်ဘိတယ်။

၂၃။ သင်ပုဏ္ဏားအား၊ သမီးများ၊ လင်သား ပစ်လို့ ဆင်းရဲတယ်။

၂၄။ ငါဘုရားဟာ၊ ငြိမ်းချမ်းသာ၊ ငါ့မှာ သမီးမရှိ မှန်ဘိတယ်။

၂၅။ သင်ပုဏ္ဏားအား၊ အိမ်သူကား၊ ကြိမ်းဝါး ဆူလို့ ဆင်းရဲတယ်။

၂၆။ ငါဘုရားဟာ၊ ငြိမ်းချမ်းသာ၊ ငါ့မှာ ကြင်ယာမရှိ မှန်ဘိတယ်။

၂၇။ သင်ပုဏ္ဏားအား၊ ကြွေးရှိငြား၊ ကြွေးများ တောင်းလို့ ဆင်းရဲတယ်။

၂၈။ ငါဘုရားဟာ၊ ငြိမ်းချမ်းသာ၊ ငါ့မှာ ကြွေးမရှိ မှန်ဘိတယ်။

## ၄၅။ မဟာပရိနိဗ္ဗာနသုတ်အရိယသစ္စာကထာ ဆောင်ပုဒ်

၁။ ဒုက္ခ သမုဒယ၊ နိရောဓ၊ မဂ္ဂလေးသစ္စာ။
၂။ လျှော်အောင်ထိုးထွင်း၊ ဉာဏ်နှစ်ကွင်း၊ သိခြင်းနကင်းခဲ့ဒါ။
၃။ ဒါကြောင့်ငါဘုရား၊ သင်အများ၊ ရှည်လျားသံသရာ။
၄။ ယခုငါဘုရား၊ မှန်လေးပါး၊ ထင်ရှားသိပြီသာ။
၅။ တဏှာပြတ်ရှင်း၊ သံသာတွင်း၊ လွတ်ကင်းငါချမ်းသာ။
၆။ သင်တို့ထိုထို၊ ချမ်းသာလို၊ ဒါကိုကျင့်ကြပါ။
၇။ သီလသမာဓိ၊ ပညာသိ၊ အရှိကျင့်ပွားပါ။
၈။ သီလထုံရှိ၊ သမာဓိ၊ ကြီးဘိကျိုးဆက်ပြာ။
၉။ သမာဓိထုံ၊ ပညာစုံ၊ ကြီးတုံကျိုးဆက်ပြာ။
၁၀။ ပညာထုံပွား၊ စိတ်တရား၊ လွတ်ငြားအာသဝါ။
၁၁။ အာသဝေါလွတ်ယင်၊ သံသာတွင်၊ မကျင်လည်တော့ပါ။

## သစ္စာအနက် ၁၆–ချက် ဆောင်ပုဒ်
## (ဝါခင်းကုန်း ဦးတိက္ခ)

၁။ နှိပ်စက်ပူဖန်၊ လောင်ပူပန်၊ ဖေါက်ပြန်လေးချက် ဒုက္ခနက်။
၂။ အားဆုတ်ကြောင်းစု၊ ဖွဲ့နှောင်ပြု၊ တားမှုလေးချက် သမုဒယနက်။
၃။ ထွက်မြောက်ကင်းဝေး၊ ပူပြင်အေး၊ မြိုက်ဆေးလေး ချက် နိရောဓနက်။

၄။ ကယ်ထုတ်ရောက်ကြောင်း၊ သိမြင်သောင်း၊ စိုး
ကြောင်း လေးချက် မဂ္ဂနက်။

(ဝိသုဒ္ဓိ ဋ္ဌ ၂။ ၁၂၃။ အဘိ ဋ္ဌ ၂၊ ၇၀)

## ဥာဏ် ၃-ပါးနှင့် ဖြစ်ရာကာလ ဆောင်ပုဒ် (မဟာစည်ဆရာတော်)

၁။ ရှေ့နောက်ကာလ၊ မဂ်ခဏမှာ၊ လေးသစ္စာ၊ သိတာ
သစ္စဥာဏ်။
၂။ သိသင့်ပယ်သင့်၊ ဆိုက်ပွါးသင့်၊ သိနှင့် ကိစ္စဥာဏ်။
၃။ ကိစ္စပြီးလျှင်၊ ပြီးကြောင်းမြင်၊ ခေါ်တွင် ကတ
ဥာဏ်။

(သံ ဋ္ဌ ၃၊ ၃၂၀။ သာ ဋီ ၃၊ ၁၇၉)

## ၄၆။ စိတ်ကိုဆုံးမ ချမ်းသာရ တရားတော်

(ဓမ္မပဒ စိတ္တဝဂ် အညတရဝတ္ထု)

### မြတ်ဘုရားက ဆုံးမပုံ

၁။ နှိပ်နိုင်ခဲစွ၊ လျှင်မြန်လှ၊ သူကျလိုရာ ကျတတ်သည်။
၂။ ဝိညာဏသွမ်း၊ စိတ်သရမ်း၊ စောင့်ဖမ်း ဆုံးမ
ကောင်းလှသည်၊
၃။ စောင့်ဖမ်းရှုရေး၊ ဆုံးမပေး၊ ယဉ်ကျေးလိမ္မာသည်။
၄။ ယဉ်ကျေးလိမ္မာ၊ သူဖြစ်လာ၊ ချမ်းသာ ဆောင်ပေး
တတ်ပါသည်၊

ရတနာသိရိ (၇)

## ယောဂီရဟန်းချင်း ဆုံးမပုံ

၁။ ယောဂီဒို့မှာ၊ မွေ့ခြင်းငှါ၊ ဘယ်ခါ မသင့်ပြီ။
၂။ ကိုယ့်ကျောင်းလိုဘဲ၊ (ကိုယ့်အိမ်လိုဘဲ)ရှစ်ငရဲ၊ ပွင့်မြဲ တံခါးဘည်း။
၃။ မြတ်ဘုရားထံ၊ တရားမှန်၊ ကျင့်ရန်တောင်းခဲ့သည်။
၄။ ဗုဒ္ဓတို့သည်၊ ကောက်ကျစ်လည်၍၊ ခရီးရှည်ထွက်။ တပည့်ပျက်ကို၊ နှစ်သက်လိုခြင်း ကင်းလိမ့်မည်။
၅။ ကောက်ကျစ်ဖယ်ရှား၊ ဖြောင့်ခင်းသွား၊ မြတ်ဖျားနှစ်သက်မည်။
၆။ မမေ့ရအောင်၊ သတိဆောင်၊ အမှောင်ပယ်ကြမည်။
၇။ ရဟန်း(ယောဂီ)ချင်းချင်း၊ ဆုံးမသွင်း၊ လိုရင်းခမ္မ ကျင့်ကြသည်။

## ကာတိကဝတ်ထားကြပုံ

၈။ တနေရာထဲ၊ နှစ်ပါးတွဲ၊ အမြဲရပ်ထိုင် မသင့်ပြီ။
၉။ မထေရ်ကြီးထံ၊ ဆုံးမခံ၊ ဆုမ်းခံချိန်ဘဲ၊ တူတွဲမည်။
၁၀။ ကြွင်းသောချိန်ခါ၊ တူနေဒါ၊ မှန်စွာ ရှောင်ကြမည်။
၁၁။ မကျန်းမမာ၊ ဖြစ်သောခါ၊ ခေါက်ပါ ကျောက်စည် လာပြုမည်။
၁၂။ ရဟန်းအများ (ယောဂီအများ) ကတိထား၊ တရား ကျင့်ကြသည်။

## ဒါယကာမကြီးက လျှောက်ထား၍ ရဟန်းများက ဖြေကြားပုံ

(မေး) ၁၃။ ရဟန်းတရား၊ ဆိုဒါများ၊ မိန့်ကြား ဘယ်သို့နည်း။

(ဖြေ) ၁၄။ ဒွတ္တိံသများ၊ ရွတ်ဆိုပွါး၍၊ ထင်ရှားအရှိ၊ အနှန့်သိအောင်၊ မိမိခန္ဓာ၊ ကုန်ပျက်ရာ၊ ရှုဒါ ရဟန်းတရားတည်း။

(မေး) ၁၅။ ရဟန်းများသာ၊ ကျင့်စရာ၊ လူမှာဘယ်သို့နည်း။

(ဖြေ) ၁၆။ မည်သူ့အားမျှ၊ မတားထ၊ ဗုဒ္ဓမ္မတည်း။

(မေး) ၁၇။ ထိုသို့ဖြစ်ငြား၊ ထိုတရား၊ မိန့်ကြား ကျင့်ပုံနည်း။

၁၈။ မိန့်ကြားကျင့်ရာ၊ ဆရာဒကာ၊ နိဗ္ဗာမျက်မှောက် ပြုသတည်း။

အင်္ဂုတ္တရနိကာယ စတုက္ကနိပါတပါဠိ

စတုက္ကပဏ္ဏာသက ဗြာဟ္မဏဝဂ္ဂ

## ၄၇။ အဘယသုတ် ဆောင်ပုဒ်များ

### အကျဉ်း

၁။ ကာမပေါ်မှာ၊ ငြိတဏှာ၊ သေမှာ ကြောက်သူ တယောက်တည်း။

၂။ ကိုယ့်ခန္ဓာမှာ၊ ငြိတဏှာ၊ သေမှာ ကြောက်သူ တယောက်တည်း။
၃။ ကုသိုလ်မပြု၊ အကုပြု၊ သေမှု ကြောက်သူ တယောက်တည်း။
၄။ တရားမှန်မှာ၊ ယုံမှားရှာ၊ သေမှာ ကြောက်သူ တယောက်တည်း။
၅။ ကာမပေါ်မှာ၊ တဏှာကွာ၊ သေမှာ မကြောက် တယောက်တည်း၊
၆။ ကိုယ့်ခန္ဓာမှာ၊ တဏှာကွာ၊ သေမှာ မကြောက် တယောက်တည်း။
၇။ အကုမပြု၊ကုသိုလ်ပြု၊သေမှုမကြောက်တယောက်တည်း။
၈။ တရားမှန်မှာ၊ ယုံမှားကွာ၊ သေမှာ မကြောက် တယောက်တည်း။

## အကျယ်
## သေမှာကြောက်သူလေးမျိုး

### ( က )

၁။ အချို့သူဟာ၊ ကာမမှာ၊ တဏှာငြိကပ်သည်။
၂။ ရောဂါဖိစီး၊ သေခါနီး၊ အားကြီးကြောက်ရှာသည်။
၃။ ငါ့ကိုရှောင်ရှား၊ ကာမများ၊ စွန့်သွားကြတော့မည်။
၄။ ငါကရှောင်ရှား၊ ကာမများ၊ စွန့်သွားရတော့မည်။
၅။ ဤသို့ဖောက်ပြန်၊ စိတ်ပူပန်၊ အကြံပြစ်ရသည်။

၆။ စိုးပင်ပန်းမှု၊ ငိုကြွေးပူ၊ ရင်ထုတွေဝေသည်။
၇။ သေခါနီးမှာ၊ ကြောက်လန့်ရှာ၊ မှတ်ပါတယောက်မည်။

( ခ )

၁။ အချို့သူဟာ၊ ကိုယ့်ခန္ဓာ၊ တကျာငြိကပ်သည်။
၂။ ရောဂါဖိစီး၊ သေခါနီး၊ အားကြီးကြောက်ရှာသည်။
၃။ ငါ့ကိုရှောင်ရှား၊ ဤကိုယ်ကား၊ စွန့်သွားလေတော့မည်။
၄။ ငါကရှောင်ရှား၊ ဤကိုယ်အား၊ စွန့်သွားရတော့မည်။
၅။ ဤလိုဖောက်ပြန်၊ စိတ်ပူပန်၊ အကြံဖြစ်ရသည်။
၆။ စိုးပင်ပန်းမှု၊ ငိုကြွေးပူ၊ ရင်ထုတွေဝေသည်။
၇။ သေခါနီးမှာ၊ ကြောက်လန့်ရှာ၊ မှတ်ပါတယောက်မည်။

( ဂ )

၁။ အချို့သူဟာ၊ ကောင်းမှုကွာ၊ ပြုဒါမကောင်းရှည်။
၂။ ရောဂါဖိစီး၊ သေခါနီး၊ အားကြီးကြောက်ရှာသည်။
၃။ ကောင်းဖက်မသွဲ၊ ဆိုးပြုခဲ့၊ သွားဟဲ့မိုက်လမ်းဆီ။
၄။ နောင်တနောင်တ၊ နောက်မှတ၊ စိတ်ကမအေးသည်။
၅။ စိုးပင်ပန်းမှု၊ ငိုကြွေးပူ၊ ရင်ထုတွေဝေသည်။
၆။ သေခါနီးမှာ၊ ကြောက်လန့်ရှာ၊ မှတ်ပါတယောက်မည်။

( ဃ )

၁။ အချို့သူကား၊ ကောင်းတရား၊ ယုံမှားဖြစ်မိသည်။
၂။ ရောဂါဖိစီး၊ သေခါနီး၊ အားကြီးကြောက်ရှာသည်။

၃။ သူတော်တရား၊ ငါ့ယုံမှား၊ မိုက်မှားမိခဲ့သည်။
၄။ နောင်တနောင်တ၊ နောက်မှတ၊ စိတ်က မအေးသည်။
၅။ စိုးပင်ပန်းမှု၊ ငိုကြွေးပူ၊ ရင်ထုတွေဝေသည်။
၆၊ သေခါနီးမှာ ကြောက်လန့်ရှာ၊ မှတ်ပါတယောက်မည်။
၇။ သေခြင်းတရား၊ ကြောက်လန့်ပွား၊ မှတ်သား လေးယောက်တည်း။

## သေမှာမကြောက်သူ လေးမျိုး

( င )

၁။ တချို့သူဟာ၊ ကာမမှာ၊ တဏှာမကပ်ပြီ။
၂။ ရောဂါဖိစီး၊ သေခါနီး၊ အပြီးမကြောက်ပြီ။
၃။ ငါ့ကိုရှောင်ရှား၊ ကာမများ၊ စွန့်သွားကြတော့မည်။
၄။ ငါကရှောင်ရှား၊ ကာမများ၊ စွန့်သွားရတော့မည်။
၅။ ဤလိုဖောက်ပြန်၊ စိတ်ပူပန်၊ အကြံမဖြစ်ပြီ။
၆။ စိုးပင်ပန်းကင်း၊ ရင်ထုကင်း၊ ငိုကင်းမတွေဝေတော့ပြီ။
၇။ သေခါနီးမှာ၊ ကြောက်လန့်ကွာ၊ မှတ်ပါတယောက်မည်။

( စ )

၁။ အချို့သူဟာ၊ ကိုယ့်ခန္ဓာ၊ တဏှာမကပ်ပြီ။
၂။ ရောဂါဖိစီး၊ သေခါနီး၊ အပြီးမကြောက်ပြီ။
၃။ ငါ့ကိုရှောင်ရှား၊ ဤကိုယ်ကား၊ စွန့်သွားလေတော့မည်။
၄။ ငါကရှောင်ရှား၊ ဤကိုယ်အား၊ စွန့်သွားရတော့မည်။

၅။ ဤလိုဖောက်ပြန်၊ စိတ်ပူပန်၊ အကြံမဖြစ်ပြီ။
၆။ စိုးပင်ပန်းကင်း၊ ရင်ထုကင်း၊ ငိုကင်း မတွေ့ဝေ
တော့ပြီ။
၇။ သေခါနီးမှာ၊ ကြောက်လန့်ကွာ၊ မှတ်ပါတယောက်
မည်။

## ( ဆ )

၁။ အချို့သူဟာ၊ ကောင်းပြုကာ၊ ပယ်ခွာမကောင်းရှည်။
၂။ ရောဂါဖိစီး၊ သေခါနီး၊ အပြီးမကြောက်ပြီ၊
၃။ ကောင်းမှုကိုပြု၊ ဆိုးမပြု၊ ရှေးရှုကောင်းလမ်းဆီ။
၄။ ကောင်းစွ, ကောင်းစွ၊ တယ်ကောင်းစွ၊ စိတ်က
ဝမ်းသာသည်။
၅၊ စိုးပင်ပန်းကင်း၊ ရင်ထုကင်း၊ ငိုကင်းမတွေ့ဝေတော့ပြီ။
၆။ သေခါနီးမှာ၊ကြောက်လန့်ကွာ၊မှတ်ပါတယောက်မည်။

## ( ဇ )

၁။ အချို့သူကား၊ ကောင်းတရား၊ ယုံမှားကင်းကွာသည်။
၂။ ရောဂါဖိစီး၊ သေခါနီး၊ အပြီးမကြောက်ပြီ။
၃။ သူတော်တရား၊ မယုံမှား၊ ငါကားဝမ်းသာသည်။
၄။ စိုးပင်ပန်းကင်း၊ ရင်ထုကင်း၊ ငိုကင်းမတွေ့ဝေတော့ပြီ၊
၅။ သေခါနီးမှာ၊ကြောက်လန့်ကွာ၊မှတ်ပါတယောက်မည်၊
၆၊ သေခြင်းတရား၊မကြောက်ငြား၊မှတ်သားလေးယောက်
တည်း။

## ၄၈။ မေတ္တာရောင်ခြည် ဓမ္မဂီတိများ

### မေတ္တာသုတ်၏ အတ္ထုပ္ပတ္တိ

၁။ မြတ်ဘုရားထံ ရဟန်းများတို့၊
တရားတောင်းလို့ ထွက်ခဲ့ပေ။

ဟိမဝန္တာ တောရွာနီးမှာ၊
ခိုမှီးကျင့်သုံး တရားဖွေ။

သစ်ပင်တပင် ဧရိပ်ရှင်တပါးကျ၊
တရားဓမ္မ အားထုတ်နေ။

သစ်ပင်စောင့်ခြား နတ်အများ၊
ရှောင်ရှားကြရပေ။

အဲဒီတော့–မကောင်းရုပ်ဆိုး အသံဆိုး၊
နှံ့ဆိုးပြုလို့ဧ။ လှန့်လေ လှန့်လေ။

၂။ နှလုံးသွင်းရန် ကျင့်မှန်တရားတို့၊
စိတ်နှလုံးအား မထင်ပေ။

ထိတ်လန့်ကြောက်ကာ ဝါကိုဖြတ်လို့၊
သာဝတ္ထိသို့ ပြန်ကြပေ။

ဗုဒ္ဓမြတ်ထံ ကြောင်းမှန်များကို၊
လျှောက်ထားရှာကြ အစုံပေ။

မေတ္တာသုတ်အား မြတ်ဘုရား၊
ဟောကြားမိန့်မြွက်ပေ။

အဲသည်တော့-ရဟန်းအများ ထိုရပ်ခြား၊
ပြန်သွားကြရပေ။ ရဲစေ ရဲစေ။

၃။ ဟိမဝန္တာ ပြန်ကာမြန်းလို့၊
ထိုရဟန်းတို့ နေပြန်လေ။

ဗုဒ္ဓမိန့်မှာ မေတ္တာတရားကို၊
အစဉ်သဒ္ဓါထားလို့ ပွားများပေ။

နတ်များကြည်ညို ထိုရဟန်းတို့၊
ရှင်ရှင်လန်းလန်း နေနိုင်ပေ။

တံမြက်လှည်းခြင်း ရေလှူခြင်း၊
မယှဉ်းပြုဒေဝေ။

အဲဒီတော့-မဂ်ဖိုလ်တရား ရဟန်းများ၊
တင်ချွားရကြပေ။ ကောင်းပေ၊ ကောင်းပေ။

## ❧ မေတ္တာဟူသည်

၄။ မေတ္တာဆိုဒါ လိုတကျွာကင်းလို့၊
ချိုသာဖြောင့်စင်း ချစ်ခင်ပေ။

ပွားစီးထုတောင် အတုဆောင်ရှက်လို့၊
ပုလောင်စနက် ဖျက်ကင်းပေ။

စန်းငွေစမ်းရေ ဖြန်းဝေနေ့သလို၊
ကိုယ်ရောစိတ်ရော အေးကြည်ပေ။

ရန်ညှိုးကင်းဝေး ငြိမ်းချမ်းရေး၊
မနေးရနိုင်ပေ။

အဲဒါကြောင့်–သတ္တဝါချင်း မေတ္တာသွင်း၊
ချစ်ခြင်းပွါးကြလေ။ ပွားလေ ပွားလေ။

## မေတ္တာ သုံးမျိုး

၅။ ကိုယ်ဖြင့်အမှန် ငြိမ်ပြုတော့၊
ကာယကံမှု မေတ္တာပေ။

နှုတ်ဖြင့်အမှန် ငြိမ်ပြုတော့၊
ဝစီကံမှု မေတ္တာပေ။

စိတ်ဖြင့်အမှန် ရည်သန်ပြုတော့၊
မနောကံမှု မေတ္တာပေ။

မေတ္တာသုံးပါး နေ့စဉ်ပွါး၊
အများချမ်းသာဝေ။

အဲဒါကြောင့် သတ္တဝါချင်း မေတ္တာသွင်း၊
ချစ်ခြင်းပွါးကြလေ။ ပွါးလေ့ ပွါးလေ။ ။

## မေတ္တာအကျိုး ၁၁-မျိုး

၆။ အိပ်ခါနိုးခါ ချမ်းသာလျက်နှင့်၊
အိပ်မက်ဆိုးလဲ မမက်ပေ။

လူနတ်နှစ်သွင် ချစ်ခင်ကြွေးလို့၊
နတ်ကောင်းများလဲ စောင့်ရှောက်ပေ။

မီးဘေးဆိပ်စာ ကင်းကွာလက်နက်၊
စိတ်ငြိမ်သက်လို့ ဆင်းကြည်ပေ။

တွေဝေလွတ်ကင်း သေရခြင်း၊
ရောက်ခြင်း ဗြဟ္မာပြေ။

အဲဒါကြောင့် သတ္တဝါချင်း မေတ္တာသွင်း၊
ချစ်ခြင်း ပွါးကြလေ။ ပွါးလေ ပွါးလေ။

## မေတ္တာမပွါးမိ ကျင့်ဝတ်အလီလီ

၇။ ဆင်းရဲဖိုဖို လိုးစိုးသိမ်းတဲ့၊
မွန်မြတ်အေးငြိမ်း နိဗ္ဗာန်ပြေ။

ဗုဒ္ဓဘာသာ မွန်သူများတို့၊
ထင်ရှားရှိခြင်း ယုံကြည်ပေ။

ထိုနိဗ္ဗာန်ကို ဉာဏ်ဖြင့်တွေးလို့၊
အမြန်ရောက်ရေး ရည်သန်ပေ။

ကောင်းမှုပြုတိုင်း မှန်မဆိုင်း၊
ညွှတ်ကိုင်းကြပါလေ။

အဲဒါက မေတ္တာရှေ့သွား ပြုအပ်ငြား၊
တရား ခေါ်ပါပေ။ မှတ်လေ မှတ်လေ။

၈။ မိခင်ဖခင် ရှင်နှစ်ပါးနှင့်၊
သားသမီးများ ချင်းချင်းလေ။

သင်္ဃမြန်ဆရာ ဒါယကာချင်းနှင့်၊
လုပ်သားချင်းချင်း အထွေထွေ။

ကောင်းကျိုးချမ်းသာအလုပ်များကို၊
တန်ဘိုးထားလို့ လေးမြတ်နေ။

ရေသာခိုဘဲ အတူနဲ့
ပြုရဲစွမ်းနိုင်စေ။

အဲဒါက မေတ္တာရှေ့သွား ပြုအပ်ငြား၊
တရား ခေါ်ပါပေ။ မှတ်လေ မှတ်လေ။

၉။ ကောက်ကျစ်မတည် လိမ်လည်ဆိုးလို့၊
ပါးနပ်မရိုး ရှောင်ပါလေ။

ကတ်ဖဲ့စီးချင် မေးတင်သွေးစုတ်၊
သူယုတ်မာလုပ် ရှောင်ပါလေ။

ကောင်းမြတ်တည်ကြည် ဂုဏ်ရည်သင်းလို့၊
ရိုးဖြောင့်အူစင်း လိမ်မာလေ။

ရိုးဖြောင့်လုပ်အား အလုပ်များ၊
ကြိုးစားလုပ်ပါလေ။

အဲဒါက မေတ္တာရွှေသွား ပြုအပ်ငြား၊
တရား ခေါ်ပါပေ။ မှတ်လေ မှတ်လေ။ ။

၁၀။ လောကုတ်လောကီ နှစ်လီကျိုးတို့၊
စည်ပင်တိုးမည့် ကိစ္စတွေ။

ကိုယ်နာခံမည် ရည်သန်ချက်ဖြင့်၊
နိုင်ထက်စီးနင်း ရှောင်ကြဉ်လေ။

ကိစ္စလီလီ ခန္တီသုံးလို့၊
သည်းခံအုံးကွဲ့ မြတ်ဆုံးပေ။

လွန်စွာဖြောင့်စင်း စိတ်ကြည်ဝင်း၊
သန့်ရှင်း နှုတ်ကိုယ်တွေ။

အဲဒါက မေတ္တာရွှေသွား ပြုအပ်ငြား၊
တရား ခေါ်ပါပေ။ မှတ်လေ မှတ်လေ။ ။

၁၁။ မိမိတွက်တာ ကောင်းရာရေးကို၊
နည်းပေးညွှန်ကြားသူကိုလေ။

ကြည်ညိုလှစွာ နေ့ခင်ခါမျှားလဲ၊
သည်လို ညွှန်ကြား ပေးဘွဲ့လေ။

နှုတ်မှမွှင့်ဆို ရှိသေပေးလို့၊
နာပူလွယ်ရေး ရှိပါစေ။

နာလွယ်ပါမှ ကြီးပွါးရ၊
မုချ မှတ်ပါလေ။

အဲဒါက မေတ္တာရှေ့သွား ပြုအပ်ငြား၊
တရား ခေါ်ပါပေ။ မှတ်လေ မှတ်လေ။

၁၂။ ကိုယ်နှင့်ဆိုင်ရာ ကာယကံမှုကို၊
မှန်စွာရှေ့ရှု ပြုတိုင်းလေ။

နှုတ်နှင့်ဆိုင်သည် ဝစီကံမှုကို၊
မှန်စွာရှေ့ရှု ပြုတိုင်းလေ။

စိတ်နှင့်ဆိုင်ပြန် မနောကံမှုကို၊
မှန်စွာရှေ့ရှု ပြုတိုင်းလေ။

ကြုံသူအားလုံး နှစ်သက်ဆုံး၊
ပြုအုံး နူးညံ့တွေ။

အဲဒါက မေတ္တာရွှေသွား ပြုအပ်ငြား၊
တရား ခေါ်ပါပေ။ မှတ်လေ မှတ်လေ။

၁၃။ သမုဒ်ရေပြင် အမြင်ကင်းတဲ့၊
အိုင်ငယ်တွင်းက ဖါးငယ်လေ။

ငါသာဘုရင် ပညာရှိလို့၊
ငါမြင်ငါသိ ပုံသို့လေ။

မနိုမ်ကိုယ့်ကို အထက်မြှောက်လို့၊
မာနရောက်ခြင်း ရှောင်ပါလေ့။

မာနနည်းမှ ကြီးပွါးရ၊
မုချ မှတ်ပါလေ။

အဲဒါက မေတ္တာရွှေသွား ပြုအပ်ငြား၊
တရား ခေါ်ပါပေ။ မှတ်လေ မှတ်လေ။ ။

၁၄။ ရသောဥစ္စာ သဘာဝနှင့်၊
အားရမှ မိုးထိပေ။

လောကားထောင်မည် စိတ်ရည်သွေးတဲ့၊
လောဘအလေး တင်းမှုချေ။

ရသောဥစ္စာ သဘာဝနှင့်၊
အားရရောင့်ရဲ တတ်ပါစေ။

ရောင့်ရဲလွယ်မှ ကြီးပွါးရ၊
မုချ မှတ်ပါလေ။

အဲဒါက မေတ္တာရွှေသွား ပြုအပ်ပြီး၊
တရား ဓောပါပေ။ မှတ်လေ မှတ်လေ။ ။

၁၅။ အစားအစာ ရှိတာလေးနဲ့၊
အစဉ်ကြွေအေး ပြီးနိုင်စေ။

အဝတ်တန်ဆာ ရှိတာလေးနဲ့၊
အစဉ်ကြေးအေး ပြီးနိုင်စေ။

ဝိုင်းခြံအိမ်ယာ ရှိတာလေးနဲ့၊
အစဉ်ကြေအေး ပြီးနိုင်စေ။

သက်မွေးလွယ်မှ ကြီးပွါးရ၊
မုချမှတ်ပါလေ။

အဲဒါက မေတ္တာရွှေသွား ပြုအပ်ပြီး၊
တရား ဓောပါပေ။ မှတ်လေ မှတ်လေ။ ။

၁၆။ အနှစ်မပါ အကာတွေမှာ၊
ဗျာမောကြွယ်ခြင်း နည်းပါစေ။

လိုရင်းမပါ ဘလာကြွားလို့၊
ဟိတ်ဟန်ထွားခြင်း နည်းပါစေ။

အပိုအမို နဂိုလုပ်ထက်၊
ဟိုရှုပ်သည်ရှုပ် နည်းပါစေ။

ကိစ္စနည်းမှ   ကြီးသွားရ၊
မုချ   မှတ်ပါလေ။

အဲဒါက   မေတ္တာရှေ့သွား   ပြုအပ်ငြား၊
တရား   ခေါ်ပါပေ၊   မှတ်လေ   မှတ်လေ။   ။

၁၇။ အပိုစားတွေ   ရှောင်သွေရှားလို့၊
နဂိုစားနဲ့   ပြီးနိုင်စေ။

အပိုဝတ်တွေ   ရှောင်သွေလွဲလို့၊
နဂိုဝတ်ပဲ   ပြီးနိုင်စေ၊

အပိုနေရာ   ရှောင်ကာဝေးလို့၊
နဂိုနေရေး   ပြီးနိုင်စေ။

သက်မွေးပေါ့မှ   ကြီးသွားရ၊
မုချ   မှတ်ပါလေ၊

အဲဒါက   မေတ္တာရှေ့သွား   ပြုအပ်ငြား၊
တရား   ခေါ်ပါပေ၊   မှတ်လေ   မှတ်လေ။   ။

၁၈။ ကိုယ်နှုတ်စိတ်ပါ   သုံးဖြာတရားတို့၊
လော်လီပေါက်ပြား   ရှောင်ပါလေ။

မျက်စိနားနှာ   နှုတ်လျှာချူးနဲ့၊
ကိုယ်စိတ်ခြောက်ပါး   ထိန်းချုပ်လေ။

ဘောင့်စည်းလှုတွေ   ဣန္ဒြေမွေ့ညက်၊
ငြိမ်ငြိမ်သက်သက်   ရှိပါစေ။

ရတနာ့သိရို (၈)

ဤလူ့ဘုံဝယ် ကြီးပွါးရ၊
မုချ မှတ်ပါလေ။

အဲဒါက မေတ္တာရှေ့သွား ပြုအပ်ငြား၊
တရား ခေါ်ပါပေ။ မှတ်လေ မှတ်လော့။

၁၉။ ပြုဖွယ်ပြုရန် မှန်သမျှကို၊
ဝေဖန်ဆုံးခ သုံးသပ်လေ။

မဝေမဖန် တိတ်ကံဘဲလို၊
လုံးလည့်လျှော့ မပေါ့နဲ့လေ။

ဥာဏ်ဖြင့်ဝေဖန် မှန်ကြောင်းကျိုးနဲ့၊
ကောင်းဆိုးသိလို့ ပြုနိုင်စေ။

ဥာဏ်ရင့်သန်မှ ကြီးပွါးရ၊
မုချ မှတ်ပါလေ။

အဲဒါက မေတ္တာရှေ့သွား ပြုအပ်ငြား၊
တရား ခေါ်ပါပေ။ မှတ်လေ မှတ်လော့။

၂၀။ ရိုသေတိုက်သူ ပုဂ္ဂိုလ်များကို၊
ရိုသေလေးစား ပြုပါလေ။

တရားသွေဗီ မသိလေးနဲ့၊
သွားလာနေရေး ရှောင်ကြဉ်လော့။

ဒေါသ ဣဿာ မာနတရားတို့၊
မှန်စွာရှောင်ရှား ပြုပါလေ။

မကြွန်းတန်းမှ ကြီးပွါးရ၊
မုချ မှတ်ပါလေ။

အဲဒါက မေတ္တာရွှေသွား ပြုအပ်ငြား၊
တရား ခေါ်ပါပေ၊ မှတ်လေ မှတ်လေ။ ၎

၂၁။ သူကောင်းဥစ္စာ ခုနစ်ပါးနဲ့၊
သူတော်တရား ခုနစ်တွေ။

မိမိသဒ္ဓါန် အမှန်ကိန်းသို့၊
သင့်စွာသိန်းသိမ်း ကျင့်ကြံလေ။

ငါ ငါ့ဥစ္စာ အထင်လွဲလို့၊
ပုဂ္ဂိုလ်စွဲခြင်း ကင်းပါစေ။

အစွဲကင်းမှ ကြီးပွားရ၊
မုချမှတ်ပါလေ။

အဲဒါက–မေတ္တာရွှေသွား ပြုအပ်ငြား၊
တရားခေါ်ပါပေ။ မှတ်လေ မှတ်လေ။ ၎

၂၂။ ကိစ္စသွယ်သွယ် ပြုပွယ်တဲ့မှု၊
ဘေးငယ်မှုဘဲ ဖြစ်ပါစေ။

ပညာရှင်တွေ ပြစ်တင်ဆိုက်တဲ့၊
ဒုစရိုက်မှု ဆိုယင်လေ။

မပြုမိအောင် ရှောင်သွေလဲ့လို့၊
မပြုလုပ်ဘဲ ရှောင်ကြဉ်လေ။

အပြစ်ကင်းမှ ကြီးပွားရ၊
မုချမှတ်ပါလေ။
အဲဒါက-မေတ္တာရှေ့သွား ပြုအပ်ငြား၊
တရားခေါ်ပါပေ။ မှတ်လေ မှတ်လေ၊ ။

**မေတ္တာသို့နည်း**

၂၃။ စကြာဝဠာ အနန္တဒ္ဒ၊
သဗ္ဗခပ်သိမ်း သတ္တဝါတွေ။
ကိုယ်မှာတန်တန် ပူပန်စွဲတဲ့၊
ကိုယ်ဆင်းရဲများ ငြိမ်းပါစေ။
ဘေးအတန်တန် ရန်ခပ်သိမ်းတို့၊
ရှောင်ကာဘိမ်းလို့ အေးငြိမ်းစေ။
စိတ်မှာတန်တန် ပူပန်စွဲတဲ့၊
စိတ်ဆင်းရဲများ ငြိမ်းပါစေ။
ဆင်းရဲကုန်ခမ်း နိဗ္ဗာန်နန်း၊
စံမြန်းနိုင်ပါစေ။
အဲဒါမှ-ဗုဒ္ဓဟောကြား မေတ္တာထား၊
ပွားများတဝေဝေ။ ကောင်းပေ ကောင်းပေ၊ ။

၂၄၊ ထိဘ်လန့်တက်ကုန် လုံးစုံများလျှ၊
ပုထု သေဘ္ဘ ပုဂ္ဂိုလ်တွေ၊

ထိဘ်လန့်ကင်းကုန် လုံးစုံများလတ်၊
ရဟန္တာမြတ် အကုန်ပေ။

ကိုယ်မှာဘန်တန် ပူပန်စွဲတဲ့၊
ကိုယ်ဆင်းရဲများ ငြိမ်းပါစေ။

ဘေးအဘန်တန် ရန်ခပ်သိမ်းတို့၊
ရှောင်ကာဘိမ်းလို့ အေးငြိမ်းစေ။

စိတ်မှာဘန်တန် ပူပန်စွဲတဲ့၊
စိတ်ဆင်းရဲများ ငြိမ်းပါစေ။

ဆင်းရဲဘုန်ခန်း နိဗ္ဗာန်နန်း၊
စံမြန်းနိုင်ပါစေ။

အဲဒါမှ ဗုဒ္ဓဟောကြား မေတ္တာထား၊
ပွါးများ တဝေဝေ။ ကောင်းပေ ကောင်းပေ။

၂၅။ ကိုယ်နေကိုယ်ဆည် လွန်ရှည်သျှားတဲ့၊
အားလုံးများပြား သတ္တဝါတွေ။

ကိုယ်နေခန္ဓာ တိုပုဂြွားတဲ့၊
ကြက်ငှက်စသား သတ္တဝါတွေ။

မဘိုမရှည် အလယ်လတ်ချို၊
များပြားလှဘိ သတ္တဝါတွေ။

ကိုယ်မှာတန်တန် ပူပန်စွဲတဲ့၊
ကိုယ်ဆင်းရဲများ ငြိမ်းပါစေ။

ဘေးအတန်တန် ရန်ခပ်သိမ်းတို့၊
ရှောင်ကာဘိမ်းလို့ အေးငြိမ်းစေ။

စိတ်မှာတန်တန် ပူပန်စွဲတဲ့၊
စိတ်ဆင်းရဲများ ငြိမ်းပါစေ။

ဆင်းရဲကုန်ခန်း နိဗ္ဗာန်နန်း၊
စံမြန်းနိုင်ပါစေ။

အဲဒါမှ ဗုဒ္ဓဟောကြား မေတ္တာသား၊
ပွါးများ တဝေဝေ။ ကောင်းပေ ကောင်းပေ။ ။

၂၆။ ကြီးသောကိုယ်နေ ထွေထွေရှိတဲ့၊
များပြားလှဘိ သတ္တဝါတွေ။

သေးငယ်လှစွာ ခန္ဓာရှိတဲ့၊
များပြားလှဘို သတ္တဝါတွေ။

မကြီးမငယ် အလယ်လတ်ရှိ၊
များပြားလှဘိ သတ္တဝါတွေ။

ကိုယ်မှာတန်တန် ပူပန်စွဲတဲ့၊
ကိုယ်ဆင်းရဲများ ငြိမ်းပါစေ။

ဘေးအတန်တန် ရန်ခပ်သိမ်းတို့၊
ရှောင်ကာဘိမ်းလို့ အေးငြိမ်းစေ။

စိတ်မှာတန်တန် ပူပန်စွဲတဲ့၊
စိတ်ဆင်းရဲများ ငြိမ်းပါစေ။

ဆင်းရဲကုန်ခန်း နိဗ္ဗာန်နန်း၊
စံမြန်း နိုင်ပါစေ။

အဲဒါမှ ဗုဒ္ဓဟောကြား မေတ္တာထား၊
ပွါးများ တဝေဝေ။ ကောင်းပေ ကောင်းပေ။ ။

၂၇။ ဝန်းဝိုင်းကိုယ်နေ ပြည့်ဖြိုးဌားတဲ့၊
လုံးစုံများပြား သတ္တဝါတွေ။

ဝန်းဝိုင်းကင်းကွာ မပြည့်ဖြိုးတဲ့၊
မျိုးမျိုးစားစား သတ္တဝါတွေ။

ဝိုင်းဖြိုးမကြွယ် အလယ်လတ်ရှိ၊
များပြားလှဘိ သတ္တဝါတွေ။

ကိုယ်မှာတန်တန် ပူပန်စွဲတဲ့၊
ကိုယ်ဆင်းရဲများ ငြိမ်းပါစေ။

ဘေးအတန်တန် ရန်ခပ်သိမ်းတို့၊
ရှောင်ကာတိမ်းလို့ အေးငြိမ်းစေ။

စိတ်မှာတန်တန် ပူပန်စွဲဘဲ့၊
စိတ်ဆင်းရဲများ ငြိမ်းပါစေ။

ဆင်းရဲကုန်ခန်း နိဗ္ဗာန်နန်း၊
စံမြန်းနိုင်ပါစေ။

အဲဒါမှ ဗုဒ္ဓဟောကြား မေတ္တာထား၊
ပွါးများ တဝေဝေ။ ကောင်းပေ ကောင်းပေ။ ။

၂၈။ မိမိရှေ့တွင် တွေ့မြင်ဘူးတဲ့၊
ထွေထွေထူးထူး များသတ္တော။
မိမိရှေ့တွင် မမြင်ဘူးတဲ့၊
ထွေထွေထူးထူး သတ္တဝါတွေ။

ကိုယ်မှာတန်တန် ပူပန်စွဲတဲ့၊
ကိုယ်ဆင်းရဲများ ငြိမ်းပါစေ။

ဘေးအတန်တန် ရန်ခပ်သိမ်းတို့၊
ရှောင်ကာတိမ်းလို့ အေးငြိမ်းစေ။

စိတ်မှာတန်တန် ပူပန်စွဲတဲ့၊
စိတ်ဆင်းရဲမျ းး ငြိမ်းပါစေ။

ဆ င်းရဲကုန်ခန်း နိဗ္ဗာန်နန်း၊
စံမြန်းနိုင်ပါစေ။

အဲဒါမှ ဗုဒ္ဓဟောကြား မေတ္တာထား၊
ပွါများ တဝေဝေ။ ကောင်းပေ ကောင်းပေ။

၂၉။ မိမိနှင့်ပင် ဝေးတွင်ရှိသည့်၊
များပြ းလှတဲ့ သတ္တဝါတွေ။

မိမိနီးမှာ မှန်စွာရှိသည့်၊
များပြားလှတဲ့ သတ္တဝါတွေ။

ကိုယ်မှာတန်တန် ပူပန်စွဲတဲ့၊
ကိုယ်ဆင်းရဲများ ငြိမ်းပါစေ။

ဘေးအတန်တန် ရန်ခပ်သိမ်းတို့၊
ရှောင်ကာတိမ်းလို့ အေးငြိမ်းစေ။

စိတ်မှာဘန်တန် ပူပန်စွဲတဲ့၊
စိတ်ဆင်းရဲများ ငြိမ်းပါစေ။

ဆင်းရဲကုန်ခန်း နိဗ္ဗာန်နန်း၊
စံမြန်းနိုင်ပါစေ။

အဲဒါမှ ဗုဒ္ဓဟောကြား မေတ္တာထား၊
ပွါးများ တဝေဝေ။ ကောင်းပေ ကောင်းပေ။ ။

၁၀။ ဖြစ်ပြီးမသွေ ကိလေပြတ်တဲ့၊
ရဟန္တာမြတ် အကုန်ပေ။

ဘဝသစ်ဘွေ ဖြစ်လေအုံးမည့်၊
အားလုံးပုထု သေက္ခတွေ။

ကိုယ်မှာတန်တန် ပူပန်စွဲတဲ့၊
ကိုယ်ဆင်းရဲများ ငြိမ်းပါစေ။

ဘေးအဘန်တန် ရန်ခပ်သိမ်းတို့၊
ရှောင်ကာတိမ်းလို့ ဘေးငြိမ်းစေ။

စိတ်မှာဘန်တန် ပူပန်စွဲတဲ့၊
စိတ်ဆင်းရဲများ ငြိမ်းပါစေ။

ဆင်းရဲကုန်ခမ်း နိဗ္ဗာန်နန်း၊
စံမြန်းနိုင်ပါစေ။

အဲဒါမှ   ဗုဒ္ဓဟောကြား   မေတ္တာထား၊
ပွါးများ ငဝေဝေ။   ကောင်းပေ ကောင်းပေ။   ။

၃၁။ သူတယောက်သည်   သူတယောက်ကို၊
ဆိပ်တောက်ဒေါသ   ကင်းပါစေ။

ကိစ္စတွေရာ   ဌာနမျိုး၌၊
ညှဉ်းချုပ်ရန်ညိုး   ကင်းပါစေ။

အချင်းချင်းပင်   ဆင်းရဲမှုကို၊
လိုလားပြုခြင်း   ကင်းပါစေ။

မေတ္တာပွါးရင်း   ကိုယ်စိတ်တွင်း၊
မယွင်း   ချေးရှူလေ။

အဲဒါမှ   ကမ္ဘာတဝှမ်း   မေတ္တာလွှမ်း၊
ငြိမ်းချမ်းသာယာစေ။   ကောင်းပေ ကောင်းပေ။   ။

၃၂။ မြင့်မိုရ်ရွှေတောင်   မကကျူးသည့်၊
ကျေးဇူးများတဲ့   မိခင်တွေ။

ရင်သွေးသည်းချာ   တဦးတည်းသားမို့၊
အထူးသီးခြား   စောင့်ရှောက်ထွေ။

ထိုပုံပမာ   သတ္တဝါများကို၊
မေတ္တာစိတ်ထား   ပွါးရှူလေ။

မေတ္တာပွါးရင်း   ကိုယ့်စိတ်တွင်း၊
မယွင်း   ချေးရှူလေ။

အဲဒါမှ ကမ္ဘာတဝှမ်း မေတ္တာလွှမ်း၊
ငြိမ်းချမ်းသာယာဝေ။ ကောင်းပေ ကောင်းပေ။ ။

၃၃။ ထက်အောက်လယ်စုံ ဘုံသုံးဝဟု၊
သုံးလောက၌ စိတ်ကိုစေ။
ကျဉ်းမြောင်းသွယ်သွယ် ချုပ်ချယ်ကင်းလို့၊
လွတ်ရှင်းခြင်းများ တဝေဝေ။
အတွင်းအပြင် ပူပင်ဘေးတို့၊
ကင်းဝေးစေသော မေတ္တာရေ။
ရေတွက်ပိုင်းခြား မစွမ်းအား၊
ပွါးများ ရှုပါလေ။
အဲဒါမှ ကမ္ဘာတဝှမ်း မေတ္တာလွှမ်း၊
ငြိမ်းချမ်းသာယာဝေ။ ကောင်းပေ ကောင်းပေ။ ။

၃၄။ လျောင်းစဉ် ရပ်စဉ် ထိုင်စဉ်သွားခိုက်၊
မငိုက်မခြင်း ဇွဲရှိစေ။
မေတ္တာစပ်ယှဉ် မှတ်စဉ်သတိကို၊
ထိထိမိမိ မြဲဌာန်လေ။
ဗုဒ္ဓမြတ်စွာ သာသနာတွင်း၌၊
ဤနေခြင်းမျိုး ပုဂ္ဂိုလ်တွေ။

လွန်ကဲထူးမြတ် ချီးမွမ်းအပ်၊
မှတ်ကြ အဆွေတွေ။

အဲညီသို့ မြတ်စွာဘုရား ချီးကျူးငြွား၊
စကားချိုနှုန့်မြွက်ပေ၊ ကောင်းပေ ကောင်းပေ။ [illegible]

၃၅။ ကြည့်အေးမေတ္တာ မှန်စွာကျိုးကုတ်၊
အားထုတ်နေသော ယောဂီတွေ။

ယူမှားကင်းကွာ ပြုသီလနဲ့၊
မဂ်ဉာဏ်ပြည့်ဝ နိုင်ပါစေ။

ဘဝသုံးဖြာ သင်္ခါရဍ္ဍ၊
တောင့်တခွဲခြင်း ကင်းနိုင်ပေ။

အမိဝမ်းတွင်း သန္ဓေကင်း၊
ရောက်ခြင်း ဖြဟွာ့ပြေ။

အဲဒါကြောင့် ဗုဒ္ဓဟောကြား မေတ္တာများ၊
ရှုပွါးကြပါလေ။ ကောင်းပေ ကောင်းပေ။ [illegible]

## နိဂုံး

၃၆။ မေတ္တာရောင်ခြည် ဂုဏ်သိမ်များကို၊
ညီညွတ်ရပ်နား သင့်ပြီလေ။

မေတ္တာအကျယ် လက်စွဲကျမ်းနှင့်၊
အခြားကျမ်းများ မှီးဖွဲ့ပေ။

ကျယ်စွာစုံစွာ လိုဒါရှိက၊
ထိုသည့် ကျမ်းများ ရှုကြလေ။

ဤတွင်ကျဉ်းချုံး ကမ္ပတ်ဖုံး၊
နိဂုံး အုပ်ပြီလေ။

အဲဒါကြောင့် ကမ္ဘာတင့်မိမ်း မေတ္တာလွှမ်း၊
ငြိမ်းချမ်းသာယာဝေ။ ဆုဝေ ဆုဝေ။ ။

(၁၃၂၉-ခု၊ ဝါခေါင်၊ တော်သလင်း၊ သီတင်းကျွတ်လပြည့်နေ့ထုတ်၊ ဓမ္မဗျူဟာစာစောင်တွင် ဤမေတ္တာရောင်ခြည် ဓမ္မဂီတ်များကို ထည့်သွင်းဖော်ပြခြင်းဖြစ်သည်)

## ၄၉။ မဟာသတိပဋ္ဌာန အလင်းပြ ဆောင်ပုဒ်များ

**ပဏာမကဏ္ဍ**

၁။ ဗုဒ္ဓ ဓမ္မ သံဃာသုံးပြာ၊
အာစရိယ ဂုဏာစုံဒွာ၊
ကိုယ်ရော နှုတ်ရော စိတ်ရော ညီညာ၊
ညွတ်ကိုင်းရှိုင်း မဆိုင်း ဝန္ဒနာ၊

## ပဋိညာဉ်ကဗျာ

၂။ သတိပဋ္ဌာန သုတ္တနှင့်ညီ၊
ဆောင်ပုဒ်အများ ရေးသားပါမည်၊
မရှင်းလင်းက ညွှန်ပြပါသည်၊
နိဿယ ကြည့်ကြပါတော့တည်။

၃။ နိဿယခေါင်း ရှေးဟောင်းအဆီ၊
ညောင်ကန်ဦးဗုဒ် ရေးထုတ်ခဲ့ပြီ၊
နိဿယ ငစ် ယခုခေတ်မှီ
မူပဂေး ပြုရေးမဟာစည်။

၄။ အခြားမူပေါင်း မကောင်းမဆို၊
ကျွန်ုပ်ရေးထုတ် ဆောင်ပုဒ်ထိုထို၊
ညွှန်းချက်မူမှီး ရေးပြီးသကို၊
ရှင်းလိုက ကြည့်ကြပါစေလို။

## ဤသုတ်အမည်

၅၊ မဟာ-များမြတ် ပြုအပ်ပူဇော်၊
သတိ-အမှတ် ဉာဏ်မြတ် ဓမ္မ၊
ပဋ္ဌာန-ဆက် လေးသက်တည်နေ၊*
သုတ္တ-ကြိုး ပန်းချိုး ကုံးပန်လေ။

---

* လေးထက်တည်နေဟူသည်- ကာယ, ဝေဒနာ, စိတ္တ, ဓမ္မ ဟူသော ၄ ပါးထက်၌ သတိဉာဏ် ကပ်ရောက်တည်နေ ရမည်ဟူလို။

## ဤသုတ်နိဒါန်း

၆။ ကုရုပြည်တိုင်း သမိုင်း တွင်လေ၊
ကမ္မာသဟု မည်ပြု နိဂမေ၊
နေစဉ်ဗုဒ္ဓ မိန့်ဟ ဓမ္မေ၊
ဤသုတ်ကြီး အပြီး ကျော်ကြားပေ။

## တရားကြေငြာချက်

၇။ သတိပဋ္ဌာန လေးဝဓမ္မာ၊
သမ္မာသမ္ဗုဒ္ဓ ပစ္စေကဗုဒ္ဓါ၊
တပည့်သာဝက ကျင့်ကြဖြာဖြာ၊
နိဗ္ဗာန်နန်း စံမြန်းသွေမကွာ။

၈။ ကျင့်ပြီးကျင့်ဆဲ နောင်လဲဤဟန်၊
စံပြီးစံဆဲ နောင်လဲ နိဗ္ဗာန်၊
ခရီးမသွဲ့ တကြောင်းထဲမှန်၊
ဤတရား ကျင့်ပွါး ဧကံ။

၉။ စိတ်အညစ်ကြေး ကင်းဝေးစေရန်၊
စိုးရိမ်ပူဆွေး ငိုကြွေးလွတ်ရန်၊
သုံးဘူ့ထွက်ထား ဘုရားမိန့်မှန်၊
လမ်းတကြောင်း ကျင့်ကောင်းသတိပဋ္ဌာန်။

၁၀။ ကိုယ်စိတ်ဆင်းရဲ ချုပ်စဲစေရန်၊
မဂ်ဝင်ဖိုလ်ရောက် မျက်မှောက်ပြုရန်၊

သုံးလူ့ထွတ်ထား ဘုရားမိန့်မှာ၊
လမ်းတကြောင်း ကျင့်ကောင်း သတိပဋ္ဌာန်။

## ဥဒ္ဒေသ

၁၁။ အဘိဇ္ဈာ ဒေါမနဿ ပယ်ချမှုန်စွာ၊
လုံးလ ဗွဲ့ရှိ သတိမကွာ၊
ကာ ဝေ စိတ္တ ဓမ္မ လေးဖြာ၊
ဖန်ဖန်ရှု ဘိက္ခုလုပ်စဉ်ပါ။

## နိဒ္ဒေသဝါရ-ကာယာနုပဿနာ အာနာပါနပိုင်း

၁၂။ တရားအလုပ် အားထုတ်သူဟာ၊
တောသစ်ပင်ရင်း သံကင်းဆိတ်ရာ၊
ပလ္လင်ခွေပတ် ထိုင်မတ်ဖြောင့်စွာ၊
ကမ္မဋ္ဌာန်း ညွှတ်စမ်း စိတ်ကြည်သာ။

၁၃။ ဝင်ယင်ဝင်ဟု မှတ်ပြုကာနေ၊
ထွက်ယင်ထွက်ဟု မှတ်ပြုကာနေ၊
အဝင်ထွက်တိုင်း မဆိုင်းသိနေ၊
မြတ်တရား မိန့်ကြား သတိလေ။

၁၄။ ထွက်ဝင်လေရှို မှတ်သိနေစဉ်၊
တို့ရှည်ရှုသဲ မလွဲ သိမြင်၊

စလယ်အဆုံး မှတ်သုံးစုံထင်၊
လေပြင်းငြိမ်း မတိမ်း လေ့ကျင့်အင်။

၁၅။ ဥပမာသား ပွတ်သမားဆရာ၊
တိုရှည်မလွဲ ကြိုးဆွဲလိမ်မှာ၊
စလယ်အဆုံး ကုန်လုံးအသိပါ၊
ယောဂီလဲ တူဘဲမှတ်သိရာ။

၁၆။ ကိုယ်ရောသူရော တွင်းရောပြင်မှာ၊
ထွက်ဝင်လေရှုပ် ဖြစ်ချုပ်မျှသာ၊
တွဲလမ်းသင်မှုဗား နှစ်ပါးကင်းကွာ၊
မဂ်ဖိုလ်ရောက် မျက်မှောက်ပြုနိဗ္ဗာ။

## ကာယာနုပဿနာ-ဣရိယာပထပိုင်း

၁၇။ သွားယင်သွားဟု မှတ်ပြုသိပါ၊
ရပ်ယင်ရပ်ဟု မှတ်ပြုသိပါ၊
ထိုင်ယင်ထိုင်ဟု မှတ်ပြုသိပါ၊
အိပ်ယင်လဲ အိပ်ပဲသိစမ်းပါ။

၁၈။ ဝါတနည်းကား မှတ်သားရော၊
ကိုယ်တည်ပုံတိုင်း မဆိုင်းမှန်စွာ၊
သတိဉာဏ်ဖြတ် ရှုမှတ်သေချာ၊
မြတ်ဘုရား မိန့်ကြားတော်ခိုပ်ပါ၊

၁၉။ ကိုယ်ရောသူရော တွင်းရောပြင်မှာ၊
လုပ်ရှားမှုရုပ် ဖြစ်ချုပ်မျှသာ၊
စွဲလမ်းထင်မှား နှစ်ပါးကင်းကွာ၊
မဂ်ဖိုလ်ရောက် မျက်မှောက်ပြုနိဗ္ဗာ။

## ကာယာနုပဿနာ-သမ္ပဇညပိုင်း

၂၀။ ရှေ့တက်နောက်ဆုတ် အဟုတ်သမ္ပဇဉ်၊
စောင်းကြည့်ထူးကြည့် မှတ်သိသမ္ပဇဉ်၊
ဆန့်မှုကွေးမှု မှတ်ရှုသမ္ပဇဉ်၊
သင်္ကန်းသုံး မှတ်အုံးသပိတ်ယှဉ်။

၂၁။ စားသောက်ခဲလျက် မပျက်သမ္ပဇဉ်၊
ကျင်ငယ်ကျင်ကြီး ရှုမှီးသမ္ပဇဉ်၊
သွားရပ်ထိုင်အိပ် နိုးဆိတ်ပြောစဉ်၊*
လုံးစုံမှု မှတ်ရှုသမ္ပဇဉ်။

၂၂။ ကိုယ်ရောသူရော တွင်းရောပြင်မှာ၊
လုပ်ရှားမှုရုပ် ဖြစ်ချုပ်မျှသာ၊
စွဲလမ်းထင်မှား နှစ်ပါးကင်းကွာ၊
မဂ်ဖိုလ်ရောက် မျက်မှောက်ပြုနိဗ္ဗာ။

---

* နိုးဆိတ်ပြောဟူသည်-အိပ်ရာမှနိုးသောအခါ၊ ဆိတ်ဆိတ်နေသောအခါ၊ စကားပြောသောအခါ-ဟူလို။

## ကာယာနုပဿနာ-ပဋိကူလမနသိကာရပိုင်း

၂၃။ အထက်ဆံဖျား အောက်ခြေဖျားစုံ၊
အရေပြားစပ် ရစ်ပတ်ခြုံ၊
ရှိရှာဖွယ်တည့် လျှမ်းပြည့်ရုပ်ပုံ၊
သုံးဆယ့်နှစ် မချစ်ညာဏ်ယှဉ်ကုန်။

၂၄။ ဆံပင်အဖျင်း မွှေးညင်းတွေ့ပါ၊
ခြေသည်းလက်သည်း တနည်းသွားပါ၊
အရေထူပါး ပေါင်းငြားလေရာ၊
ရှိဖွယ်များ ငါးပါးအပြည့်ပါ။

၂၅။ အသားထူပြော အကြောတွေ့စီ၊
အရိုးစင်းစင်း ရိုးတွင်းခြင်ဆီ၊
စဉ်းငယ်နီပျို့ အညှို့တလီ၊
ရှိဖွယ်များ ငါးပါးပြည့်စုံညီ။

၂၆။ နှစ်လုံးအသဲ မြွေးလဲစုံစွာ၊
အဖျဉ်းခေါ်လျှက် သရက်ရွက်ပါ၊
အဆုတ်စုရော ပေါင်းသောအခါ၊
ရှိဖွယ်များ ငါးပါးအပြည့်ပါ။

၂၇။ အူမခွေထွေး အူသေးသိမ်ပါ၊
အစာသစ်ပေါင်း ပုပ်ဟောင်းအစာ၊
ဦးနှောက်စုရော ပေါင် သောအခါ၊
ရှိဖွယ်များ ငါးပါးအပြည့်ပါ။

၂၈။ သည်းချေငယ်အိတ် သလိပ်တွေရာ၊
ပြည်ပုပ်ညစ်ကြေး အသွေးစုဖြာ၊
ချေးပုပ်ယို့ရှဲ ဆီခဲစုံစွာ၊
ရှုံ့ဖွယ်များ ခြောက်ပါးအပြည့်ပါ။

၂၉။ မျက်ရည်သိုင်း နှောက်ဖြိုးဆီကြည်၊
တံတွေးအပုပ် နှပ်ပုပ်ထိုထို၊
မကောင်းအစေး ကျင်သေးတလီ၊
ရှုံ့ဖွယ်များ ခြောက်မါး ပြည့်စုံညီ။

၃၀။ ဥပမာကား မှတ်သားစရာ၊
အထက်နှင့်အောက် နှစ်ပေါက်အိပ်မှာ၊
မျိုးစေ့စုံသွင်း ပြည့်တင်းနေရာ၊
အိတ်ဖွင့်ကြည့် မြင်သည့် ယောက်ျားဟာ။

၃၁။ စပါးပဲက စစဝေဖန်၊
အမှန်သိခြား ယောက်ျားပုံစံ၊
သုံးဆယ့်နှစ်ခု ရုပ်စုတန်တန်၊
အမှန်တိုင်း မဆိုင်းသိလျှော်ကန်။

၃၂။ ကိုယ်ရောသူရော တွင်းရောပြင်မှာ၊
ရှုံ့ဖွယ်ရာရုပ် ဖြစ်ချုပ်မျှသာ၊
စွဲလမ်းထင်မှား နှစ်ပါးကင်းကွာ၊
မဂ်ဖို ရောက် မျက်မှောက်ပြုနိဗ္ဗာ။

## ကာယာနုပဿနာ–ဓာတုမနသိကာရပိုင်း

၃၃။ တည်နေမြဲတိုင်း မသိုင်းဤကိုယ်၊
စူးစိုက်၍ရှု သိမှုထိုထို၊
အာ,တေ,ဝါ,ပ လေးဝမပို၊
ယောဂီရဲ့ ဉာဏ်နဲ့ မြင်သကို။

၃၄။ ဥပမာကား မှတ်သားစရာ၊
နွားသတ်ပြီးစ လေးခွ လမ်းမှာ၊
အသားပုံစု လေးခုပြုရာ၊
နွား–မတွေ့ အသားတွေ့လေးပုံသာ။

၃၅။ ယောဂီဉာဏ်ထဲ တူဘဲထင်မြင်၊
ဤကိုယ်ဉာဏ်ကပ် ရှုမှတ်နေစဉ်၊
ငါသူပုဂ္ဂလ အတ္တကင်းစင်၊
ဓါတ်လေးပါး ထင်ရှားဉာဏ်ပေါ်လွင်။

၃၆။ ကိုယ်ရေသူရေ တွင်းရေပြင်မှာ၊
ဓါတ်လေးပါးရုပ် ဖြစ်ချုပ်မျှသာ၊
စွဲလမ်းဘင်မှား နှစ်ပါးကင်းကွာ၊
မဂ်ဖိုလ်ရောက် မျက်မှောက်ပြုနိဗ္ဗာ။

## ကာယာနုပဿနာ-နဝသိဝထိကပိုင်း

### ပထမပိုင်း

၃၇။ ခန္ဓာကိုယ်တိုင်း မဆိုင်းနာအို၊
သေပြီးနောက်ပိုင်း သင်းချိုင်းစွန့်သို၊
တစ် နှစ် သုံး ရက် ရောက်သက်လျှင်ဆို၊
ဖူးယောင်လျက် ဆင်းပျက်မဲမဲညို၊

၃၈။ ကွဲအက်စုပ်မှ ပုပ်ပွပြည်စို၊
ငါ၏ကိုယ်လဲ မသွဲကျုံလို၊
ဖြစ်မြဲမုချ ဖြစ်ရမည်ကို၊
လွန်နိုင်ဘဲ မမြဲခန္ဓာကိုယ်။

၃၉။ ကိုယ်ရောသူရော တွင်းရောပြင်မှာ၊
ရှုကြောက်ဖွယ်ရပ် ဖြစ်ချုပ်မျှသာ၊
စွဲလမ်းထင်မှား နှစ်ပါးကင်းကွာ၊
မဂ်ဖိုလ်ရောက် မျက်မှောက်ပြုနိဗ္ဗာ။

### ဒုတိယပိုင်း

၄၀။ ခန္ဓာကိုယ်တိုင်း မဆိုင်းနာအို၊
သေပြီးနောက်ပိုင်း သင်းချိုင်းစွန့်သို၊
*သားရဲ ခွေးငှက် ပိုးသက်စားမျို၊
ငါ့ကိုယ်လဲ မလွဲကျုံပုံလို။

---

*သားရဲဟူသည် ခြသေ့်္သစ်ကျားစသည်များကိုဆိုလိုသည်။

၄၁။ ကိုယ်ရော သူရော တွင်းရောပြင်မှာ၊
ရှိကြောက်ဖွယ်ရပ် ဖြစ်ချုပ်မျှသာ၊
စွဲလမ်းထင်မှား နှစ်ပါးကင်းကွာ၊
မဂ်ဖိုလ်ရောက် မျက်မှောက် ပြုနိုဗ္ဗာ။

## တတိယပိုင်း

၄၂။ ခန္ဓာကိုယ်တိုင်း မဆိုင်းနာအို၊
သေပြီးနောက်ပိုင်း သင်းချိုင်းစွန့်သို၊
သားသေ့အကြော ပြွမ်းရောထိုထို၊
ရိုးစုဘဲ ငါလဲ ဤပုံလို၊

၄၃။ ကိုယ်ရောသူရော တွင်းရောပြင်မှာ၊
ရှိကြောက်ဖွယ်ရပ် ဖြစ်ချုပ်မျှသာ၊
စွဲလမ်းထင်မှား နှစ်ပါးကင်းကွာ၊
မဂ်ဖိုလ်ရောက် မျက်မှောက်ပြုနိုဗ္ဗာ။

## စတုတ္ထပိုင်း

၄၄။ ခန္ဓာကိုယ်တိုင်း မဆိုင်းနာအို၊
သေပြီးနောက်ပိုင်း သင်းချိုင်းစွန့်သို၊
သားကင်းသွေးကြော ပြွမ်းရောထိုထို၊
ရိုးစုဘဲ ငါလဲဤပုံလို။

၄၅။ ကိုယ်ရောသူရော တွင်းရောပြင်မှာ၊
ရှိကြောက်ဖွယ်ရပ် ဖြစ်ချုပ်မျှသာ၊

စွဲလမ်းထင်မှား နှစ်ပါးကင်းကွာ၊
မဂ်ဖိုလ်ရောက် မျက်မှောက်ပြုနိဗ္ဗာ။

**ပဉ္စမပိုင်း**

၄၆။ ခန္ဓာကိုယ်တိုင်း မဆိုင်းနာအို၊
သေပြီးနောက်ပိုင်း သင်းချိုင်းစွန့်သို့၊
သားသေးကင်းသော မျှင်ကြောထိုထို၊
ငါ့ကိုယ်လဲ မလွဲဤပုံလို။

၄၇။ ကိုယ်ရောသူရော တွင်းရောပြင်မှာ၊
ရှုကြောက်ဖွယ်ရုပ် ဖြစ်ချုပ်မျှသာ၊
စွဲလမ်းထင်မှား နှစ်ပါးကင်းကွာ၊
မဂ်ဖိုလ်ရောက် မျက်မှောက်ပြုနိဗ္ဗာ၊

**ဆဋ္ဌမပိုင်း**

၄၈။ ခန္ဓာကိုယ်တိုင်း မဆိုင်းနာအို၊
သေပြီးနောက်ပိုင်း သင်းချိုင်းစွန့်သို့၊
သားသေးကြောမဲ့ ကျီးပဲ့ထိုထို၊
ရိုးပြန့်ကြဲ ငါလဲဤပုံလို။

၄၉။ ကိုယ်ရောသူရော တွင်းရောပြင်မှာ၊
ရှုကြောက်ဖွယ်ရုပ် ဖြစ်ချုပ်မျှသာ၊
စွဲလမ်းထင်မှား နှစ်ပါးကင်းကွာ၊
မဂ်ဖိုလ်ရောက် မျက်မှောက်ပြုနိဗ္ဗာ။

## သတ္တမပိုင်း

၅၀။ ခန္ဓာကိုယ်တိုင်း မဆိုင်းနာအို၊
သေပြီးနောက်ပိုင်း သင်းချိုင်းစွန့်သို၊
ခရုသင်းသွေး ဖွေးဖွေးထိုထို၊
ရိုးပြန့်ကြဲ ငါလဲဤပုံလို။

၅၁။ ကိုယ်ရောသူရော တွင်းရောပြင်မှာ၊
ရှုံ့ကြောက်ဖွယ်ရုပ် ဖြစ်ချုပ်မျှသာ၊
စွဲလမ်းထင်မှား နှစ်ပါးကင်းကွာ၊
မဂ်ဖိုလ်ရောက် မျက်မှောက်ပြုနိဗ္ဗာ။

## အဋ္ဌမပိုင်း

၅၂။ ခန္ဓာကိုယ်တိုင်း မဆိုင်းနာအို၊
သေပြီး နောက်ပိုင်း သင်းချိုင်းစွန့်သို၊
တနှစ်ကျော်ပြောင်း ရိုးဟောင်းထိုထို၊
စုပုံတဲ့ ငါလဲဤပုံလို။

၅၃။ ကိုယ်ရောသူရော တွင်းရောပြင်မှာ၊
ရှုံ့ကြောက်ဖွယ်ရုပ် ဖြစ်ချုပ်မျှသာ၊
စွဲလမ်းထင်မှား နှစ်ပါးကင်းကွာ၊
မဂ်ဖိုလ်ရောက် မျက်မှောက်ပြုနိဗ္ဗာ။

## နဝမပိုင်း

၅၄။ ခန္ဓာကိုယ်တိုင်း မဆိုင်းနာအို၊
သေပြီးနောက်ပိုင်း သင်းချိုင်းစွန့်သို၊

ဆွေးမြည့်ပျက်ပြုန်း  မှုန့်ဆုံးထိုထို၊
ရိုးမှုန့်ကြဲ  ငါလဲ ဤပုံလို။

၅၅။ ကိုယ်ရောသူရော  တွင်းရောပြင်မှာ၊
ရှုံကြောက်ပွယ်ရုပ်  ဖြစ်ချုပ်မျှသာ၊
စွဲလမ်းထင်မှား  နှစ်ပါးကင်းကွာ၊
မဂ်ဖိုလ်ရောက်  မျက်မှောက်ပြုနိဗ္ဗာ။

## ဝေဒနာနုပဿနာပိုင်း

၅၆။ သုခခံစား  မှတ်သားသုခါ၊
ဒုက္ခခံစား  မှတ်သား ဒုက္ခါ၊
ဥပေက်ခံစား  မှတ်သားပေက္ခာ၊
မပြတ်တမ်း  မှတ်စမ်းသေအချာ။

၅၇။ ကာမယှဉ်မှု  သု ဒု ပေက္ခာ၊
နေက္ခမယှဉ်မှု  သု ဒု ပေက္ခာ၊
ခန္ဓာပေါ်နှုက်  စိုက်စိုက်ကျလာ၊
မပြတ်တမ်း  မှတ်စမ်းသေအချာ။

၅၈။ ကိုယ်ရောသူရော  တွင်းရောပြင်မှာ၊
ဝေဒနာစက်  ဖြစ်ပျက်မျှသာ၊
စွဲလမ်းထင်မှား  နှစ်ပါးကင်းကွာ၊
မဂ်ဖိုလ်ရောက်  မျက်မှောက်ပြုနိဗ္ဗာ။

## စိတ္တာနုပဿနာပိုင်း

၅၉။ တပ်မက်မမက် စိတ်ဆက်ဆက်ပေါ်၊
စိတ်ဆိုးမဆိုး စိတ်မျိုးလဲပေါ်၊
တွေဝေသိမှား မမှားစိတ်ပေါ်၊
ပေါ်လာတိုင်း မဆိုင်းမှတ်လေနော်။

၆၀။ ပျင်းရိတွန့်ဆုတ် စိတ်ယုတ်ဖြစ်ပေါ်၊
ပြေးသွားလွင့်ပျံ့ စိတ်ညံ့ဖြစ်ပေါ်၊
ဈာန်မဟဂ္ဂုတ် ဟုတ်မဟုတ်ပေါ်၊
ပေါ်လာတိုင်း မဆိုင်းမှတ်လေနော်။

၆၁။ လွန်မြတ်မမြတ် စိတ်ခတ်တွေပေါ်၊
တည်မတည်လတ် စိတ်ခတ်ဖြစ်ပေါ်၊
ကိလေလွတ်ကင်း မကင်းစိတ်ပေါ်၊
ပေါ်လာတိုင်း မဆိုင်းမှတ်လေနော်။

၆၂။ ကိုယ်ရောသူရော တွင်းရောပြင်မှာ၊
စိတ်စဉ်သရုပ် ဖြစ်ချုပ်မျှသာ၊
စွဲလမ်းထင်မှား နှစ်ပါးကင်းကွာ၊
မဂ်ဖိုလ်ရောက် မျက်မှောက်ပြုနိဗ္ဗာ။

## နိဒ္ဒေသဝါရ ဓမ္မာနုပဿနာ နီဝရဏပိုင်းကာမစ္ဆန္ဒ

၆၃။ ကိုယ့်သန္တာန်ဖြစ် ကာမစ္ဆန္ဒာ၊
ဖြစ်နေသည်ဟု မှတ်ပြုသိပါ။

ကိုယ်ဘွင်းမဖြစ် ကာမစ္ဆန္ဒ၊
မဖြစ်ဟု မှတ်ပြုသိစမ်းပါ။

၆၄။ ယခင်မဖြစ် ကာမစ္ဆန္ဒ၊
ယခုအသစ် သူဖြစ်လာရာ၊
အယောနိသော မနေသကြောင်းသာ၊
သတိပြု ကြည့်ရှုမှတ်စမ်းပါ။

၆၅။ ကိုယ့်သန္တာန်ဖြစ် ကာမစ္ဆန္ဒ၊
ပဟာန်နှစ်ဖြင့် ပယ်လှင့်မှုသာ၊
မှန်ယောနိသော မနေသကြောင်းပါ၊
ထိုအကြောင်း ကောင်းကောင်းသိစရာ။

၆၆။ ပဟာန်နှစ်ဖြင့် ပယ်လှင့်မစ္ဆာန်၊
နောင်မဆက်သို့ မင်္ဂလိုဆင့်လှန်၊
အရိယာမင်္ဂကောင်း ထိုကြောင်းအမှန်၊
သတိပြု ကြည့်ရှုမှတ်စေရန်။

## ဗျာပါဒ

၆၇။ ကိုယ့်သန္တာန်ဖြစ် ဆိုးညစ်ဗျာပါ၊
ဖြစ်နေသည်ဟု မှတ်ပြုသိပါ၊
ကိုယ်တွင်းမဖြစ် ဆိုးညစ်ဗျာပါ၊
မဖြစ်ဟု မှတ်ပြုသိစမ်းပါ။

၆၈။ ယခင်မဖြစ် ဆိုးညစ်ဗျာပါ၊
ယခုအသစ် သူဖြစ်လာရာ၊

အယောနိသော မနောကြောင်းသာ၊
သတိပြု ကြည့်ရှုမှတ်စမ်းပါ။

၆၉။ ကိုယ့်သန္တာန်ဖြစ် ဆိုးညစ်ဗျာပါ၊
ပဟာန်နှစ်ဖြင့် ပယ်လှင့်မှုသာ၊
မှန်ယောနိသော မနောကြောင်းပါ၊
ထိုအကြောင်း ကောင်းကောင်းသိစေရာ။

၇၀။ ပဟာန်နှစ်ဖြင့် ပယ်လှင့်ဗျာပါ၊
နောင်မဆက်ဘို့ မဂ်တို့ဆင့်ခွါ၊
အရိယာမဂ်ကောင်း ထိုကြောင်းမှန်စွာ၊
သတိပြု ကြည့်ရှုမှတ်စေရာ။

## ၆န မိဒ္ဓ

၇၁။ ကိုယ်ဘွင်းဖြစ်ရ ထိနမိဒ္ဓါ၊
ဖြစ်နေသည်ဟု မှတ်ပြုသိပါ၊
ကိုယ်တွင်းကင်းပ ထိနမိဒ္ဓါ၊
မဖြစ်ဟု မှတ်ပြုသိစမ်းပါ။

၇၂။ ယခင်ကင်းပ ထိနမိဒ္ဓါ၊
ယခုအသစ် သူဖြစ်လာရာ၊
အယောနိသော မနောကြောင်းသာ၊
ထိုအကြောင်း ကောင်းကောင်းသိစေရာ။

၇၃။ ကိုယ်ထံဖြစ်ရ ထိနမိဒ္ဓါ၊
ပဟာန်နှစ်ဖြင့် ပယ်လှင့်မှုသာ၊

မှန်ယောနိသော   မနောကြောင်းသာ၊
ထိုအကြောင်း   ကောင်းကောင်းသိစရာ။

၇၄။ နှစ်ဖြင့်ပယ်ချ   ထိနမိဒ္ဓါ၊
နောင်မဆက်ဘို့   မဂ်တို့ဆင့်ခွါ၊
အရိယာမဂ်ကောင်း   ထိုကြောင်းမှန်စွာ၊
သတိပြု   ကြည့်ရှုမှတ်စရာ။

## ဥဒ္ဓစ္စ ကုက္ကုစ္စ

၇၅။ ကိုယ့်သန္တာန်ဖြစ်   ဥဒ္ဓစ်ကုက်စာ၊
ဖြစ်နေသည်ဟု   မှတ်ပြုသိပါ၊
ကိုယ်တွင်းမဖြစ်   ဥဒ္ဓစ်ကုက်စာ၊
မဖြစ်ဟု   မှတ်ပြုသိစရာ။

၇၆။ ယခင်မဖြစ်   ဥဒ္ဓစ်ကုက်စာ၊
ယခုအသစ်   သူဖြစ်လာရာ၊
အယောနိသော   မနောကြောင်းသာ၊
ထိုအကြောင်း   ကောင်းကောင်းသိစရာ။

၇၇။ ကိုယ့်သန္တာန်ဖြစ်   ဥဒ္ဓစ်ကုက်စာ၊
ပဟာန်နှစ်ဖြင့်   ပယ်လွှင့်မှုသာ၊
မှန်ယောနိသော   မနောကြောင်းပါ၊
ထိုအကြောင်း   ကောင်းကောင်းသိစရာ။

၇၈။ ပဟာန်ပယ်နှစ် ဥဒ္ဒစ်ကုက်စာ၊
နှောင်မဆက်ဘို့ မဂ်တို့ဆင့်ခွါ၊
အရိယာမဂ်ကောင်း ထိုကြောင်းမှန်စွာ၊
သတိပြု ကြည့်ရှုမှတ်စရာ။

## ဝိစိကိစ္ဆာ

၇၉။ ကိုယ်တွင်းဖြစ်ဘိ ဝိစိကိစ္ဆာ၊
ဖြစ်နေသည်ဟု မှတ်ပြုသိပါ၊
ကိုယ်တွင်းကင်းဘိ ဝိစိကိစ္ဆာ၊
မရှိဟု မှတ်ပြုသိစရာ။

၈၀။ ယခင်မရှိ ဝိစိကိစ္ဆာ၊
ယခုအသစ် သူဖြစ်လာရာ၊
အယောနိသော မနော ကြောင်းသာ၊
သတိပြု ကြည့်ရှုမှတ်စမ်းပါ။

၈၁။ ကိုယ်တွင်းဖြစ်ဘိ ဝိစိကိစ္ဆာ၊
ပဟာန်နှစ်ဖြင့် ပယ်လှင့်မှုသာ၊
မှန်ယောနိသော မနော ကြောင်းပါ၊
ထိုအကြောင်း ကောင်းကောင်းသိစရာ။

၈၂။ ပဟာန်ပယ်ဒွိ ဝိစိကိစ္ဆာ၊
နှောင်မဆက်ဘို့ မဂ်တို့ဆင့်ခွါ၊
အရိယာမဂ်ကောင်း ထိုကြောင်းမှန်စွာ၊
သတိပြု ကြည့်ရှုသိရာ။

၈၃။ ကိုယ်ရောသူရော တွင်းရောပြင်မှာ၊
သဘောသက်သက် ဖြစ်ပျက်မျှသာ။
စွဲလမ်းထင်မှား နှစ်ပါးကင်းကွာ၊
မဂ်ဖိုလ်ရောက် မျက်မှောက်ပြုနိုင်ဗျာ။

## နိဒ္ဒေသဝါရ ဓမ္မာနုပဿနာ ခန္ဓာပိုင်း

၈၄။ ရုပ်ကိုရုပ်ပဲ မလွဲသိမြင်၊
ရုပ်၏ဖြစ်ကြောင်း ကောင်းကောင်းသိမြင်၊
ရုပ်၏ချုပ်ကြောင်း ကောင်းကောင်းသိမြင်၊
ရှုမှတ်ဆဲ ဉာဏ်ထဲယောဂီမြင်။

၈၅။ ဝေကိုဝေဘဲ မလွဲသိမြင်။
ဝေဒနာဖြစ်ကြောင်း ကောင်းကောင်းသိမြင်၊
ဝေဒနာချုပ်ကြောင်း ကောင်းကောင်းသိမြင်၊
ရှုမှတ်ဆဲ ဉာဏ်ထဲယောဂီမြင်။

၈၆။ သည်ကိုသည်ဘဲ မလွဲသိမြင်၊
သညာဖြစ်ကြောင်း ကောင်းကောင်းသိမြင်၊
သညာချုပ်ကြောင်း ကောင်းကောင်းသိမြင်၊
ရှုမှတ်ဆဲ ဉာဏ်ထဲယောဂီမြင်။

၈၇။ သင်္ခါရလဲ မလွဲသိမြင်၊
သင်္ခါဖြစ်ကြောင်း ကောင်းကောင်းသိမြင်၊
သင်္ခါချုပ်ကြောင်း ကောင်းကောင်းသိမြင်၊
ရှုမှတ်ဆဲ ဉာဏ်ထဲယောဂီမြင်။

၈၈။ ဝိညာဏလဲ မလွဲသိမြင်၊
ဝိညာဏ်ဖြစ်ကြောင်း ကောင်းကောင်းသိမြင်၊
ဝိညာဏ်ချုပ်ကြောင်း၊ ကောင်းကောင်းသိမြင်၊
ရှုမှတ်ဆဲ ဉာဏ်ထဲယောဂီမြင်။

၈၉။ ကိုယ်ရောသူရော တွင်းရောပြင်မှာ၊
သဘောသက်သက် ဖြစ်ပျက်မျှသာ၊
စွဲလမ်းထင်မှား နှစ်ပါးကင်းကွာ၊
မဂ်ဖိုလ်ရောက် မျက်မှောက်ပြုနိဗ္ဗာ။

## နိဒ္ဒေသဝါရ ဓမ္မာနုပဿနာ အာယတနပိုင်း

### စက္ခုရူပ သံယောဇန

၉၀။ စက္ခုကိုလဲ မလွဲသိပါ၊
ရူပေကိုလဲ မလွဲသိပါ၊
မျက်စေ့အဆင်း နှစ်သင်းမှီကာ၊
ဖြစ်သံယော ထိုသဘောသိစမ်းပါ။

၉၁။ မဖြစ်သေး သာ သံယောဇနာ၊
တုပ်နှောင်ချိရစ် ပေါ်ဖြစ်လာရာ၊
အယောနိသော မနောကြောင်းသာ၊
ထိုအကြောင်း ကောင်းကောင်းသိစရာ။

၉၂။ ဖြစ်ပေါ်လာသော သံယောဇနာ၊
ပဟာန်နှင့်ဖြင့် ပယ်လွှင့်နိုင်သာ၊

မှန်ယောနိသော မနောကြောင်းပါ၊
ထိုအကြောင်း ကောင်းကောင်းသိစရာ။

၉၃။ ပဟာန်နှစ်ဖြင့် ပယ်လှင့်ယောဇဉ်၊
နောင်မဆက်ဘို့ မဂ်တို့ဆင့်နှင်၊
အရိယာမဂ်ကောင်း ထိုအကြောင်းပင်၊
သတိပြု ကြည့်ရှုသိစေချင်။

**သောတသဒ္ဒ သံယောဇန**

၉၄။ သောတကိုလဲ မလှဲသိပါ၊
သဒ္ဒေကိုလဲ မလှဲသိပါ၊
အသံနှင့်နား နှစ်ပါးမှီကာ၊
ဖြစ်သံယော ထိုသဘောသိစမ်းပါ။
(ကျန် ၃-ပုဒ် တူပြီ)

**ဃာန ဂန္ဓ သံယောဇန**

၉၅။ ဃာနကိုလဲ မလှဲသိပါ၊
ဂန္ဓေကိုလဲ မလှဲသိပါ၊
အနံ့နှာခေါင်း ၂ပေါင်းမှီကာ၊
ဖြစ်သံယော ထိုသဘောသိစမ်းပါ။
(ကျန် ၃-ပုဒ် တူပြီ)

**ဇိဝှါရသ သံယောဇန**

၉၆။ ဇိဝှါကိုလဲ မလှဲသိပါ၊
ရသေကိုလဲ မလှဲသိပါ၊

လျှာ အာဟာရ နှစ်ဝမ်းမှီကာ၊
ဖြစ်သံယော ထိုသဘောသိစမ်းပါ။

(ကျန် ၃-ပုဒ် တူပြီ)

**ကာယဖော်ဋ္ဌဗ္ဗ သံယောဇန်**

၆၇။ ကာယကိုလဲ မလွဲသိပါ၊
ဖော်ဋ္ဌဗ္ဗလဲ မလွဲသိပါ၊
ကိုယ်နှင့်တွေ့မှု နှစ်ခုမှီကာ၊
ဖြစ်သံယော ထိုသဘောသိစမ်းပါ။

(ကျန် ၃-ပုဒ် တူပြီ)

**မနဓမ္မ သံယောဇန်**

၆၈။ မနကိုလဲ မလွဲသိပါ၊
ဓမ္မကိုလဲ မလွဲသိပါ၊
မနဓမ္မ နှစ်ဝမှီကာ၊
ဖြစ်သံယော ထိုသဘောသိစမ်းပါ။

(ကျန် ၃-ပုဒ် တူပြီ)

၆၉။ ကိုယ်ရောသူရော တွင်းရောပြင်မှာ၊
သဘောသက်သက် ဖြစ်ပျက်မျှသာ၊
ငါ့လား သင်မှား နှစ်ပါးကင်းကာ၊
မဂ်ဖိုလ်ရောက် မျက်မှောက်ပြုနိဗ္ဗာ။

## နိဒ္ဒေသ ဝါရ ဓမ္မာနုပဿနာ ဗောဇ္ဈင်ပိုင်း

### သတိသမ္ဗောဇ္ဈင်

၁၀၀။ ကိုယ့်မှာဖြစ်တဲ့ သတိဗောဇ္ဈင်၊
ရှိနေသည်ဟု မှတ်ပြုသိအောင်၊
ကိုယ့်မဖြစ်တဲ့ သတိဗောဇ္ဈင်၊
မရှိဟု မှတ်ပြုသိစေချင်။

၁၀၁။ မဖြစ်သေးတဲ့ သတိဗောဇ္ဈင်၊
ဖြစ်ပေါ်လာသတ် မှန်မြတ်ကြည်လင်၊
မှန်ယောနိသော မနောကြောင်းပင်၊
ထိုအကြောင်း ကောင်းကောင်းသိစေချင်။

၁၀၂။ ဖြစ်ပေါ်ပြီးရှိ သတိဗောဇ္ဈင်၊
လုံးစုံသက်ဝန်း ပွါးထွန်းစုံလင်၊
အရိယာမဂ်ကောင်း ထိုကြောင်းမှန်ပင်၊
သတိပြု ကြည့်ရှုသိစေချင်။

### ဓမ္မဝိစယ သမ္ဗောဇ္ဈင်

၁၀၃။ ကိုယ့်မှာဖြစ်ရ ဓမ္မဗောဇ္ဈင်၊
ရှိနေသည်ဟု မှတ်ပြုသိအောင်၊
ကိုယ့်မဖြစ်က ဓမ္မဗောဇ္ဈင်၊
မရှိဟု မှတ်ပြုသိစေချင်။

## ဒေသနာကြေးမုံ ဆောင်ပုဒ်များ

၁၀၄။ မဖြစ်သေးရ ဓမ္မဗေဒါချင်၊
ဖြစ်ပေါ်လာလတ် မှန်မြတ်ကြည်လင်၊
မှန်ယောနိသော မနောကြောင်းပင်၊
ထိုအကြောင်း ကောင်းကောင်းသိစေချင်။

၁၀၅။ ဖြစ်ပေါ်ပြီးရ ဓမ္မဗေဒါချင်၊
လုံးစုံထက်ဝန်း ပွါးထွန်းစုံလင်၊
အရိယာမဂ်ကောင်း ထိုကြောင်းမှန်ပင်၊
သတိပြု ကြည့်ရှုသိစေချင်။

## ဝိရိယ သမ္ဗောဇ္ဈင်

၁၀၆။ ကိုယ့်မှာဖြစ်တိ ဝိရိယဗေဒါချင်၊
ရှိနေသည်ဟု မှတ်ပြုသိအောင်၊
ကိုယ့်မဖြစ်တိ ဝိရိယဗေဒါချင်၊
မရှိဟု မှတ်ပြုသိစေချင်၊

၁၀၇။ မဖြစ်သေးတိ ဝိရိယဗေဒါချင်၊
ဖြစ်ပေါ်လာလတ် မှန်မြတ်ကြည်လင်၊
မှန်ယောနိသော မနောကြောင်းပင်၊
ထိုအကြောင်း ကောင်းကောင်းသိစေချင်။

၁၀၈။ ဖြစ်ပေါ်ပြီးရှိ ဝိရိယဗေဒါချင်၊
လုံးစုံထက်ဝန်း ပွါးထွန်းစုံလင်၊
အရိယာမဂ်ကောင်း ထိုကြောင်းမှန်ပင်၊
သတိပြု ကြည့်ရှုသိစေချင်။

## ပီတိသမ္ဗောဇ္ဈင်

၁၀၉။ ကိုယ့်မှာဖြစ်တဲ့ ပီတိဗောဇ္ဈင်၊
ရှိနေသည်ဟု မှတ်ပြုသိအောင်၊
ကိုယ့်မှာမဖြစ်ဘဲ ပီတိဗောဇ္ဈင်၊
မရှိဟု မှတ်ပြုသိစေချင်။

၁၁၀။ မဖြစ်သေးတဲ့ ပီတိဗောဇ္ဈင်၊
ဖြစ်ပေါ်လာလတ် မှန်မြတ်ကြည်လင်၊
မှန်ယောနိုသော မနောကြောင်းပင်၊
ထိုအကြောင်း ကောင်းကောင်းသိစေချင်။

၁၁၁။ ဖြစ်ပေါ်ပြီးရှိ ပီတိဗောဇ္ဈင်၊
လုံးစုံသက်ဝန်း ပွါးထွန်းစုံလင်၊
အရိယာမဂ်ကောင်း ထိုကြောင်းမှန်ပင်၊
သတိပြု ကြည့်ရှုသိစေချင်။

## ပဿဒ္ဓိ သမ္ဗောဇ္ဈင်

၁၁၂။ ကိုယ့်မှာဖြစ်တဲ့ ပဿဒ္ဓိ ဗောဇ္ဈင်၊
ရှိနေသည်ဟု မှတ်ပြုသိအောင်၊
ကိုယ့်မဖြစ်ဘဲ ပဿဒ္ဓိဗောဇ္ဈင်၊
မရှိဟု မှတ်ပြုသိစေချင်။

၁၁၃။ မဖြစ်သေးတဲ့ ပဿဒ္ဓိဗောဇ္ဈင်၊
ဖြစ်ပေါ်လာလတ် မှန်မြတ်ကြည်လင်၊

မုန့်ယောနိသော မနောကြောင်းပင်၊
ထိုအကြောင်း ကောင်းကောင်းသိစေချင်။

၁၁၄။ ဖြစ်ပေါ်ပြီးရှိ ပဿဒ္ဓိဗောဇ္ဈင်၊
လုံးစုံထက်ဝန်း ပွါးထွန်းစုံလင်၊
အရိယာမဂ်ကောင်း ထိုကြောင်းမှန်ပင်၊
သတိပြု ကြည့်ရှုသိစေချင်။

## သမာဓိ သမ္ဗောဇ္ဈင်

၁၁၅။ ကိုယ့်မှာဖြစ်တဲ့ သမာဓိဗောဇ္ဈင်၊
ရှိနေသည်ဟု မှတ်ပြုသိအောင်၊
ကိုယ့်မဖြစ်တဲ့ သမာဓိဗောဇ္ဈင်၊
မရှိဟု မှတ်ပြုသိစေချင်။

၁၁၆။ မဖြစ်သေးတဲ့ သမာဓိဗောဇ္ဈင်၊
ဖြစ်ပေါ်လာလတ် မှန်မြတ်ကြည်လင်၊
မှန့်ယောနိသော မနောကြောင်းပင်၊
ထိုအကြောင်း ကောင်းကောင်းသိစေချင်။

၁၁၇။ ဖြစ်ပေါ်ပြီးရှိ သမာဓိဗောဇ္ဈင်၊
လုံးစုံထက်ဝန်း ပွါးထွန်းစုံလင်၊
အရိယာမဂ်ကောင်း ထိုကြောင်းမှန်ပင်၊
သတိပြု ကြည့်ရှုသိစေချင်။

## ဥပေက္ခာသမ္ဗောဇ္ဈင်ပိုင်း

၁၁၈။ ကိုယ့်သန္တာန်ဖြစ် ဥပေက်ဗောဇ္ဈင်၊
ရှိနေသည်ဟု မှတ်ပြုသိအင်၊
ကိုယ့်မှာမဖြစ် ဥပေက်ဗောဇ္ဈင်။
မရှိဟု မှတ်ပြုသိစေချင်။

၁၁၉။ ယခင်မဖြစ် ဥပေက်ဗောဇ္ဈင်၊
ယခုဖြစ်လတ် မှန်မြတ်ကြည်လင်၊
မှန်ယောနိသော မနောကြောင်းပင်၊
ထိုအကြောင်း ကောင်းကောင်းသိစေချင်။

၁၂၀။ ဖြစ်ပြီးစင်စစ် ဥပေက်ဗောဇ္ဈင်၊
လုံးစုံသက်ဝန်း ပွါးထွန်းစုံလင်၊
အရိယာမဂ်ကြောင်း ထိုကြောင်းမှန်ပင်၊
သတိပြု ကြည့်ရှုသိစေချင်။

၁၂၁။ ကိုယ်ရောသူရော တွင်းရောပြင်မှာ၊
သဘောသက်သက် ဖြစ်ပျက်မျှသာ၊
စွဲလမ်းထင်မှား နှစ်ပါးကင်းကွာ၊
မဂ်ဖိုလ်ရောက် မျက်မှောက်ပြုနိဗ္ဗာ။

## ဥဒ္ဒေသဝါရ ဓမ္မာနုပဿနာ သစ္စာပိုင်း

၁၂၂။ ဖြစ်ပျက်သင်္ခါရ ဒုက္ခသစ္စာ၊
တပ်မက်တဏှာက သမုဒယ သစ္စာ၊

ဖြစ်ပျက်ဆုံးက နိရောဓသစ္စာ၊
မှန်ရှစ်ပါး ပွါးများမဂ်သစ္စာ။

## နိဒ္ဒေသဝါရ ဓမ္မာနုပဿနာ သစ္စာပိုင်း

### ဒုက္ခသစ္စာ မာတိကာ

၁၂၃။ အသစ်ဖြစ်ရ အိုရသေရာ၊
စိုးရိမ်ပူဆေး ငိုကြွေးမြည်ကာ၊
ကိုယ်စိတ်သွီးနွမ်း ပင်ပန်းကြီးစွာ၊
ဆင်းရဲဒုက္ခ မိန့်ပြုမြတ်ဗုဒ္ဓါ။

၁၂၄။ မနှစ်သက်မုန်း ကုန်လုံးသတ္တာ၊
အာရုံဝတ္ထု စုစုသင်္ခါရာ၊
ချင်းချင်းပေါင်းဆုံတွဲ မှီခြင်းရာ၊
ဆင်းရဲဟု မိန့်ပြုမြတ်ဗုဒ္ဓါ။

၁၂၅။ ချစ်နှစ်သက်ဆို ကုန်လုံးသတ္တာ၊
အာရုံဝတ္ထု စုစုသင်္ခါရာ၊
ချင်းချင်းကွာကွဲ ခွါရဲခြင်းရာ၊
ဆင်းရဲဟု မိန့်ပြုမြတ်ဗုဒ္ဓါ။

၁၂၆။ တဏှာတောင့်တ မရလိုရာ၊
ကြောင်းမဲ့သက်သက် တပ်မက်ခါခါ၊
မရနိုင်ဘဲ စွဲမြဲခြင်းရာ၊
ဆင်းရဲစု ငါးခု ဉပါဒါနက္ခန္ဓာ။

## ပဒ္ဒိုသန္ဒေ ဆင်းရဲ

၁၂၇။ ဇာတိဒုက္ခ ထုတ်ပြဗုဒ္ဓါ၊
ထိုထိုသတ္တာ စစဘုံမှာ၊
ရှေးဦးစွာပ ဖြစ်ရဖန်တပြာ၊
ပြည့်စုံဝ ဖြစ်ရခါခါ။

၁၂၈။ အမိဝမ်းတွင်း ဥဘွင်းထဲမှာ၊
ကိန်းအောင်းဝင်သက် မှီလျက်နေရာ၊
ဘွားကနဲပြုံး ကိုယ်လုံးဖြစ်ရာ၊
သန္ဒေ့စွဲ ဆင်းရဲများစွာပါ။

၁၂၉။ ခန္ဓာအများ ဖြစ်ပွါးဖုံဖုံး
အာယတန ပုနပွါးပုံ၊
သံသရာတွင်း ဖြစ်ခြင်းအကုန်၊
သန္ဒေ့စွဲ ဆင်းရဲအလုံးစုံ၊

## ဇရာ ဆင်းရဲ

၁၃၀။ ဇရာဒုက္ခ ထုတ်ပြဗုဒ္ဓါ၊
ထိုထိုသတ္တာ စ စဘုံမှာ၊
မခိုင်သွားကျိုး ရုပ်ဆိုးလိုသာ၊
ဆံဖြူငြား ရေသားတွန့်ပြန့်ရာ။

၁၃၁။ အသက်နာခံရုပ် ဆုတ်ယုတ်တထွေ၊
စက္ခုစသား ထင်ရှားဣန္ဒြေ၊
ရင့်ရော်ထုံထိုင်း မှုန်မှိုင်းနွဲ့တေ၊
ဇရာဘဲ ဆင်းရဲအမှန်ပေ၊

## မရဏ ဆင်းရဲ

၁၃၂။ သေခြင်းဒုက္ခ ထုတ်ပြဗုဒ္ဓါ၊
ထိုထိုသတ္တာ ဘုံမှစုန့်ခွါ၊
စုတေသဘော ရွှေ့လျောမှုရော၊
ပျက်ကွယ်သုဉ်း သေဆုံးဆင်းရဲပါ၊
၁၃၃။ သေခြင်းကိုပြု ပျက်မှုခန္ဓာ၊
အခလောင်းကောင်ညစ် ငွေ့ပစ်ရွေ့ခွါ၊
အသက်လွှတ်ကင်း စင်းစင်းပယ်ကွာ၊
မရဏ ဒုက္ခအမှန်ပါ။

## သောက ဆင်းရဲ

၁၃၄။ သောက ဒုက္ခ ထုတ်ပြဗုဒ္ဓါ၊
ဉာတိ ဘောဂ ရောဂ သီလာ၊
ဒိဋ္ဌိငါးဝ ဗျသနပါ၊
တပါးပါး တွေ့ကြုံသောခါ၊
၁၃၅။ ဖြစ်ရပျက်ရ ဒုက္ခထဲတွင်၊
တခုခုနှင့် တွေ့သင့်ကြုံလျှင်၊
စိုးရိမ်ပူဆွေး တနွေးနွေးပင်၊
အတွင်းနှိုက် လိုက်လိုက်ဆွေးပူအင်း။

## ပရိဒေဝ ဆင်းရဲ

၁၃၆။ ငိုကြွေးဒုက္ခ ထုတ်ပြဗုဒ္ဓါ၊
ဉာတိဘောဂ ရောဂ သီလာ၊

ဒိဋ္ဌိ-ငါး၁ ဗျာသနပါ၊
တပါးပါး တွေ့ကြုံသော၁ ပါ။

၁၃၇။ ဖြစ်ရပျက်ရ ဒုက္ခထဲတွင်၊
တခုခုနှင့် တွေ့သင့်ကြုံလျှင်၊
ပျက်စီးပုံမှန်း မြည်တမ်းလိုပင်၊
ကျေးဇူးများ ပြောကြားငိုယိုအင်။

## ဒုက္ခ ဒုက္ခ ဆင်းရဲ

၁၃၈။ ဒုက္ခဒုက္ခ ထုတ်ပြဗုဒ္ဓါ၊
ကိုယ်သဲ့ဖြစ် စင်စစ်ဒုက္ခာ၊
မသာယာချက် တွေ့တွက်လဲပါ၊
မကောင်းများ ခံစားကိုယ်ဒုက္ခာ။

## ဒေါမနဿ ဆင်းရဲ

၁၃၉။ ဒေါမနဒုက္ခ ထုတ်ပြဗုဒ္ဓါ၊
စိတ်ထဲ့ဖြစ် စင်စစ်ဒုက္ခာ၊
မသာယာချက် တွေ့တွက်လဲပါ၊
မကောင်းများ ခံစားစိတ်ဒုက္ခာ။

## ဥပါယာသ ဆင်းရဲ

၁၄၀။ ဥပါဒုက္ခ ထုတ်ပြဗုဒ္ဓါ၊
ဉာတိ ဘောဂ ရောဂ သီလာ၊

ဒိဋ္ဌိ–ငါး၁   ဗျသနပါ၊
တပါးပါး   တွေ့ငြားကြုံသောခါ။

၁၄၁။ ဖြစ်ရပျက်ရ   ဒုက္ခထဲတွင်၊
တခုခုနှင့်   တွေ့သင့်ကြုံလျှင်၊
စိတ်ညှိုးလွန်နွမ်း   ပင်ပန်းပူပင်၊
နောက်သပ်ကွန့်   လွန်လွန့်ပူပြင်းနင်။

## အပ္ပိယေဟိ သမ္ပယောဂ ဆင်းရဲ

၁၄၂။ အပိ ဒုက္ခ   ဗုဒ္ဓမိန့်ပုံ၊
မလိုမချစ်   မနှစ်သက်စုံ၊
မမြတ်နိုးတဲ့   ခြောက်ဖွဲ့အာရုံ၊
တူယှဉ်တွဲ   ဆင်းရဲအစစ်ကြုံ။

၁၄၃။ မိမိကိုတဲ့   ကျိုးမဲ့လိုသူ၊
စီးပွါးမဲ့များ   လိုလားနေသူ၊
မချမ်းသာခြင်း   လိုပြင်းနေသူ၊
ဘေးရန်များ   လိုလားနေသောသူ၊

၁၄၄။ ထိုသူများနှင့်   မလင့်မခြော်၊
ကြုံရဆုံရ   တွေ့ရသနော်၊
ရောနှောယှဉ်တွဲ   မှီဝဲရသော်၊
ပူဆင်းရဲ   မှန်ဘဲသိရန်ပေါ်။

## ပိယေဟိ ဝိပ္ပယောဂ ဆင်းရဲ

၁၄၅။ ပိယဒုက္ခ ဗုဒ္ဓမိန့်ပုံ၊
လိုသောနှစ်သက် စုမက်ချစ်ယုံ၊
ပြောင်နိုးနေတဲ့ ခြောက်ဖွဲ့အာရုံ၊
မယှဉ်ဘဲ ဆင်းရဲအစစ်ပုံ။

၁၄၆။ မိဘဆွေးရင်း မွေးချင်းစုံစွာ၊
ဆွေးသားမစပ် ခင်အပ်-မိတ္တာ၊
ဆွေးသားမစပ် ပေါင်းအပ်-အမစ္စာ၊
ဆွေးသားစပ် တပ်ထပ်ဆွေမျိုးပါ။

၁၄၇။ ထိုသူများနှင့် တွေ့ခွင့်လိုရာ၊
မကြုံဆုံဘဲ ခွာခွဲရပါ၊
ရောနှောယှဉ်ဘဲ မှီခဲကင်းကွာ၊
ပူဆင်းရဲ မှန်ဘဲသိစရာ။

## လိုဒါမရ ဆင်းရဲ

၁၄၈။ လိုတာ မရ ဖြစ်ရသန္ဓေ၊
အသစ်ဘဝ ဖြစ်ရသလေ၊
မဖြစ်မှုက ကောင်းစွမြှော်နေ၊
ငါ့ဘုံမှောက် မရောက်ကောင်းစွပေ။

၁၄၉။ ဤသို့တောင့်တ မရလိုရာ၊
တောင့်တသော်လဲ ဖြစ်မြဲဖြစ်လာ၊

တောင့်တရုံမျှ မရနိုင်ရာ၊
မြတ်ဘုရား မိန့်ကြားဆင်းရဲပါ။

ဇရာ

၁၅၀။ လိုဘ မရ ဖြစ်ရ အိုအို၊
ဇရာသဘော အိုသောဖြစ်ကို၊
မဖြစ်မူဘ ပြောင်ကောင်းစွလို၊
ငါ့ထံမှောက် မရောက်ကောင်းမှာကို။

၁၅၁။ ဤသို့တောင့်တ မရလို့ရာ၊
တောင့်တသော်လဲ ဖြစ်မြဲဖြစ်လာ၊
တောင့်တရုံမျှ မရနိုင်ရာ၊
မြတ်ဘုရား မိန့်ကြားဆင်းရဲပါ။

ဗျာဓိ

၁၅၂။ လိုဘရ ဖြစ်ရ နာပို၊
ဗျာဓိသဘော နာသောဖြစ်ကို၊
မဖြစ်မူဘ ပြောင်ကောင်းစွလို၊
ငါ့ထံမှောက် မရောက်ကောင်းမှာကို။

၁၅၃။ ဤသို့တောင့်တ မရလို့ရာ၊
တောင့်တသော်လဲ ဖြစ်မြဲဖြစ်လာ၊
တောင့်တရုံမျှ မရနိုင်ရာ၊
မြတ်ဘုရား မိန့်ကြားဆင်းရဲပါ။

## မရဏ

၁၅၄။ လိုတမရ ဖြစ်ရသေပို၊
မရဏာ၌ သေတဲ့ဖြစ်ကို၊
မဖြစ်မူက သြော်ကောင်းစွလို၊
ငါ့ထံမှောက် မရောက်ကောင်းမှာကို။

၁၅၅။ ဤသို့တောင့်တ မရလိုရာ၊
တောင့်တသော်လဲ ဖြစ်မဲ့ဖြစ်လာ၊
တောင့်တရုံမျှ မရနိုင်ရာ၊
မြတ်ဘုရား မိန့်ကြားဆင်းရဲပါ။

## သောက စသည်

၁၅၆။ လိုတမရ ဖြစ်ရထိုထို၊
စိုးရိမ်ပူဆွေး ငိုကြွေးဟစ်ဆို၊
ကိုယ်စိတ်ညှိုးနွမ်း ပင်ပန်းပူပို၊
ပေါင်းငါးပါး ငါ့အားမရောက်လို၊

၁၅၇။ ဤသို့တောင့်တ မရလိုရာ၊
တောင့်တသော်လဲ ဖြစ်မဲ့ဖြစ်လာ၊
တောင့်တရုံမျှ မရနိုင်ရာ၊
မြတ်ဘုရား မိန့်ကြားဆင်းရဲပါ၊

၁၅၈။ အကျဉ်းချုပ်မျှ ဒုက္ခဆိုဒါ၊
စွဲလမ်းနိုင်တဲ့ ငါးဖွဲ့ခန္ဓာ၊
ဖောက်ပြန်ခံဘေး မှတ်သားပြုရာ၊
သိမှုဘဲ ဝေခွဲသေချာ။

## နိဒ္ဒေသဝါရ ဓမ္မာနုပဿနာ သမုဒယသစ္စာပိုင်း

၁၅၉။ သမုဒယ ဗုဒ္ဓမိန့်သည်၊
ဆာလောင်တော်မွတ် ငြိကပ်ထင်သည်၊
ဘဝအသစ် သူဖြစ်တတ်သည်၊
အာရုံတိုင်း မဆိုင်းခံပျော်သည်။

၁၆၀။ တဏှာသရုပ် ခွဲထုတ်ပေမည်၊
ကာမဘဝ ဝိဘဝတည်၊
တဏှာသုံးပါး ထင်ရှားစုံညီ၊
မြတ်ဘုရား ဟောကြားမိန့်မြွက်သည်။

၁၆၁။ ကာမ ငါးချက် တပ်မက်စွဲလျှင်၊
ကာမတဏှာဘဲ မှတ်စွဲစေချင်၊
ဈာန်ဘဝတပ် သဿတယှဉ်၊
သမုတ်ရ ဘဝတဏှာပင်။

၁၆၂။ နောက်ဘဝကင်း မှားယွင်းထင်မြင်၊
ဥစ္ဆေဒ၏ ဒိဋ္ဌိနှင့်ယှဉ်၊
လိုလိုပြုတ်မှု ရှေးရှုခံမင်၊
သမုတ်ရ ဝိဘဝ တဏှာပင်။

၁၆၃။ ထိုတဏှာသွါး သုံးပါးစုံသည်၊
ဖြစ်ပြွားသော်လတ် ဘယ်ရပ်ဖြစ်မည်၊

သက်ဝင်ကိန်းလတ် ဘယ်ရပ်ကိန်းမည်၊
အမေးပုဒ် ဖွေထုတ်ဆိုလိုက်သည်။

၁၆၄။ ထိုဘဏ္ဍာသွါး သုံးပါးစုံဟာ၊
ချစ်နှစ်သက်သော သဘောရှိရာ၊
များသင်္ခါရ လောကဋ္ဌသာ။
အမှန်ဖြစ် စင်စစ်ကိန်းနိုင်ဒါ၊

၁၆၅။ ချစ်နှစ်သက်သော သဘောရှိရာ၊
များသင်္ခါရ လောကဆိုဒါ၊
ဘယ်တရားလဲ ဝေခွဲလို့သာ၊
သိစေဘို့ ဤသို့ညွှန်ပြရာ။

၁၆၆။ စက္ခုသောတ ဃာနဇိဝှါ၊
ကာယမန တွင်းကခြောက်ဖြာ၊
ရူပသဒ္ဒ ဂန္ဓရသာ၊
ဖေါဋ္ဌဗ္ဗ ဓမ္မပြင်ခြောက်ဖြာ။

၁၆၇။ စက္ခုအစ မနဆုံးသော်၊
ဝိညာဏကား ခြောက်ပါးမှည့်ခေါ်၊
သမ္ဖဿက ခြောက်ဝပါနော်၊
ဝေဒနာလဲ ခြောက်ဘဲသိဘို့ဖေါ်။

၁၆၈။ ရူပအစ ဓမ္မဆုံးသော်၊
မှတ်သညာကား ခြောက်ပါးမည့်ခေါ်၊

သဒ္ဓေတနာ   ခြောက်ဝပါနော်၊
တဏှာလဲ   ခြောက်ဘဲသိဘို့ပေါ်။
၁၆၉။ ရူပအစ   ဓမ္မဆုံးသော်၊
ဝိတက်တရား   ခြောက်ပါးမှည့်ခေါ်၊
ဝိစာရလဲ   ခြောက်ဘဲမှည့်ခေါ်၊
သင်္ခါရ   ဗုဒ္ဓမိန့်ညွှန်းပေါ်။
၁၇၀။ ထိုသင်္ခါရ   လောက၌သာ၊
တဏှာသုံးမျိုး   ဖြစ်တိုးကိန်းကာ၊
သံသရာနက်   ဆက်ဆက်လည်ရာ၊
ဒုက္ခဘေး   မခန်းတွေ့ကြောင်းပါ။

## နိဒ္ဒေသဝါရ ဓမ္မာနုပဿနာ နိရောဓ သစ္စာပိုင်း

၁၇၁။ ဒုက္ခနိရောဓ   မိန့်ဟောဗုဒ္ဓေ၊
ကြွင်းမဲ့ချုပ်လျှင်း   ငတ်ပြင်းတကျေ၊
အကြွင်းမဲ့ပျက်   စွန့်ထွက်လွတ်စေ၊
ထုတ်လွှတ်ဘိ   မငြိမဘွယ်ပေ။
၁၇၂။ တဏှာသရုပ်   ခွဲထုတ်စေမည်၊
ကာမဘဝ   ဝိဘဝတည်၊
တဏှာသုံးပါး   ထင်ရှားစုံသိ၊
မြတ်ဘုရား   ဟောကြားမိန့်မြွက်သည်။
၁၇၃။ ကာမငါးချက်   တပ်မက်စွဲလျှင်၊
ကာမတဏှာဘဲ   မှတ်စွဲစေချင်၊
ဈာန်ဘဝတပ်   သဿတယှဉ်၊
သမုတ်ရ   ဘဝတဏှာပင်။

၁၇၄။ နောက်ဘဝကင်း မှာ ယွင်းထင်မြင်၊
ဥစ္ဆေဒ၏ ဒိဋ္ဌိနှင့်ယှဉ်
လိုလို့ပြတ်မှု ရှေးရှုခင်မင်၊
သမုတ်ရ ဝိဘဝတဏှာပင်။

၁၇၅။ ထိုတဏှာသွား သုံးပါးစုံသည်၊
ပယ်ခြားသော်လတ် ဘယ်ရပ်ပယ်မည်၊
ချုပ်ခြားသော်လတ် ဘယ်ရပ်ချုပ်မည်၊
အမေးပုဒ် ဖွေထုတ်ဆိုလိုက်သည်။

၁၇၆။ ထိုတဏှာသွား သုံးပါးစုံဟာ၊
ချစ်နှစ်သက်သော သဘောရှိရာ၊
များသင်္ခါရ လောက၌သာ၊
ပစ်ပယ်ဖြုတ် အဟုတ်ချုပ်နိုင်ဒါ။

၁၇၇။ ချစ်နှစ်သက်သော သဘောရှိရာ၊
များသင်္ခါရ လောကဆိုဒါ၊
ဘယ်တရားလဲ ဝေခွဲလို့သာ၊
သိစေဘို့ ဤသို့ညွှန်ပြရာ။

၁၇၈။ စက္ခုသောတ ဃာနဇိဝှါ၊
ကာယမန တွင်းကခြောက်ဖြာ၊
ရူပ သဒ္ဒ ဂန္ဓရသာ၊
ဖေါဋ္ဌဗ္ဗ ဓမ္မ ပြင်ခြောက်ဖြာ။

၁၇၉။ စက္ခုအစ မနဆုံးသော်၊
ဝိညာဏအား ခြောက်ပါး မှည့်ခေါ်၊

သမ္မာသာက ခြောက်ဝပါနော်၊
ဝေဒနာလဲ ခြောက်ဘဲသိဘို့ပေါ့။

၁၀၀။ ရုပအစ မမွဆုံးသော်၊
မှတ်သညာကား ခြောက်ပါးမှည့်ခေါ်၊
သဥ္စေတန ခြောက်ဝပါနော်၊
တဏှာလဲ ခြောက်ဘဲသိဘို့ပေါ့။

၁၀၁။ ရုပအစ မမွဆုံးသော်၊
ဝိတက်တရား ခြောက်ပါးပါနော်၊
ဝိစာရလဲ ခြောက်ဘဲမှည့်ခေါ်၊
သခ်ါရ ပုဒ္ဒမိန့်ညွှန်းပေါ့။

၁၀၂။ ထိုသခ်ါရ လောကဉ္စသာ၊
တဏှာသုံးယုတ် ဖြစ်ချုပ်ကွယ်ရာ၊
သံသရာစက် ဆက်ဆက်ဖြတ်ကာ၊
ဒုက္ခဘေး ငြိမ်းအေးမှန်ဆုံးပါ။

## နိဒ္ဒေသဝါရ ခမ္မာနုပဿနာ မဂ္ဂသစ္စာပိုင်း

၁၀၃။ မဂ္ဂသစ္စ ပုဒ္ဒမိန့်ချေ၊
ဖြစ်ကြောင့်ခြင့်မြတ် ကင်းပြတ်ကိုလေ။
အရိယာမဂ်ကြောင်း လမ်းကောင်းမှန်ပေ၊
မှန်တရား ရှစ်ပါးသိဖွယ်ဖွေ။

၁၀၂။ မှန်စွာငြင်သိ ကြံမှိုမှန်ကန်၊*
မှန်စွာပြောပြု ရာနှူလမ်းမှန်၊
မှန်စွာကြောင့်ကြ မှတ်ရမှန်ကန်။
ရှူးစိုက်ကပ် ရှစ်ရပ် မဂ်လမ်းမှန်။

## သမ္မာဒိဋ္ဌိ

၁၀၃။ ဆင်းရဲများလှ ဒုက္ခသစ္စာ၊
ဆင်းရဲကြောင်းက သမုဒယသစ္စာ၊
ဆင်းရဲချုပ်က နိရောဓသစ္စာ၊
ဆင်းရဲအေး လမ်းပေးမဂ်သစ္စာ၊

## သမ္မာသင်္ကပ္ပ

၁၀၄။ ကာမဂုဏ်လုံး ရှုံမုန်းလို့သာ၊
ကာမဂုဏ်မှ ထွက်ရဘို့ရာ၊
ကြံစည်တွေးတော သဘောကောင်းဟာ၊
နေက္ခမ ခေါ်ရသင်္ကပ္ပါ။

၁၀၅။ ဗျာပါဒနှင့် မသင့်ပါလာ၊
သတ္တဝါပေါ်း အေးကြောင်းမေတ္တာ၊

---

* ဤဆောင်ပုဒ်ကို မဟာစည်ဓမ္မဒေသနာ ဆောင်ပုဒ်များမှ ထုတ်ဖေါ်သည်။

ကြံစည်တွေးတော သဘောကောင်းဟာ၊
ဖျက်ဆီးကင်း ခေါ်ခြင်းသက်ပွါ။

၁၈၈။ ဝိဟိံသနှင့် မသင့်ဖီလာ၊
သတ္တဝါများ သနားဂရုဏာ၊
ကြံစည်ပွါးသော သဘောကောင်းဟာ၊
ညှဉ်းဆဲကင်း ခေါ်ခြင်းသက်ပွါ။

## သမ္မာဝါစာ

၁၈၉။ မုသားမပြော ဂုံးချောကင်းကွာ၊
ကြမ်းကြမ်းမပြော ဖျင်းပြောပယ်ခွါ၊
မှန်စေ့စပ်ရိုး နူးကျိုးနှင့်ပါ၊
ပြောဆိုက သမ္မာဝါစာပါ။

## သမ္မာကမ္မန္တ

၁၉၀။ အသက်သတ်ခြင်း လွှတ်ကင်းရှောင်ခွါ၊
ဥစ္စာခိုးမှု မပြုလုပ်ပါ၊
သူ့သားမယား ပြစ်မှားကင်းကွာ၊
ကောင်းပြုက သမ္မာကမ္မန္တာ။

## သမ္မာအာဇီဝ

၁၉၁။ မြတ်ဘုရား၏ တပည့်လိမ္မာ၊
သက်မွေးဝမ်းကြောင်း မစောင်းမှားရာ၊

ကောင်းသောသက်မွေး ပြုရေးမှန်စွာ၊
မှည့်ခေါ်ရ သမ္မာအာဇီဝါ။

## သမ္မာဝါယာမ

၁၆၂။ မဖြစ်သေးမှု အကုသိုလ်တွေ၊
မဖြစ်စေဘဲ ရှောင်လွှဲအောင်လေ၊
လုံ့လပမ်းကြိုးကုတ် အားထုတ်ကာနေ၊
မှည့်ခေါ်ရ သမ္မာဝါယာမေ။

၁၆၃။ ဖြစ်ပေါ်ပြီးစု အကုသိုလ်တွေ၊
ပယ်နိုင်အောင်လဲ မလွဲမသွေ၊
လုံ့လပမ်းကြိုးကုတ် အားထုတ်ကာနေ၊
မှည့်ခေါ်ရ သမ္မာဝါယာမေ။

၁၆၄။ မဖြစ်သေးရ ကုသလတွေ၊
ဖြစ်ပေါ်စေရေး မနှေးမသွေ၊
လုံ့လပမ်းကြိုးကုတ် အားထုတ်ကာနေ၊
မှည့်ခေါ်ရ သမ္မာဝါယာမေ။

၁၆၅။ ဖြစ်ပေါ်ပြီးစု ကောင်းမှုတွေတွေ၊
ပြန့်ပြောတိုးပွား များပြားအောင်လေ၊
လုံ့လပမ်းကြိုးကုတ် အားထုတ်ကာနေ၊
မှည့်ခေါ်ရ သမ္မာဝါယာမေ။

## သမ္မာသတိ

၁၉၆။ အဘိဇ္ဈာ ဒေါမန ပယ်ချမှန်စွာ၊
လုံးလဝီရိယ သတိမကွာ၊
ကာ,ဝေ,စိတ္တ ဓမ္မ လေးဖြာ၊
မှန်မှတ်ရ သမ္မာသတိပါ။

## သမ္မာသမာဓိ

၁၉၇။ ကိလေဝတ္ထု နှစ်ခုကာမေ၊
ထိုတရားတို့ ကင်းလို့ဆိတ်နေ၊
ကြံစည်စဉ်းစား ရှင်ပွားသူခေါ်၊
ပြည့်စုံဝ ခေါ်ရ ပ,ဈာန်ပေ။

၁၉၈။ ကြံစည်စဉ်းစား ကင်းသွားလို့လေ၊
ကိုယ်တွင်းကြည်မြ ဧကစိတ္တေ၊
ဖြစ်ပွားစေသည့် ပီတိသုခေ၊
ပြည့်စုံဝ ခေါ်ရ ဒု,ဈာန်ပေ။

၁၉၉။ နှစ်သိမ့်နေခြင်း ကင်းရှင်းလို့လေ၊
ညီမျှရှုတတ် အမှတ်ရနေ၊
နာမ်အပေါင်းဖြင့် ဆင်သင့်မသွေ၊
ချမ်းသာများ ခံစားတ,ဈာန်ပေ။

၂၀၀။ ဤ တ,ဈာန်နှင့် ပြည့်တဲ့သူကို၊
အရိယာများ မိန့်ကြားဤလို၊

ညီချုရှုတဘ် အမှတ်ရပို၊
ချမ်းသာချား ခံစားနိုင်ပေကို။

၂၀၁။ ချမ်းသာဆင်းရဲ ဝမ်းနဲ့ဝမ်းသာ၊
ကင်းကွာပြီးပ ညီမျှကြောင့်ပါ၊
စင်ကြယ်သတိ မှန်ပြည့်နေရာ၊
စ,ဈာန်ရ သမ္မာသမာဓိပါ။

၂၀၂။ ကိုယ်ရောသူရော တွင်းရောပြင်မှာ၊
သဘောသက်သက် ဖြစ်ပျက်မျှသာ၊
စွဲလမ်းထင်မှား နှစ်ပါးကင်းကွာ၊
မဂ်ဖိုလ်ရောက် မျက်မှောက်ပြုနိုင်ဘွား၊

## သတိပဋ္ဌာန အကျိုးပြ မိန့်ခွန်းတော်

၂၀၃။ ဤသို့ဆိုခဲ့ နှစ်ဆဲ့တထွေ၊
ဘုရားဟောသည့် သတိဓမ္မေ၊
ဘုရားဟောတိုင်း မဆိုင်းမသွေ၊
မှန်ကြိုးစား ပွားများအားထုတ်လေ။

၂၀၄။ ကျား,မ မလပ် ရှုမှတ်သူဟာ၊
ခုနစ်ရက်မှ အစပြုကာ၊
ခုနစ်နှစ်တွင်း ထင်လင်းမှန်စွာ၊
နိဗ္ဗာန်နန်း စံမြန်းနိုင်သည်သာ။

## နိဂုံးဆုတောင်း

၂၀၅။ ဤစာရေးရ ကုသလဘော့၊
မဂ်ဖိုလ်တရား ရပြားမြန်စေ၊
သာသနာကျူး ပွားတိုးအောင်လေ၊
ပြုနိုင်ကြောင်း ဆုတောင်းနည်သန်ပေ၊ ။

မဟာသတိပဋ္ဌာန အလင်းပြ ဆောင်ပုဒ်များ ပြီးပါပြီ။ ။

မှတ်ချက်။ ။ဤဆောင်ပုဒ် အားလုံးကို ဓမ္မဗျူဟာ စာစောင်၌ အတွဲ (၄) အမှတ် (၅) ၁၃၂၇-ခု၊ သီတင်းကျွတ်လပြည့် တနင်္ဂနွေနေ့ (၁၀-၁၀-၆၅) မှ အတွဲ (၅) အမှတ် (၆) ၁၃၂၈-ခု၊ သီတင်းကျွတ်လပြည့် စနေနေ့ (၂၉-၁၀-၆၆) အထိ ဖော်ပြခဲ့ပြီး ဖြစ်ပါသည်။ ယခုမိ တည်းဖြတ်ထား၏။

## ကျေးဇူးရှင် ညောင်ကန်ဦးဗုဓ် ဆရာတော်ဘုရားကြီး ၏
### မဟာသတိပဋ္ဌာန် နိဿယဥ္ဓပါသော

## မှတ်သားဖွယ်ရာ ဆောင်ပုဒ်လင်္ကာများ

### သုံးရာသော အချိုးပြ ဆောင်ပုဒ် လင်္ကာ

လက် ခြေ ရိုးနု၊ စတု သဋ္ဌိ၊ ဒွေ ပဏ္ဏိထက်၊ ဖျက် မြင်းခေါင်း၊ လေးချောင်း ဓိမြစ်၊ ပုဆစ် ပေါင် ခါး၊ နှစ်ပါးစိသာ၊ ကျောက်မှာဆဲ့ရှစ်ခု၊ စတုဒိသ၊ နံရိုးကျလိမ့်၊ စုဒ္ဒသရင်းဖုံ၊ နှလုံးတချိုး၊ ညှပ်ရိုးလက်ပြင်၊ မေဒင်းတွင် နှစ်ပါး၊ ခေါင်းဖျားသေးသာ၊ လည်မှာခုနစ်ခု၊ နှစ်ခုမေးရိုး၊ တချိုးနှာတွင်း၊ မျက်ကွင်းနှစ်ပါး၊ နားတွင်းနှစ်ခါ၊ နဋ္ဌာ ဧဋ္ဌာ၊ မုဋ္ဌကော၊ ခေါင်းခွံကား ကိုး၊ မေ်ကွန်းထိုးသည် အချိုးသုံးရာ ပြည့်သတည်း။

### စိတ်နှင့်နှလုံးသွေး-ဆောင်ပုဒ်လင်္ကာ

နီမြန်းရာဂ၊ ဒေါသမည်းငြား၊ သားဆေးမောဟ၊ တဏ္ဍ ပဲရည်၊ ဝါသည်သဒ္ဓါ၊ ပညာပြိုးပြက်၊ ဇောတမျက်သို၊ သိန်လက်ရောင်သျှ တင်သတည်း။

သောမနဿ၊ နီမြန်းလှ၏၊ ဒေါသမည်းစွာ၊ ဥပေက္ခာမူ၊ နှမ်းဆီတူဟု မှတ်ယူဘနည်း ကျမ်းလာတည်း။

## စားသမျှအစာ-မှတ်စရာ

ပိုးစာလောင်မီး၊ ကျင်ကြီးကျင်ငယ်၊ ဝဲသွယ်သွေးသား၊ ဖြစ်လေ့ငြားသည် ငါးပါးအစာ ခွဲဝေတည်း။

## သည်းခြေဒွိမှတ်ဖွယ်

၁။ ဗဒ္ဓ–အဗဒ္ဓ ဒွိ၊ လောဟိတ၊ ဗိဝသည်းခြေသုတ်။
၂။ ကိုယ်လုံးနှံ့ပြာ၊ တည်နေရာ၊ ကျမ်းလာမှန်သမုတ်။

## သတိသမ္ဗောဇ္ဈင် ပွါးကြောင်း

သတိသမ္ပဇဉ်၊ အမြဲယှဉ်၍။ ကြဉ်လေမှု၌၊ မှိုင်ရသတိမား၊ ဓိမုတ္တာဟု၊ လေးဖြာသတိ ပွါးကြောင်းတည်း။

## ဓမ္မဝိစယသမ္ဗောဇ္ဈင် ပွါးကြောင်း

ဖန်ဖန်မေးမှု၊ ဝတ္ထုစင်ဖော၊ ဣန္ဒြေမျှ၊ ဗာလကိုကြဉ်၊ ဉာဏ်ရှိယှဉ်မှု၊ ဆင်ခြင်နက်လှ၊ ဓိမုတ္တဟု၊ ဉာဏပွါးကြောင်း ခုနစ်တည်း။

## ဝီရိယသမ္ဗောဇ္ဈင် ပွါးကြောင်း

ပါယ်ဘေးဆင်ခြင်၊ မြင်သည်အကျိုး၊ လမ်းချိုးလိုက်နာ၊ ပိဏ္ဍာပဋ္ဌာယ၊ ဒါယဇ္ဇဟု၊ သတ္ထုမြတ်ကို၊ ဇာတိမဟတ္တ၊ သဗြဟ္မစာရီ၊ မဒြိုရှုပျင်း၊ မှိုတင်းအာရှု၊ ဓိမုတ္တဟု လုံ့လ ပွါးကြောင်း ဆဲ့တစ်တည်း။

## ပီတိသမ္ဗောဇ္ဈင် ပွါးကြောင်း

သဗ္ဗာနုဿတိ၊ ကြည်ဘိလူခ၊ သိနိဒ္ဓရှာ၊ ပသာဒသုတ်၊ အဓိမုတ်ဟု မယုတ်ပီတိဆဲ့တစ်ဘည်း။

## ပဿဒ္ဓိသမ္ဗောဇ္ဈင်ပွါးကြောင်း

ဘောဇဉ်မှန်ကြံ၊ လျောက်ပတ်ဥတု၊ သုခဣရိယာ၊ မဇ္ဈ ပယောဂ၊ သာဒူကြည်၊ ယှဉ်အာသာရဒ်၊ ဓိမုတ်မှတ်သည် ပဿဒ္ဓိပွါးကြောင်းခုနှစ်ဘည်း၊

## သမာဓိ သမ္ဗောဇ္ဈင် ပွါးကြောင်း

ဝတ္ထုစင်စေ၊ ဣန္ဒြေမျှစွာ၊ လိမ္မာနိမိတ္တ၊ ပဂ္ဂဟနိဂ္ဂဟံ၊ သမ္ပဟံသာ၊ ဥပေက္ခာနှင့်၊ ပုံ့လွင့်သူကြည်၊ တည်ကြည်ယှဉ်မှု၊ ဈာနဝိမောက်၊ ဝိမုတ်လျောက်သည် ပွင့်မြောက် ဓိတဲ ဆဲ့တစ်ဘည်း၊

## ဥပေက္ခာ သမ္ဗောဇ္ဈင်ပွါးကြောင်း

ကမ္မဿကာ၊ နိုသတ္တမြင့်၊ သတ္တမဇ္ဈာ၊ အသာခိက၊ အနုဒ္ဒမြင့်၊ သင်္ခါရမဇ္ဈာ၊ သင်္ခါရသတ်၊ ချစ်တတ်သူကြည်၊ လျှော်လျှုံယှဉ်မှု၊ ဓိမုတ္တဟု မဇ္ဈပွါးကြောင်း ငါးပါးဘည်း။

## ဗောဇ္ဈင်ခုနစ်ပါး-ပွါးကြောင်းသင်္ချာများ

သတိ-ဓမ္မ၊ ဝိစယနှင့်၊ ဝီရိယ-ပီတိ၊ ပဿဒ္ဓိဟု၊ သမာဓိ ပေက္ခာ၊ ခုနစ်ဖြာတွင်၊ ကြောင်းခြာမှန်ဘိ၊ သတိစတုပဋ္ဌာနပေက္ခာ၊ ဝိစယပဘ်၊ ပွါးမှတ်သတ္တာ၊ ဝီရိယပီတိ၊ သမာဓိယဘ္ဘား ပွားဘိဆဲ့တစ် စည်ပင်တည်း။

## သတိပဋ္ဌာန်မယ်သုမနဖြစ်စဉ်

လူ့ကြက်မင်းမှာ၊ ဗြဟ္မာသူကြွယ်၊ ဝက်ငယ်ဖြစ်ဘိ၊ ဘုမ္မိဝန၊ ဗာရာဏမှာ၊ သုပ္ပါရက၊ ကာဝိရနှင့်၊ ပြည်အနုရာ၊ ရွာနဘာကုဏ္ဍ၊ ဖြစ်သေရသည် ဘဝဆဲ့သုံး ယုတ်မြတ်တည်း။

---

## ၅၀။ မဟာ သတိပဋ္ဌာန် ဝိပဿနာ ရှုနည်း မှုသေစည်း

### ထိုင်စဉ်ရှုနည်း မှုသေစည်း

၁။ ရတနာသုံးပါး၊ ဦးသိပ်ထား၊ ဝပ်တွားပြီးပါယင်။
၂။ ပဉ္စ-အဋ္ဌ၊ အာဇီဝ၊ သီလ လူမှာပြည့်စုံယင်၊
၃။ ရဟန်းသီလ၊ ရှင်သီလ၊ တည်ကြပြီးပါယင်။
၄။ သစ်ပင်တောချုပ်၊ ဆိတ်ငြိမ်ကုပ်၊ သူမြတ်ယောဂီရှင်။

၅။ ဘယ်ခြေဘွင်းထား၊ ညာခြေအား၊ ပြင်ကားခွေလျက် တင်ပလ္လင်၊
၆။ မညွှပ် မဖိ၊ ချောင်ချောင်ချိ၊ ထိုင်ဘိယောဂီရှင်။
၇။ ဘယ်လက်ဝါးလှန်၊ အောက်ကခံ၊ ညာလှန် လက်ကို ထက်ကတင်။
၈။ တင်ပုခုံးနား၊ ငဉ်သုံးပါး၊ ထိုင်ခါးဖြောင့်စေချင်။
၉။ မျက်စေ့မှိတ်လေ ခေါင်းတည့်နေ၊ ငြိမ်စေကိုယ်စိတ်ပင်။
၁၀။ ဖောင်းတာပိန်တာ၊ ဝမ်းဗိုက်မှာ၊ မှတ်ပါ သတိယှဉ်။
၁၁။ မြင်ယင် မြင်တယ်၊ မှတ်ရမယ်၊ ပျောက်ကွယ် ဖောင်းပိန်ဝင်။
၁၂။ ကြားယင် ကြားတယ်၊ မှတ်ရမယ်၊ ပျောက်ကွယ် ဖောင်းပိန်ဝင်၊
၁၃။ နံယင်နံတယ်၊ မှတ်ရမယ်၊ ပျောက်ကွယ်ဖောင်းပိန်ဝင်။
၁၄။ တံတွေးမျိုးဘယ်၊ လုံးချင်တယ်နှင့်၊ လုံးတယ်မျိုတယ်၊ မှတ်ပြီးဝယ်၊ ဖောင်းတယ် ပိန်တယ်၊ ဆက်မှတ်ဝင်၊
၁၅။ တံတွေးမျှားတယ်၊ လုံးချင်ဘယ်နှင့်၊ လုံးဘယ်ထွေးတယ် မှတ်ပြီးဝယ်၊ ဖောင်းတယ် ပိန်တယ်၊ ဆက်မှတ်ဝင်။
၁၆။ ပူအေးနွေးလတ်၊ တေဇောဓာတ်၊ ရှုမှတ်ပြီးယင် ဖောင်းပိန်ဝင်။
၁၇။ ပွကြီးတင်းကျပ်၊ ယိုဒီးလဘ်၊ ရေ-ဓာတ် မှတ်ပြီး ဖောင်းပိန်ဝင်၊
၁၈။ တောင့်တင်းသျှပ်ရှား၊ လေဓာတ်များ၊ ရှုသွားပြီးက ဖောင်းပိန်ဝင်၊

၁၉။ ကြမ်းတယ်နုတယ်၊ လေးပေါ့တယ်၊ ပျော့တယ်မာတယ် ရှုပြီးယင်း။

၂၀။ ဖောင်းတယ် ပိန်တယ်၊ ဆက်လို့ရယ်၊ မှတ်ကွယ် ယောဂီရှင်။

၂၁။ ထုံ ကျင် အောင့်နာ၊ ဝေဒနာ၊ မှတ်ခွါပြီးက ဖောင်းပိန်ဝင်။

၂၂။ မပျောက်မချင်း၊ သည်းခံယင်း၊ ဇွဲတင်းမှတ်စေချင်း။

၂၃။ မခံနိုင်ယင်၊ ပြုပြင်ချင် ပြုစဉ်ပြင်စဉ်မှတ်စေချင်း။

၂၄။ သို့မှတ်ပြီးယင်၊ ဖောင်းပိန်ပင်၊ အစဉ်ဆက်မှတ်ဝင်း။

၂၅။ ဆိမ့်တာ ကောင်းတာ၊ ဝေဒနာ၊ မှတ်ခွာပြီးက ဖောင်းပိန်ဝင်။

၂၆။ နှစ်သက်ဒိတ်ဆိုး၊ စိတ်မျိုးမျိုး၊ မှတ်ရိုးပျောက်က ဖောင်းပိန်ဝင်။

၂၇။ တွေးယင်တွေးတယ်၊ မှတ်ရမယ်၊ ပျောက်ကွယ် ဖောင်းပိန်ဝင်။

၂၈။ ဖောင်း ပိန် မလတ်၊ ပေါ်ရာမှတ်၊ နောက်ထပ် ဖောင်းပိန်ဝင်၊

၂၉။ ဖောင်းပိန်နိုင်ယင်၊ ထိုင်ထိယှဉ်၊ လေးအင်ရှုမှတ်စဉ်။

၃၀။ ထိုင်တယ်မှတ်ယင်၊ ထိုင်ရုပ်သွင်၊ ထိုင်စဉ်ဉာဏ်သက်ဝင်။

၃၁။ ထိတယ်မှတ်ယင်၊ တင်ကြမ်းပြင်၊ ထိစဉ်ဉာဏ်သက်ဝင်။

၃၂။ ဖေါင်းပိန်ထိုင်ထိ၊ ပေါ်တိုင်းသိ၊ မှတ်ဘိရှေးနည်း ပင်။

၃၃။ ဒေသနက္ကမ၊ ဟောစဉ်က၊ ကဏ္ဍသီးသီးပင်၊

၃၄။ ပဝတ္တိက္ကမ၊ ဖြစ်စဉ်က၊ လေးဝသတိပဋ္ဌာန်အစုံဝင်။

၄၅။ ပဋိပတ္တိက္ကမ၊ ကျင့်စဉ်က၊ လေးဝသတိပဋ္ဌာန်အစုံဝင်။
၄၆။ ဖြစ်စဉ်ပေါ်နိုက်၊ ကျင့်စဉ်လိုက်၊ ဆိုင်တိုက်မြတ်ဟော
စဉ်၊
၄၇၊ သမာဓိယှဉ်၊ ဖြစ်ပျက်မြင်၊ ဉာဏ်စဉ်တက်၍ မဂ်ဖိုလ်
ဝင်။
၄၈။ ထိုင်စဉ်ရှုနည်း၊ မှုသေစည်း၊ သိမ်းဆည်းသူတော်စဉ်။

## လျောင်းစဉ်ရှုနည်း မှုသေစည်း

၁။ လျောင်းချင်စိတ်ဝယ်၊ လျောင်းချင်တယ်၊ နာမ်ဝယ်
သတိယှဉ်။
၂။ လျောင်းနေခိုက်မယ်၊ လျောင်းအိပ်တယ်၊ ရုပ်ဝယ်
သတိယှဉ်။
၃။ ဖေါင်းတယ်ပိန်တယ်၊ လျောင်းအိပ်တယ်၊ မှတ်ကွယ်
မှတ်နိုင်ယင်၊
၄၊ ဖေါင်းတယ်ပိန်တယ်၊ လျောင်းထိတယ်၊ မှတ်ကွယ်
မှတ်နိုင်ယင်။
၅၊ လျောင်းတယ်မှတ်ယင်၊ လျောင်းရုပ်သွင်၊ လျောင်း
စဉ် ဉာဏ်သက်ဝင်၊
၆။ ထိတယ်မှတ်ယင်၊ ကျောကြမ်းပြင်၊ ထိစဉ်ဉာဏ်သက်
ဝင်၊
၇၊ ဖေါင်းပိန်လျောင်းထိ၊ ပေါ်တိုင်းသိ၊ မှတ်ဘိရှေး
နည်းပင်။
၈။ ဒေသနက္ကမ၊ ဟောစဉ်က၊ ကဏ္ဍသီးသီးပင်။

၉။ ပဋိတ္တိက္ကမ၊ ဖြစ်စဉ်က၊ လေးဝသတိပဋ္ဌာန်အစုံဝင်။
၁၀။ ပဋိပတ္တိက္ကမ၊ ကျင့်စဉ်က၊ လေးဝသတိပဋ္ဌာန်အစုံဝင်။
၁၁။ ဖြစ်စဉ်ပေါ်နိုက်၊ ကျင့်စဉ်လိုက်၊ ဆိုင်တိုက်ဖြတ်ဟောစဉ်။
၁၂။ သမားမိယှဉ်၊ ဖြစ်ပျက်မြင်၊ ဉာဏ်စဉ်တက်၍မဂ်ဖိုလ်ဝင်။
၁၃။ လျှောင်းစဉ်ရှုနည်း၊ မှုသေစည်း၊ သိမ်းဆည်းသူတော်စဉ်။

## သွား-ရပ် ရှုနည်း မှုသေစည်း

၁။ သွားချင်စိတ်ဝယ်၊ သွားချင်တယ်၊ နာမ်ဝယ်သတိယှဉ်၊
၂။ သွားယင်သွားတယ်၊ သွားခိုက်မယ်၊ ရုပ်ဝယ်သတိယှဉ်။
၃။ ဘယ်လှမ်းခိုက်မယ်၊ ဘယ်လှမ်းတယ်၊ ရုပ်ဝယ်သတိယှဉ်၊
၄။ ညာလှမ်းခိုက်မယ်၊ ညာလှမ်းတယ်၊ ရုပ်ဝယ်သတိယှဉ်၊
၅။ ဘယ်ညာနိုင်ယှဉ်၊ ကြွချတွင်၊ မှတ်စဉ်သတိယှဉ်၊
၆။ ကြွချနိုင်က၊ ကြွလှမ်းချ၊ မှတ်ပါသတိယှဉ်။
၇။ စကြံနံဆုံးရာ၊ ရပ်ချင်တာ၊ ရပ်တာရှုမှတ်ယှဉ်။

၇။ လှည့်ချင်လှည့်စဉ်၊ ရပ်သွားချင်၊ မှတ်ယင်ရှေးနည်းပင်။

၉။ သွားရပ်တိုင်းပင်၊ သတိယှဉ်၊ အစဉ်မှတ်စေချင်။

၁၀။ ဒေသနက္ကမ၊ ဟောစဉ်က၊ ကဏ္ဍသီးသီးပင်။

၁၁။ ပဝတ္တိက္ကမ၊ ဖြစ်စဉ်က၊ လေးဝသတိပဋ္ဌာန်အစုံဝင်။

၁၂။ ပဋိပတ္တိက္ကမ၊ ကျင့်စဉ်က၊ လေးဝသတိပဋ္ဌာန်အစုံဝင်။

၁၃။ ဖြစ်စဉ်ပေါ်နိုက်၊ ကျင့်စဉ်လိုက်၊ ဆိုင်တိုက်မြတ်ဟောစဉ်။

၁၄။ သမာဓိယှဉ်၊ ဖြစ်ပျက်မြင်၊ ဉာဏ်စဉ်တက်၍ မင်းပိုလ်ဝင်။

## သမ္ပဇဉ်ရှုနည်း မှုသေစည်း

၁။ ရှေ့တက်ချင်တယ်၊ ရှေ့တက်တယ်၊ ရုပ်ဝယ်နာမ်ဝယ် မှတ်သိယှဉ်၊

၂။ နောက်ဆုတ်ချင်တယ်၊ နောက်ဆုတ်တယ်၊ ရုပ်ဝယ်နာမ်ဝယ် မှတ်သိယှဉ်။

၃။ စောင်းကြည့်ချင်တယ်၊ စောင်းကြည့်တယ်၊ ရုပ်ဝယ်နာမ်ဝယ် မှတ်သိယှဉ်၊

၄။ ငုံ့လှည့်ကြည့်ချင်၊ ငုံ့လှည့်စဉ်၊ ရုပ်တွင်နာမ်တွင် မှတ်သိယှဉ်၊

၅။ ကွေးဆန့်ချင်တယ်၊ ကွေးဆန့်တယ်၊ ရုပ်ဝယ်နာမ်ဝယ် မှတ်သိယှဉ်၊

၆။ သပိတ်သင်္ကန်း၊ သုံးဆောင်ခန်း၊ ရဟန်းရှင်များ မှတ်သိယှဉ်၊

၇။ အိုးခွက်ဝတ်စား၊ သုံးဆောင်ပြား၊ လူများမှတ်သိ ယှဉ်၊
၈။ သုံးဆောင်ချင်တယ်၊ သုံးဆောင်တယ်၊ ရုပ်ဝယ်နာမ် ဝယ် မှတ်သိယှဉ်။
၉။ စားသောက်ခဲတုံ၊ သုံးဆောင်ကုန်၊ နှစ်စုံရုပ်နာမ်မှတ် သိယှဉ်။
၁၀။ ကျင်ကြီးကျင်ငယ်၊ စွန့်ချင်တယ်၊ စွန့်တယ် ရုပ်နာမ် မှတ်သိယှဉ်။
၁၁။ သွားရပ်ချင်တယ်၊ ထိုင်ချင်တယ်၊ အိပ်ချင်တယ်လှဲ မှတ်သိယှဉ်။
၁၂။ သွားတယ်ရပ်တယ်၊ ထိုင်နေတယ်၊ အိပ်တယ်မှတ်သိ ယှဉ်။
၁၃။ အိပ်ရာနိုးနေ၊ ဆိတ်ဆိတ်နေ၊ မသွေမှတ်သိယှဉ်။
၁၄။ ပြောချင်ယင်ကွယ်၊ ပြောချင်ဘယ်၊ ပြောယင်ပြော တယ် မှတ်သိယှဉ်။
၁၅။ ပြုဘွယ်ပြုရာ၊ သတိပါ၊ ဉာဏ်ပါရှိတဲ့သမ္ပဇဉ်။
၁၆။ ဒေသနက္ကမ၊ သမ္ပဇည၊ ကာယာနုပဿနာပင်။
၁၇။ ပဝတ္တိက္ကမ၊ သမ္ပဇည၊ လေးဝသတိပဋ္ဌာန်အစုံဝင်။
၁၈။ ဖြစ်စဉ်ပေါ်နိုက်၊ ကျင့်စဉ်လိုက်၊ ဆိုင်တိုက်မြတ်ဟော စဉ်။
၁၉။ သမာဒိယှဉ်၊ ဖြစ်ပျက်မြင်၊ ဉာဉ်စဉ်ထက်၍ မဂ်ဖိုလ် ဝင်။
၂၀။ သဒ္ဓါဇဉ်ရှုနည်း၊ မူသေစည်း၊ သိမ်းဆည်း သူတော် စဉ်။

## ၅၁။ မဟာသတိပဋ္ဌာနသုတ် ကြေညာချက် မိန့်ခွန်းတော်

သတိပဋ္ဌာန် ကြေညာချက်ကို
သတ္တဝါအတွက် ဟောခဲ့တယ်။

စိတ်ညစ်ကြေးတွေ ကင်းကွာစေလို့
ပူဆွေးငိုကြွေး လွန်မြောက်မယ်၊

ကိုယ်စိတ်မထိန်း ဆင်းရဲကိန်းလဲ
ချုပ်ငြိမ်းကွယ်ပျောက် သွားရမယ်။

အရိယာမဂ်ကို မြန်မြန်ရလို့
နိဗ္ဗာနကိုရောက်ရမယ်။

ထို့ကြောင့်မြတ်စွာ ဟောပေါ်ကြားထယ်
ကြိုးစား အားထုတ်ကျင့်ကြကွယ်၊
ကျင့်ကွယ် ကျင့်ကွယ်။

## ၅၂။ မဟာသတိပဋ္ဌာနသုတ် ဝန်ခံချက် မိန့်ခွန်းတော်

သတိပဋ္ဌာန် ဓမ္မစက်ကို
ဝန်ခံချက်နဲ့ ဒို့မြတ်စွာ။

ဟောမိန့်ပုံမှာ ထိုတရားကို
ဖြစ်ပွါးစေတဲ့ ရှင်လူမှာ။

အသွန်ကြာလျှင် ခုနစ်နှစ်နဲ့၊
ရဟန္တာစစ် ဖြစ်နိုင်ပါ။

စွဲမှုကျန်တောင် နာဂါမ်လောက်ဘော့
ဆိုက်ရောက်မယ်တဲ့ ကေန်ပါ၊

မြန်သူဆိုလျှင် ခုနစ်ရက်နဲ့၊
ထိုဖိုလ်မဂ်ကို ရနိုင်ပါ။

ရဲရင့်ခိုင်မာ ဝန်ခံချက်နဲ့၊
ဓမ္မစက်ကို ဟောခဲ့ပါ။

နိဗ္ဗာန်လိုသူ မယုံမှားနဲ့၊
မြတ်ဘုရားကို ယုံကြည်ကာ။

သဘိပဋ္ဌာန် ကိုယ့်သန္တာန်-အမြန်ပွါးစေရာ။
သို့ပွါးစေမှ နိဗ္ဗာန်ရ မုချငြိမ်းအေးမှာ၊

မှတ်ချက်။ ။ဤကြေညာချက်နှင့် ဝန်ခံချက် မိန့်ခွန်းတော်များကို ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီး ရေးသားတော်မူပါသည်။

## ၅၃။ ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီး၏ ရည်ရွယ်ချက်နှင့် ပြည့်စုံသော ဩကာသ ပုံမှန် ကန်တော့ခန်း

ဩကာသ၊ ဩကာသ၊ ဩကာသ၊ ကာယကံ၊ ဝစီကံ၊ မနောကံ - တည်းဟူသော၊ အပြစ်ခပ်သိမ်း၊ ပပျောက်ငြိမ်း၍၊ အသက်ရှည်စွာ၊ အနာမဲ့ရေး၊ ရန်ဘေးကင်းကြောင်း၊ ကောင်းမှုမင်္ဂလာ၊ ဖြစ်ပါစေခြင်း အကျိုးငှါ၊ ဘုရားရတနာ၊ တရားရတနာ၊ သံဃာရတနာတည်းဟူသော၊ ရတနာမြတ်သုံးပါး (ဆရာသမား)တို့ကို၊ အရိုအသေ လက်အုပ်မိုး၍၊ ရှိခိုးပူဇော်၊ ဖူးမြော်မာန်လျော့၊ ကန်တော့ပါ၏ (အရှင်ဘုရား)။

(ဆုပေးမည့် ပုဂ္ဂိုလ်ရှိလျှင် ဤမှာ ရပ်ပါ၊ ဆုပေးမည့် ပုဂ္ဂိုလ်မရှိလျှင် အောက်ပါဆုတောင်းကို ဆက်တောင်းပါ)

ကန်တော့ရသော၊ ဤကောင်းမှုကံ စေတနာတို့ကြောင့်၊ အပါယ် ၄-ပါး၊ ကပ် ၃-ပါး၊ ရပ်ပြစ်ရှစ်ပါး၊ ရန်သူမျိုး ၅-ပါး၊ ဝိပတ္တိတရား ၄-ပါး၊ ဗျသနတရား ၅-ပါး၊ အနာမျိုး ၉၆-ပါး မိစ္ဆာဒိဋ္ဌိ ၆၂-ပါးတို့မှ၊ အခါခပ်သိမ်း၊ ကင်းလွတ်ငြိမ်းသည်သာဖြစ်၍၊ မဂ်တရား၊ ဖိုလ်တရား၊ နိဗ္ဗာန်တရားတော်မြတ်ကို၊ လျှင်မြန်စွာ ရပါလို၏ (အရှင်ဘုရား)။

မှတ်ချက်။ ။ဤကန်တော့ခန်း၌၊ (ဆရာသမား)ဟူသော ဤစကားမှာ ဆရာသမားတို့ကို ကန်တော့သောအခါ၌ ထည့်

ဆိုရန်ဖြစ်သည်။ မိခင်ဘခင်စသည်တို့ကို ကန်တော့သောအခါ၌မူကား မိခင်–ဘခင်–အဘိုး–အဖွါး-ဦးကြီး-အရိုး၊ အဒေါ်စသည်ဖြင့် ဆိုင်ရာဆိုင်ရာတို့ကို လဲလှယ်ထည့်သွင်း၍ ဆိုရမည်။ (အရှင်ဘုရား)ဟူသော စကားမှာလည်း ရတနာသုံးပါး ရဟန်းသံဃာတို့ကို ကန်တော့သောအခါ၌သာ ဆိုရန်ဖြစ်သည်။

## အရကျက်မှတ်ရန်

## ၅၄။ ငါးပါးသီလတောင်းပုံ

အဟံ ဘန္တေ တိသရဏေန သဟ ပဉ္စသီလံ ဓမ္မံ ယာစာမိ၊ အနုဂ္ဂဟံ ကတွာ သီလံ ဒေထ မေဘန္တေ။

ဒုတိယမ္ပိ အဟံဘန္တေ........မေ ဘန္တေ။

တတိယမ္ပိ အဟံဘန္တေ........မေ ဘန္တေ။

အာမ ဘန္တေ။

## အတိုချုပ်ဘုရားရှိခိုးပုံ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

## သရဏဂုံ(ထပ်မံ)ဆောက်တည်ပုံ

ဗုဒ္ဓံသရဏံ ဂစ္ဆာမိ။
ဓမ္မံ သရဏံ ဂစ္ဆာမိ။
သံဃံ သရဏံ ဂစ္ဆာမိ။

ဒုတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
ဒုတိယမ္ပိ ဓမ္မံ သရဏံ ဂစ္ဆာမိ။
ဒုတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ။

တတိယမ္ပိ ဗုဒ္ဓံ သရဏံဂစ္ဆာမိ။
တတိယမ္ပိ ဓမ္မံ သရဏံ ဂစ္ဆာမိ။
တတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ။

အာမဘန္တေ။

## ငါးပါးသီလဆောက်တည်ပုံ

၁။ ပါဏာတိပါတာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

၂။ အဒိန္နာဒါနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

၃။ ကာမေသုမိစ္ဆာစာရာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

၄။ မုသာဝါဒါ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

၅။ သုရာမေရယ မဇ္ဇပမာဒဋ္ဌာနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

အာမဘန္တေ။

## ငါးပါးသီလတောင်းပုံ

(မြန်မာပြန်)

အရှင်ဘုရား၊ တပည့်တော်(မ)သည်၊ သရဏဂုံသုံးပါးနှင့်တကွ ငါးပါးသီလကို တောင်းပါ၏ဘုရား၊ တပည့်တော်(မ)အား ချီးမြှောက်သောအားဖြင့် သီလပေးတော်မူပါဘုရား။

အရှင်ဘုရား၊ နှစ်ကြိမ်မြောက်လည်း....သီလပေးတော်မူပါဘုရား။

အရှင်ဘုရား၊ သုံးကြိမ်မြောက်လည်း....သီလပေးတော်မူပါဘုရား၊

(မှန်ပါ-အရှင်ဘုရား ဆိုသွားသမျှကို လိုက်ဆိုပါမည်ဘုရား)။

## အတိုချုပ်ဘုရားရှိခိုးပုံ

(မြန်မာပြန်)

ပူဇော်အထူးကို ခံတော်မူထိုက်သော အလုံးစုံသောတရားတို့ကို မဖောက်မပြန် အမှန်ကိုယ်တိုင် သိတော်မူသော ထိုမြတ်စွာဘုရားအား ရှိခိုးပါ၏။

## သရဏဂုံ(ထပ်မံ)ဆောက်တည်ပုံ

(မြန်မာပြန်)

ဘုရားရှင်ကို ကိုးကွယ်ပါ၏။
တရားတော်ကို ကိုးကွယ်ပါ၏။
သံဃာတော်ကို ကိုးကွယ်ပါ၏၊

နှစ်ကြိမ်မြောက်လည်း ဘုရားရှင်ကို ကိုးကွယ်ပါ၏။
နှစ်ကြိမ်မြောက်လည်း တရားတော်ကို ကိုးကွယ်ပါ၏။
နှစ်ကြိမ်မြောက်လည်း သံဃာတော်ကို ကိုးကွယ်ပါ၏။

သုံးကြိမ်မြောက်လည်း ဘုရားရှင်ကို ကိုးကွယ်ပါ၏။
သုံးကြိမ်မြောက်လည်း တရားတော်ကို ကိုးကွယ်ပါ၏၊
သုံးကြိမ်မြောက်လည်း သံဃာတော်ကို ကိုးကွယ်ပါ၏။

(မှန်ပါဘုရား)။

## ငါးပါးသီလဆောက်တည်ပုံ

( မြန်မာပြန် )

၁။ သူ့အသက်ကို သတ်ခြင်းမှ ရှောင်ကြဉ်ကြောင်း ဖြစ်သော သိက္ခာပုဒ်ကို ဆောက်တည်ပါ၏၊

၂။ သူ့ဥစ္စာကို ခိုးယူခြင်းမှ ရှောင်ကြဉ်ကြောင်း ဖြစ်သော သိက္ခာပုဒ်ကို ဆောက်တည်ပါ၏။

၃။ ကာမဂုဏ်တို့၌ မှားသောအကျင့်မှ (သူ့သားမယားကို ပြစ်မှား လွန်ကျူးခြင်းမှ) ရှောင်ကြဉ်ကြောင်း ဖြစ်သော သိက္ခာပုဒ်ကို ဆောက်တည်ပါ၏။

၄။ လိမ်ပြောခြင်းမှ ရှောင်ကြဉ်ကြောင်းဖြစ်သော သိက္ခာပုဒ်ကို ဆောက်တည်ပါ၏။

၅။ မူးယစ် မေ့လျော့စေတတ်သော သေရည် အရက် ကို သောက်ခြင်းမှ ရှောင်ကြဉ်ကြောင်းဖြစ်သော သိက္ခာပုဒ်ကို ဆောက်တည်ပါ၏၊ (မှန်ပါဘုရား)။

# ၁၅။ ရှစ်ပါးဥပုသ်သီလတောင်းပုံ

အဟံ ဘန္တေ တိသရဏေန သဟ အဋ္ဌင်္ဂသမန္နာဂတံ ဥပေါသထသီလံ ဓမ္မံ ယာစာမိ၊ အနုဂ္ဂဟံ ကတွာ သီလံ ဒေထ မေ ဘန္တေ။

ဒုတိယမ္ပိ........။

တတိယမ္ပိ........။

## ရှစ်ပါးဥပုသ်သီလ ဆောက်တည်ပုံ

၁။ ပါဏာတိပါတာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။
၂။ အဒိန္နာ ဒါနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။
၃။ အဗြဟ္မစရိယာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။
၄။ မုသာဝါဒါ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။
၅။ သုရာမေရယ မဇ္ဇပမာဒဋ္ဌာနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။
၆။ ဝိကာလ ဘောဇနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။
၇။ နစ္စ-ဂီတ-ဝါဒိတ-ဝိသူက ဒဿန-မာလာဂန္ဓ-ဝိလေပန-ဓာရဏ-မဏ္ဍန ဝိဘူသနဋ္ဌာနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။
၈။ ဥစ္စာသယန မဟာသယနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

## ရှစ်ပါးဥပုသ်သီလ တောင်းပုံ

(မြန်မာပြန်)

အရှင်ဘုရား၊ တပည့်တော်(မ)သည်၊ သရဏဂုံ သုံးပါးနှင့်တကွ အင်္ဂါရှစ်ပါးရှိသော ဥပုသ်သီလကို တောင်းပါ၏၊ တပည့်တော်အား သနားသဖြင့် သီလပေးတော်မူပါဘုရား။ (နှစ်ကြိမ်မြောက်လည်း....သုံးကြိမ်မြောက်လည်း....တူပြီ)။

## ရှစ်ပါးဥပုသ်သီလဆောက်တည်ပုံ

(မြန်မာပြန်)

၁။ သူ့အသက်ကို သတ်ခြင်းမှ ရှောင်ကြဉ်ကြောင်း ဖြစ်သော သိက္ခာပုဒ်ကို ဆောက်တည်ပါ၏။
၂။ သူ့ဥစ္စာကိုခိုးယူခြင်းမှ ရှောင်ကြဉ်ကြောင်း ဖြစ်သော သိက္ခာပုဒ်ကို ဆောက်တည်ပါ၏။
၃။ မမြတ်သော မေထုံအကျင့်မှ ရှောင်ကြဉ်ကြောင်း ဖြစ်သောသိက္ခာပုဒ်ကို ဆောက်တည်ပါ၏။
၄၊ လိမ်ပြောခြင်းမှ ရှောင်ကြဉ်ကြောင်း ဖြစ်သော သိက္ခာပုဒ်ကို ဆောက်တည်ပါ၏။
၅။ မူးယစ် မေ့လျော့ စေတတ်သော သေရည်အရက်ကို သောက်ခြင်းမှ ရှောင်ကြဉ်ကြောင်းဖြစ်သော သိက္ခာပုဒ်ကို ဆောက်တည်ပါ၏၊
၆၊ နေလွဲညစာစားခြင်းမှ ရှောင်ကြဉ်ကြောင်းဖြစ်သော သိက္ခာပုဒ်ကို ဆောက်တည်ပါ၏။

၇။ ကိုယ်တိုင်က,ခြင်း – သီချင်းဆိုခြင်း – တီးမှုတ်ခြင်း– သူတပါးတို့ကို အက,ခိုင်းခြင်း–သီချင်းအဆိုခိုင်းခြင်း– အတီးအမှုတ်ခိုင်းခြင်း–သူတပါးတို့က,နေတာ သီချင်း ဆိုနေတာ တီးမှုတ်နေတာကို မြတ်စွာဘုရား အဆုံး အမတော်၏ ဆန့်ကျင်ဖက်ဖြစ်သော ကြည့်ရှု နား ထောင်ခြင်း – ပန်းပန်ခြင်း – နံ့သာလိမ်းခြင်း–နံ့သာ ပျောင်းတို့ဖြင့် အပြေအပြစ် အတင့်အတယ် ပြုခြင်းမှ ရှောင်ကြဉ်ကြောင်းဖြစ်သော သိက္ခာပုဒ်ကို ဆောက် တည်ပါ၏။

၈။ တတောင့်ထွာသက် မြင့်သော အိပ်ရာ၊ ဂွမ်းမှို့သွတ် ထားသော မွေ့ရာ၊ လက်လေးသစ်မက အမွေးရှည် သော သားမွေးကော်ဇောကြီး စသော မြတ်သော အိပ်ရာတို့၌ အိပ်နေခြင်းမှ ရှောင်ကြဉ်ကြောင်း ဖြစ် သော သိက္ခာပုဒ်ကို ဆောက်တည်ပါ၏၊

မှတ်ချက်။ ။နမောတဿ စသည် နှင့် ဗုဒ္ဓံသရဏံဂစ္ဆာမိ စသည် ပါဠိရော မြန်မာပြန်ပါ ငါးပါးသီလ၌ ပြခဲ့သည်နှင့်တူပါပြီ။

## ၃၆။ ကျက်မှတ်ရန်– ကောမာရ ဗြဟ္မစရိယ သီလ တောင်းပုံ

အဟံဘန္တေ တိသရဏေန သဟ ကောမာရဗြဟ္မစရိယ သီလံ ဓမ္မံ ယာစာမိ၊ အနုဂ္ဂဟံ ကတွာ သီလံ ဒေထ မေ ဘန္တေ။

ဒုတိယမ္ပိ........။
တတိယမ္ပိ........။

(ဆက်ဆိုပါ)။

အာမ ဘန္တေ။

## ကျက်မှတ်ရန်-ကောမာရ ဗြဟ္မစရိယ သီလဆောက်တည်ပုံ

၁။ ပါဏာတိပါတာ ဝေရမဏိ သိက္ခာပဒံ သမာဒိယာမိ။
၂။ အဒိန္နာဒါနာ ဝေရမဏိ သိက္ခာပဒံ သမာဒိယာမိ။
၃။ အဗြဟ္မစရိယာ ဝေရမဏိ သိက္ခာပဒံ သမာဒိယာမိ။
၄။ မုသာဝါဒါ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။
၅။ သုရာမေရယ မဇ္ဇပမာဒဋ္ဌာနာ ဝေရမဏိ သိက္ခာပဒံ သမာဒိယာမိ။

အာမ ဘန္တေ။

**မှတ်ချက်။** ။နဝဝါဘဿ-စသည်နှင့် မြန်မာပြန်များမှာ ငါးပါး ရှစ်ပါး သီလများ၌ ပြခဲ့သည်နှင့် တူပြီ။

## ၅၇။ ကျက်မှတ်ရန်-အာဇီဝဋ္ဌမက သီလတောင်းပုံ

အဟံ ဘန္တေ တိသရဏေနသဟ အာဇီဝဋ္ဌမကသီလံ ဓမ္မံ ယာစာမိ၊ အနုဂ္ဂဟံ ကတွာ သီလံ ဒေထ မေ ဘန္တေ။ (ဒုတိယမ္ပိ - တတိယမ္ပိ - စသည် ဆက်ဆိုပါ)။

## ကျက်မှတ်ရန် – အာဇီဝဋ္ဌမကသီလ ဆောက်တည်ပုံ

၁။ ပါဏာတိပါတာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။
၂။ အဒိန္နာဒါနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။
၃။ ကာမေသုမိစ္ဆာစာရာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။
၄။ မုသာဝါဒါ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။
၅။ ပိသုဏာဝါစာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။
၆။ ဖရုသဝါစာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။
၇။ သမ္ဖပ္ပလာပါ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။
၈။ မိစ္ဆာဇီဝါ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

## ကြည့်ရှုရန်–အာဇီဝဋ္ဌမကသီလ တောင်းပုံ

(မြန်မာပြန်)

အရှင်ဘုရား၊ တပည့်တော် မ သည် သရဏဂုံ သုံးပါးနှင့်တကွ အာဇီဝဋ္ဌမကသီလဟူသော သိက္ခာပုဒ်ကိုတောင်းပါ၏၊ တပည့်တော်အား သနားသဖြင့် သီလ ပေးတော် မူ ပါဘုရား။

နှစ်ကြိမ်မြောက်လည်း........။

သုံးကြိမ်မြောက်လည်း........။

ရတနာသိရိ (၁၃)

# အင်္ဂါရှစ်ရပ်-အာဇီဝဋ္ဌမကသီလဆောက်တည်ပုံ

(မြန်မာပြန်)

၁။ သူ့အသက်သတ်ခြင်းမှ ရှောင်ကြဉ်ကြောင်းဖြစ်သော သိက္ခာပုဒ်ကို ဆောက်တည်ပါ၏။

၂။ သူ့ဥစ္စာခိုးခြင်းမှ ရှောင်ကြဉ်ကြောင်း ဖြစ်သော သိက္ခာပုဒ်ကို ဆောက်တည်ပါ၏။

၃။ ကာမဂုဏ်တို့၌ မှားသောအကျင့်မှ ရှောင်ကြဉ်ကြောင်းဖြစ်သော သိက္ခာပုဒ်ကို ဆောက်တည်ပါ၏။

၄။ လိမ်ပြောခြင်းမှ ရှောင်ကြဉ်ကြောင်းဖြစ်သောသိက္ခာပုဒ်ကို ဆောက်တည်ပါ၏၊

၅။ ကုံးတိုက်ခြင်းမှ ရှောင်ကြဉ်ကြောင်းဖြစ်သော သိက္ခာပုဒ်ကို ဆောက်တည်ပါ၏။

၆။ ဆဲရေးခြင်းမှ ရှောင်ကြဉ်ကြောင်းဖြစ်သော သိက္ခာပုဒ်ကို ဆောက်တည်ပါ၏။

၇။ အနှစ်မပါသော အဖျင်းစကား ပြောဆိုခြင်းမှ ရှောင်ကြဉ်ကြောင်းဖြစ်သော သိက္ခာပုဒ်ကို ဆောက်တည်ပါ၏၊

၈။ ယုတ်မာသော အသက်မွေးမှုမှ ရှောင်ကြဉ်ကြောင်း ဖြစ်သော သိက္ခာပုဒ်ကို ဆောက်တည်ပါ၏။

## ၅၈။ ကျက်မှတ်ရန်-နဝင်္ဂဥပုသ်သီလ တောင်းပုံ

အဟံ ဘန္တေ တိသရဏေန သဟ နဝင်္ဂသမန္နာဂတံ ဥပေါသထ သီလံ ဓမ္မံ ယာစာမိ အနုဂ္ဂဟံ ကတွာ သီလံ ဒေထ မေ ဘန္တေ။ ဒုတိယမ္ပိ-တတိယမ္ပိ-ဆက်ဆိုပါ။

## ကျက်မှတ်ရန် ၉-ပါး ဥပုသ်သီလဆောက်တည်ပုံ

၉။ ယထာဗလံ မေတ္တာသဟဂတေန စေတသာ သဗ္ဗာဝန္တံ လောကံ ဖရိတွာ ဝိဟရာမိ။

မှတ်ချက်။ ။၁ မှ ၈ အထိ သိက္ခာပုဒ်များကို ဆောက်တည်ပုံမှာ ၈-ပါးသီလ ဆောက်တည်ပုံနှင့် အားလုံးတူပါပြီ။

## ကြည့်ရှုရန်-နဝင်္ဂသီလတောင်းပုံ

(မြန်မာပြန်)

အရှင်ဘုရား၊ တပည့်တော်သည် သရဏဂုံသုံးပါးနှင့်တကွ အင်္ဂါကိုးပါးရှိသော ဥပုသ်သီလကို တောင်းပါ၏၊ တပည့်တော်အား သနားသဖြင့် သီလပေးတော်မူပါဘုရား။ နှစ်ကြိမ်မြောက်လည်း....သုံးကြိမ်မြောက်လည်း....။ ။

## ဖြည့်ရှုရန်-နဝင်္ဂဥပုသ်သီလဆောက်တည်ပုံ

(မြန်မာပြန်)

၉။ စွမ်းနိုင်သမျှ မေတ္တာနှင့်တကွ ဖြစ်သော စိတ်ဖြင့် အလုံးစုံ အစိတ်အပိုင်းရှိသော သတ္တဝါအပေါင်းကို ပြန့်နှံ့စေ၍ နေပါအံ့။

မှတ်ချက်။ ။ ၁ မှ ၈ အထိ သီလဆောက်တည်ပုံမှာ ၈ ပါး ဥပုသ်သီလဆောက်တည်ပုံနှင့် အားလုံးတူပါပြီ။

## ၅၉။ အရကျက်ရန်-ဆယ်ပါးသီလတောင်းပုံ

အဟံ ဘန္တေ တိသရဏေန သဟ ဒသ ဂဟဋ္ဌသီလံ ဓမ္မံ ယာစာမိ အနုဂ္ဂဟံ ကတွာ သီလံ ဒေထ မေ ဘန္တေ။

ဒုတိယမ္ပိ .... .... .... မေဘန္တေ။
တတိယမ္ပိ .... .... .... မေဘန္တေ။

## အရကျက်ရန်-ဆယ်ပါးသီလဆောက်တည်ပုံ

၁။ ပါဏာတိပါတာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။
၂။ အဒိန္နာဒါနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။
၃။ အဗြဟ္မစရိယာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။
၄။ မုသာဝါဒါ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

၅။ သုရာမေရယ မဇ္ဇပမာဒဋ္ဌာနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

၆။ ဝိကာလဘောဇနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

၇။ နစ္စ ဂီတ ဝါဒိတ ဝိသူက ဒဿနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

၈။ မာလာဂန္ဓ ဝိလေပန ဓာရဏ မဏ္ဍန ဝိဘူသနဋ္ဌာနာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ။

၉။ ဥစ္စာသယနမဟာသယနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

၁၀။ ဇာတရူပ ရဇတ ပဋိဂ္ဂဟဏာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

## ကြည့်ရှုရန်-ဆယ်ပါးသီလတောင်းပုံ

(မြန်မာပြန်)

အရှင်ဘုရား တပည့်တော်သည် သရဏဂုံ သုံးပါးနှင့်တကွ လူတို့၏ ဆယ်ပါးသီလ ဖြစ်သော သိက္ခာပုဒ် တရားတော်ကို တောင်းပါ၏၊ တပည့်တော်အား သနားသဖြင့် ဆယ်ပါးသီလ ပေးတော်မူပါဘုရား။

နှစ်ကြိမ်မြောက်လည်း....။

သုံးကြိမ်မြောက်လည်း....။

# ကြည့်ရှုနှာ-ဆယ်ပါးသီလ ဆောက်တည်ပုံ

## (မြန်မာပြန်)

၇။ ကိုယ်တိုင်က,ခြင်း သီချင်းဆိုခြင်း တီးမှုတ်ခြင်း သူတပါးသို့ကို အကခိုင်းခြင်း သီချင်းအဆိုခိုင်းခြင်း အတီး အမှုတ် ခိုင်းခြင်း သူတပါးတို့ က,နေတာ သီချင်းဆိုနေတာ တီးမှုတ်နေတာကို မြတ်စွာဘုရား အဆုံးအမတော်၏ ဆန့်ကျင်ဘက်ဖြစ်သော ကြည့်ရှုနားထောင်ခြင်းမှ ရှောင်ကြဉ်ကြောင်း ဖြစ်သော သိက္ခာပုဒ်ကို ဆောက်တည်ပါ၏၊

၈။ ပန်းပန်ခြင်း နံ့သာလိမ်းခြင်း နံ့သာပျောင်းတို့ဖြင့် အပြေအပြစ် အတင့်အတယ်ပြုခြင်းမှ ရှောင်ကြဉ်ကြောင်းဖြစ်သော သိက္ခာပုဒ်ကို ဆောက်တည်ပါ၏။

၉။ တတောင့်ထွာထက် မြင့်သော အိပ်ရာ၊ ဂွမ်းမှို့သွတ်ထားသောမွေ့ရာ၊ လက်လေးသစ် မက အမွေးရှည်သော သားမွေး ကော်ဇောကြီး စသော မြတ်သော အိပ်ရာတို့၌ အိပ်နေခြင်းမှ ရှောင်ကြဉ်ကြောင်း ဖြစ်သောသိက္ခာပုဒ်ကို ဆောက်တည်ပါ၏။

၁၀။ ရွှေ,ငွေကို ကိုင်ခြင်း ခံယူခြင်း စီမံခြင်းမှ ရှောင်ကြဉ်ကြောင်းဖြစ်သော သိက္ခာပုဒ်ကို ဆောက်တည်ပါ၏။

**မှတ်ချက်။** ။၁ မှ ၆ အထိ သီလဆောက်တည်ပုံမှာ ရှစ်ပါး ဥပုသ်သီလ ဆောက်တည်ပုံနှင့် အလုံးစုံ တူပါပြီ။ နမော တဿ နှင့် သရဏဂုံ ဆောက်တည်ပုံ အားလုံးလည်း တူပါပြီ။ သီလနှင့် ပတ်သက်၍ အသေးစိတ် အဓိပ္ပာယ် အကျယ်ကို တောင်မြို့ ဂန္ဓာရုံ ဆရာတော် အရှင်ဇနကာ ဘိဝံသအရှင်မြတ်၏ ရတနာ့ဂုဏ်ရည် စသော ထိုထိုဆိုင်ရာ ကျမ်းဂန်တို့၌ ကြည့်ရှုကြပါကုန်။

## ၆၀။ ဘုရားဂုဏ်တော်(၉)ပါး ပါဠိ

ဣတိပိသော ဘဂဝါ အရဟံ သမ္မာသမ္ဗုဒ္ဓေါ ဝိဇ္ဇာစရဏ သမ္ပန္နော သုဂတော လောကဝိဒူ အနုတ္တရောပုရိသ ဒမ္မသာရထိ သတ္ထာဒေဝမနုဿာနံ ဗုဒ္ဓေါ ဘဂဝါ။

## ၆၁။ တရားဂုဏ်တော်(၆)ပါး ပါဠိ

သွာက္ခာတော ဘဂဝတာ ဓမ္မော သန္ဒိဋ္ဌိကော အကာလိကော ဧဟိပဿိကော ဩပနေယျိကော ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိ။

## ၆၂။ သံဃာ့ဂုဏ်တော်(၉)ပါး ပါဠိ

သုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော၊ ဥဇုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော၊ ဉာယပ္ပဋိပန္နော ဘဂဝတော

သာဝကသံဃော၊ သာမီစိပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော၊ ယဒိဒံ စတ္တာရိ ပုရိသယုဂါနိ အဋ္ဌပုရိသပုဂ္ဂလာ ဧသ ဘဂဝတော သာဝကသံဃော၊ အာဟုနေယျော ပါဟုနေယျော ဒက္ခိဏေယျော အဉ္ဇလိကရဏီယော အနုတ္တရံ ပုညက္ခေတ္တံ လောကဿ။

## ဘုရားဂုဏ်တော်(၉)ပါးအနက်

၁။ အရဟံ-လွန်ကဲထူးမြတ်သော သီလဂုဏ် သမာဓိဂုဏ် ပညာဂုဏ် ဝိမုတ္တိဂုဏ် ဝိမုတ္တိဉာဏဒဿန ဂုဏ်တော်တို့နှင့် ပြည့်စုံတော်မူသောကြောင့် လူနတ်ဗြဟ္မာသတ္တဝါအပေါင်းတို့၏ ပူဇော်အထူးကို ခံတော်မူထိုက်ပေသော မြတ်စွာဘုရား။ (က)

အ-ရဟံ=ဝါသနာနှင့်တကွ တထောင့်ငါးရာကိလေသာ အညစ်အကြေးတို့မှ ကင်းဝေးစင်ကြယ်တော်မူပေသော မြတ်စွာဘုရား။ (ခ)

အရ-ဟံ=လောဘ ဒေါသ မောဟ အစရှိသော ကိလေသာရန်သူတို့ကို ပယ်သတ်တော်မူပြီးသော မြတ်စွာဘုရား။ (ဂ)

အရ-ဟံ=သံသရာစက်၏ ထောက်အကန့်တို့ကို ချိုးဖျက်တော်မူပြီးသော မြတ်စွာဘုရား။ (ဃ)

အ-ရဟံ=မျက်မှောက် မျက်ကွယ် အချင်းခပ်သိမ်း စင်ကြယ်၍ ဆိတ်ကွယ်ရာ မရှိတော်မူသော မြတ်စွာဘုရား။ (င)

၂။ သမ္မာသမ္ဗုဒ္ဓေါ = သစ္စာ ၄ ပါး ခပ်သိမ်းသော တရားတို့ကို သူတပါးအထံ နည်းမခံပဲ ကိုယ်ပိုင်ဉာဏ် အဟုန်အစွမ်းဖြင့် စူးစမ်း ရှာဖွေကာ မှန်ကန်စွာ သိတော်မူပေသော မြတ်စွာဘုရား။

၃။ ဝိဇ္ဇာစရဏသမ္ပန္နော = ဝိဇ္ဇာ မည်သော ဉာဏ်ထူး ၃ ပါး၊ ဉာဏ်ထူး ၈ ပါး၊ စရဏ မည်သော အခြေခံ အကျင့်တရား ၁၅-ပါးတို့နှင့် ပြည့်စုံတော်မူပေသော မြတ်စွာဘုရား။

၄။ သုဂတော = သတ္တဝါတို့အား အကျိုးများကြောင်း ဟုတ်မှန်သော စကားကောင်းကိုသာ မြွက်ဆိုတော် မူတတ်ပေသော မြတ်စွာဘုရား။ (က)

သုဂတော = မဂ်ချစ်ပြာ တင့်တယ်သော အမူ အရာဖြင့် ကောင်းစွာသွားခြင်း ကောင်းစွာ ပြော ခြင်းရှိတော်မူပေသော မြတ်စွာဘုရား။ (ခ)

၅။ လောကဝိဒူ=လောက၏ အကြောင်းအရာ အလုံးစုံကို အကုန်အစင် သိမြင်တော်မူပေသော မြတ်စွာဘုရား။

၆။ အနုတ္တရော ပုရိသ ဒမ္မသာရထိ = ဆုံးမထိုက်သော ပုဂ္ဂိုလ်တို့ကို ဆုံးမဖို့ အတုမရှိ အမြတ်ဆုံးဖြစ်တော် မူပေသော မြတ်စွာဘုရား။

၇။ သတ္ထာဒေဝမနုဿာနံ = လူနတ်တို့အား အကျိုးများ အောင် ညွှန်ကြား ဆုံးမတတ်သည့် တဦးတည်းသော ဆရာမြတ်အစစ် ဖြစ်တော်မူပေသော မြတ်စွာဘုရား။

၈။ ဗုဒ္ဓေါ = တရားအလုံးစုံကို အကုန်သိတော်မူပေသော မြတ်စွာဘုရား၊
၉။ ဘဂဝါ = ဘုန်းတော် ကံတော် ဉာဏ်တော် အနန္တနှင့် ပြည့်စုံတော်မူပေသော မြတ်စွာဘုရား။

အရဟံ အစရှိသော ဂုဏ်တော်ကိုးပါးတို့နှင့် ပြည့်စုံတော်မူပေသော သက်တော်ထင်ရှား သဗ္ဗညု မြတ်စွာဘုရားကို ဘုရားဘပည့်တော်သည် ရိုသေမြတ်နိုး လက်အုပ်မိုး၍ ရှိခိုးပါ၏ မြတ်စွာဘုရား။

## တရားဂုဏ်တော် (၆) ပါးအနက်

ဘဂဝတာ ဓမ္မော = မြတ်စွာဘုရား ဟောထားသော တရားတော်သည်....

၁။ သွာက္ခာတော = ကိုယ်တိုင်သိပြီး ဟောထားတော်မူသဖြင့် ကောင်းမွန်မှန်ကန်စွာ ဟောထားသော တရားတော်ပါပေတည်း၊
၂။ သန္ဒိဋ္ဌိကော = ကျင့်ကြံ အားထုတ်က မုချ ကိုယ်တိုင်တွေ့မြင်နိုင်သော တရားတော်ပါပေတည်း။
၃။ အကာလိကော = ချက်ချင်း အကျိုးရစေနိုင်သော တရားတော်ပါပေတည်း၊
၄။ ဧဟိပဿိကော = လာပါ ကျင့်ကြည့်စမ်းပါ ဟုဖိတ်ခေါ် တိုက်တွန်းထိုက်သော တရားတော် ပါပေတည်း၊

၅။ ဩပနေယျိကော = ကိုယ်ထဲ စိတ်ထဲ ရောက်အောင် ကျင့်ဆောင်ထိုက်သော တရားတော်ပါပေတည်း၊

၆။ ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိ = တရားမြင်သိသည့် ပညာရှိ ရှစ်ပါးအရိယာ ပုဂ္ဂိုလ်များသာလျှင် ကိုယ်စီ ကိုယ်ငှ သိမြင်ခံစားရသော တရားတော်ပါပေတည်း။

## သံဃာ့ဂုဏ်တော် (၉) ပါးအနက်

ဘဂဝတော သာဝကသံဃော = မြတ်စွာဘုရား၏ တပည့်သားအပေါင်းဖြစ်သော သံဃာတော်သည်....

၁။ သုပ္ပဋိပန္နော = လောဘ ဒေါသ မောဟကင်းကြောင်း ကောင်းစွာ ကျင့်တော်မူတတ်ပါပေသည်။

၂။ ဥဇုပ္ပဋိပန္နော = ကောက်ကျစ်မှု ကင်းအောင် ဖြောင့်စင်းစွာ ကျင့်တော်မူတတ်ပါပေသည်။

၃။ ဉာယပ္ပဋိပန္နော = လောကီစီးပွားကို မငဲ့ပဲ နိဗ္ဗာန်အလို့ငှာသာ ကျင့်တော်မူတတ်ပါပေသည်။

၄။ သာမီစိပ္ပဋိပန္နော = ဒကာ ဒကာမတို့ကပြုသည့် ရိုသေမှုနှင့် သင့်တင့် ထိုက်တန်အောင် ကျင့်ကြံတော်မူတတ်ပါပေသည်။

၅။ အာဟုနေယျော = အရပ်ဝေးမှ ဆောင်ယူ၍ ပေးလှူသည်ကိုလည်း ခံတော်မူထိုက်ပါပေသည်။

၆။ ပါဟုနေယျော = ညှိသည်တော်များ အတွက် စီမံထားသော သုံးဆောင်ဖွယ်ကို သော်လည်း ပေးလှူပူဇော်ထိုက် ခံယူတော်မူထိုက်ပါပေသည်။

၇။ ဒက္ခိဏေယျော = နောင်တမလွန် ချမ်းသာရေးအတွက် ရည်ရွယ်အပ်သော အလှူဖြတ်ကို ခံယူတော်မူထိုက်ပါပေသည်။

၈။ အဉ္ဇလိကရဏီယော = ကောင်းကျိုးမြော်လျက် လက်နှစ်ဘက်ကို ထိပ်ထက်မှာချီမိုး၍ ရှိခိုးထိုက်ပါပေသည်။

၉။ အနုတ္တရံ ပုညက္ခေတ္တံ လောကဿ = လူအပေါင်း၏ ကောင်းမှုမျိုးကို စိုက်ပျိုးဘို့ရန် အမှန်မသွေ လယ်မြေအကောင်းအမြတ်ဆုံး ဖြစ်တော်မူပါပေသည်။

မှတ်ချက်။ ။ဤဂုဏ်တော် အနက်များကို ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီး ရေးသားတော်မူပါသည်။

## ၆၃။ ပဋိပတ္တိပူဇာနုဿကာရ ဘုရားရှိခိုး

၁။ ဗုဒ္ဓေါ သောဘဂဝါ ဗောဓာယ ဓမ္မံ ဒေသေတိ။

သောဘဂဝါ၊ ကျွန်ုပ်တို့အများ၏ အားထားကိုးကွယ်ရာအစစ် ဖြစ်တော်မူသော ထိုမြတ်စွာဘုရားသည်။ ဗုဒ္ဓေါ၊ သစ္စာလေးပါး အမှန်တရားကို ပိုင်းခြားထင်ထင် သိမြင်တော်မူပြီးသည်ဖြစ်၍။ ဗောဓာယ၊ သတ္တဝါအများ ကျွန်ုပ်တို့အားလည်း အလားတူပင် သိမြင်ကြပါစေခြင်းအကျိုးငှာ။

ဓမ္မံ၊ သစ္စာလေးတန် တရားမှန်ကို။ ဒေသေတိ၊ ကရုဏာ ရှေ့သွား ပညာအားဖြင့် ဟောကြားတော်မူခဲ့ပါပေ၏။ တံ ဘဂဝန္တံ၊ သက်တော်ထင်ရှား ထိုမြတ်စွာဘုရားသခင်ကို။ အဟံ၊ အကျွန်ုပ်သည်၊ ဝန္ဒာမိ၊ ရိုသေမြတ်နိုး လက်အုပ်မိုး၍ ရှိခိုးပူဇော်ပါ၏ အရှင်ဘုရား။

၂။ ဒန္တော သော ဘဂဝါ ဒမထာယ ဓမ္မံ ဒေသေတိ။

သော ဘဂဝါ၊ ကျွန်ုပ်တို့အများ၏ အားထားကိုးကွယ်ရာ အစစ် ဖြစ်တော်မူသော ထိုမြတ်စွာဘုရားသည်။ ဒန္တော၊ မြင်ကြားတွေ့ရာ ကြုံသိရာမှ ကိလေသာ အညစ်အကြေး ကင်းစင်ဝေးလျက် ယဉ်ကျေးတော်မူပြီးသည် ဖြစ်၍။ ဒမထာယ၊ သတ္တဝါအများ ကျွန်ုပ်တို့အားလည်း အလားတူစွာ ကိလေသာ အညစ်အကြေး ကင်းစင်ဝေးလျက် ယဉ်ကျေးကြပါစေခြင်း အကျိုးငှာ။ ဓမ္မံ၊ ယဉ်ကျေးစေရန် တရားမှန်ကို။ ဒေသေတိ၊ ကရုဏာရှေ့သွား ပညာအားဖြင့် ဟောကြားတော်မူပေ၏။ တံ ဘဂဝန္တံ၊ သက်တော်ထင်ရှား ထိုမြတ်စွာဘုရားကို။ အဟံ၊ အကျွန်ုပ်သည်၊ ဝန္ဒာမိ၊ ရိုသေ မြတ်နိုး လက်အုပ်မိုး၍ ရှိခိုးပူဇော်ပါ၏ အရှင်ဘုရား။

၃။ သန္တော သော ဘဂဝါ သမထာယ ဓမ္မံ ဒေသေတိ။

သော ဘဂဝါ၊ ကျွန်ုပ်တို့ အများ၏ အားထားကိုးကွယ်ရာ အစစ်ဖြစ်တော်မူသော ထိုမြတ်စွာဘုရားသည်။ သန္တော၊ ရာဂ စသော အလှုပ်အရှားကင်းလျက် ငြိမ်သက် ငြိမ်းအေးတော်မူပြီး

သည်ဖြစ်၍၊ သမဿာယ၊ သတ္တဝါအများ ကျွန်ုပ်တို့အား လည်း အလားတူစွာ ငြိမ်းသက် ငြိမ်းအေးကြပါစေခြင်းအကျိုး ငှါ၊ ဓမ္မံ၊ ငြိမ်းသက်စေရန် တရားမှန်ကို၊ ဒေသေတိ၊ ကရုဏာ ရှေ့သွား ပညာအားဖြင့် ဟောကြားတော် မူခဲ့ပါပေ၏။ တံ ဘဂဝန္တံ၊ သက်တော်ထင်ရှား ထိုမြတ်စွာဘုရား သခင်ကို။ အဟံ၊ အကျွန်ုပ်သည်။ ဝန္ဒာမိ၊ ရိုသေမြတ်နိုး လက်အုပ်မိုး၍ ရှိခိုးပူဇော်ပါ၏ အရှင်ဘုရား။

၄။ တိဏ္ဏော သောဘဂဝါ တရဏာယ ဓမ္မံ ဒေသေတိ။

သော ဘဂဝါ၊ အကျွန်ုပ်တို့အများ၏ အားထားကိုးကွယ်ရာ အစစ်ဖြစ်တော်မူပေသော ထိုမြတ်စွာဘုရားသည်။ တိဏ္ဏော၊ ဩဃလေးပြား သံသရာ၏ ဟိုမှာကမ်းရောက် နိဗ္ဗာန်ပေါက် အောင် ကူးမြောက်တော် မူပြီးသည်ဖြစ်၍။ တရဏာယ၊ သတ္တဝါအများ ကျွန်ုပ်တို့အားလည်း အလားတူစွာ ကူးမြောက် ကြပါစေခြင်း အကျိုးငှါ။ ဓမ္မံ၊ ကူးမြောက်စေရန် တရားမှန်ကို။ ဒေသေတိ၊ ကရုဏာရှေ့သွား ပညာအားဖြင့် ဟောကြားတော် မူခဲ့ပါပေ၏၊ တံ ဘဂဝန္တံ၊ သက်တော်ထင်ရှား ထိုမြတ်စွာ ဘုရားကို၊ အဟံ အကျွန်ုပ်သည်၊ ဝန္ဒာမိ၊ ရိုသေမြတ်နိုး လက် အုပ်မိုး၍ ရှိခိုးပူဇော်ပါ၏ အရှင်ဘုရား။

၅။ ပရိနိဗ္ဗုတော သော ဘဂဝါ ပရိနိဗ္ဗာနာယ ဓမ္မံ ဒေသေတိ။

သော ဘဂဝါ၊ ကျွန်ုပ်တို့ အများ၏ အားထားကိုးကွယ်ရာ အစစ်ဖြစ်တော်မူပေသော ထိုမြတ်စွာဘုရားသည်၊ ပရိနိဗ္ဗု

တော၊ ကိလေသာခပ်သိမ်း အသုံးစုံ ငြိမ်းပြီးသည်ဖြစ်၍။ ရိုနိဗ္ဗာနာယ၊သတ္တဝါအများ အကျွန်ုပ်တို့အားလည်း အလား ဘူစွာ ကိလေသာခပ်သိမ်း ငြိမ်းကြပါစေခြင်း အကျိုးငှါ။ ခမ္မံ၊ ကိလေသာ ငြိမ်းရန် တရားမှန်ကို။ ဒေသေတိ၊ ဂရုဏာ ခွေသွား ပညာအားဖြင့် ဟောကြားတော် မူခဲ့ပါပေ၏။ တံ ဘဂဝန္တံ၊ သက်တော်ထင်ရှား လိုမြတ်စွာဘုရားကို။ အဟံ၊ အကျွန်ုပ်သည်၊ ဝန္ဒာမိ၊ ရိုသေမြတ်နိုး လက်အုပ်မိုး၍ ရှိခိုး ပူဇော်ပါ၏။ အရှင်ဘုရား။

မှတ်ချက်၊ ။ဤဘုရားရှိခိုးကိုသည်း ကျေးဇူးရှင် မဟာစည် ဆရာ တော်ဘုရားကြီး ရေးသားတော်မူပါသည်။

## ၆၄။ ဉာဏ်စဉ်(၁၆)ပါး ဘုရားရှိခိုး

၁။ နာမရူပ ပရိစ္ဆေဒံ၊ တပ္ပစ္စယပရိဂ္ဂဟံ။
တံ သမ္မသနံ ဥဒယ-ဗ္ဗယဉာဏဉ္စ ဘင်္ဂံ။

၂။ ဘယဉာဏံ အာဒီနဝ-ဉာဏဉ္စ နိဗ္ဗိဒံ အထ။
မုဉ္စိတုကမျတံ ပဋိ-သင်္ခ သင်္ခါရုပေက္ခကံ။

၃။ အနုလောမဉ္စ ဂေါတြဘုံ မဂ္ဂဉာဏံ ဖလံ တထာ။
ပစ္စဝေက္ခဏာ ဉာဏန္တိ၊ တိလောကမ္ပိ ကေနစိ။

၄။ အဒေသိယေ သာသနိကေ၊ ဉာဏိမေ သောဠသုတ္တမေ။
ဒေသေဘာဂရံ ပဝတ္တာရံ၊ ဗုဒ္ဓံ တိဟာ ဒရံ နမေ။

(၁) နာမရူပ ပရိစ္ဆေဒံ၊ နာမ်ရုပ်တရားတို့ကို ပိုင်းခြား၍ သိသော နာမရူပ ပရိစ္ဆေဒဉာဏ်ရင်း။

(၂) တပ္ပစ္စယ ပရိဂ္ဂဟံ၊ ထို နာမ် ရုပ် တို့၏ အကြောင်းတရားကို ပိုင်းခြား၍သိသော ပစ္စယပရိဂ္ဂဟဉာဏ်ရင်း။

(၃) တံသမ္မသနံ၊ ထို နာမ်ရုပ် တို့ကို အနိစ္စ ဒုက္ခ အနတ္တ အားဖြင့် သုံးသပ်ဆင်ခြင်၍ သိမြင်သော သမ္မသနဉာဏ်ရင်း။

(၄) ဥဒယဗ္ဗယဉာဏဥ၊ နာမ်ရုပ်တို့၏ အသစ်အသစ် ဖြစ်ပေါ်သည်ခြင်း ဖြစ်ပေါ်ပြီးလျှင် တခဏချင်း ပျက်စီးသွားခြင်းကို ရှုမှတ်ဆင်ထင် သိမြင်သော ဥဒယဗ္ဗယဉာဏ်ရင်း။

(၅) ဘင်္ဂံ၊ နာမ်ရုပ်တို့၏ ပျက်စီးခြင်းကိုသာ ရှုမှတ်ထင်ဆင်သိမြင်သော ဘင်္ဂဉာဏ်ရင်း။

(၆) ဘယဉာဏဥ၊ နာမ်ရုပ်တို့၏ပျက်စီးခြင်းကို သိမြင်ရသဖြင့် ကြောက်လန့်ဘွယ် ဘေးကြီးအဖြစ်ဖြင့် ထင်မြင်သော ဘယဉာဏ်ရင်း။

(၇) အာဒီနဝဉာဏဥ၊ နာမ်ရုပ်သင်္ခါရတို့၌ ကိုးကွယ်ရာမသင့် အပြစ်မြင်သော အာဒီနဝဉာဏ်ရင်း။

(၈) နိဗ္ဗိဒံ၊ နာမ် ရုပ် သင်္ခါရတို့၌ မပျော်မမွေ့ ငြီးငွေ့သော နိဗ္ဗိဒါဉာဏ်ရင်း။

အသ၊ အနက် သဘော တူသော ရှေ့ဉာဏ် သုံးခုမှ တပါး အနက် သဘော တူသော နောက်ဉာဏ်သုံးခုကား။

(၉) မုဉ္စိတုကမျတာ၊ နာမ်ရုပ် သင်္ခါရတို့မှ အလွန်အမင်း လွတ်ကင်းထွက်မြောက်လိုသော မုဉ္စိတုကမျတာဉာဏ်ရင်း။

(၁၀) ပဋိသင်္ခါ၊ အလွန်အမင်း လွတ်ကင်းထွက်မြောက် လိုလှသဖြင့် ထိုနာမ်ရုပ်နှစ်ပါးကိုပင် အနိစ္စ အစရှိသော

လေးဆယ်သော အခြင်းအရာတို့ဖြင့်တွင်တွင်အားထုတ်၍ အနိစ္စ ဒုက္ခ အနတ္တ အနေအားဖြင့် ကောင်းကောင်းကြီး ထင်မြင်သော ပဋိသင်္ခါဉာဏ်ရှင်း။

(၁၁) သင်္ခါရုပေက္ခကာ၊ အနိစ္စ ဒုက္ခ အနတ္တ အနေအားဖြင့် ကောင်းကောင်းထင်မြင်၍ လွတ်မြောက်ရာ လွတ်မြောက်ကြောင်းကို ရသဖြင့် အလွန် ပြင်းထန်သော လုံ့လကိုလည်း မပြု၊ ထို နာမ်ရုပ် သင်္ခါရတို့၌ ကြောက်လန့်ခြင်း နှစ်သက်ခြင်း နှစ်ပါးကိုလည်း ပယ်စွန့်၍ သိရုံသိရုံသာ အညီအမျှရှိသော သင်္ခါရုပေက္ခာဉာဏ်ရှင်း။

(၁၂) အနုလောမဉ္စ၊ အနိစ္စ ဒုက္ခ အနတ္တတို့တွင် တပါးပါးကို အာရုံပြု၍ ဥဒယဗ္ဗယ စသော ရှေးဉာဏ် ရှစ်ပါး နောက် မဂ္ဂသစ္စာအားလျော်သော ဂေါတြဘူ၏ ရှေး အခြား မှ၌ နှစ်ကြိမ်သုံးကြိမ်ဖြစ်သော အနုလောမဉာဏ်ရှင်း။

(၁၃) ဂေါတြဘုံ၊ ပုထုဇဉ်အနွယ်ကိုဖြတ်၍ အရိယာ အနွယ်ဇာတ်သို့ ရောက်စေလျက် နိဗ္ဗာန်ကို အာရုံပြု၍ မဂ်၏ ရှေ့အဖို့၌ တကြိမ်မျှသာဖြစ်သော ဂေါတြဘူဉာဏ်ရှင်း။

(၁၄) မဂ္ဂဉာဏံ၊ နိဗ္ဗာန်ကို မျက်မှောက်ပြုလျက် သစ္စာ လေးပါးကို တပြိုင်နက်သိသော မဂ်ဉာဏ်ရှင်း။

(၁၅) ဖလံ၊ မဂ်ဉာဏ်ကဲ့သို့ပင် နိဗ္ဗာန်ကို အာရုံပြုလျက် ဖြစ်သော ဖိုလ်ဉာဏ်ရှင်း၊

(၁၆) တထာ၊ ထို့မှတပါး။ ပစ္စဝေက္ခဏာဉာဏံ၊ မဂ်ဖိုလ် နိဗ္ဗာန်နှင့် ပယ်ပြီးသော ကိလေသာ မပယ်ရသေးသော ကိလေသာအားဖြင့် ငါးပါးသော တရားအစုတို့ကို ပြန်၍ လှည့်၍ ဆင်ခြင်သော ပစ္စဝေက္ခဏာဉာဏ်ရှင်း။

ရတနာသီဂိ (၁၄)

ဣတိ၊ ဤသို့။ တိလောကမှိ၊ ကာမ ရူပ အရူပ ဟူ လောကသုံးပြား စကြဝဠာ ရှိသမျှ အနန္တမဆုံး လောကကြီး တခုလုံး၌။ ကေနစိပိ၊ လူနတ်ဗြဟ္မာ သတ္တဝါတဦးတယောက်မျှ သော်သည်း။ အဒေသိယော၊ မကြားမနာ ကြုံစည်ကာဖြင့် ယသဘာဝူတ အမှန်အကန် ကျအောင် ဟောပြခြင်းငှာ မစွမ်း နိုင်ရာကောင်းကုန်သော။ သာသနိကော၊ ဗုဒ္ဓမြတ်စွာ သာသနာ တော်ကြီးအတွင်း၌သာလျှင် ပေါ်လင်း ဖြစ်ထွန်းနိုင်ကောင်း ကန်သော။ ဥတ္တမေ၊ လောကီပညာ အရပ်ရပ်တို့ထက် ထူးကဲ မြင့်မြတ်ကုန်သော။ ဣမေ သောဠသ ဥာဏော၊ ဤ (၁၆)ပါး သော ဉာဏ်တို့ကို။ ဒေသေတာရံ၊ မိမိကိုယ်တော်တိုင် ပိုင်ပိုင် လှလှ အမှန်အကန်သိရ၍ လှစ်ဟထုတ်ဖော် ဟောကြားတော် မူတတ်ပေထသော။ ပဝတ္တာရံ၊ မိမိကိုယ်တော်တိုင် ပိုင်နိုင် ပြီးစီး ဖြစ်စေပြီးမှ ခိုမှီးကပ်လာ ဗြဟ္မာနတ်လူ ကျွတ်ထိုက်သူ မှန်သမျှ ကလျာဏပုထုဇဉ် အရိယာသခင်တို့၏ ကြည်လင်သော စိတ်သန္တာန်ဝယ် အပြန်ပြန်အားဖြင့် ပွားစေတော်မူတတ်ပေ ထသော။ ဗုဒ္ဓံ၊ သဗ္ဗညုတဉာဏ်တော်ရှင် မြတ်စွာဘုရားသခင်ကို။ အဟံ၊ ဘုရားတပည့်တော်သည်။ တံဟိ၊ ကာယည္တွတ်၍ ဝစီမနော သုံးဒွါရတို့ဖြင့်။ နမေ-နမာမိ၊ ကြည်ညိုမြတ်နိုး လက်အုပ်မိုး၍ ရှိခိုးပါ၏ မြတ်စွာဘုရား။

မှတ်ချက်။ ။ဤဘုရားရှိခိုးကို ကျေးဇူးရှင် မဟာစည်ဆရာတော် ဘုရားကြီး၏ ကမ္မဋ္ဌာန်းတရား အားထုတ်ရခြင်း အကြောင်း စာအုပ်မှ ဖော်ပြပါသည်။

## ၆၅။ ဓမ္မာနုဓမ္မပဋိပတ် ဘုရားရှိခိုး

၁။ ဣမာယ ဓမ္မာနုဓမ္မပဋိပတ္တိယာ ဗုဒ္ဓံ ပူဇေမိ။
၂။ ဣမာယ ဓမ္မာနုဓမ္မပဋိပတ္တိယာ ဓမ္မံ ပူဇေမိ။
၃။ ဣမာယ ဓမ္မာနုဓမ္မပဋိပတ္တိယာ သံဃံ ပူဇေမိ။

(မြန်မာပြန်)

၁။ အကျွန်ုပ်သည် လောကုတ္တရာတရား ကိုးပါးအား လျော်သော ကျင့်ပဋိပတ် အကျင့်မြတ်ဖြင့် မြတ်စွာဘုရားကိုပူဇော်ပါ၏ဘုရား။
၂။ အကျွန်ုပ်သည် လောကုတ္တရာတရား ကိုးပါးအား လျော်သော ကျင့်ပဋိပတ် အကျင့်မြတ်ဖြင့် တရားတော်မြတ်ကို ပူဇော်ပါ၏ဘုရား။
၃။ အကျွန်ုပ်သည် လောကုတ္တရာတရား ကိုးပါးအား လျော်သော ကျင့်ပဋိပတ်အကျင့်မြတ်ဖြင့် သံဃာတော်မြတ်ကို ပူဇော်ပါ၏ဘုရား။

## နိဗ္ဗာန်ကို မိဗ္ဗာန်ရန်

အဒ္ဓါ ဣမာယ ပဋိပဒါယ ဇရာမရဏမှာ ပရိမုစ္စိဿာမိ။

(မြန်မာပြန်)

အကျွန်ုပ်သည် ကျင့်ပဋိပတ် အကျင့်မြတ်ဖြင့် အိုဘေးဆိုးကြီး သေဘေးဆိုးကြီးမှ ကင်းနိမ့်ချွတ် လွတ်မြောက်ရတော့မှာပါတကား။

## (က) ကောင်းမှုပြုတိုင်း မှန်ကန်စွာ ဆုတောင်းရန်

ဣဒံ မေ ပုညံ အာသဝက္ခယာ ဝဟံ ဟောတု။

(က) မြန်မာပြန်

အကျွန်ုပ်၏ ဤကောင်းမှုသည် အာသဝေါတရား လေးပါးတို့၏ ကုန်ရာကုန်ကြောင်းဖြစ်သော မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်ကို ရွက်ဆောင်ပါစေသတည်း။

## (ခ) ကောင်းမှုပြုတိုင်း မှန်ကန်စွာ ဆုတောင်းရန်

ဣဒံ မေ ပုညံ နိဗ္ဗာနဿ ပစ္စယော ဟောတု။

(ခ) မြန်မာပြန်

အကျွန်ုပ်၏ ဤကောင်းမှုသည် နိဗ္ဗာန်ရောက်ကြောင်း အထောက်အပံ့ကောင်း ဖြစ်ပါစေသတည်း။

## ကောင်းမှုပြုတိုင်း အတိုဆုံးအမျှဝေရန်

ဣဒံ မေ ပုညဘာဂံ သဗ္ဗသတ္တာနံ ဒေမိ။

( မြန်မာပြန် )

ကျွန်ုပ်ပြုသမျှ ဤကုသိုလ်၏ အဖို့ဘာဂကို အားလုံးသော သတ္တဝါတို့အား အမျှပေးဝေပါ၏၊ အမျှပေးဝေပါ၏၊ အမျှပေးဝေပါ၏- အမျှ အမျှ အမျှ - ယူတော်မူကြပါကုန်လော့။

# ၆၆။ မေတ္တာပွားရန်

၁။ ယခု ရောက်လာ၊ တို့သူငါ၊ ချမ်းသာ ကိုယ်စိတ် မြဲပါစေ။

၂။ ရှင် လူ များစွာ၊ တို့သူငါ၊ ချမ်းသာ ကိုယ်စိတ် မြဲပါစေ။

၃။ ဂုဏ်တော်နန္တာ၊ မြတ်ဆရာ၊ ချမ်းသာ ကိုယ်စိတ် မြဲပါစေ။

၄။ မိဘ နှစ်ဖြာ၊ ဂုဏ်နန္တာ၊ ချမ်းသာ ကိုယ် စိတ် မြဲပါစေ။

၅။ တို့ကျောင်းတွင်းမှာ၊ များသတ္တာ၊ ချမ်းသာကိုယ်စိတ် မြဲပါစေ။

၆။ တို့ မြို့တွင်းမှာ၊ များသတ္တာ၊ ချမ်းသာ ကိုယ်စိတ် မြဲပါစေ။

၇။ တို့နယ်တွင်းမှာ၊ များသတ္တာ၊ ချမ်းသာကိုယ်စိတ် မြဲပါစေ။

၈။ ရဟန်းသံဃာ၊ အားလုံးမှာ၊ ချမ်းသာကိုယ်စိတ် မြဲပါစေ။

၉။ ပစ္စည်းလေးဖြာ၊ ဒါယကာ၊ ချမ်းသာကိုယ်စိတ် မြဲပါစေ။

၁၀။ မင်းစိုးရာဇာ၊ နယ်တကာ၊ ချမ်းသာကိုယ်စိတ် မြဲပါစေ။

၁၁။ ခိုးသူတိုက်သူ၊ လိမ်ကောက်သူ၊ ထိုတူကိုယ်စိတ် ချမ်းသာစေ။

၁၂။ တိုစကြာဝဠာ၊ များသတ္တာ၊ ချမ်းသာကိုယ်စိတ် ငြိမ်ပါစေ။

၁၃။ အနန္တစကြာဝဠာ၊ များသတ္တာ၊ ချမ်းသာကိုယ်စိတ် ငြိမ်ပါစေ။

၁၄။ အပါယ်လေးရွာ၊ များသတ္တာ၊ ချမ်းသာကိုယ်စိတ် ငြိမ်ပါစေ၊

၁၅။ လူနတ်ပြဟ္မာ၊ အားလုံးမှာ၊ ချမ်းသာကိုယ်စိတ် ငြိမ်ပါစေ။

၁၆။ သုံးဆယ့်တစ်ဘုံ၊ အလုံးစုံ၊ အကုန် ချမ်းသာကြ ပါစေ။

မှတ်ချက်။ ။ဤမေတ္တာပို့များကို ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီး ရေးသားတော်မူပါသည်။

## ၆၇။ သံယောဇဉ်ကြိုး ဖြတ်ချိုးမလွယ်-ဂါထာသွယ်

ပဉ္စာရမ္မဏ ထက္ကမှ- သံယောဇနေဟိ ဗန္ဓိတာ၊
ဘာဝွာ သံသာရဝဇမှ- နိက္ခမိတုံ န သက္ကရေ။

သံသာရဝဇမှ၊ သုံးဆယ့်တစ်ဘုံ ဝဋ်ခြံမှန်လှ သံသရာ ဆိုတဲ့ နွားခြံကြီးထဲ၌။ ပဉ္စာရမ္မဏထက္ကမှ၊ အဆင်းတွေကလည်း

အတန်တန် အသံတွေကလဲ အမျိုးမျိုး အခိုးအနံ့တွေကလဲ အဖြာဖြာ အရသာတွေကလဲ အစုံအစေ့ အတွေ့အသိတွေကလဲ တပုံတပင် ခုံမင်စရာငါးဖြာအာရုံ ကာမဂုဏ်ဆိုတဲ့ ချည်တိုင်ကြီး၌။ 'သံယောဇနေဟိ၊ သံယောဇဉ်ကြိုး အမျိုးမျိုးတို့ဖြင့်။ ဝါ – သံယောဇနေဟိ၊

(က) မျက်စေ့အောက်က အပျော်မခံချင် ချစ်ခင်ငွဲ့လမ်းလျက် အမြဲတမ်းကြည့်နေချင်ကြတဲ့ မိခင် ဖခင်တွေ၏ သားသမီးသံယောဇဉ်၊

(ခ) ငါ့အမေ ငါ့အဖေ ငါ့ဆွေ ငါ့မျိုး ငါ့အိုး ငါ့အိမ် ရယ်လို့ အချိန်ရှိသမျှ မိဖနှင့် မခွဲခွဲ အမြဲအတွဲ ပွားစီး နေချင်ကြတဲ့ သားသမီးတွေ၏ မိဖသံယောဇဉ်၊

(ဂ) ငါ့ဘိုက်ငါ့တာ ငါ့ယာငါ့မြေ ငါ့ရွှေငါ့ပစ္စည်းရယ်လို့ ခွဲလဲ မသွားနိုင်-တကိုင်ကိုင် တပွေ့ပွေ့နဲ့ နေ့ရှိသရွေ့ ညရှိသမျှ ဒုက္ခပေးနေတဲ့ သူဌေး အခေါ်ခံသူတွေ၏ ပစ္စည်း သံယောဇဉ်၊

(ဃ) အချိန်တန် အိမ်ပြန်လို့ မရောက်မှဖြင့် ကဘောက် ကတက်တွေဘွေးပြီးတော့ မေးလားကြန်းလားနဲ့ လမ်းသွား လမ်းလာတွေကို အကဲခပ်လို့မို့ အသဲတဆတ်ဆတ်နာအောင် အကြိမ်ကြိမ်တွေတရားပူရတဲ့ အိမ်နေသူ ဒကာမကြီးတွေ၏ ဒကာကြီးအပေါ်စွဲတဲ့ သံယောဇဉ်၊

(င) အသုပ်လုပ်လို့ မပြောင့် စိုးနှောင့်ပူပန် နောက်ဆံ တဘင်းတင်းနဲ့ နေ့ခင်းအချိန်မှာ ငါမရှိခင် အိမ်သယ်

များ ထွက်နေမလားဟဲ့ ရယ်လို့ တချက်တချက် လူမသိအောင် ပူရှာရတဲ့ စီးပွားရေးအတွက် အိမ်က ထွက်ခွာနေသူ ဒကာကြီးတွေရဲ့ ဒကာမကြီးအပေါ် စွဲတဲ့ သံယောဇဉ်၊

(စ) ပြုံးပုံကလေးကဘယ်လို ဆိုပုံကလေးကဘယ်သို့ မခို့တရို့နေပုံကလေးက ဘယ့်နှယ်ရယ်လို့ ဆက်သွယ်သူ တဖက်သားကြောင့် ရတက်များပွေလှိုင် တမှုင်မှုင် တတ,တ,နဲ့ ခဏခဏ အသွယ်သွယ် ပူရတဲ့ ငယ်ရွယ်သူ တွေရဲ့ လူမသိတဲ့ (အုံ့ပုန်း) သံယောဇဉ်၊

ဆွေသံယောဇဉ် မျိုးသံယောဇဉ် အိုးသံယောဇဉ် အိမ် သံယောဇဉ် စိန်သံယောဇဉ် .... ပေါဖျဉ်လှစွာ ငါ့ယာ ငါ့မြေ ငါ့ရွှေ ငါ့ပစ္စည်းရယ်လို့ အနည်းနည်းအဖုံဖုံ စုံစုံလင်လင် .... သံယောဇဉ်ဆိုတဲ့ကြိုး အမျိုးမျိုးဘို့ဖြင့်။ ဗန္ဓိတာ၊ ရှန်းနိုင် လျှင်ရှန်း ပြတ်နိုင်လျှင်ပြတ် ဆင်ပြောင်ကို ထူးခတ်သလို ပူးကပ်စွာ ချည်နှောင်အပ်ကုန်သော၊ သတ္တာ၊ သံယောဇဉ် နပါးကြိုးတွေနဲ့ နွားသိုးနွားမများစွာကျုံးခွဲ့ အလုံးစုံသော သတ္တဝါတို့သည်၊ (သံသာရဝဇတော၊ သုံးဆယ့်တစ်ဘုံဝဋ်မြုံ မှန်စွာ သံသရာဆိုတဲ့ နွားခြံကြီးအထဲမှ၊) နိက္ခမိတုံ၊ သံယောဇဉ်ကြိုးတွေကို ဇွတ်ဖြတ်၍ လွတ်လပ်ရာဆိုတဲ့ ဘုံစားကျက် ဆီသို့ ခုန်ထွက်သွားရောက်ခြင်းငှာ။ နသက္ကရေ = နသက္ကောန္တိ၊ လူစွမ်းမလုတ်သမျှမှာဖြင့် မချကေန် တကယ့်ကိုမှတ်လေတော့ ပြော် - ဘယ်လို အတတ်နဲ့မှ မစွမ်းနိုင်ပဲ ရှုံကြ လေကုန် သတည်း၊

## ၆၈။ သံယောဇဉ် ရှစ်လုံးဖွဲ့ ကဗျာများ

၁။ မျက်စိအောက်က မပျောက်စေချင်၊
တသက်ပတ်လုံး ရှင်ပြုံးကြည်လင်၊
မိဖများတို့ ရှုစားလိုအင်၊
အများကြီး သားသမီးသံယောဇဉ်။

၂။ ရပ်တပါးသို့ သွားဖို့မပြင်၊
မိဖနှင့်ပဲ အမြဲတူယှဉ်၊
သားသမီးတို့ ပွားစီးနေချင်၊
ရှိသမျှ မိဖသံယောဇဉ်။

၃။ အိမ်ကြီးတိုက်ကြီး ပစ္စည်းစုံလင်၊
နေ့စဉ်အမြဲ မခွဲနိုင်အင်၊
ရွှေငွေစိန်သီး အိမ်ကြီးအရှင်၊
အချစ်ကြီး ပစ္စည်းသံယောဇဉ်။

၄။ ပြန်ချိန်တန်လောက် မရောက်လာယင်၊
ဘယ်ဆီကိုများ သူသွားသည့်အင်၊
အချိန်ကျလို့ အိမ်ကပူပင်၊
ကမ္ဘာမီး ဒကာကြီးသံယောဇဉ်။

၅။ ငါမရှိခိုက် စရိုက်ပေါ်လွှင်၊
တိတ်တိတ်ကွယ်ပုန်း လယ်အုန်းမည်ထင်၊
နောက်ဆံတင်းလို့ လုပ်ရင်းပူပင်၊
မဘာမီး ဒကာမကြီးသံယောဇဉ်။

၆။ ငယ်ရွယ်သူများ အားလုံးတူပင်၊
ကိုယ့်ကိုသူစွဲ ကိုယ်လဲသူ့ခင်၊
လူမသိဘူး ပူမိလေအောင်၊
အကြီးစား မီးပွားသံယောဇဉ်။

မှတ်ချက်။ ။ဤဂါထာ ပါဠိအနက်နှင့် ဤရှစ်လုံးဖွဲ့များကို ရေးသူမသိရပါ။

## မဟာသတိပဋ္ဌာနသုတ်-ဓမ္မာနုပဿနာ-အာယတနပိုင်း

## ၆၉။ သံယောဇဉ်ဖြတ်ရန်-မဟာသတိပဋ္ဌာန် တရားတော်ကြီး ဆောင်ပုဒ်များ

က။ မျက်ဒွါကိုလည်း သိရမည်၊ အဆင်းကိုလည်း သိရမည်။ ထိုနှစ်မျိုးကိုစွဲ၍ ဖြစ်ပေါ်လာသော သံယောဇဉ်ကိုလည်း သိရမည်၊

ခ။ သံယောဇဉ် ဖြစ်ပေါ်ကြောင်းတရားကိုလည်း သိရမည်။

ဂ။ သံယောဇဉ်ငြိမ်းကြောင်း တရားကိုလည်း သိရမည်။

၁။ အာရုံငါးပါး၊ တပ်စွဲက၊ ကာမသံယောဇဉ်။
၂။ သုံးပါးဘဝ၊ တပ်စွဲက၊ ဘဝသံယောဇဉ်။
၃။ အမျက်ဒေါသ၊ စိတ်ဆိုးက၊ ပဋိဃသံယောဇဉ်။
၄။ ကိုယ်သာတော်လှ၊ ထင်မှတ်က၊ မာနသံယောဇဉ်။
၅။ ရုပ်နာမ်ကိုပဲ၊ ငါကောင်စွဲ၊ ယူလွဲဒိဋ္ဌိပင်။

၆။ တရားနှုန်တွင်၊ မယုံချင်၍၊ ဆင်ခြင်နှိုင်းငြိ၊ ဝေဘန်ကြည့်၊ ဝိစိကိစ္ဆာသံယောဇဉ်။

၇။ သစ္စာ မမြင်၊ မဂ္ဂင် မပါ၊ လေ့ကျင့် ကာ မြင့်၊ ချမ်းသာ မြဲမည်၊ ယုံကြည် ဆုံးဖြတ်၊ ယူ ဆ မှတ်း သီလဗ္ဗတပင်။

* နွားခွေးတူစွာ၊ ကျင့်တာကောင်းမြတ်၊ ယူဆမှတ်း သီလဗ္ဗတပင်။

* ပူဇော်ပသ၊ လေ့ကျင့်မျှမြင့်၊ ဘဝနောင်ခါ၊ မြဲချမ်းသာ၊ ယူတာလဲပဲရင်းပင်။

၈။ ကိုယ့်ထက်သူများ၊ ကောင်းစားသည်ကို၊ မနာလိုး ခေါ်ဆို ဣဿာပင်။

၉။ ကိုယ့်လိုသူများ၊ ချမ်းသာပွါ၍၊ ကောင်းစားသည်မှု ဝန်တိုက၊ မစ္ဆရိယပင်။

၁၀။ သစ္စာလေးတန်၊ ပြောင်းပြန်ထင်ကာ၊ မသိတာ၊ အဝိဇ္ဇာသံယောဇဉ်။

၁၁။ ဝဋ်ဆင်းရဲမှု၊ မလွတ်ရအောင်၊ ချည်နှောင်တတ်စွား ဤဆယ်ပြာ၊ အဘိဓမ္မာသံယောဇဉ်။

**အရိယာအသီးသီးတို့မှာ ကင်းငြိမ်းသော သံယောဇဉ်များ**

၁။ ဒိ-ဝိ-သီ-လ္လာ၊ မဂ္ဂရှိ၊ ကင်း၏သောတာပန်။

၂၊ ကာမရာဂ၊ ပဋိဃ၊ ကင်းပ အနာဂါမ်။

၃။ ဘဝမာန၊ အဝိဇ္ဇာ၊ ကင်းကွာ အရဟံ။

(မဟာစည်ခမ္မဒေသနာဆောင်ပုဒ်များမှ)

## ၇၀။ ဘဝတန်ဘိုးတရားတော်

ယောစ ဝဿသတံ ဇီဝေ၊ အပဿံ ဥဒယဗ္ဗယံ။
ဧကာဟံ ဇီဝိတံ သေယျော၊ ပဿတော ဥဒယဗ္ဗယံ။

ယောစ၊ အကြင်သူသည်ကား။ ဥဒယဗ္ဗယံ၊ အဖြစ်အပျက်ကို။ အပဿံ၊ မမြင်ပါဘဲ၊ ဝဿသတံ၊ အနှစ်တရာ တသက်တာပတ်လုံး။ ဇီဝေ၊ ပကတိအတိုင်းသာ အသက်ရှင်လျှက်နေရာ၏။ တဿ၊ ထိုသူ၏၊ တတော၊ ထိုနှစ်တရာပတ်လုံး အသက်ရှင်ရသည်ထက်။ ဥဒယဗ္ဗယံ၊ အဖြစ်အပျက်ကို။ ပဿတော၊ မြင်သောသူ၏၊ ဧကာဟံ ဇီဝိတံ၊ တနေ့တရက်မျှ အသက်ရှင်ရခြင်းသည်၊ သေယျော၊ သာ၍ကောင်းမြတ်ပေ၏။

* ဖြစ်ပျက်နှစ်ပြာ၊ မမြင်ပါဘဲ၊ တရာအသက်၊ ရှည်သည်ထက်လည်း၊ ဖြစ်ပျက်နေဟန်၊ ရုပ်နှင့်နာမ်ကို၊ အမှန်မြင်လျှက်၊

ဥာဏ်စဉ်တက်၍၊ တရက်တာမျှ၊ သက်ရှည်ရသော်၊ လောကလူ့ရွာ၊ ကောင်းမြတ် သာသည်၊ မြတ်စွာ ဗုဒ္ဓ မိန့် ခွန်းတည်း။ ။

မှတ်ချက်။ ။မဟာစည် ဓမ္မဒေသနာဆောင်ပုဒ်များမှ တဆင့် ဖော်ပြပါသည်။

## စစ်ကိုင်းတောင်ရိုး–မဟာဝိဇ္ဇာဒယ ဆရာတော်ဘုရား၏

## ၇၁။ ဗုဒ္ဓဝင် ဘုရားရှိခိုး

အနန္တဂုဏသမ္ဘာရ၊ အရဟံအစ အနန္တအသချေ တွက်ရေ၍မရ များလှသောင်းပြောင်း ဂုဏ်တော်အပေါင်းတို့နှင့် ပြည့်စုံတော်မူသော။ ဂေါတမော၊ ဂေါတမနွယ်ဘွား ငါတို့မြတ်စွာဘုရားသည်။

### ဆုပန်ခန်း

ဒီပင်္ကရာပါဒမူလေ! သာရမဏ္ဍ ကမ္ဘာမည် ပွင့်ကြွထင်ရှားရာလေးပါးတွင် တပါးဝင်သည့် ဒီပင်္ကရာ မြတ်စွာသနင်းခြေတော်ရင်း၌၊ နိယတမာလာ၊ ရှေးသုမေဓာ ဖြစ်စဉ်ခါက သဒ္ဓါပိုမို လှန်ကြည်ညို၍ ကိုယ်ကိုဝပ်စင်း တံတားခင်းသဖြင့် ရှင်ပင်းမြတ်စွာ ဒီပင်္ကရာက ကမ္ဘာတဒ္ဒ နှောင်ကာလ၌ ဗုဒ္ဓတဆူ ဖြစ်လိမ့်ဟူ၍ ခွန်ကြူချိုမြ နှင်တော်ဟသည့် နိယတခေါ် ဗျာဒိတ်အောင်ပန်းတော်ကို။ ပိလန္ဒတွာ၊ ယသော်

သောင်းသျှာ သုမိဏ္ဍာနှင့် မကုဋာအတူ ပတ္ထနာမူလျက် ကြည် ဖြူနှစ်သက် ဦးသိုင်းချက်ပန့်ဆင်တော်မူပြီး၍....။

## ပါရမီဖြည့်ခန်း

ကပ္ပသတသဟဿာဓိကာနိ၊ ကမ္ဘာဘွက်ကိန်း တသိန်း အသင်္ချေရှိကုန်သော၊ စတ္တာရိအသင်္ချေယျာနိ၊ လေးအသင်္ချေတို့ ကာလပတ်လုံး၊ သမတိံသပါရမိယော၊ ဒါနစသည်များလှ ပေါ်သည် သုံးဆယ်အညီ ပါရမီတော်တို့ကို။ ပူရယိတွာန၊ အယုတ်အလတ် အမြတ်အားဖြင့် ဘုရားဖြစ်ရန် ရည်သန်ကြိုး ကုတ် အားထုတ်ဖြည့်ကျင့်တော်မူပြီး၍....။

## ပဋိသန္ဓေနေခန်း

အန္တိမဘဝေ၊ ဒီပင်္ကရာ မြတ်ဗုဒ္ဓါကြိုးနှိပ် ဗျာဒိတ်တော် ရသော ကမ္ဘာဘဒ္ဒ အဆုံးသွန်သောဘဝ၌၊ ဒေဝိယာ၊ ကုစ္ဆိ[illegible] ပြည့်ရှင် ဘုရင်သုဒ္ဓေါဒန နန်းမတော်ညာ ခြောက်ပြစ်ကင်း သည့် မာယာဒေဝီ မဟေသီတွတ်တား သောင်းရွှေဖျားနှင့်၊ ကုစ္ဆိမှ၊ သန္ဓေရှင်းသိုက်မြိုက် ဝမ်းကြာတိုက်၌။ ဝသိတွာန၊ ဘိုးတော်သကျ အဥ္စနမင်း မြို့ကြွင်းဘွက်စစ် သက္ကရာဇ်လွန် ခြောက်ဆယ့်ရှစ်ဝယ် တိမ်စွန်ညိုညို မိုးလုံးစိုသည့် ဝါဆို လပြည့် ကြွက်မင်းနေ့၌ ချမ်းမြေ့သန္ဓေ စွဲနေဝံပျော် ကိန်း အောင်းတော်မူပြီး၍....။

## ၎ွှါးမြင်တော်မူခန်း

လုမ္ဗိနိဝနေ၊ သာကီဝင်တို့ ရှင်ပျော်ပျို့သည့် နှစ်မြို့တော်သုံး ပဲတုန်းကျေးငှက် ဝဲကာယှက်၍ ပျံတက်ရင့်ကြူး လွန်ပျော်မွှူးသား မြင့်ထူးညီညီ ပွင့်ပူးစီသည့် လုမ္ဗိနီသာမော အင်ကြင်းတော၌။ ဝိဇာယ်တွာန၊ ခြောက်ဆယ့်ရှစ်ခု ရတုသာယာဝိသာခါနှင့် တံငါတိမ်ဘုံ စန်းတွေ့ကြုံသား ကဆုန်လပြည့်သောကြာနေ့၌ ချမ်းမြေ့ကြည်သာ နတ်ဗြဟ္မာနှင့် ဗိုလ်ပါအပေါင်း ခြသောင်း၍ တသောင်း လောကဓါတ် ပဲ့တင့်ထပ်လှ နှံ့စပ်ကျော်ကြူး သူ့ထက်ထူးအောင် မီးရှူးသန့်စင်၎ွှါးမြင်တော်မူပြီး၍....။

## သိီးနန်းစံခန်း

သောဠသဝဿကာလေ၊ တဆယ့်ခြောက်နှစ် သက္ကရာဇ်ကိုဘွက်ခစ်ပြီးမြောက် ရှယ်ဘော် ရောက်သော အခါ၌။ ဆုဇာသိရီ၊ တသိန်းခြောက်သောင်း ဒေ့တော်ပေါင်းနှင့်မောင်းမမိဿံ လေးသောင်းရံလျက် ရမ္မ, သုဘ, သုရမ္မဟုဘွန်းပျိုးပြောင် နန်းသုံးဆောင်ဝယ် ရွှေရောင်နှိုင်းဆ နတ်တချသို့ ဘဒ္ဒကစ္စနာ ဗိမ္ဗာရွှေလှော် မင်းယသော်နှင့် နှစ်ပေါင်းသက်ဝေ မြနှင့် ရွှေသို့ ဂဟေတော်စပ် ရွှေလက်ထပ်၍ နန်းရပ်သိီးဥ။ သိကြွားတူလျှင် စိုးယှူပိုင်နင်း ပွဲစုံခင်းလျက် မင်းမင်းသို့ဘွင်း ဘုန်းခိုးနေလ မရှုပိုင်ဘော် မင်း၏အသရေတော်ကို။ အနုဘူယိတွာန၊ ဆယ့်သုံးနှစ်မျှ အားရ ရှင်ပျော် စံတော်မူပြီး၍...။

## တောထွက်တော်မူခန်း

ကေူနတိံ သဝဿေ၊ တောထွက်ဖို့ရန် ချိန် တန် သင့် မြတ် ကာရကင်္ဂရာသီ ပါရမီဆော်နှိုး အရှယ်တော် နှစ်ဆယ့်ကိုးသို့။ ပတ္တော၊ တရွေ့ရွေ့ ကြီးမြောက် ရောက်တော်မူလတ်သည် ရှိသော်၊ စတုဒေါနိမိတ္တော၊ သူအို၊သူနာ၊သူသေ၊တခန်း ရဟန်း တခြား လေးပါးသော နိမိတ်ကြီးတို့ကို။ ဒိသွာ၊ ဥယျာဉ် ကစားရန် ထွက်စံတော်မူစဉ် တွေ့မြင်တော်မူရသည် ရှိသော်။ နိဗ္ဗိန္ဒိဘူတွာန၊ ထိတ်တော် နန်းတော် ကြွင်းနန်းတော်၌ မပျော်မမွေ့ ငြီးငွေ့တော်မူလှသည်ဖြစ်၍။ နိက္ခမန္တော၊ ကိုးဆယ့်ခုနစ်ဌာ ရာဘုံခွန်းဘုံ ဝါဆိုပုဏ္ဏမ ဗျဂ္ဃဒိနာ ဆွေကြင်ယာမှ သည်းချာ မျက်ရူ ရာဟုဘုန်းဟော့ ဖွါးသည့်နေ့တွင် မမွေ့နိုင်အောင် သံဝေ ဆောင်၍ သန်းခေါင်ကာလ တိုးတိုးမျှနှင့် ဆန္နမတ်ကျော် အပါခေါ်၍ စီးတော်ယာဉ်လှ ကဏ္ဍကနှင့် နန်းမှခွါရှောင် နော်မာသောင်သို့ ရောက်အောင်မပျက် ထွက်ကြီးထွက်တော် မူလျက်၊ ပဗ္ဗဇိတွာန၊ ဘဒ္ဒကဥ္စန အလှမျက်ဖျော် ယသော် ကြွင်ဆော နန်းသုံးမေသည် ရစ်ခွဲသုံးသပ် ထုံးဖွဲ့အပ်သည့် ဆျောင်မြတ်ရတနာ ဆံကေသာကို တွယ်ကာမထား ပယ်ကာ ရှားလျက် ထက်ဖျား ဗြဟ္မာ လျှကပ်လာသည့် ရောင်ဝါ တင့်ဆန်း ကြာသကန်းဖြင့် ထီးနန်းမူယာ စွန့်ပစ်ကာလျှင် ကြည်သာရှင်လန်း တောမှိုင်တန်း၌ ရဟန်းပြုတော်မူပြီး၍....။

## ဒုက္ကရစရိယာကျင့်တော်မူခန်း

ဆဗ္ဗဿာနိ၊ ဥရုဝေလ နာမတင့်ဆန်း နန်းနှင့်မနီး ထီးနှင့် ဝေးကွာ တောမှိုင်သာဝယ် သင်္ချာတွက်စစ် ခြောက်နှစ်တို့

ကာလပတ်လုံး၊ ဒုက္ကရစရိယာနှိ၊ ခန္ဓာညှိုးခွေ ကြေလုခမန်း အားကုန်ခန်းအောင် ပင်ပန်းဆင်းရဲ ပြုနိုင်ခဲသည့် လွန်ကဲသော အကျင့်တော်မြတ်တို့ကို။ စရိတ္တာန၊ သေ့းသားခန်းခြောက် အသက်ပင်ပျောက်ပျောက် မကြောက်မရွံ့ နောက်မတွန့်ပဲ သက်စွန့်ကိုးပခ်း ဖြည့်စွမ်း ကျင့်ကြံတော် မူပြီး၍။

## ဘုရားဖြစ်တော်မူခန်း

ဗောဓိမဏ္ဍ၊ အဝိဇဟိတ ဌာနသာစည် ရွှေးတည်နှောင်း ပျက် အချက်အချာ မင်္ဂလာဘူမိ တုမရှိသည့် ဗောဓိမဏ္ဍိုင် မြေဦးခိုင်၌၊ ပဥ္စမာရေ၊ ဒေဝပုတ္တ စသည်အများ မာရ်ငါးပါး တို့ကို။ ဇိတ္တာန၊ ပါရမီတော်မြတ် အနုဟာဘ်မင် ဓားသ်လျက် ဖြင့် ပယ်ဖျက်ခုတ်ထွင် သုတ်သင်ရှင်းလင်း အောင်ပွဲခင်းလျက် အောင်သတင်းကြူးကြူ အောင်လံတော်လွှင့်တူပြီး၍။ ဗုဒ္ဓဘာဝံ၊ လေးပါးသစ္စာ ပုဒ်အာကို ဆရာမကူ သယမ္ဘူဖြင့် နှုံးမကျန် မဖေါက်ပြန်ပဲ ဝေဘန်ပိုင်းခြား သိမြင်ဖြားသည့် သုံးပါး လောက မကုဋ္ဌာထွတ်ပူး အောင်ပွဲမှူးတဆူ နတ်လူတို့မျက်ရစ် ဘုရားအဖြစ်သို့။ သမ္ပတ္တော၊ ရော့သုံးခုကို ကအာနဲလပြည့် ဆင်မင် နေ့ဝယ် ကြွေ့ကြွေ့လိုက်ဆူ ရောက်ကြီး ရောက်တော် မူလေပြီ။

## ရှိခိုးခြင်း

တံဒုဋ္ဌ၊ ဘုရားအဖြစ်သို့ စင်စစ်ပြီးမြောက် ရောက်တော် မူသော ထိုမြတ်စွာဘုရားကို။ အဘံ၊ တပည့်တော်သည်။ ဝန္ဒာမိ။ ရှိသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးကန်တော့ပါ၏ အရှင်ဘုရား။

ရတနာ့သိရိ (၁၅)

## မှတ်ချက်

၁။ ဘုရားရှင်တို့ ပွင့်တော်မူရာ ကမ္ဘာသည် ငါးမျိုးရှိ၏။ ယင်းတို့မှာ (၁)ဘုရားတဆူပွင့်သော သာရကမ္ဘာ၊ (၂)နှစ်ဆူပွင့်သော မဏ္ဍကမ္ဘာ၊ (၃)သုံးဆူပွင့်သော ဝရကမ္ဘာ၊ (၄)လေးဆူပွင့်သော သာရ မဏ္ဍကမ္ဘာ၊ (၅)ငါးဆူပွင့်သော ဘဒ္ဒကမ္ဘာတို့ ဖြစ်သည်။ ဤကမ္ဘာ ငါးမျိုးကို ဘုရားရှင်တို့ ပွင့်တော်မူရာဖြစ်သောကြောင့် အသုညကမ္ဘာဟု ခေါ်၏၊ ဤကမ္ဘာများမှ တပါး ဘုရားရှင်တို့ ပွင့်တော်မမူသော ကမ္ဘာများကို သုည ကမ္ဘာများဟု ခေါ်၏။

အဆိုပါ အသုညကမ္ဘာငါးမျိုးအနက်(၄)နံပါတ်ဖြစ်သော သာရမဏ္ဍကမ္ဘာကို ရည်ရွယ်၍ "သာရမဏ္ဍကမ္ဘာမဥ္ဇ" ဟုဆိုသည်။ ယင်းသာရမဏ္ဍကမ္ဘာ၌ တဏှင်္ကရာ၊ မေဓင်္ကရာ၊ သရဏင်္ကရာ၊ ဒီပင်္ကရာဟု ဘုရားလေးဆူ ပွင့်တော်မူခဲ့၏။ဤအချက်ကို ရည်ရွယ်၍ "ရာလေးပါးတွင် တပါးဝင်သည့် ဒီပင်္ကရာ မြတ်စွာသနင်း"ဟု ဆိုသည်။

၂။ ပါရမီသုံးဆယ် ရေတွက်ပုံ၊ ဒါန၊ သီလ၊ နေက္ခမ၊ ပညာ၊ ဝိရိယ၊ခန္တီ၊ သစ္စာ အဓိဋ္ဌာန်၊မေတ္တာ၊ ဥပေက္ခာဟူသော ပါရမီဆယ်ပါးကို အယုတ်(အညံ့)စား အလတ်စား အမြတ်စားဟု သုံးမျိုးစီ ခွဲခြားကစားလျှင် ပါရမီသုံး ဆယ်ဖြစ်၏၊ဥပမာ ဒါနပါရမီ(အညံ့စား) ဒါနဥပပါ ရမီ(အလတ်စား) ဒါနပရမတ္ထပါရမီ (အမြတ်စား)

စသည်ဖြင့် ပွါးရာ၏။ ယင်းကို ရည်ရွယ်၍ "အယုတ်- အလတ် အမြတ်အားဖြင့် ဘုရားဖြစ်ရန် ရည်သန်ကြိုး ကုတ် အားထုတ် ဖြည့်ကျင့်တော်မူပြီး၍" ဟုဆိုသည်။

## ၇၂။ ညဉ့်ရုံတော်-သတိပဋ္ဌာန်-ဂါထာမွန်

နတေ့ဝ သုပိတုံ ဟောတိ၊ ရတ္တိ နက္ခတ္တမာလိနီ။
ပဋိဇဂ္ဂိတု မေဝေသာ၊ ရတ္တိံ ဟောတိ ဝိဇာနတံ။

နက္ခတ္တမာလိနီ၊ နက္ခတ်ပန်းတို့ဖြင့် သပ်ယပ်ဆန်းကြယ်လှ ပေသော၊ နက္ခတ္တမာလိနီ၊ ကတ္တိပါညိုလွှင် စိန်ပြောက်တွေ ခင်းသလို ကြည်လင်လပ်ဆပ် ကြယ်ရောင်စုံဟပ်သဖြင့် သပ် ယပ်ဆန်းကြယ်လှပေသော။ ရတ္တိ၊ ငှက်တိရစ္ဆာန် လူသံဆိတ် ငြိမ် အချိန်အေးမြ ညချမ်းအချိန်ကာလသည်။ သုပိတုံ၊ အိပ် ရန်အလို့ငှာ။ သုပိတုံ၊ ကာမဂုဏ်အရိပ်တောစမှာ အဖြာဖြာ အစုံစုံ စိတ်သောကတွေနှင့် အိပ်မောကျ၍နေခြင်းငှာ။ နတေ့ဝ ဟောတိ၊ ဖြစ်ပေါ်၍ လာခဲ့သည် မဟုတ်ပါချေတကား။ နတေ့ဝ ဟောတိ၊ ကမ္ဘာကို ငြဟ္မာစဉ်က ဟေ-ဒါဟာ ပသမအကောင်းပဲရယ်လို့ လျှောင်းလှဲကာ ဇာခေါင်းအုန်း ခေါ့နဲ့ မွေ့လျော်ရန် အများကိုငဲ့ပြီး ထားခဲ့တာလဲမဟုတ်ပါ ချေတကား။ သောရတ္တိ၊ ဤညချမ်း အချိန်ကာလသည်။ သောရတ္တိ၊ ရောင်းရေးဝယ်တာ အဖြာဖြာနဲ့ လူ့ရှာကိစ္စ အားလပ်ကြတဲ့ ဤညချမ်းအချိန်ကာလသည်၊ ဝိဇာနတံ-ဝိဇာ

နန္တာနံ၊ လောကကို ဘောက်တွေးတော့ ကြောက်သွေးစိမ့်စိမ့် ကျောဘသိမ့်သိမ့်နဲ့ အေးငြိမ့်စေရန် နိဗ္ဗာန် မြော်ငြောင်း သူတော်ကောင်းတို့၏။ ပဋိဘဂ္ဂတုမေဝ၊ စက်ခန်းသဋ္ဌာငြောင် မှာ အသက်တန်းလျှင်စွာ အောင်ရအောင် မဂ်လမ်းတဒင်္ဂါ ဆောင်လို့မို့ ပြောင်ပြောင်ကြီး ကိုးစား အားထုတ်ကြရန်ဘို့ အလို့ငှာသာလျှင်။ ပဋိဇဂ္ဂတုမေဝ၊ ဟို-နိဗ္ဗာန်ဆိုတဲ့ အမတာ ဘုံ စံစားကျိုးရန်ဘို့ ကာမဂုဏ် ဉာဏ်သမား သူခိုးဒါးပြတွေ ကြောင့် သတိလို့ဆိုတဲ့ ဓမ္မာရုံ ဓရဝမ်သမားကို နှိုးနှိုးပြီး နှိုးနှိုးကြွားကြွားနဲ့ ကိုးကိုးစားစား အားထုတ်ကြရန်ဘို့အလို့ ငှာသာလျှင်၊ ဟောတိ၊ စင်စစ်မသွေ ဖြစ်ပေါ်ချဲ့လာခဲ့ပါ ပေ၏၊ ဟောဘိ၊ ညွှန်ပြတော်မမွာပြစေဘို့ အတင်းခုန်ကျောက် ကာ နိဗ္ဗာန်ဆိုတဲ့ အမတာ နဂရကိုဖြင့် မဟာဓမ္မ ဝိပဿနာ တော့ရဲ့ တခါပျော်ရအောင် သူတော်ကောင်းတို့ရေ ........ ဟစ်အော်လို့ ပြခဲ့ရပါလေဘော့သတည်း။

မှတ်ချက်။ ။ဒေသာဏကောဋ္ဌိဋိယကို မြတ်စွာဘုရား ဟော ကြားတော်မူသည်။

## ၇၃။ ညောင်ရေသွန်း ပူဇော်ရန် ဂါထာ

ယဿ မူလေ နိသိန္နော ယော၊
ဇေတွာ မာရံ သဝါဟိနိံ။
သမ္ပတ္တော အဘိသမ္ဗောဓိံ၊
တဿ တံ ပူဇယာမသေ။

ယောဘဂဝါ၊ ဘုန်းတော် ၆-ပါးသခင် အကြင်ဘုရားရှင်သည်။ ယဿဗောဓိရုက္ခဿ၊ ညောင်ဗုဒ္ဓဟောခေါ်မှတ်အကြင်ဗောဓိပင်မြတ်၏၊ မူလေ၊ အရိပ်သာယာ ညီညာမြင့်မြတ် အနီးရပ်နိုက်၊ နိသိန္နော၊ ထက်ဝယ်ဖွဲ့ခွေ တင့်တယ်စွာ စံနေတော်မူလျက်၊ သဝါဟိနိံ၊ နောက်လိုက်ဗိုလ်ပါ စစ်သည်ပေါင်းများစွာနှင့် တကွသော။ မာရံ၊ မာရ်နတ်မင်းကို။ ဇေတွာ၊ ဒါနစသည် ပါရမီတော်ဆယ်ချက် ကောင်းမှုတော်တည်းဟူသော လက်နက်ဖြင့် ပယ်ဖျက်သုတ်သင် အောင်မြင်တော်မူပြီး၍။ အဘိသမ္ဗောဓိံ၊ အရဟတ္တ မဂ်ဉာဏ် သဗ္ဗညုတဉာဏ်တည်းဟူသော ဘုရားအဖြစ်သို့။ သမ္ပတ္တော၊ ကောင်းစွာထမြောက် ဆိုက်ရောက်တော်မူခဲ့လေပြီ။ တဿဘဂဝတော၊ ဘုန်းတော် ၆-ပါးသခင် ထိုဘုရားရှင် ကိုယ်တော်မြတ်၏။ တံဗောဓိရုက္ခံ၊ ညောင်ဗုဒ္ဓဟောခေါ်မှတ် ထိုဗောဓိပင်မြတ်ကို။ အဟံ၊ ငါတို့သည်၊ ပူဇယာမသေ၊ အေးမြစေကြောင်း ရေစင်လောင်းလျက် နှစ်သောင်းရှင်ပျ ပူဇော်ကြပါကုန်သတည်း။

မှတ်ချက်။ ။ရန်ကုန်မြို့-မဟာစည် သာသနာ့ရိပ်သာ နှစ်စဉ် ညောင်ရေသွန်း ပူဇော်ပွဲ၌ ဤညောင်ရေသွန်း ဂါထာတော်ကို ရွတ်ဖတ်၍ ပူဇော်ကြပါသည်။

## ၇၄။ သံတော်ရှစ်ချက်-သံသရာစက်ဖြတ်ချိုး ဘုရားရှိခိုး-ဂါထာ

သံသာရစက္ကဝိဒ္ဓံသံ၊ သံသုဒ္ဓမဿ ဩရသံ။
သံဆိန္နကံ ဘဝေ အာသံ၊ သံဃမပိ သု မာနသံ။

သံသာရစက္ကဝိဒ္ဓံသံ၊ ပဋိစ္စသမုပ္ပါဒ်အကြောင်းကျိုးနှစ်တန် ရုပ်နာမ်နှစ်ဖြာ ခန္ဓာစဉ်ဆက် သံသရာစက်ကို ပယ်ဖျက်တော်မူသော။ ဗုဒ္ဓံ၊ သစ္စာလေးပါး ဥဉယျ ငါးကို ပိုင်းခြားကုန်စင် သိမြင်ပေတတ် ဘုရားမြတ်ကိုဥင်း၊ သံသာရစက္ကဝိဒ္ဓံသံ၊ ပဋိစ္စမျိုး ကြောင်းကျိုးနှစ်တန် ရုပ်နာမ်နှစ်ဖြာ ခန္ဓစဉ်ဆက် သံသရာ စက်ကို ပယ်ဖျက်တော်မူသော။ သံသုဒ္ဓံ၊ နှိပ်စက်ပူလောင် မဲမှောင်ညစ်ထူ ကိလေမှုညစ်ကင်းသန့်ရှင်းတော်မူသော။ ဓမ္မံ အပိ၊ မဂ်ဖိုလ်နိဗ္ဗာန် ဓမ္မက္ခန်ပရိယတ် တရားတော်မြတ်ကိုဥင်း၊ သံသာရ စက္ကဝိဒ္ဓံသံ၊ ပဋိစ္စမျိုးကြောင်းကျိုးနှစ်တန် ရုပ်နာမ် နှစ်ဖြာ ခန္ဓာစဉ်ဆက် သံသရာစက်ကို ပယ်ဖျက်တော်မူသော။ သံသုဒ္ဓံ၊ နှိပ်စက်ပူလောင် မဲမှောင်ညစ်ထူ ကိလေမှုညစ်ကင်း သန့်ရှင်းတော်မူသော။ အဿ၊ ထိုသံသရာစက်ဖြတ် ဘုရားမြတ်၏။ ဩရသံ၊ ရှေ့ရင်တော်နှစ် သားတော်စစ် ဖြစ်တော်မူသော။ ဘဝေ၊ ကာမ ရူပ အရူပဟု ဘဝသုံးပါး ဘုံသုံး ပါး၌။ အာသံ၊ တွယ်တာစုံမက် မခွါရက်အောင် နှစ်သက်ငြိကပ် တဏှာတော်ကို။ သံဆိန္နကံ၊ ငွေ့သတ်မချန် အမြစ်လှန်၍ မဂ်ဉာဏ်ဖြင့်သတ် ကောင်းစွာဖြတ်တော်မူသော။ သုမာနသံ၊ ကိလေသာငြိမ်းရန် လမ်းမှန်ကျင့်သိ စိတ်ကောင်းရှိတော်မူ သော။ သံဃံအပိ၊ မဂ္ဂဋ္ဌာန် ဖလဋ္ဌာန် ရှစ်တန်ထင်ပေါ်

အရိယာ သံဃာတော်မြတ်ကိုရင်း။ အဟံ၊ ပဋိစ္စသမုပ္ပါဒ် စက်ရဟတ်ကို ဖျက်ဖြတ်မည်မြော် ဘုရားတပည့်တော်သည်။ နမာမိ၊ ဂုဏ်တော်တွေ အနန္တကို မှန်းဆကာ စိတ်ရည်စူး၍ ကြည်နူးစွာ ရှိခိုးကန်တော့ပါ၏အရှင်ဘုရား။ ။

မှတ်ချက်။ ။ဤဂါထာပါဌ်အနက်ကို တိပိဋကဓမ္မယပါရဂူ ဆရာတော် အရှင်ဥာဏဗလ၏ မင်္ဂလက်ဆောင်စာတန်း မှ ကူးယူဖော်ပြသည်။

## ၇၅။ ဇယမင်္ဂလာ-အောင်ဂါထာ

ဇယာသနဂတော ဗုဒ္ဓော၊ ဇေတွာ မာရံ သဝါဟနံ၊ ... 

ဇယစက္ကော ဇယန္တော ယော၊ ဇယိဘဗ္ဗေ ဇယာသနေ။
ဇယာပေသိ ဇယေသိနံ၊ ဇယံ ဒေတု ဇယုတ္တမော။

ယောဇိနော၊ ငါးရပ်သော မာရ်စစ်ကို လှန်ပယ်ကာ မြစ်တား၍ စစ်သားမကူ တဆူဥက္ကဋ္ဌ အကြင် ဘုရားသျှင် ကိုယ်တော်မြတ်ကြီးသည်၊ ဇယိတဗ္ဗေ၊ အောင်စည်ကိုဟိန်း၍ အောင်ကိန်းဆင် သလျက် ဘဝင်ဟာဒယကြည်နူး အောင်ပန်းခူး ရာဖြစ်သောသော၊ ဇယာသနေ၊ အောင်သိဒ္ဓိ ဆင်မြန်းသည့် ပလ္လင်နန်းမှန်ကင်း ဗောဓိပင်ရင်း၌။ ဇယစက္ကော၊ ပါရမီဆယ် ချက်အောင်လက်နက်စက်ခရိုင်ကို အချက်ပိုင်အောင်ကိုင်ဆောင် တော်မူရသည်ဖြစ်၍။ ဇယန္တော၊ မာရ်စစ်သည် ရန်အလုံးကို ဖျက်မှုန်းကာ ပယ်ရှင်း၍ အောင်ခြင်းကြီးအောင်တော်မူခဲ့လေ ၏၊ ဇယေသိနံ၊ ဘဝပေါင်း အနန္တတွင် ကြံဆ၍ မဆုံးဘွယ် မပြုံးမရယ်နိုင် လောင်ခမန်းမို့ အောင်ပန်းကို အာသာကြီး၍ ရှာမှီးကာ နေကြကုန်သော သူတို့အားလည်း၊ ဇယာပေသိ၊

ကိုယ်တော်မြတ်နှင့်အတူ အောင်ပန်းကို ဆွတ်ချူ၍ ထွတ်အငူ အမြိုက်ခဘဲသို့ ဆိုက်ကပ်တော်မူစေပြီ၊ ဇယုတ္တမော၊ အောင်သူတကာတို့၏ မှန်ကင်း အောင်ခြင်းတကာတို့၏ ဥဩချောင် ထွတ်ခေါင်သရဖူ သယမ္ဘူမကိုဋ္ဌိတိ အောင်ပွဲဝင် ပုဂ္ဂိုလ်ကြီး ဖြစ်တော်မူပေသော။ သောဇိနော၊ အောင်သိဒ္ဓိ ပလ္လင်နန်း၌ ဆင်မြန်းပန်ဆင် မာရ်နှင်ဟန့်တား ထိုရှင်တော်မြတ်ဘုရားသည်။ မေ၊ ဘဝတိုင်း အငြှုံးပေး၍ နှလုံးသွေးဆူလောင် အပူကောင် အပူရုပ် အကျွန်ုပ်အား၊ ဇယံ၊ ကြောက်သွေးမတွန့် ငုံ့ဝံ့စေကြောင်း ဆေးကောင်းတရတည် ထူးလည်ကြိုင်လှိုင် အောင်သိဒ္ဓိ မြတ်ပန်းခိုင်ကို။ ဒေတု၊ အသျှင်ဘုရား တပည့်သားကို သနားသမှု ကိုယ်တိုင်ရှု၍ ယခုမကြာ ပေးတော်မူပါဘုရား။

(ဧဘေနသစ္စဝဇ္ဇေန၊ အစစ်အမှန် မြတ်ဘုရား၏ ထူးခြားသော ဂုဏ်ပုဒ်ကို ထုတ်ဆိုကာ မြွက်ဟလျက် အချက်ကျ အကြောင်းစပ်အောင် ကောင်းမြတ်စွာ ဆိုရသော ဤသစ္စာစကားကြောင့်။ ဇယကာမာနံ၊ ကိလေသာ စစ်ပွဲမှာ တပ်စွဲကာ အောင်ဇေယျတုနှင့် အောင်ဆုကို လိုလားကြကုန်သော တရားနာပရိသတ်အပေါင်း သူတော်ကောင်းတို့၏၊အဇ္ဈတ္တိက ဘာဟိရေသု၊ ကိုယ်တွင်း ကိုယ်ပ ဌာနနှစ်ပြင် ထက်ဝန်းကျင်တို့၌။ သဗ္ဗန္တရာယာ၊ အလုံးစုံသော အန္တရာယ် ရန်စွယ်ရန်ငြောင့် အမှောင့်ပယောဂ ရှိသမျှတို့သည်။ ဝိနာသေန္တု၊ ပိန်းကြာ ဘေပြင် ရေမဘင်သကဲ့သို့ ကင်းငင်ကာ တန်ခိုးဝေလျက် ချမ်းသာမိုး ရွာကြပါစေကုန်သတည်း)။

မှတ်ချက်။ ။ဤဂါထာပါဠိအနက်ကို အနဂ္ဃသာရမဥ္စူရီ (ဒုတိယတွဲ)မှ ဖော်ပြလိုက်ပါသည်။

# ၇၆။ နမောတဿ ဘုရားရှိခိုး

နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

ယောဘဂဝါ၊ အကြင်မြတ်စွာဘုရားသည်။ သုမေဓာတာ သသကာလေ၊ သုမေဓာမည်တွင် ဈာန်ယာဉ်ပျော်မွေ့ရှင်ရသေ့ ဖြစ်စဉ်အခါ၌။ ဒီပင်္ကရပါဒမူလေ၊ ဒီပင်္ကရာ မည်တွင်သာသည့် ထွတ်ချာသေဌ်နင်းခြေတော်ရင်း၌။ နိယတဗျာကရဏလဉ္ဆံ၊ နိယတဗျာဒိတ် ပန်းတံဆိပ်ကို။ ပီလန္ဓိတွာ၊ ကြည်ကြည်နူးနူး ဂါရဝ အထူးဖြင့် ဆွတ်ခူးပန်ဆင်တော် မူခဲ့ပြီး၍။ နိယတဗျာကရဏလဉ္ဆသာ၊ နိယတဗျာဒိတ်ပန်းတံဆိပ်ကို။ ပိလန္ဓနကာလတော၊ ကြည်ကြည်နူးနူးဂါရဝအထူးဖြင့်ဆွတ်ခူးပန်ဆင်တော်မူရာအခါမှ။ ပဋ္ဌာယ၊ စ၍။ ကပ္ပသတသဟဿာဓိကာနိ၊ ကပ္ပတွက်ကိန်း ကပ်တသိန်းအလွန်ရှိကုန်သော။ စတ္တာရိအသင်္ချေယျာနိ၊ လေးအသင်္ချေရောထွေပေါင်းစပ် ကပ္ပကပ်တို့ကာလ ပတ်လုံး။ သမတိံသပါရမီယော၊ အမျိုးသုံးဆယ်အများ ကျယ်ညီပါရမီတော်တို့ကို။ ပူရေတွာစ၊ အယုတ်အလတ် အမြတ်မရွေး ရှာကြံတွေးလျက် လေးစား ထောက်ချင့် အဆင့်ဆင့်ဖြင့် ဖြည့်ကျင့်တော်မူပြီး၍လည်းကောင်း၊ ပဉ္စမဟာပရိစ္စာဂေ၊ ငါးဖြာအသီး စွန့်ခြင်းကြီးတို့ကို။ ပရိစ္စဇိတွာစ၊ မချွတ်မလွဲ အနန္တနှဲ့ဘို့ စွန့်ကြဲတော်မူပြီး၍လည်းကောင်း။ တိဿောစရိယာယော၊ သုံးဖြာမလပ် ဗောဓိသတ်တို့ ကျင့်အပ်ပေတောင်း တရားကောင်းတို့ကို၊ စရိတွာစ၊ ကျင့်ကြံကြိုးကုတ် အားထုတ်တော်မူပြီး၍ လည်းကောင်း။

အန္တိမဘဝေ၊ အဆုံးစွန်ဘဝ၊ ခါသမယ၌။ ကျေနပ်တိ သဝဿာနိ၊ သင်္ချာတွက်ဘွယ် နှစ်ဆယ်တိုးလစ် ကိုးနှစ်တွင်း ကာလပတ်လုံး၊ ရင့်သုခံ၊ မန္ဒာတ်စကြာ ကဲ့ပမာသို့ ရာဇာ စည်းစိမ် ထီးအရှိန်နှင့် ကြီးအိမ်ရတနာ မြိုက်ချမ်းသာကို။ အနုဘဝိတွာ၊ ယသော်ဓရာ ဖေါ်ကညာနှင့် ပျော်ကာရွှင်ရွှင် သားတော်မြင်အောင် အစဉ်မပြီး ခံစားတော်မူပြီး၍။ မဟာဘိနိက္ခမနံ၊ ဘုရားလောင်း မြတ်ဗောဓိသတ်တို့ သတ်မှတ်မပျက် ရှေးရှုထွက်ရာ တောဝနာသို့။ အဘိနိက္ခမိတွာ၊ နေ့မှာရှေးရှုထွက်တော်မူ၍။ ဝါ၊ နေ့မှာ သောင်လမ်း တဘက်ကမ်းသို့ ဖြတ်သန်းထွက်ကြွတော်မူပြီး၍။ ဆဗ္ဗဿာနိ၊ ခြောက်နှစ်ဘို့ပတ်လုံး။ ဒုက္ကရစရိယံ၊ ပုဂ္ဂိုလ်သာမန်တို့သည် ပြုနိုင်ခဲလှစွာသော ဒုက္ကရစရိယာ အကျင့်ကို။ စရိတွာ၊ အချိုးကြေကြေ အရေခြောက်ခြောက် နောက်မဆုတ်ပဲ ကိုယ်တိုင်ကဲလျက် အားခဲလူလူကျင့်တော်မူပြီး၍။ ပဉ္စတိံသ ဝဿဝယေ၊ သုံးဆယ့်ငါးနှစ်အရွယ်၌။ ဗောဓိရုက္ခမူလေ၊ ဗောဓိပင်ရင်း၌။ အဓေ၊ ပဉ်သတ္တရှိ နာမ်လက်နိုက်ကို သံကိမြှောက်ကာ သောင့်ငါးရာဟု များစွာဥဿုံ အလုံးစုံသော ကိလေသာတို့ကို။ ဟနိတွာ၊ လေးတန်ဉာဏ်မဂ် စိန်သံလျက်ဖြင့် ပယ်ဖျက်ခုတ်ထွင် ငုတ်မထင်အောင် သုတ်သင်တော်မူပြီး၍။ အနုတ္တရံ၊ မည်သည့်တရားမနိုင်းအားသည့် မြတ်ဖျားခေါင်ထိ တုမရှိသော။ သမ္မာသမ္ဗောဓိံ၊ မဖေါက်မပြန် အမှန်ကိုယ်တိုင် သိစွမ်းနိုင်သည့် မဏ္ဍိုင်ဉာဏ်ငြ ဉာဏ်တော်မြတ်ကို။ အဘိသမ္ဗုဒ္ဓေါ၊ ထိုးထွင်းရှေးရှု သိတော်မူလေပြီ။

အရဟတော၊ တထောင့်ငါးရာ ကိလေသာစက် ရဲရန်မက်ကို လေးချက်မဂ်ရှိန် ဝရေဇိန်ဖြင့် ပယ်နှိမ်ခုတ်ဖြတ် သတ်တော်မူတတ်သော။ သမ္မာသမ္ဗုဒ္ဓဿ၊ မဖေါက်မပြန် ဉေယျဓံကို အမှန်ကိုယ်တိုင် သိစွမ်းတော်မူနိုင်သော၊ တဿဘဂဝတော၊ ထိုမြတ်စွာဘုရားအား။ မေ၊ ငါးပါးခန္ဓာ ရုံစရာကို လှန်စွာသမုတ် အကျွန်ုပ်၏။ နမော၊ လေးမြတ်ရိုကျိုး ရှိခိုးခြင်းသည်။ အဇ္ဇ၊ ဖြစ်ပါစေသတည်း။

မှတ်ချက်။ ။ဤနမောတဿ ဘုရားရှိခိုးကို ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက်၊ မြွေလက်ာရကျောင်း ဂဏဝါစက(စာချ)ဆရာတော်ထံ၌ ဒီဃနိကာယ်ကို သင်ယူခဲ့စဉ်က မှတ်သားခဲ့သည့်အတိုင်း ဖေါ်ပြလိုက်ပါသည်။

## ၁၃၁၁-ခုနှစ်က ထုတ်ဝေခဲ့သော မင်္ဂလာ ဂျာနယ်၌ မင်္ဂလာဦးအောင်မြင့် ရေးသားခဲ့သော

# ၇၇။ မင်္ဂလာ ကဗျာများ

၁။ လူမိုက်ဆိုလျှင် ဆရာမှတ်လို့ မဆည်းကပ်ဖို့ ရှောင်ရမည်၊
ပညာရှိသာ ဆရာသမားသို့ ဆည်းကပ်ခစားပြုရမည်၊
ပူဇော်သင့်သူ ဟူသမျှကို ပူဇော်ကြမှ ကြက်သရေတည်၊
အဲတာမှ မင်္ဂလဓမ္မ ဝါဒဖြစ်ပါသည်။

၂။ ကြီးပွားချမ်းသာ ပညာရဖို့ သင့်ရာဒေသ နေရမည်၊
ရှေးကကုသိုလ် ကောင်းမှုထူးနဲ့ ပြုခဲ့ဖူးလဲ ရှိရမည်၊
ရောက်ရာနေရာ အခြေကောင်းအောင် ကိုယ်ကောင်း စိတ်ကောင်း ထားရမည်။
လိုက်နာသူအား ရန်ဗယ်ရှား မြင့်မား ဂုဏ်ရည်တည်၊
အဲတာမှ မင်္ဂလဓမ္မ ဝါဒဖြစ်ပါသည်။

၃။ အကြားအမြင် ဟူသမျှကို ကြားဖူးနားဝ ရှိရမည်၊
သိပ္ပံပါရဂူ ဆိုစလောက်အောင် ပေါက်ပေါက်ရောက်ရောက် တတ်ရမည်၊

စည်းကမ်းရှိသေ လိုက်နာကျင့်လို့ တန်းမြင့်သူလဲ ဖြစ်ရမည်၊
ဟုတ်မှန်ထင်ရှား ချိုစကား ပြောကြားတတ်ရမည်၊
အဲတာမှ မင်္ဂလာမှ ဝါဒဖြစ်ပါသည်၊

၄။ ကျေးဇူးသခင် မိဖများကို လုပ်ကျွေးဝပ်တွားပြုရမည်၊
သားမယားကို ပြုစုပေးလို့ ကျွေးမွေးချီးမြှောက်ရှိရမည်။
မရှုပ်ထွေးအောင် အလုပ်မှန်သမျှကို သပ်ယပ်ကျနလုပ်ရမည်။
လိုက်နာကျင့်ကြံ ထိုသူကား ထင်ရှားပြန့်လှိုင်စေည်၊
အဲတာမှ မင်္ဂလာမှ ဝါဒဖြစ်ပါသည်၊

၅။ ပေးကမ်းဖို့ရာ ဝန်မလေးနဲ့ လူ့ရေးဒါန်းရေးရှိရမည်၊
ကိုယ်နှုတ်စိတ်ပါ မမိုက်မှားအောင် တရားကိုလဲ ကျင့်ရမည်၊
ဆွေမျိုးဉာတကာ ဟူသမျှကို ချီးမြှောက်သောအားပြုရမည်၊
အပြစ်မဲ့ကင်း မှုအခင်း လက်ငင်းလုပ်သင့်သည်၊
အဲတာမှ မင်္ဂလာမှ ဝါဒဖြစ်ပါသည်။

၆။ မကောင်းဆိုတာ ဟူသမျှကို ကြုံတွေ့ခြင်းမှ ကင်းရမည်၊
မကောင်းတွေ့လျှင် မလွန်ကျူးအောင် ကိုယ်နှုတ် အထူး ရှောင်ရမည်၊
မူးရစ်စရာသေအရက်ကို သောက်စားမဖက် ဝေးရမည်၊
ကုသိုလ်တရား မမေ့ပြား သင်ကားကြီးပွားမည်၊
အဲဒါမှ မင်္ဂလာမှ ဝါဒဖြစ်ပါသည်။

၇။ အလေးပြုသင့်သူဟူသမျှကို အလေးပြုမှတော်ပေမည်၊
နှိမ်ချကိုယ့်ကို ဖြစ်သမျှနဲ့ တင်းတိမ်ကြမှတော်ပေမည်၊
ကျေးဇူးရှင်ကို ကျေးမစွပ်နဲ့ သိတတ်မှလဲ ကောင်း ပါသည်၊
အခါသင့်ပြား၊ မြတ်တရား နာကြားတတ်ရမည်၊
အဲဒါမှ မင်္ဂလာမှ ဝါဒဖြစ်ပါသည်။

၈။ လူ့ဆူရေးရာ ဟူသမျှမှာ သည်းခံခြင်းက ရှိရမည်။
ကျိုးကြောင်းပြကာ ဆုံးမပြားက လိုက်နာသူကား မှန်ရမည်၊
ရဟန်းသံဃာ ဟူသမျှကို မကြာခဏ ဖူးရမည်၊
အခါချင့်တွေး တရားရေး ဆွေးနွေးကြရမည်၊
အဲဒါမှ မင်္ဂလာမှ ဝါဒဖြစ်ပါသည်။

၉။ တပမင်္ဂလာ ကိလေကင်းအောင် ကျင့်သုံးခြင်းလဲ့ ရှိရမည်၊
ဗြဟ္မစာရီ အင်္ဂါပွားလို့ မဂ္ဂင်တရား ကျင့်ရမည်၊
လေးပွင့်သစ္စာ ပန်ဆင်မိအောင် ဉာဏ်မြင်အသိ ရှိရမည်၊
အရဟတ္တဖိုလ်ရောက် နိဗ္ဗာန်ပေါက် မျက်မှောက် ပြုရမည်၊
အဲတာမှ မင်္ဂလမွ ဝါဒဖြစ်ပါသည်၊

၁၀။ လောကဓံကြုံ မတုန်လှုပ်နဲ့ ကျောက်ရုပ်တူသို့ စိတ် တည်တည်၊
စိုးရိမ်ပူပန် ဗျာပါကင်းလို့ ကြံ့ခိုင်ခြင်းနှင့် စိတ် တည်တည်၊
မက်မောတွေဝေ ဒေါ်တွေကင်းသမို့ မြူမှုံ ရှင်းလို့ စိတ်တည်တည်၊
ဘေးရန်ကင်းဝေး ကွင်းရှောင်ပြေး ငြိမ်းအေး စိတ်တည်တည်။
အဲတာမှ မင်္ဂလမွ ဝါဒဖြစ်ပါသည်။

မင်္ဂလာကဗျာ ပြီး၏။

## ပခုက္ကူမြို့-မဟာဝိသုတာရာမတိုက်-တိုက်အုပ် ဆရာတော်(ဦးနန္ဒိယ)မထေရ်၏

## ၇၀။ ငါးပါးသီလကဗျာများ

### ၁။ ပါဏာတိပါတ

က။ ။ဆိုးကောင်းအာရုံ ကြုံတွေ့ငြားတော့-စိတ်တွေလှုပ်ရှား ဖေါက်ပြန်လာ၊
သတ်ချင်လာလျှင် သတိထား၍-ကျိုးပြစ်နှစ်ပါး စဉ်းစားပါ၊
အပြစ်ရှိတာ ကိုယ်တိုင်သိတော့-မပြုမိဖို့ ချုပ်တည်းပါ၊
ရှေ့နောက်နှစ်ပါး မစဉ်းစား-ခုကား ရပ်လိုက်ပါ။
အဲဒါမှ ကိုယ်၌ တည်ကြ သီလ သာသနာ။

ခ။ ။သူ့အသက်ကို သိလျက်သားနှင့်-ဒေါသ စိတ်ထား သေစေလို၊
လုံ့လပြုကာ သေအောင် သတ်တော့-ပါဏာတိပါတ် အကုသိုလ်၊
လွန်ကျူးမိလျှင်တကယ်ဘဲပေါ့-အပါယ်ရဲ့ကျမည်ဆိုး
လွတ်ပြန်လျှင်လဲ ရောဂါစွဲ-ဆင်းရဲအသက်တို၊
အဲဒါကြောင့် ပဥ္စသီလ တည်ကြပါစေလို့။

## ၂။ အဒိန္နာဒါန

ကျ။ ။ငါးပါးအာရုံ ကြုံတွေ့ငြားတော့-စိတ်တွေ လှုပ်ရှား ဖေါက်ပြန်လာ၊
ခိုးချင်ယူချင် သတိထား၍-ကျိုးပြစ်နှစ်ပါး စဉ်းစားပါ၊
အပြစ်ရှိတာ ကိုယ်တိုင်သိတော့-မပြုမိဘို့ ချုပ်တည်းပါ၊
ဒွေနောက်နှစ်ပါး မစဉ်းစား ခုကား ရပ်လိုက်ပါ၊
အဲဒါမှ ကိုယ်၌တည်ကြ သီလ သာသနာ ။

ခ။ သူ့ဥစ္စာကို၊ သိလျက်သားနဲ့၊ လောဘစိတ်ထား ခိုးယူလို၊
လုံ့လပြုကာ ခိုးယူပြန်က အဒိန္နာဒါန် အကုသိုလ်၊
လွန်ကျူးမိလျှင် တကယ်ဘဲပေါ့ အပါယ်ငရဲကျမည်ဆို၊
လွတ်ပြန်လျှင်လဲ ဥစ္စာ့ဒွဲ့ ဆင်းရဲပြစ်တိုင်းကိုယ်၊
အဲဒါကြောင့် ပဉ္စသီလ တည်ကြပါစေလို။

## ၃။ ကာမေသုမိစ္ဆာစာရ

ကျ။ ငါးပါးအာရုံ ကြုံတွေ့ငြားတော့ စိတ်တွေလှုပ်ရှား ဖောက်ပြန်လာ၊

ကျူးလွန်ချင်လျှင် သတိထား၍ ကျိုးပြစ်နှစ်ပါး
စဉ်းစားပါ၊
အပြစ်ရှိတာ ကိုယ်တိုင်သိတော့ မပြုမိဘို့ချုပ်တည်းပါ၊
ရှေ့နောက်နှစ်ပါး မစဉ်းစား ခုကားရပ်လိုက်ပါ၊
အဲဒါမှ ကိုယ်၌တည်ကြ သီလ သာသနာ။

ခ။ ချောင်ရှားအပ်သူ မိန်းမများ၌ ရာဂစိတ်ထား
ပေါင်းဖော်လို၊
လုံ့လပြုကာ ကျူးလွန်ပြုက ကာမေသုတဲ့အကုသိုလ်၊
လွန်ကျူးမိလျှင် တကယ်ဘဲပေါ့ အပါယ်ငရဲကျမည်ဆို၊
လွတ်လာပြန်က နပုန်းမ မိန်းမဖြစ်ရသကို၊
အဲဒါကြောင့် ပဥ္စသီလ တည်ကြပါစေလို့။

## ၄။ မုသာဝါဒ

က။ သောင်းပြောင်းအာချဲ ကြုံတွေ့များတော့ စိတ်တွေ
လှုပ်ရှား ဖောက်ပြန်လာ၊
သိမ်ကောက်ချင်လျှင် သတိထား၍ ကျိုးပြစ်နှစ်ပါး
စဉ်းစားပါ။
အပြစ်ရှိတာ ကိုယ်တိုင်သိတော့ မပြောမိဘို့
ချုပ်တည်းပါ၊

ရှေ့နောက်နှစ်ပါး မစဉ်းစား ခုကားရပ်လိုက်ပါ၊
အဲဒါမှ နှုတ်၌တည်ကြ သီလ သာသနာ။

ခ။ မဟုတ်မမှန် တဖက်သားကို ယှဉ်းချွတ် လှည့်စား မှုသားဆို၊
အခိုက်ပါယ်ကို ထိုသူသိ၍ အကျိုးကိုသိ အကုသိုလ်၊
လွန်ကျူးမိလျှင် တကယ်ဘဲပေါ့ အပါယ်ငရဲကျမည့်ဆို၊
လွတ်လာပြန်လဲ ပါးစပ်ပြဲ သွားကြဲနှုတ်ခမ်းတို၊
အဲဒါကြောင့် ပဥ္စသီလ တည်ကြပါစေလို။

## ၅။ သုရာ မေရယ

က။ ပေါင်းသင်းလူစုံ ကြုံတွေ့များတော့ စိတ်ဓာတ်လှုပ်ရှား ဖောက်ပြန်လာ၊
သောက်စားချင်လျှင် သတိထားပေါ့ ကျိုးပြစ်နှစ်ပါး စဉ်းစားပါ၊
အပြစ်၌တာ ကိုယ်တိုင်သိတော့ မပြုမိဘို့ချုပ်တည်းပါ၊
ရှေ့နောက်နှစ်ပါး မစဉ်းစား ခုကားရပ်လိုက်ပါ၊
အဲဒါမှ ကိုယ်၌တည်ကြ သီလ သာသနာ။

ခ။ ယစ်မူးတတ်စွာ သေရည်များကို မူးယစ်သောက်စား ဘိန်းရှူမျို၊
ဒုစရိုက်တွေ ဖြစ်ပေါ်ကြောင်းမို့ မကောင်းစင်စစ် အကုသိုလ်၊
လူ့နိုဏ်ကျူးပေါ်လျှင် တကယ်ဘဲပေါ့ အပါယ်ငရဲကျမည်ဆို၊
လွတ်လာစေဦး လူမွေ့မူး အရူးဆက်တိုင်းကိုယ်၊
အဲဒါကြောင့် ပဥ္စသီလ တည်ကြပါစေလို့။

## ၇၉။ သိင်္ဂါလောဝါဒသုတ်လာ ရှေးဟောင်းလင်္ကာများ

### သားသမီးကျင့်ဝတ် ၅ ပါး

၁။ ကျွေးမွေးမပျက်၊ ဆောင်ရွက်ခိုင်းမိ၊ မွေခံထိုက်စေ၊ လူ့မျိုးစေ့၊ စောင့်လေမျိုးနွယ်၊ ဝတ်ငါးသွယ်၊ ကျင့်ဘွယ် သားတို့တာ။

### မိဘကျင့်ဝတ် ၅ ပါး

၂။ မကောင်းမြစ်တာ၊ ကောင်းရာ ညွှန်လတ်၊ အတတ် သင်စေ၊ ပေးဝေဦးရေင်း၊ ထိမ်းမြားခြင်းလျှင်း၊ ဝတ်ငါးအင်၊ ဘခင်မယ်တို့တာ။

## တပည့်ကျင့်ဝတ် ၅ ပါး

၃။ ညီညာထကြွ၊ ဆုံးမနာယူ၊ လာမူကြိုဆီး၊ ထံနီး
လုပ်ကျွေး၊ သင်တွေးအံ့ရွတ်၊ တပည့်ဝတ်၊ မချွတ်
ငါးခုသာ။

## ဆရာကျင့်ဝတ် ၅ ပါး

၄။ အတတ်လည်းသင်၊ ဥပြင်ဆုံးမ၊ သိပ္ပမချန်၊ ဘေးရန်
ဆီးကာ၊ သင့်ရာအပ်ပို့၊ ဆရာတို့၊ ကျင့်ဘို့ဝတ်ငါးဖြာ။

## သင်ကျင့်ဝတ် ၅ ပါး

၅။ မဘိမ့်ကင်း၊ အပ်နှင်းဥစ္စာ၊ မိစ္ဆာမမှား၊ ဝတ်စား
ဆင်ယင်၊ မြတ်နိုးကြင်၊ ငါးအင် လင်ကျင့်ရာ။

## မယားကျင့်ဝတ် ၅ ပါး

၆။ အိမ်တွင်းမှုလုပ်၊ သိမ်းထုပ်သေချာ၊ မိစ္ဆာကြဉ်ရှောင်
လျှော်အောင်ဖြန့်ချိ၊ ပျင်းရိမမူ၊ ဝတ်ငါးဆူ၊ အိမ်သူ
ကျင့်အပ်စွာ။

## မိတ်ဆွေကျင့်ဝတ် ၅ ပါး

၇။ ပေးကမ်းချီးမြှင့်၊ ကိုယ်နှင့်ယှဉ်ထား၊ စီးပွား
ဆောင်ရွက်၊ နူတ်မြွက်ချိုသာ၊ သစ္စာမှန်စေ၊
ဝတ်ငါးထွေ၊ ကျင့်လေမိတ်သဟာ။

## မိတ်ဆွေချင်းကျင့်ဝတ် ၅ ပါး

၈။ နေ့လျော့စောင့်လာ၊ ဥစ္စာစောင့်ရှောက်၊ လန့်ကြောက်မှီရာ၊ ဘေးလာမပစ်၊ သားမြင်ဆက်စေ၊ ဝတ်ငါးထွေ၊ မိတ်ဆွေပြန်ကျင့်ရာ။

## အရှင်ကျင့်ဝတ် ၅ ပါး

၉။ ဝတ္ထာကျွေးမွေး၊ပြုရေးစီရင်၊နာသျှင်ကုစေ၊ငှဝေရသာ၊ အခါကိုသွတ်၊ အရှင်ဝတ်၊ မချွတ်ငါးခုသာ။

## အမှုလုပ်ငယ်သားကျင့်ဝတ် ၅ ပါး

၁၀။ အိပ်သော်နောက်ကျ၊ ထသော်ကားရှေ့၊ ပေးမှယူအပ်၊ စေ့စပ်ဆောင်ရွက်၊ ကျေးဇူးမြွက်၊ ငါးချက်ကျွန်ကျင့်ရာ။

## ဒါယကာကျင့်ဝတ် ၅ ပါး

၁၁။ မေတ္တာစိတ်သက်၊ ဆောင်ရွက်ချစ်ခင်၊ ခင်မင်နှုတ်ချိုး၊ လိုလျှင်ဘိတ်ထား၊ တတ်အားလှူစေ၊ ဝတ်ငါးထွေ၊ ကျင့်လေဒါယကာ။

## ရဟန်းကျင့်ဝတ်ငါးပါး

၁၂။ မကောင်းမြစ်တာ၊ ကောင်းရာညွှန်လစ်၊ အသစ်ဟောကြား၊ နာဘူးထပ်မံ၊ နတ်ထံတင်ရာ၊ မေတ္တာလည်းပြု၊ ရဟန်းမှု၊ ခြောက်ခုလွှန်သချာ။

**ဥစ္စာပျက်ကြောင်း ၆-ပါး**

၁၃။ သေစာသောက်စား၊ လမ်းသွားခါမဲ့၊ ရှုပွဲသဘင်၊ ပျော်ရွှင်အန်လောင်း၊ မကောင်းမိတ်ဖျင်း၊ ပျင်းရိခြင်းကား၊ ယိုယွင်းဥစ္စာ ပျက်ကြောင်းတည်း။

**သေရည်သောက်စားခြင်း အပြစ် ၆-ပါး**

၁၄။ ဥစ္စာယုတ်ခြင်း၊ ငြင်းခုံများစွာ၊ ရောဂါထူပြော၊ ကျော်စောမဲ့ဘုံ၊ မလုံအင်္ဂါ၊ ပညာနည်းပါး၊ ဤခြောက်ပါး၊ သောက်စားသေစာ အပြစ်တည်း။

**အခါမဲ့ လမ်းသွားခြင်း အပြစ် ၆-ပါး**

၁၅။ ကိုယ့်သားမယား၊ တခြားဥစ္စာ၊ လုံရာမဲ့ချောင်း၊ မကောင်းအရာ၊ ရှိရှာပေအပ်၊ ယိုးစွပ်ရောက်မှု၊ ဆင်းရဲစုကား၊ ခြောက်ခုခါမဲ့ သွားပြစ်တည်း။

**ပွဲလမ်းသဘင် ကြည့်ရှုခြင်း အပြစ် ၆-ပါး**

၁၆။ က,ခြင်းတလီ၊ သီ,ခြင်းတသီး၊ မှုတ်တီးတသင်း၊ ပြန်ဖျင်းတအုပ်၊ လက်ခုပ်တထည်၊ အိုးစည်တဖြာ၊ ရှိရာရှာ၍၊ ဥစ္စာပျက်မှု၊ ဤခြောက်ခုကား၊ ကြည့်ရှုသဘင်အပြစ်တည်း။

**ကစားသမားအပြစ် ၆-ပါး**

၁၇။ အောင်သူရန်ပွား၊ ရှုံးကားစိုးရိမ်၊ စည်းစိမ်လျော့ပါး၊ တရားသဘင်၊ မဝင်သက်သေ၊ မိတ်ဆွေနှိမ့်ဆို၊ မလို ထိမ်းမြား၊ ဤခြောက်ပါးကား၊ ကစားကြွေအန် အပြစ်တည်း။

**မိတ်ဆွေဆိုးအပြစ် ၆-ပါး**

၁၈။ ကြွေအန်ကြူးထ၊ မိန်းမကြူးတွေ၊ သေစာကြူးမူး၊ အတုပြုငြား၊ လှည့်စားတယောက်၊ မျက်မှောက် လုချက်၊ နိုင်ထက်လုယူ၊ ဤသူခြောက်ပါး၊ မိတ်ဖြစ် လားကြောင့်၊ ပျက်ပြားမိတ်ဆွေအပြစ်ဘည်း။

**လူပျင်းအပြစ်ခြောက်ပါး**

၁၉။ အချမ်းပျင်းဝှမ်၊ အလွန်ပူနိုး၊ မိုးချုပ်လှမော၊ စော လွန်းလှယောင်၊ ဆာလောင်ပျင်းနေ၊ လွန်တွေဝမ်းဝ၊ နေကပညာ၊ မပွားရာသည်၊ ခြောက်ဖြာပျင်းသူ အပြစ်တည်း။

**ရှေ့ဆောင်ကောင်း ကျင့်ဝတ်ခြောက်ပါး**

၂၀။ ထကြွနိုးကြား၊ သနားသည်းခံ၊ ဝေဘန်ကြည့်ရှု၊ ဤခြောက်ခုကား၊ ကြီးသူကျင့်ရာ တရားတည်း။

**နိဂုံးအကျိုးအပြစ်ပြ လင်္ကာများ**

၂၁။ ကျမ်းသိင်္ဂါလ၊ သုတ်ဝယ်ပြ၊ ဆိုးမခြွတ်ဆရာ။

၂၂။ ကျင့်ဝတ်မပြေ၊ ပါယ်လေးထွေ၊ လားလေရှည်မြင့်ကြာ။

၂၃။ ဤသည်ဝတ်ကုံ၊ ဆွေမျိုးစုံ၊ ခြောက်ဘုံထက်နတ်ရွာ။

၂၄။ လျှည်းဘီးပြင်က၊ နားစောက်ချသို့၊ မိဘနှင့်သား၊ မယားနှင့်လင်၊ အရှင်နှင့်ကျွန်၊ တေရိမ္မန်ဒါယကာ၊ မိတ်သဟာနှင့်၊ ဆရာတပည့်၊ တည့်တည့်မချွတ်၊ ကျင့်ဝတ်စုံလင်၊ ဖြူသန့်စင်မူ၊ ရှင်လည်းမကွေ၊ သေလည်းမကွာ၊ နတ်ရွာလူ့ပြည်၊ လှည့်လည်အတူ၊ ခံစားမူ၍၊ နိဗ္ဗူရွှေပြည်၊ ဝင်အံ့သည်တည့်၊ မတည်ကျင့်ဝတ်၊ ချွတ်သူတို့မှာ၊ မလွတ်သာသည်၊ လေးရွာဘို့လုံးလုံး၊ လူဖြစ်ရှုံး။

### ကျေးဇူးတော်ရှင် လယ်တီဆရာတော်ဘုရားကြီး၏

### ၈၀။ ခုနစ်နေ့ ဘုရားရှိခိုး

၁။ သုံးလူ့ရှင်ပင်၊ ကျွန်းထိပ်တင်၊ သောင်းခွင်စကြာဝဠာ၊ နတ်ဗြဟ္မာတို့၊ ညီညာရုံးစု၊ တောင်းပန်မှုကြောင့်၊ ရေတုနဂို၊ ရွှန်းရွှန်းစိုသည်၊ ဝါဆိုလပြည့်၊ ကြွက်မင်းနေ့ဝယ်၊ ချမ်းမြေ့ကြည်ဖြူ၊ သန္ဓေယူသည်၊ နတ်လူငြိမ်းဘို့ ကိန်းပါကိုး၊

၂။ သန္ဓေယူခါ၊ ဆယ်လကြာသော်၊ မဟာသက္ကရာဇ်၊ ခြောက်ဆယ့်ရှစ်ကြုံ၊ ကဆုန်လပြည့်၊ သောကြာနေ့ဝယ်၊ ချမ်းမြေ့စုံစိ၊ လုမ္ဗိနီဥ၊ မဟီလိုက်ဆူ၊ ဘွားတော်မူသည်၊ နတ်လူအောင်မြို့ လမ်းပါကို။

၃။ ဘွားမြင်ခြောက်သော်၊ဆဲ့ခြောက်နှစ်ရွယ်၊ပျိုနုနယ်ဥ္စ၊ သုံးသွယ်ရွှေနန်း၊ သိမ်းမြန်းပြီးလစ်၊ ဆဲ့သုံးနှစ်လျှင်၊ ဘုန်းသစ်လျှံလူ၊ စံတော်မူ၍၊ ရွယ်မူနုဖြိုး၊ နှစ်ဆယ့်ကိုးဝယ်၊ လေးမျိုးနိမိတ်၊ နတ်ပြဟိတ်ကြောင့်၊ ရွှေစိတ်ငြင်ငြို၊ သံဝေဂိုက၊ ဝါဆိုလပြည့်၊ ကျားမင်းနေ့ဝယ်၊ ချမ်းမြေ့ရဂုံ၊ တောရပ်လှုံသည်၊ စုံမြိုင်ပင်ရိပ် ခမ်းမှာကို။

၄။ တောရပ်မြိုင်ပေါ်၊ ခြောက်နှစ်ကျော်၍၊ ခါတော်တပုံ၊ ပွင့်ချိန်ကြုံက၊ ကဆုန်လပြည့်၊ ဆင်မင်းနေ့ဝယ်၊ မြေ့ပရမေ၊ ပလ္လင်ဗွေထက်၊ ရွှေညောင်တော်ကြီး၊ ဗြတာန်ယီးနှင့်၊ မဒြိုးကြည်ဖြူ၊ နေတော်မူလျက်၊ ရန်မူခပင်း၊ အမိုက်သင်းကို၊ အရှင်းပယ်ဖျောက်၊ အလင်းပေါက်က၊ ထွန်းတောက်ဘုန်းတော်၊ သောင်းလုံးကျော်သည်၊ သုံးဘော်လူတို့ ငြိမ်းပါကို။

၅။ ဘုရားဖြစ်ခါ၊ မိဂဒါသို့၊ စကြာရွှေဘွား၊ ဖြန့်ချီသွား၍၊ ငါးပါးဝဂ္ဂီ၊ စုံအညီနှင့်၊ မဟိတသောင်း၊ တိုက်အပေါင်းမှ၊ ခညောင်းကပ်လာ၊ နတ်ဗြဟ္မာအား၊ ဝါဆိုလပြည့်၊ စနေနေ့ဝယ်၊ ကြွေ့ကြွေ့လျှံတက်၊ ဓမ္မစက်ကို၊ မိန့်မြွက်ထွေပြား၊ ဟောဘော်ကြားသည်၊ တရားနတ်စည်ရှမ်းတယ်ကို။

၆။ တရားနတ်စည်၊ ဆော်ရွှမ်းလည်က၊ သုံးမည်ဘုံသိုက်၊ တသောင်းတိုက်ဝယ်၊ ကျွတ်ထိုက်သသူ၊ နတ်လူပြဟ္မာ၊ သတ္တဝါကို၊ ခေမာသောင်သို့၊ ဖောင်ကူးတို့ဖြင့်၊ ဆောင်ပို့ပြီးခါ၊ ဝါလေးဆဲ့ငါး၊ သက်ကာဒးရှစ်ဆယ်၊ စုံပြည့်ကြွယ်က၊ ရာလေးဆဲ့ရှစ်၊ သက္ကရာဇ်ဝယ်၊ နယ်မလ္လာတိုင်း၊ စံနိုင်းမယုတ်၊ ကုသိနာရုံ၊ အင်ကြင်းစုံ၌၊ ကဆုန်လပြည့်၊ အင်္ဂါနေ့ဝယ်၊ ချမ်းမြေ့နိဗ္ဗူ၊ စံတော်မူသည်၊ ဝှန်းဆူသောင်းလုံး ကျော်တယ်ကို။

၇။ နိဗ္ဗူစံပြီ၊ ရှုမူအိသား၊ သိင်္ဂရွှေလှော်၊ အလောင်းတော်ကို၊ ထိုရော်ကဆုန်၊ လဆုတ်ကြုံ၍၊ ဂဠုံနေ့ဝယ်၊ ခိုးငွေ့မနှော၊ ဓာတ်တေဇောလျှင်၊ ရှင်စော ဥာဏ်စက်၊ ဝိ-ာန်ချက်ဖြင့်၊ လျှံတက်ကော်ရော်၊ မီးပူဇော်သည်၊ မွေ့တော် ရှစ်စိတ် ကြွင်းတယ်ကို။

၈။ ထိုခုနစ်နေ့၊ သာချမ်းမြေ့ကို၊ ဆွေဆွေကြည်ဖြူး အာရုံယူလျက်၊ သုံးလူတို့နတ်၊ မြတ်ထက်မြတ်သား၊ ကိုယ်တော်ဖျားကို၊ သုံးပါးမှန်စွာ၊ ဝန္ဒနာနှင့်၊ သဒ္ဓါဖြိုးဖြိုး ကျွန်ရှိခိုးသည်၊ ကောင်းကျိုးခပ်သိမ်း ကြွယ်စေသော်။

# ၈၁။ သတိပဋ္ဌာန် တရားတောင်း

ဣစ္ဆာမ သုဏိတုံ ဓမ္မံ၊
သတိပဋ္ဌာန နာမကံ၊
ဓမ္မဘေရိံ ပဟာရေဟိ၊
တသ္မာ ကထေဟိ ဒါနိ တံ။

ဘန္တေ၊ ဝေနေယျကြာ ပဒုမ္မာဟု သတ္တဝါအများ ညှာ ထောက်ထားလျက် တရားရေအေး အမြိုက်ဆေးကို တိုက်ကျွေးဖို့ရန် အခါကျပါသဖြင့် ဓမ္မာသန ပလ္လင်ပေါ်သို့ ရွှင်ပျော်ပျော်ကြွမြန်းလာပါကဲ့ လစန်းပမာ ဆရာတော်သခင် အို - အရှင်သူမြတ်ဘုရား။ မယံ၊ အိုဘေး တွေကအဖြာဖြာ နာဘေးတွေက အထွေထွေ သေဘေး တွေက အဖုံဖုံ ဘေးမျိုးစုံ မပြတ်မလတ် အထပ်ထပ်နှိပ်စက် သဖြင့် စိတ်ပျက်စရာ ထိတ်လျက်မသာ သိပ်ခက်တယ်ဘုရာ သံသရာနောင်ရေး အပူဘေးတွေကို မြူကလေးလောက်မျှ မတွေ့ချင် မသိချင် မကြုံချင်ကြပါကုန်သော တပည့်တော်- တပည့်တော်မတို့သည်-

(သတ္တာနံ ဝိသုဒ္ဓိယာ၊ ဘုရား ပစ္စေကဗုဒ္ဓါ အရိယာ သာဝကအလောင်း သူတော်ကောင်းများစွာ သတ္တဝါတို့ကို ကိလေသာမြူမှေး စိတ်အညစ်အကြေးတို့မှ ကင်းဝေးသန့် ရှင်း စင်ကြယ်နိုင်ခြင်းအကျိုးငှာဍင်း။ သောကပရိဒေဝါနံ သမတိက္ကမာယ၊ စိုးရိမ်ပူဆွေး ငိုကြွေးမြည်တမ်း ပင်ပမ်း ချခြင်းတို့ကို ကျော်နင်း လွန်မြောက်နိုင်ခြင်း အကျိုးငှာဍင်း။

ဒုက္ခဒေါမနဿာနံ အတ္ထင်္ဂမာယ၊ ကိုယ်ထဲမှာ အနေဆိုး၍ အမျိုးမျိုးအခံခက်တဲ့ ကိုယ်မသက်သာမှု ဆင်းရဲဒုက္ခတွေ စိတ်ထဲမှာ အနေဆိုး၍ အမျိုးမျိုးအခံခက်တဲ့ စိတ်မသက်သာမှု ဆင်းရဲ ဒေါမနဿ တွေကို လျှောကျစေ -- တမဟုတ် အဘွင်း၌ ချုပ်ကင်း ကွယ်ပျောက်နိုင်ခြင်း အကျိုးငှာရင်း။ ဉာယဿ အဓိဂမာယ၊ နိဗ္ဗာန်လှမ်းတက် အရိယာမဂ်ကို ချက်ချင်းမကြာ လွယ်စွာခဏ ရနိုင်ခြင်းအကျိုးငှာရင်း။ နိဗ္ဗာနဿ သစ္ဆိကိရိယာယ၊ တဏှာဝါန အာသဝတို့ကို ခဝါချသကဲ့သို့ ဘာကမှမကျန် ပြည်နိဗ္ဗာန်ကို ကေန်ထုတ်ချောက် မျက်မှောက်ပြုနိုင်ခြင်းအကျိုးငှာရင်း။ ဝါ၊ အိုဘေး အဖြာဖြာ နာဘေးအထွေထွေ သေဘေးအဖုံဖုံ ဘေးမျိုးစုံ ပြတ်ငြိမ်း၍ ဇာတ်သိမ်းရာမှန် ပြည်နိဗ္ဗာန်ကို ကေန်ထုတ်ချောက် မျက်မှောက်ပြုနိုင်ခြင်း အကျိုးငှာရင်း။) သတိပဋ္ဌာန နာမကံ၊ သွားလျှင် သွားတယ် ရပ်-ရပ်တယ်နှင့် ထိုင်တယ် လျောင်းတယ် လေးသွယ်ယာပထ အစစအရာရာ ကာယ-ဝေဒနာ စိတ္တာဓမ္မ ဘာကမှမလပ်ရအောင် ဒလစပ်သိရမည့် အမှတ်သတိပဋ္ဌာန် အမည်ရှိသော။ ယံ မဂ္ဂံ၊ မမေ့မလျော့ မပေါ့မဆ အကြင် အပ္ပမာဒ တရားတော်မြတ်ကို။ သုဏိတ္ဝ ဣတ္ထာမ၊ တရားကလဲ ခြင်္သေ့ဆီ နားကလဲ ရွှေခွက်သိင်္ဂ အခြေမပျက် အချိန်မှီ သဒ္ဓါပွားအောင် နာကြားချင်ကြပါ ကုန်၏ဘုရား။ တသ္မာ၊ ထိုသို့နာကြားသဖြင့် မှတ်သား၍ ကျင့်ချင်ကြပါကုန်သောကြောင့်။ တံ မဂ္ဂံ၊ မမေ့မလျော့ မပေါ့မဆ အပ္ပမာဒ တရားတော်မြတ်ကို။ ဣဒေဟိ၊ သေချာဂန သဘောကျအောင် ဟောပြတော်မူပါ အရှင်ဘုရား။

ဒါနီ-ကူဒါနီ၊ မကြာမတင် လျင်မြန်စေသွာ ယခုအခါ၌။ ခမ္မဘောဂ်၊—

ကိလေသာကင်း  သန့်ရှင်းအမှန်၊
စိုးရိမ်ပူဆွေး  ငိုကြွေးလွတ်ပြန်၊
ကိုယ်စိတ်ဆင်းရဲ  ချုပ်မြဲကေန်၊
မဂ်ဖိုလ်ရောက်  မျက်မှောက်ပြုနိဗ္ဗာန်။ — —

အကျိုးတွေ ခုနစ်တန်နှင့် သတိပဋ္ဌာန်တရား တည်းဟူသော စည်တော်ကြီးကို။ ပဟာရေဟိ၊ ကြားလိုလဲသာယာ၊ နာလိုလဲ မငြီး သံမြည်ဟီးအောင် ရိုက်တီး ကြွေးကြော်တော်မူပါ ဓမ္မကထိကအကျော် ဆရာတော်သခင် အရှင်သူမြတ်ဘုရား။ တရားစည်ကြီး ပွဲတင်ဟီးအောင် ရိုက်တီးဖို့ရန် အချိန်တန် ပါပြီဘုရား။

မှတ်ချက်။ ။ဤ တရားတော်ကို လယ်တီ အရှင် ကုလိသ၏ "ဒေသနာပန်းခိုင်များ" မှ ထုတ်နုတ် ဖော်ပြလိုက် ပေသည်။

## ဒေသနာကြေးမုံ ဆောင်ပုဒ်များ

ပြီး၏။

ခမ္မမိတ်ဆွေအပေါင်းတို့ခင်ဗျား–

ဤ "ဒေသနာကြေးမုံ ဆောင်ပုဒ်များ" စာအုပ်တွင် မပါဘဲ ကျန်ရှိနေသေးသော ညောင်ကန်အရှင်ကြီးနှင့် ဆက်စပ်သော ဆောင်းပါးများကို ဆက်လက် ပုံနှိပ်ထုတ်ဝေနိုင်ရန် ရည်ရွယ်ချက် ထားရှိပါသည်။ နောင် အလျဉ်းသင့်သလို ထုတ်ဝေနိုင်ရန်ကိုလည်း ဆက်လက် ကြိုးပမ်းလျက် ရှိကြောင်း သတင်းကောင်းတရပ် ပါးလိုက်ရပါသည်။

ကျန်းမာ–ချမ်းသာ၍

သူတော်ကောင်းတရား ပွားများနိုင်ကြပါစေ။

ဦးစု။

ညောင်ကန် အရှင်ဇနက ၏

၁။ အညာတခွင် တရားဟော
ထွက်စဉ်က

၂။ မဟာစည်ဒေသနာခရီး

စာအုပ်များ
ဆက်လက် ထွက်ပေါ်လာဦးမည်။

# ဤစာအုပ်တွင် အမှားအမှန်ပြင်ဖတ်ရန်

| မျက်နှာ | ကြောင်းရေ | အမှား | အမှန် |
|---|---|---|---|
| ၃ | ၆ | သမုဒ်ဂရက်လယ်မှာ | သမုဒ်ဂရက်လယ်မှ |
| ၃ | ၁၆ | လှေဘက်ကိုင်ကာနှင့်လို | လှေတက်ကိုင်ကာနှင်လှို |
| ၅ | ၇ | မြင်ယောင်ပြီမို | မြင်ယောင်ပြီမို့ |
| ၁၀ | ၉ | ကျင့်သူ့အားလုံး | ကျင့်သူအားလုံး |
| ၁၀ | ၁၉ | ကျင့်သူ့အားလုံး | ကျင့်သူအားလုံး |
| ၄၆ | ၁၃ | သောတာပန''ဟု | သောတာပန်''ဟု |
| ၄၇ | ၁၈ | ဇာလမုတ္တော စ | ဇာလမုတ္တော ဝ |
| ၅၀ | ၁၆ | သမ္ဗာဒေသ | သမ္ပာဒေထ |
| ၅၁ | ၄ | မဟုတ်မစဲ | အဟုတ်မစဲ |
| ၅၁ | ၆ | သမ္မာဒေသ | သမ္ပာဒေထ |
| ၅၂ | ၂၁ | မ-တပါက | မ-တပါးက |
| ၅၄ | ၂၂ | ဆောက်ဆဲပြု | သောက်ဆဲပြု |
| ၅၆ | ၁၄ | သို့ဖြင့်တရားကြာ | သို့နှင့်တရားကြာ |
| ၅၆ | ၂၀ | ကစားရင် | ကစားရင်း |
| ၅၇ | ၂၁ | နတ်ကသင့်နှင့် | နတ်ကသင်နှင့် |
| ၅၈ | ၁၈ | ခဒဝတာ | ဒေဝတာ |
| ၅၈ | ၂၂ | သတိသမ္ဗဇဉ် | သတိသမ္ပဇဉ် |
| ၅၉ | ၂၁ | ပုတ်ရောဂါ | ပုပ်ရောဂါ |
| ၆၀ | ၁၄ | မေးမြန်းမြန်သော် | မေးမြန်းပြန်သော် |
| ၆၁ | ၁၁ | ဲတောင်ဆုဆို | တောင်းဆုဆို |
| ၆၁ | ၁၃ | မနှောက်မသေ့ | မနှောင့်မသေ့ |
| ၆၂ | ၁၆ | လုံခုံပေါ့ပါး | လုံခြုံပေါ့ပါး |

| မျက်နှာ | ကြောင်းရေ | အမှား | အမှန် |
|---|---|---|---|
| ၆၃ | ၁၉ | နောင်ခေတ် | နောင်တ–ဟစ် |
| ၆၆ | ၂၀ | ကျောင်းဒကာအမည် | ကျောင်းတကာ့အမည် |
| ၆၇ | ၄ | ပုညခေတ္တ | ပုညခေတ္တံ |
| ၆၇ | ၁၅ | ကျောင်း့မှိုပြု | ကျောင်းမှိုပြု |
| ၇၄ | ၂၁ | တရားအသက် | တရာအသက် |
| ၈၁ | ၃ | ပစ္ဆေကာ | ပစ္စေကာ |
| ၈၁ | ၇ | ပစ္စေ | ပစ္စေကာ |
| ၈၁ | ၁၅ | ရှင်မစ္စေ | ရှင်ပစ္စေ |
| ၈၁ | ၁၉ | ဖန့်သင်္ကန်း | ဖန်သင်္ကန်း |
| ၈၃ | ၁၅ | ကျင့်ရှုကန်ရာ | ကျင့်ရှုကုန်ရာ |
| ၈၇ | ၄ | ဂိဇ္ဈကုတ် | ဂိဇ္ဈကုဋ် |
| ၈၈ | ၂၂ | မက္ခေယျ | ပက္ခေယံျ |
| ၁၀၂ | ၂ | ငါ့ယုံမှား | ငါယုံမှား |
| ၁၀၂ | ၁၈ | ဖိစီး | ရောဂါဖိစီး |
| ၁၃၂ | ၁၁ | နှစ်ပေါက်အိပ်မှာ | နှစ်ပေါက်အိတ်မှာ |
| ၁၃၅ | ၁၆ | မဖြစ်သေးသာ | မဖြစ်သေးသော |
| ၁၅၃ | ၁၉ | ချစ်နှစ်သက်ဆုံ | ချစ်နှစ်သက်ဆုံး |
| ၁၅၄ | ၅ | ဖြစ်ရဖန်တဖြာ | ဖြစ်ရတဖြာ |
| ၁၅၄ | ၆ | ဖြစ်ရခါခါ | ဖြစ်ရ ဖန်ခါခါ |
| ၁၅၄ | ၁၈ | ရုပ်ဆိုးလိသာ | ရုပ်ဆိုးလို့သာ |
| ၁၅၈ | ၄ | စုမက်ချစ်ယုံ | စုံမက်ချစ်ယုံ |
| ၁၅၈ | ၁၃ | ရောနှောယှဉ်ဘဲ | ရောနှောယှဉ်တွဲ |

| | | | |
|---|---|---|---|
| မျက်နှာ | ကြောင်းရေ | အမှား | အမှန် |
| ၁၆၇ | ၅ | ဂရုဏာ | ကရုဏာ |
| ၁၇၃ | ၁၀ | မိုတင်းအာ ရဒ္ဓ | မိုတင်းအာရဒ္ဓ |
| ၁၇၅ | ၆ | ယကား | ကား |
| ၁၇၇ | ၁၁ | ဆိမ့်တာ | စိမ့်တာ |
| ၁၇၇ | ၁၇ | ဖေါင်းပိန့်မလတ် | ဖေါင်းပိန့် စ-လတ် |
| ၁၉၉ | ၁၄ | ဘဂဝတော | ဘဂဝတာ |
| ၂၁၀ | ၉ | ကန်သော | ကုန်သော |
| ၂၂၁ | ၁၀ | ဒီပကရက | ဒီပင်္ကရာက |
| ၂၂၁ | ၁၉ | ခွန့်ကြူချီမြ | ခွန်းကြူချီမြ |
| ၂၂၄ | ၁၂ | ရာဘုဘုန်းဟော့ | ရာဟုဘုန်းဟော့ |
| ၂၂၄ | ၁၇ | ကြင်ဆေ | ကြင်ဆွေ |
| ၂၂၄ | ၄ | စရုံထွာန | စရိတွာန |
| ၂၂၅ | ၁၄ | ပုဒအာ ကို | ပုဒိအာ ကို |
| ၂၂၆ | ၁၉ | ခန္တိ | ခန္တီ |
| ၂၂၇ | ၇ | ရတ္တိံ | ရတ္တိ |
| ၂၂၈ | ၁၂ | ခုန်ကျောက် | ခုန်ကျော် |
| ၂၂၉ | ၈ | ယဘာ | ယသာ |
| ၂၃၀ | ၁၂ | ဓဒ္ဓံ | ဓမ္မံ |
| ၂၃၀ | ၂၁ | ငွေ့သတ်မကျန် | ငွေ့သက်မကျန် |
| ၂၃၁ | ၂၃ | သူတို့အားလည်း | သူတို့အား |
| ၂၃၄ | ၆ | အနုဘာဝိက္ခာ | အနုဘာဝိတွာ |

ညောင်ကန်အရှင်ဣန္ဒက၏

## ဒေသနာကြေးမုံ ဆောင်ပုဒ်များ စာအုပ်ရိုက်ရာတွင်

ပါဝင်လှူဒါန်းသော ကုသိုလ်ရှင်များစာရင်း

၁။ ဦးကြီးမြင့်.ဒေါ်ငွေကျေ၊ သမီးမရင်မြင့်
ဦးမေရှင်.ဒေါ်ထွားကြည်၊ မြေနုလမ်း၊ ပုသိမ်မြို့။ ၂၅

၂။ ကိုကျော်.မတောကြီး၊ အောင်မင်္ဂလာသင်္ကန်းပက္ခရာဆိုင်
ဆန်တန်းရပ်၊ဈေးဟောင်းတောင်ဖက်(မုံရွာမြို့) ၂၅

၃။ ဦးတင်ရွှေ.ဒေါ်အုံးဆင့် .... ၁၅

၄။ ယောဂီတဦး .... ၁၀

၅။ ဒေါ်အေးရီ .... ၁၀

၆။ ဒေါ်ခင်ကြည် .... ၁၀

၇။ ဒေါ်ညွန့်မေ .... ၁၀

၈။ ဦးကျော်စိုး.ဒေါ်သောင် .... ၅

၉။ ဦးမြသွင်.ဒေါ်လှတင် .... ၅

၁၀။ ဒေါ်အေးညွန့် .... ၅

၁၁။ ဦးပုံနှင့်ဇနီး ၃

၁၂။ ဦးဟံသောင်း.ဒေါ်ခင်အေးဆွေ ၅

၁၃။ ဦးဟုတ်ကြည်၊ ၁၂ ရပ်ကွက်၊ တောင်ဥက္ကလာပ ရန်ကုန် ၅

၁၄။ ဒေါ်မြမြ ၉၅. ဘီရုံ၊ သိမ်ကြီးဈေး ။ ၅

၁၅။ ဦးလေးကြည်၊ ၁၈၈. ။ ။ ။ ၅

၁၆။ ဦးဟုတ်ကြည်.မတင်ကြည်၊၁၉၀ ။ ၅

၁၇။ ဦးမောင်ဟန်၊ ၂၁၄ ။ ။ ။ ၅

၁၈။ ဒေါ်ကျင်ခင်၊ ၄၄.။ ။ ။ ၅

၁၉။ ဦးအောင်ပွင့်.ဒေါ်တင်ရီ၊ ၅၉.။ ။ ။ ၅

| စဉ် | ကုသိုလ်ရှင် | နေရပ်လိပ်စာ | အလှူငွေ |
|---|---|---|---|
| ၂၀။ | ဦးတင်ဖေ ဒေါ်ကြွက်နု | ၇၇ ။ဘီရုံ၊ သိမ်ကြီးဈေး | ၅ |
| ၂၁။ | ဦးကြည်ဝင်း.ဒေါ်တင်တင်ဝင်း | ၃၁.။ ။ ။ | ၅ |
| ၂၂။ | ဦးချစ်စိန်.ဒေါ်အုန်းကြည် | အခန်း ၁၇/၄၊ ဖဆပလ | ၅ |
| ၂၃။ | ဒေါ်သန်းသန်းမိသားစု၊ | အမှတ် ၂၅/၄၊ ။ | ၅ |
| ၂၄။ | ဦးဘကြခ်ိး.ဒေါ်စောတင်၊ | အမှတ် ၂၃/၇၊ ။ | ၁၀ |
| ၂၅၊ | ဦးဘသော်. ဒေါ်သန်းကျင်၊ | အမှတ်၅/၂လမ်း ။ | ၅ |
| ၂၆၊ | ဦးအုံးရွှေ.ဒေါ်ခင်မိမိ၊ | ၁၄၇၁၊ပတ္တမြားလင်း၊ဟသ်ာတ | ၁၅ |
| ၂၇၊ | ကိုစူးဝါး.မကျင်မြ၊ | မေဒဝန်စီလမ်း ။ | ၁၅ |
| ၂၀။ | ဦးညီထွေး.ဒေါ်ခင်ရွှေ၊ | ၃၊ရွှေလရောင်ကွက်သစ် ။ | ၁၀ |
| ၂၉။ | ဆရာလှ.ဒေါ်လှမြို့၊ | ၂၊ ။ ။ | ၁၆ |
| ၃၀။ | ဦးရွှေလှ.ဒေါ်ဒေါင်း၊ | ၄၊ ။ ။ | ၅ |
| ၃၁။ | ဒေါ်လေးတင်၊ | မိုင်တာဈေး ။ | ၅ |
| ၃၂။ | ဦးခန့် ဒေါ်ခလေး၁။ | လယ်တီကွင်း ။ | ၅ |
| ၃၃။ | ဒေါ်လုံမေ(ဆရာခကြီး) | မြို့မရပ်၊ မယ်ဇလီကုန်း | ၁၀ |
| ၃၄။ | ကိုပြာ.မခင်ကြည်၊ | ။ ။ | ၅ |
| ၃၅။ | ကိုတင်အောင်.မခင်သိန်း၊ | ။ ။ | ၅ |
| ၃၆။ | ဒေါ်ယဉ် | ဈေးကြီးရပ် ။ | ၁၀ |
| ၃၇။ | ဦးသန်း ဒေါ်ခင်ရီ၊ | ။ ။ | ၅ |
| ၃၀။ | ကိုဟုတ်ရှိန်.မခင်ခင် | ။ ။ | ၅ |
| ၃၉။ | ဦးအောင်ရွှေ.ဒေါ်မြသောင်း၊ | ။ ။ | ၅ |
| ၄၀။ | ဒေါ်သန်းအေး၊ ဒေါ်တင်အေး၊ | ဘုတာလမ်း။ | ၁၀ |
| ၄၁။ | ဒေါ်အုံးသန်း(တွဲဘက် အ.ထ.က) | ။ ။ | ၅ |
| ၄၂။ | ဒေါ်အုံးမြင့် | ။ ။ | ၅ |
| ၄၃။ | မောင်ရီမြင့် | ။ ။ | ၅ |
| ၄၄။ | ဦးစံတင်.ဒေါ်ပုလေး | ။ ။ | ၅ |
| ၄၅။ | ဦးစိန် ဒေါ်တင်ကြည် | ။ ။ | ၅ |
| ၄၆။ | ဦးသူ ဒေါ်အုံးတင် | ။ ။ | [illegible] |

| စဉ် | ကုသိုလ်ရှင် | နေရပ်လိပ်စာ | အလှူငွေ |
|---|---|---|---|
| ၄၇။ | ဦးမြသောင်း.ဒေါ်တင်လှိုင် | ။ ။ | ၅ |
| ၄၈။ | ဒေါ်တင်မြင့် မိသားစု | ။ ။ | ၅ |
| ၄၉။ | ဦးဘင်အောင်-ဒေါ်တင်ရီ | ။ ။ | ၅ |
| ၅၀။ | ဦးတင်အောင်.ဒေါ်ကြည်ကြည် | ။ ။ | ၅ |
| ၅၁။ | ဦးစောဟံ.ဒေါ်ဒေါ်အေး | ။ ။ | ၅ |
| ၅၂။ | ကိုပြုံး.အကြည် | ကိုင်းတောကွင်းရွာ ။ | ၅ |
| ၅၃။ | ဒေါ်တင်ကြည်.(ညီမ)လှလှ၊ | စံပြကွက်သစ် ။ | ၁၀ |
| ၅၄၊ | ဒေါ်စု မိသားစု | ။ ။ | ၅ |
| ၅၅။ | မောင်တင်ညွန့်.မသန်းကြွေ | ။ ။ | ၅ |
| ၅၆။ | ဒေါ်စောမြင့် | ကွက်သစ် ။ | ၅ |
| ၅၇။ | ဦးစိန်ကျော်.ဒေါ်သိန်းတင် | ။ ။ | ၁၀ |
| ၅၈။ | ဒေါ်သန်းစိန်.ဒေါ်သန်းတင်၊ | စံပြကွက်သစ် ။ | ၅ |
| ၅၉။ | မလှမြင့် | ။ ။ | ၅ |
| ၆၀။ | ဒေါ်ပု(တူမ)မခင်သန်း | ။ ။ | ၅ |
| ၆၁။ | ဦးချိန်ငန်း.ဒေါ်အချမ်း | ။ ။ | ၅ |
| ၆၂။ | ဒေါ်လှိုင်ကြည် | အင်ပင်မြို့ | ၁၀ |
| ၆၃။ | ဒေါ်စောတင် | ကွက်သစ် မယ်ဇလီကုန်း | ၅ |
| ၆၄။ | မယ်ခတော်ကြီး ဒေါ်ငှုဟန်၊ | ညောင်ကန်ရွာ၊ဘုတလင်မြို့ | ၅၂ |

ရတနာသီရိ စာပုံနှိပ်တိုက်
ခ၀–၉၄၉၊ လမ်း ၃၀၊ တောင်ဥက္ကလာပ၊ ရန်ကုန်မြို့။